www.burmeseclassic.com

**မိချမ်းဝေ**

# မီးစုန်းဝတ်ရုံနှင့်အလင်းညှို့ချက်

ဝတ္ထုတိုစုစည်းမှု

www.burmeseclassic.com

# ဒေါ်ဒေါ်လှူထုဒေါ်အမာသို့

ငါ့သမီးက မြိတ်မှာနေတာ . . .
"စာတွေမှာ အတွေ့ရနည်းနေသေးတဲ့ ကမ်းရိုးတန်းလူနေမှုဘဝ
ပင်လယ်တံငါ ဝတ္ထုလေးတွေ များများရေးပါ"
လို့ တိုက်တွန်းအားပေး သွန်သင်ဆုံးမခဲ့သော . . .
နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးတာဝန်များကို
သတင်းစာဆရာ၊ စာရေးဆရာအဖြစ်နှင့် ကျွန်မတို့ရှေ့ကမားမား
မတ်မတ် ရပ်တည်ခဲ့သည့် ၂၉-၁၁-၂၀၀၃ နေ့တွင် အသက်
(၈၈) နှစ်ပြည့်တော့မည့် ကျွန်မတို့ရဲ့ ဒေါ်ဒေါ်လှူထုဒေါ်အမာအား
ဤစာအုပ်ဖြင့် ပူဇော်ကန်တော့ပါသည်။

**မိချမ်းဝေ**

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကြည့်မှန်တစ်ချပ်ပေါ်ကလမင်းဖတ်စာ | ၁ |
| ၂။ | လိုင်းစိမ်း | ၁၇ |
| ၃။ | မီးခိုးတိတ်ညစာ | ၃၀ |
| ၄။ | မီးစုန်းဝတ်ရုံနှင့်အလင်းညှို့ချက် | ၄၂ |
| ၅။ | ဇရပ်တော | ၅၇ |
| ၆။ | ရေဆုံးရေဖျား | ၆၆ |
| ၇။ | ပင်လယ်ပြာရဲ့တေးသံ | ၇၉ |
| ၈။ | အရိုးနင်နေတဲ့ ငါးတစ်ကောင် | ၉၂ |
| ၉။ | အနုကြည့်မှန်ပြောင်း | ၁၁၃ |
| ၁၀။ | ကျွန်တော်နဲ့မခင်ဝင့်ဝါ | ၁၂၅ |
| ၁၁။ | ကျောက်လည်းငို လူလည်းငို | ၁၄၀ |
| ၁၂။ | သက်တန့်လှေကားပန်းစကား | ၁၅၇ |
| ၁၃။ | စေတန်ရဲ့လက်ညှိုး | ၁၆၈ |
| ၁၄။ | သက်ထက်နှင်းယူ | ၁၈၆ |

www.burmeseclassic.com



www.burmeseclassic.com


# ကြည့်မှန်တစ်ချပ်ပေါ်ကလမင်းဖတ်စာ

မာန်စွယ် ထုတ်ထားသော မြွေတစ်ကောင်၏ ရိုကျိုးမှုမျိုးဖြင့် အလျားရှည် လှိုင်းလိမ့်ဖြူတို့ ကမ်းခြေကို ထိနမ်းနှုတ်ဆက်နေကြသည်။ ဂငယ်ကွေ့ ကမ်းခြေကလေး၏ အဆုံးတွင် ပင်လယ်ထဲသို့ ထိုးထွက်နေသော ကျောက်စိုင်စွန်းနှင့် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာသည့် ရေမှုံရေစက် ရေပန်းလက်တို့ ဖုံဖုံဖွားဖွား လွင့်ပါးဝေးစင်နေသည်ကို ကျွန်မငေးကြည့်နေမိသည်။ နေခြည်ဖျန်းပက်နေသဖြင့် ရေမှုံစကြာတို့မှ ရောင်စဉ်ဖြာထွက်ပြိုးပြက်ပြက် မြင်ကွင်းက ကျွန်မအတွက် တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ရှိတော့သည်။

လေငြိမ်နေသဖြင့် ရှည်ကိုင်းကိုင်း အုန်းပင် အုန်းလက်တို့ပင် လှုပ်ငင်ယိမ်းခါမှု မရှိ။ လေတိုးလျှင်ယိမ်း၊ လေသိမ်းလျှင်ကလေ့ရှိသည့် ပင်လယ်ကဗွီးပင်တို့သည်လည်း တည်ငြိမ်ရင့်ကျက် မလှုပ်မယှက်။ တစ်ကိုင်းကူး တစ်ခက်နား ကျေးသားငှက်ငယ်တို့ တေးသီသံပင် မကြား။ တလွန့်လွန့် လှုပ်ရှားနေသော လှိုင်းလိမ့်ငယ်များမှလွဲ၍ ပကတိ ကြည်လင်ငြိမ်သက်ဘိ၏။

www.burmeseclassic.com

ကျွန်မ ဤရွာကလေးသို့ တာဝန်နှင့်ရောက်ရှိစဉ်အခါက ရွာမှ မိုင်ဝက်ခန့်အကွာအဝေးတွင် ပင်လယ်ပြင်ကြီးရှိနေမည်ဟု မထင်မိခဲ့။ တိတ်ဆိတ်သော ညဥ့်ယံတွင် အဝေးမှ လှိုင်းရိုက်သံ သဲ့သဲ့ကို ရုတ်တရက် ကြားလိုက်ရသည့်နေ့က ကျွန်မ အထူးပင် အံ့ဩသွားမိသည်။ ဤရွာက လေးသို့ ကျွန်းကြို ကျွန်းကြားမှနေ၍ ပဲ့ချိတ်ဖြင့် လာခဲ့စဉ်က လှေဆိုက် ကပ်ရာ နေရာသည် ကျွန်းရွာကလေး၏ အနောက်ဘက်မှာ ရှိသဖြင့် အခြားဘက် ခြမ်း၏ကိစ္စကို ကျွန်မ ဂရုမပြုမိခြင်းလည်း ဖြစ်နိုင်သည်။

လူခြေတိတ် ညဥ့်ယံ၏ လှိုင်းရိုက်သံက ကျွန်မကို ညို့ငင်နေ သဖြင့် နံနက်စောစော အလင်းရောက်လာအောင်ပင် ကျွန်မ မစောင့်နိုင်ခဲ့ ဘဲ လှိုင်းရိုက်သံကို မှန်းပြီး ထွက်လာမိသည်။ ရွာမှ အတန်ငယ်လှမ်းသည့် ခနိတော၊ ခနိပျားကျိုသော တဲကုတ်များကို ဖြတ်ကျော်လျက် အတော်ကြာ ကြာလျှောက်မိသည့်အခါ တောတန်းကလေး ဆုံးသည်နှင့် ပင်လယ်ပြင် ကြီးကို ဘွားကနဲ မြင်တွေ့လိုက်ရသည်။

ထိုနေ့က ကုန်းခေါင်ခေါင်မှလာသော ကျွန်မ၊ ပင်လယ်ပြင်ကြီး ကို ရုတ်တရက်မြင်လိုက်ရသည့်အခါ ခံစားရသည့် စိတ်လှုပ်ရှားမှုကိုတော့ စာဖွဲ့၍ပင် ပြနိုင်မည် မထင်ပါ။ ကောင်းကင်နှင့် ရေသားထိစပ်နေသည့် ကြားမှ ရွှန်းစိုရည်လဲ့ပတ္တမြားခဲကြီး မရဲတရဲတိုးထွက်နေသဖြင့် ပတ္တမြား ရည်သောက်နေသည့် ရေပြင်ကျယ်ကြီး။ မိုးနှင့်ရေသား ခွဲခြားမရ ဒွေးရော ယှက်တင် အလှချင်းဆင်တူနေသည့် မြင်ကွင်းက စုတ်ချက်ရဲသော ပန်းချီ ဆရာ၏ ပန်းချီကားတစ်ချပ်လို ကျွန်မကို ဖမ်းစားထားလိုက်တာ . . . ။ အသက်ရှူမှေ့လောက်အောင်ပင် တဝကြီး မိန်းမောပြီးမှ သောင်စပ်တစ် လျှောက် လွတ်လပ်လွင့်မျောစွာ ပြေးဆင်းသွားမိသည်။

"ဟေး"

ပြေလျော့နေသော ကျွန်မ ဆံနွယ်တို့ လွန့်လူး ဝေ့ဝဲနေသည်။ ကျွန်မ အဝတ်အစားတို့ တဖျပ်ဖျပ် ရမ်းခါနေသည်။ ဟင်းလင်းပြင်ထဲ

www.burmeseclassic.com


ထိုးခွဲပြေးထွက်သွားသော ကျွန်မအော်သံကြောင့် အိပ်တန်းထနောက်ကျသော အမျိုးအမည်မသိ ငှက်ပျင်းတစ်သိုက် ရုတ်ခနဲ လန့်ပျံသွားကြသည်။ ဆန့်ကျင့်ဘက် တူရူမှ ပြေးဝင်လာသော လေနုအေး၏ ဖျန်းပက်ကျီစယ်မှုကို ကျေကျေနပ်နပ် ခံယူရင်း ရုတ်ချည်းပင် စိတ်လက်လန်းရွှင်အားသစ်တို့ တိုးဝင်လာသည်ဟု ခံစားမိသည်။

သည်ကတည်းက ကျွန်မသည်နေရာကလေးကို နှစ်ခြိုက်စွဲလမ်းသွားသည်။ နံနက် (သို့မဟုတ်) ညနေစောင်း ကျွန်မ အားလပ်သည့်အချိန်တိုင်း ဤကမ်းခြေကလေးသို့လာ၍ သဘာဝက ပေးအပ်သည့် မှန်ကူကွက်ပေါ်မှ ဖတ်စာများကို နေ့စဉ်ဖတ်ရှုနေမိသည်။ ယင်းဖတ်စာများသည် တစ်နေ့နှင့်တစ်နေ့ တစ်ချိန်နှင့်တစ်ချိန် မတူ ကွဲပြားခြားနားကြသည်။

သည်နေ့ ဖတ်စာကို ဖတ်ရှုလိုက်သည့်အခါ . . .
ကောင်းကင်ကြည်၍ ပင်လယ်ရီ (ရယ်) ၏။
အလင်းအားတို့ ထိုးဆင်းဖြာကျနေသဖြင့်
နေခြည်ဝတ်မှုံ ဓာပန်းစုံတို့
ရေပြင်ရေသားတစ်လျှောက်
ဟိုတစ်ပြောက်သည်တစ်ပြောက်
ရေဆင်းသောက်၏။
အပြာရောင် မိုးသားအောက်ခံထား၍
ငါးကြင်းမြီးကွက် တိမ်ကွန်ယက်တို့
ဖြန့်ကျက်အုပ်မိုး နေမည်ှိုးမီ . . .

သဘာဝတရား၏ တွန်းထိုးပို့ဆောင်မှုကြောင့် ကျွန်မသည် ဆရာမောင်သာနိုး ဘာသာပြန်သည့် နိုင်ဂျီးရီးယား နိုင်ငံသား ကဗျာဆရာ "ဂျွန်ပက်ပါကလာက်" ရဲ့ ပင်လယ်ခံစားမှု ကဗျာကလေးကို တိုးတိုးကလေး ရွတ်ဆိုနေမိသည်။

"မြင့်မားတဲ့ ကျောက်ခက်ပင်ကိုင်းများလေနဲ့

www.burmeseclassic.com

ပင်လယ်ရဲ့ မှော်ပင်များကြားက ဒီရေနွယ်
အဝတ်မဲ့လကို ကွယ်ကာတဲ့
ညလိုမှောင်တဲ့ မင့်ဆံပင်အမျှင်တို့ကြား
ငါ့လက်ချောင်းတွေ လူးလာလို့ လှတယ်။
. . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . .”

“စွေးရေ . . . နီနီစွေးရေ”

ဟော . . . ခေါ်သံနှင့်အတူ ကျွန်မဆီ လှုပ်လီလှုပ်လဲ့ တစ်စုံတစ်ရာ လျှောက်လှမ်းလာနေပါပကော။ ကျွန်မနှင့်တစ်သုတ်တည်း အလုပ် ဝင်၍ မနီးမဝေးရွာတွင် တာဝန်ကျနေသည့် မဆွေ။ ရွာမှာ မတွေ့သဖြင့် ကျွန်မရှိရာ နေရာသို့ လိုက်လာနေပါရော့လား။

“စိတ်မကောင်းစရာ သတင်းတစ်ခု ပြောရဦးမယ်။ မရင်သိမ့်မှာ ကိုယ်ဝန်ရှိနေပြီတဲ့ကွယ် . . . အဲဒါ . . .”

“ဘာရယ်”

“မရင်သိမ့်လေ . . . တို့နဲ့တစ်သုတ်ထဲ ခန့်တဲ့အထဲမှာ ဟိုဖြူဖြူနွဲ့နွဲ့ အေးအေးကလေးနေတဲ့ ကလေးမဟာ မရင်သိမ့်ပေါ့။ ကိုယ်မနေ့က မြို့နယ်ရုံးကိုရောက်တော့ ဒီသတင်းကြားလာတယ်။ လူကြီးတွေလဲ မျက်လုံးပြူးနေကြတယ်တဲ့”

“ဟင်း . . . ဖြစ်မှ ဖြစ်ရလေ”

ကျွန်မ ရင်ထဲ မိုးရိပ်မည်းကြီး အုံ့ဆင်းလာသလို စောစောက အကြည်ဓာတ်တွေ ပျောက်ဆုံး ကုန်ပါတော့သည်။ နှလုံးသားတွင် စိမ့်ဝင်ပူးကပ်နေသော ကဗျာဝိညာဉ်တို့ ဘယ်ဆီလွင့်စင်ကုန်သည်မသိ။ ပေါ့ပါးမြူးရွှင်နေသော ခြေလှမ်းတို့ ရှေ့ဆက်လှမ်းရန် အင်အားနည်းပါးစွာ ကျောက်ဆွယ်တန်းပေါ် ထိုင်ချလိုက်မိသည်။ သိတာပေါ့။ ကျွန်မ မရင်သိမ့်လေးကို မသိဘဲ နေပါမည်လား . . .။ အားလုံးထဲမှာ အသားအရေ

www.burmeseclassic.com


ဖြူဖျော့ဖျော့နှင့် စကားနည်းလှသူလေးက လက်ပံပင်ဆက်ရက်ကျ ကျွန်မတို့အုပ်စုထဲမှာ ထင်းကနဲ ပေါ်နေသည်။ ကျွန်မတို့ အားလုံး မိဘရင်ခွင်မှ ခွဲထွက်၍ လုပ်ငန်းခွင်တန်းဝင်လာကြသဖြင့် လုံလောက်သော ရင့်ကျက်ပြည့်ဝမှု မရှိသေးသည့်အပြင် မရင်သိမ့်မှာ အားလုံးထဲတွင် အသက်အငယ်ဆုံး။

သည်မျှ ဖြူစင်နုနယ်သူကလေးကိုမည်သူက ဆေးမင် ရည်ချယ်သ ပေးလိုက်သနည်း။ စုတ်ချက်က ကြမ်းပါဘိ။ မည်သည့် သားရဲက သောက်စားဝါးမြိုလေသနည်း။ အသွားထက် ရက်စက်ပါဘိ။ မည်သည့် သကောင့်သားက မိန်းမသားရဲ့ အရှက်သိက္ခာကို ခွဲချေလေသနည်း။ ဇာတ်တူသားစား ရမ်းကားပါဘိ။

"အလုပ်ဝင်စဦးတုန်းက ဆေးရုံမှာ ဆေးစစ်ကြပါရော့လား။ အဲဒီမှာ အတူပါသွားသူက ကိုယ်တို့မြို့က မိုင်ဒေလီဆိုတဲ့ အမျိုးသမီးလေ။ သူပြောပြတဲ့ အဲဒီနေ့အတွေ့အကြုံ မရင်သိမ့်အကြောင်းက ပိုပြီး ရင်နာစရာ ကောင်းသေးတယ်"

"အင်း . . . ဆိုပါဦး"

"တကယ်တော့ အလုပ်ဝင်ဖို့ ဆေးစစ်တယ်ဆိုတာ သဘောလောက်ပါ။ ဆရာဝန်ကလဲ အပေါ်ယံ မေးခွန်းတွေလောက် မေးပြီး ပုံစံစာရွက်မှာ ဖြည့်စွက်ထောက်ခံပေးလိုက်တာပဲ မဟုတ်လား။ အဲဒါ မရင်သိမ့်ကလေ ဆရာဝန်ရှေ့လည်း ရောက်ရော ဘာမှ မမေးရခင်သူ့မှာ . . . မလာတာ နှစ်လရှိပြီလို့ အရင်သွားပြောသတဲ့"

"ဟော့တော်"

"အဲဒီတော့ ဆရာဝန်က အိမ်ထောင်ရှိသလား မေးတော့ မရှိဘူး အပျိုလို့ ဖြေပြန်သတဲ့။ အဲဒီမှာ ဆရာဝန်က အသေအချာ စစ်ဆေးပြီး မှတ်ချက်ထဲမှာ ကိုယ်ဝန်သုံးလလို့ ရေးပေးလိုက်သတဲ့။ အပျိုနဲ့ ကိုယ်ဝန်သုံးလပေါ့ဟယ်"

www.burmeseclassic.com

"ဒုက္ခပါပဲ"

"ဒုက္ခမှ တကယ့်ဒုက္ခ။ သူ့ဒုက္ခထက် 'လင်းဦးခိုင်' ဒုက္ခက ပိုဆိုးသေးရဲ့"

"ဟင် . . . လင်းဦးခိုင်က ဘယ်လို သက်ဆိုင်သွားရပြန်တာလဲ"

"ဆိုင် မဆိုင်တော့ မသိဘူး။ အခု လောလောဆယ် မရင်သိမ့်နဲ့ တစ်ရွာတည်း တာဝန်ကျတာ လင်းဦးခိုင်လေ။ မရင်သိမ့်က ဗိုက်ထဲက ကလေးအဖေကို မဖော်ဘူးတဲ့။ ဘယ်လိုမေးမေး မပြောဘူးတဲ့။ ဘယ်လို ချော့ချော့ မပျော့ဘူးတဲ့။ ရွာသားတွေကလဲ မရင်သိမ့် မပြောလေ လင်းဦးခိုင်ကို သံသယရှိလေ . . . တဲ့။ အဲဒီ မရင်သိမ့်ဟာလေ အူအူအအနဲ့ လင်းဦးခိုင် အင်္ကျီတွေ ပုဆိုးတွေ ယူလျှော်ပေးနေကျဆိုတော့ သူပဲဖြစ်နိုင်ချေရှိတယ်ဆိုပြီး . . ."

"ဟင် . . . ဆက်ပြောလေ မဆွေရယ်။ ငါရင်တွေ တုန်လိုက်တာဟယ်"

"အေး . . . တုန်ရမယ်။ တုန်ရမယ် . . . မတုန်ရမှာ မပူနဲ့။ လင်း ဦးခိုင်ကို ရွာက ကာလသားတွေ ဝိုင်းရိုက်ကြသတဲ့"

"ဘုရား . . . ဘုရား . . . ဘာတွေ ဖြစ်ကုန်ပြီလဲ။ ကျိုးကန်းကုန်ပြီလား"

"အဆွဲမြန်လို့ သိပ်မထိလိုက်ဘူးတဲ့ ဟယ်"

ထိုနေ့ မရင်သိမ့်လေးကို မျက်စေ့ထဲ မြင်ယောင်ရင်း အပြင်တွင် တိမ်ကြည်နေသော်လည်း ကျွန်မရင်ထဲ မိုးသားရိပ်ဆင် လှိုင်းလေနှင်တို့ ရိုက်ခတ်တုန်ဟည်း ငိုညည်းချက်မ ဖြစ်နေပါတော့သည်။

တစ်လ တစ်ခါ လစာထုတ်သည့်ရက် မြို့မှာဆုံကြတော့ သည် အမှုကို မည်သူမျှ မအပ်ဘဲ ကျွန်မလက်ခံဖြေရှင်းရန် ဆုံးဖြတ်လိုက်လေသည်။ ဆံစတွေ ခြောက်သွေ့ကာ နားထင်ရိုးတွေ ကျနေသော မရင်သိမ့်၏ မျက်နှာ နုနုကလေးကို တမေ့တမော ငေးကြည့်ရင်း မမေးရက် မေးရက်

www.burmeseclassic.com


မေးပြန်တော့ ဘာစကားမျှ ထွက်မလာ ငိုချည်းသာနေတော့၏။ ကျွန်မတို့ အုပ်စုတွင်းမှ သူငယ်ချင်းအချို့မှာ မရင်သိမ့်အပေါ် အားမလို အားမရဖြစ်ပြီး မဆီမဆိုင် ခံနေရသော လင်းဦးခိုင်အပေါ် ကရုဏာ သက်နေကြလေသည်။

"သူ အုံ့ပုံးလုပ်တာက အရေးမကြီးဘူး။ လင်းဦးခိုင်ကို ငဲ့ဖို့တော့ ကောင်းတယ်"

"မဟုတ်မှလွဲရော အဲဒီ မရင်သိမ့်ဟာ ရှုံးပုံရှုံးပန်းနဲ့ လင်းဦးခိုင်ကို ချိန်နေတယ် ထင်တယ်"

"ဟိုကောင်ကလဲ မြုံစိစိနဲ့ ဟုတ်ချင် ဟုတ်နေကြမှာ"

"နေကြပါဦး . . . နေကြပါဦး။ တဆိတ်လောက် ကျေးဇူးပြုပြီး စကားလုံးတွေနှင့် ပစ်ပေါက်ဖွဲ့စည်းထားသော ပရမ်းပတာ ထင်မြင်ချက်တွေကို ခေတ္တခဏ ဆိုင်းငံ့ကြပါဦး။ စိတ်အေးလက်အေးနှင့် အဖြေမှန်ဖော်ထုတ်ဖို့ ကြိုးစားကြရအောင်ပါ"

မရင့်သိမ့်၏ စေ့စေ့ပိတ်ထားသော နှုတ်တံခါးကို ဖွင့်ရန်ခက်ခဲသောအခါ အနီးစပ်ဆုံး အဖြေမှန်ရအောင် နည်းဗျူဟာပြောင်းမှ ဖြစ်တော့မည်ဟု ယူဆလျှက် ကျွန်မသည် လူမှုစည်းကမ်းအချို့ကို ဖောက်ဖျက်ကျူးလွန်ရတော့သည်။

မရင်သိမ့်၏နောက်ကြောင်းကို စုံစမ်းမှုဖြစ်တော့မည်။ သူ့ဇာတိ ရပ်ရွာနှင့် နီးစပ်သူများ မည်သူမျှ မရှိသဖြင့် မရင်သိမ့်၏အဝေးသို့ပို့သောစာများကို ကျွန်မ ဖောက်ဖတ်ရတော့သည်။

ဒါမှ တိမ်မြုပ်နေသော သူ့ အတိတ်သချိုင်းကို တူးဖော်နိုင်မည် မဟုတ်ပါလား။

" . . . ဦးငယ်က အရင်သွားနှင့်၊ လိုက်လာမယ်ဆိုလို့ ထွက်လာတာ။ အခုရင်သိမ့်မှာ ကိုယ်ဝန်ရှိနေပြီ။ ဦးငယ် အမြန်လိုက်လာပါ။ အစ်မနှင့် တူလေးမျက်နှာကြို ထောက်သင့်ပေမယ့် အခုလောလောဆယ် ရင်သိမ့်

 www.burmeseclassic.com

အရှက်က အရေးကြီးနေလို့ ဦးငယ်လိုက်လာဖြစ်အောင် လိုက်လာပါ”

ဖောက်ဖတ်လိုက်သော်လည်း မရောက်မှာစိုး၍ ကျွန်မကိုယ်တိုင် မှတ်ပုံတင် အသေအချာ လုပ်ပေးလိုက်သော မရင်သိမ့်ရေးလိုက်သည့် စာ က ရှုပ်ထွေးနေသော ချည်ခင်ကို ဖြေရှင်းပြီးသား ဖြစ်နေသည်။

နည်းနည်း ကလေး အစ်အောက်လိုက်တော့ ဦးငယ်ဆိုတာ မရင်သိမ့်အစ်မယောက်ျား (ခဲအို) ဖြစ်ပြီး ထိုသူ၏ မြူဆွယ်စည်းရုံးမှုအောက်တွင် ညှိုးချုံးကြွေကျခဲ့ရသည့် ပန်းကလေးတစ်ပွင့်အကြောင်းကို သိခဲ့ရသည့်နေ့က မရင်သိမ့် မျက်ရည်တွေ စီးကျပျော်ဝင်သွားသည့်နေ့ပင် ဖြစ်ပါတော့သည်။

●

ထိုလက မြို့မှာလစာထုတ်အပြန်တွင် မရင်သိမ့်ကို ချော့မော့ပြီး ကျွန်မ တာဝန်ကျသည့်ရွာကလေးဆီသို့ ခေါ်လာကာ အေးချမ်းဆိတ်ငြိမ်သော ကျွန်မ၏သဘာဝမှန်ကူကွက် ကမ်းခြေကလေးနှင့် မိတ်ဆက်ပေးမိလေသည်။

“ရင်သိမ့်ကို ခွင့်လွှတ်ပါစွေးရယ်။ ကိုယ့်အပေါ် ဒီလောက်ချစ်ခင်ညှာတာတဲ့ အပေါင်းအသင်းတွေကို ရင်သိမ့်မလှည့်ဖြားသင့်တော့ပါဘူး။ မဖုံးကွယ် သင့်တော့ပါဘူး။ အမှန်အတိုင်းပြောပါတော့မယ်။ တကယ်တော့ မရင်သိမ့်ဟာ မိဘတွေ ကွယ်လွန်ကုန်ပြီးတဲ့နောက်၊ အစ်မတစ်မျက်နှာ တစ်ကမ္ဘာထင်လို့ အစ်မကို အားကိုးတကြီး ဖက်တွယ်ကြီးပြင်းခဲ့သူပါ။ အစ်မအိမ်ထောင်ကျတော့ ရင်သိမ့်မှာ ခွဲနေဖို့ အခွင့်အရေးမရှိတာမို့ အစ်မ နဲ့ပဲ ဆက်နေ ဖြစ်ခဲ့တယ်။ အစ ပထမတုန်းကတော့ . . . ဦးငယ်က ရင်သိမ့်အပေါ် ညီမလေးတစ်ယောက်နဲ့ မခြား ရိုးရိုးသားသားပါပဲ။ အစ်မသားဦးကလေး ဆေးရုံမှာ မီးဖွားတဲ့အချိန်မှာမှ . . ”

www.burmeseclassic.com


ရှိုက်ငင်သံကြောင့် တိုးတိမ်သွားသော စကားများ အဆက်အစပ် ပြတ်တောက်သွားသော်လည်း အားလုံးက အခြေအနေမှန်ကို နားလည် သွားသည်အလား မရင်သိမ့်ကို ကရုဏာ မျက်ဝန်းများဖြင့် ကြည့်နေမိကြ သည်။

"တောက် . . ."

ကျယ်ကျယ်လောင်လောင် မြည်ဟည်း ပေါ်ထွက်လာသော တောက်ခေါက်သံကြီးကြောင့် ကျွန်မတို့အားလုံး အလန့်တကြား ခေါင်း မော့ကြည့်လိုက်တော့ အတူပါလာသော်လည်း ကျွန်မတို့ မေ့လျော့နေသော လင်းဦးခိုင်။ မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်ထားလိုက် သည်မှာ ယခုပင် မြင်မြင်သမျှ အမှုန့်ကြိတ်ပစ်တော့မည်ပုံ။ စိတ်ဆတ်၊ တိုဖြောင့် ရိုးစင်းသူတို့၏ စရိုက်လက္ခဏာများလွှမ်းခြုံနေသော လင်းဦးခိုင် ကို ဘယ်လို ဖျောင်းဖျ ဖြေသိမ့်ရမှန်း မသိခင် သဲပြင်မွမွပေါ်သို့ မရင်သိမ့် ဒူးတုပ် ထိုင်ချလိုက်လေသည်။

"မရင့်သိမ့်အတွက်ကြောင့် အရှက်ဂုဏ်သိက္ခာ ထိခိုက်နစ်နာခဲ့ တဲ့ အစ်ကိုလင်းဦးခိုင်ကို လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး ရှိခိုးကန်တော့ပါ တယ်။ ရင်သိမ့်အပြစ်တွေအတွက် ကျေပါအစ်ကိုရယ်"

လင်းဦးခိုင်တော့ မသိ။ ကျန်လူတွေ အားလုံး မျက်ရည်ဝဲသွားပြီး ကျွန်မရင်ထဲ မရင်သိမ့်အပေါ် သနားချစ်ကြင်စိတ်တွေ စီးကျဖိတ်လျှံ နေ တော့သည်။

"အားမငယ်ပါနဲ့ဗျာ။ ခုမှတော့ မိဘမောင်ဘွား ဝေးနေတဲ့ ဒေသ မှာ အားလုံးဟာ ဆွေမျိုးသားချင်းတွေပါပဲ။ မောင်ရင်းနှမတွေပါပဲ။ ကျွန် တော် မရင်သိမ့်ကို ဗွေမယူပါဘူး။ ရွာကလူတွေ အမြင်ကျဉ်းတဲ့ဒဏ်ကို ခံရတာ တစ်ခုပါ။ စေ့စေ့တွေးကြည့်ရင် မရင်သိမ့်မှာ မပြစ်ရှိတာမှ မဟုတ် တာ။ အဓိက,က အကြောင်းရင်းမှန်ကို သိကြတဲ့အခါ ဘယ်လို ရှေ့ဆက် ကြမယ်ဆိုတဲ့ လမ်းကြောင်းကို ရှာတွေ့ကြရမှာပေါ့"

www.burmeseclassic.com

အို . . . ဟုတ်ပါရဲ့။

လင်းဦးခိုင်ပြောမှ ရှေ့ဆက်ရမည့်ကိစ္စကို ကျွန်မ စဉ်းစားမိသည်။ လောလောဆယ် ဦးငယ်မလာ လာအောင် မရင်သိမ့်ရော ကျွန်မတို့ပါ ဖိအားပေးပြီး ခေါ်မည်။ ဦးငယ် ရောက်လာလျှင်တော့ ကိစ္စပြီးပြီ။ သူတို့ ဖာသာ သူတို့ ဆုံးဖြတ်။ သူတို့လမ်း သူတို့လျှောက်ပါစေပေါ့။ အရေးကြီးသည်မှာ လောလောဆယ် မရင့်သိမ့် အရှက်ကို ကာကွယ်ဖို့ ဗိုက်ထဲက အဖေကို ဖော်နိုင်ဖို့ လိုသည် မဟုတ်ပါလား။

ထိုညနေက ကျွန်မတို့အားလုံး ခက်ခဲသော ပုစ္ဆာတစ်ပုဒ်၏အဖြေကို ရရှိသွားသဖြင့် ကျေနပ်ပျော်ရွှင်သွားသော ကျောင်းသားများကဲ့သို့ စိတ်လက်ပေါ့ပါးစွာ ပင်လယ်ထဲ ရေဆင်းချိုးသူချိုး၊ သောင်ပြင်သာ တစ်လျှောက် လမ်းလျှောက်သူလျှောက်၊ ခရုကောက်သူကောက်နှင့် အချိန်ကုန်မှန်းပင် မသိတော့။

အလို . . . သည်နေ့ သဘာဝ မှန်ကူကွက်တွေပေါ်က ဖတ်စာကို ဖတ်ရှုရန် ကျွန်မ မေ့လျော့နေပါလား။

"လေနှင်နေသဖြင့် တိမ်ရှူးငွေမင်တို့
သွက်သွက်လျင်လျင် ပြေးနေသည်
ဆည်းဆာ လက်တံသည် နေညိုညချမ်းကို
ခရမ်းရင့် လိမ္မော်သွေးဖြင့် ခပ်နင့်နင့် ရေးချယ်၏။
တရိပ်ရိပ် ပြေးတက်လာသော
ဒီရေနှင့်အတူ လှိုင်းရိုက်ဖုံသံတို့ သွက်သွက်ညံလာပြီ။
ကမ်းစောင့်သစ်ပင်တို့ ကိုင်းဖျားလက်ခါ
ကိုယ်ပါယိမ်းထိုး ကကြိုးဖွဲ့သီ မညီ့တညီ
အိပ်တန်းပြန်ငှက်တွေကတော့
သည်းသည်းလှုပ်လှုပ် တစ်သုတ်ပြီး တစ်သုတ်"

●

www.burmeseclassic.com


ကျွန်မတို့ရသည့် လစာငွေကလေးထဲမှ အချိုးကျထည့်ဝင် ငွေဖြင့် မရင်သိမ့်အတွက် ကိုယ်ဝန်ဆောင် အင်္ကျီချုပ်ရ၊ မမွေးရသေးသည့် ကလေးအတွက် အင်္ကျီကလေးတွေ ချုပ်ရ။ အနှီးချုပ်ရ။ ခေါင်းအုံးနှင့် မွေ့ယာကလေးတွေ ချုပ်ရနှင့် အတက်ကြွဆုံးလူမှာ အံ့သြစဖွယ် ကျွန်မဖြစ်နေသည်။ မရင်သိမ့်အပေါ် မိန်းမသားချင်း စာနာနားလည်တာရော၊ သနားချစ်ကြင်မှုတွေပါ ထပ်ဆင့်လောင်းသွန်လို့ မေတ္တာမိုးတွေ အစွေကြီးစွေနေမိလေသည်။

ရွာထဲက ရှေ့မီနောက်မီ မိန်းမကြီးတွေက "ကလေးမမွေးခင်ကြိုတင်ပြင်ဆင်ထားရင် ကလေး အဖတ်မတင် ဖြစ်တတ်တယ်" ဆိုသည့် သတိပေးချက်ကိုပင် နားမဝင်နိုင်ဘဲ မမြင်ရသေးသည့် ကလေးအတွက် ကြိုတင် မျှော်မောနေသည့် ကျွန်မ။ စာနှင့်ကြေးနန်းတို့ အကြိမ်ကြိမ်စေပါသော်လည်း စာရောလူပါ ပေါ်မလာသော ရက်စက်စိမ်းကားမှုအတွက် နာကျင်ခံခက်သည့်သောကဘိုးတံက မရင်သိမ့်၏ ဖြူဖျော့ဖျော့ ကျန်းမာရေးကို ပွတ်ဆွဲ ဖဲ့ခြွေနေလေသည်။

အစွမ်းကုန် ရမ်းကားတော့မည့် မုန်တိုင်း၏ ရှေ့ပြေးနိမိတ်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသော မရင်သိမ့်ကို ကျွန်မ အားမရနိုင်စွာ ပြောကြားနေသော အားပေးစကားများက အားလျော့လျော့လာသည်ကိုတော့ ကျွန်မကိုယ်ကျွန်မ သိနေသည်။

"ဂျင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင်ပေါ့ဟယ်။ သူမလာလဲ ငါတို့ ရှိတယ်။ ဘာမှ မပူနဲ့။ အခုဆို ရပ်ရွာကလဲ သိသင့်သလောက်သိနေပြီ။ ကိုယ်လော်မာလို့ ဖြစ်တာမှ မဟုတ်တာ။ အလကား မဟုတ်တာတွေ တွေးပြီး မစားမသောက် မနေနဲ့နော်။ အာဟာရဓာတ်ချို့တဲ့လာရင် မွေးဖွားဖို့ အင်အားမရှိဘဲ ဖြစ်နေမယ်။ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးချင်တာတောင်မှ ကလေးမျက်နှာငဲ့ဦး မရင်သိမ့်ရယ်"

www.burmeseclassic.com

ကျွန်မရဲ့အားပေးစကားတွေဟာ မရင်သိမ့်ရင်ထဲကို မထိုးဖောက်နိုင်တော့ဘူး ထင်ပါရဲ့။ တစ်ရွာတည်းနေသော လင်းဦးခိုင်ပြောစကားအရ မရင်သိမ့် အအိပ်အစားမမှန်ဘူးတဲ့။ သည်လိုဆိုရင် မီးဖွားကာလကို မရင်သိမ့် ဘယ်ပုံစံနှင့် ရင်ဆိုင်ဖြတ်သန်းမည်လဲ။ ကျွန်မ စိုးထိတ်နေသော ထိုတစ်ရက်သည် ကြိုတင်ချိန်းဆိုထားသည့်အတိုင်း မလွှဲမသွေဆိုက် ရောက်လာတော့သည်။

"မရင်သိမ့် ရွာက လက်သည်နှင့် မမွေးနိုင်လို့ မြို့ဆေးရုံကို ခေါ်သွားကြပြီ"

ဆိုသည့်သတင်းစကားကြောင့် ကျွန်မ အပြေးအလွှားရောက်သွားတော့ မရင်သိမ့် မြို့ဆေးရုံက အရေးပေါ် ခွဲခန်းထဲ ရောက်နေပြီ။

မရင်သိမ့်အတွက် စိုးရိမ်ပူပန်မှုတွေ အလျှံတညီးညီး တောက်လောင်နေသည်နှင့် အခြားရွာများတွင် ရောက်နေသော အပေါင်းအသင်းများဆီ အကြောင်းမကြား ဖြစ်သေး။ လင်းဦးခိုင်တစ်ယောက် ပါးပါးနပ်နပ်နှင့် ဆောင်ရွက်ပေး၍ တစ်ယောက်ယောက် ရောက်လာလျှင်တော့ ခွဲခန်းရှေ့တွင် အပူတွေတစ်ထွေးကြီးနှင့် ထိုင်နေရသည့်ဒုက္ခ အနည်းငယ်ခံသာဦးမည်။ ယခုတော့ ကျွန်မ တစ်ယောက်တည်း မိုးပြိုမည်ကို သိလျက်နှင့် ထန်းလက်ကာပြီး စောင့်နေသလို ဖြစ်နေ၏။

"လူနာရှင် . . . လူနာရှင် ဘယ်သူလဲ . . . အဖော်ပါသလား"

ခွဲခန်းရှေ့မှ အော်သံကြောင့် အတွေးပင်လယ်ဝေနေရာမှ ကျွန်မ အလျင်အမြန်ထသွားမိတော့ . . . ကျွန်မ အကြောက်ဆုံး စကားလုံးတစ္ဆေတို့၏ ဆီးကြိုခြောက်လှန့် နှိပ်စက်မှုကို ခံရလေတော့သည်။

"ဆောရီးပဲဗျာ။ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါတယ်။ လူနာက ရွာမှာလက်သည်နဲ့ အချိန်လွန်ခဲ့တာရော၊ နဂိုက အာဟာရချို့တဲ့တာရောပေါင်းပြီး ကျွန်တော်တို့ ကိုယ့်ဘက်ပါအောင် မဆွဲနိုင်ခဲ့ဘူး . .။ ကလေးကတော့ . . . "

www.burmeseclassic.com


ကျွန်မ နားတွေ အူပြီး ဘာမှ မကြားတော့ဘဲ အမြင်အာရုံများ ဝေဝါးစွာ ပြိုလဲလုလုအခြေမှာ တစ်စုံတစ်ယောက်ရဲ့ ဖေးကူပွေ့ဖက်မှုကို ခံလိုက်ရသည်။ လေးလံပိကျလာသော မျက်ခွံကို အနိုင်နိုင် ပင့်ကြည့်လိုက်တော့ . . . သူ . . . လင်းဦးခိုင် . . . ။

ကြေကွဲဆို့နင်မှု အပူမီးတံကျင်သည် နှလုံးအိမ်ကို ထုတ်ချင်းပေါက်သွားပြီမို့ ကျွန်မ သူ့ကို မြင်လိုက်သော်လည်း ဘာစကားမျှပင် မဆိုနိုင်တော့။

●

မရောက်တာကြာပြီဖြစ်သော ကမ်းခြေသို့ ကျွန်မရောက်သွားတော့ သဘာဝမှန်ကူကွက်ပေါ်မှ ဖတ်စာသည် ယခင်အခါကနှင့်မတူ လုံးလုံးကြီး ကွဲပြားလျက် ရှိချေသည်။

"မှတ်သုတ်နိုးလာပြီဖြစ်၍
ခိုပြာရင့်ရောင် မိုးသားတို့
အုံ့အုံ့မှိုင်းမှိုင်း ဆို့ဆိုင်းရိပ်မှောင်နေ၏။
ခြိမ်းခြောက်အော်ညည်း ပင်လယ်မြည်ဟည်းကာ
ယောင်ကိုင်းမိုမောက်ကျောက်ဆွယ်တန်းကို
ခေါင်းတိုးဆောင့်၏။
အားမတန် မာန်လျော့ နေခြည်ဖျော့အလင်းက
ဇာနားကွပ်တိမ်စိုင်တို့ကြား
မရဲတရဲ ချောင်းကြည့်မိုးကို ငြိုငြင်၏။
လေရမ်းကားလည်း ပင်စည်ပင်သား ကိုင်းဖျား လက်ခြေ
ဖွတ်ဖွတ်ကြေအောင် သယ်ပို့ဆောင်၏။

www.burmeseclassic.com

သိုက်မြုံကွဲပျက် သင်းကွဲငှက်တို့
ဟိုတစ်ကောင် သည်တစ်ကောင် ကျီးတည့်ကြောင်တောင်။

●

ကြည်လင်သာယာသော နေ့ရက်များသည် ပျောက်ဆုံး ကျန်ရစ်ခဲ့ပြီ။ ကမ်းခြေသည် ရေကူးရန်၊ လမ်းလျှောက်ရန်၊ ခရုကောက်ရန်ကောင်းသည့်နေရာ မဟုတ်တော့။

ကျွန်မသည်ပင် ဤနေရာလေးသို့ မှန်မှန်မရောက်နိုင်တော့ဘဲ ဟန် ချက်ညီမျှ လောကပါလ တရားတွေ ပြေးပုန်းပျောက်ကွယ်ကုန်သော လောက ကြီးကိုသာ ထပ်ခါတလဲလဲ အပြစ်ဖို့ရင်း မရင့်သိမ့်ထားရစ်ခဲ့သည့် အပူမီးလျှံအလွမ်းလက်ကျန်တို့ကို ကောက်ငင်သိမ်းဆည်း နေမိတော့သည်။

ကိုယ်လေးစားပါတယ် မရင်သိမ့်ရယ် . . .။

ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို မည်သူတစ်ဦးတစ်ယောက်ကမှ ကလေးအဖေပေါ်ရုံ ဟန်ဆောင်လက်ထပ်မည့်သူ မရှိဘဲ ကလေးတစ်ယောက်ကို ရဲရဲတောက်မွေးထုတ်ပေးခဲ့သူ အာဇာနည်မိခင် မရင်သိမ့်ကို ဟောဒီပင်လယ် ပြင်ကြီး သက်သေထားပြီး ကိုယ်ဦးညွှတ်လိုက်ပါရဲ့ကွယ်။ မင်းကိုတော့ အချိန်တွေ ဘယ်လောက်ကြာကြာ ကိုယ့်နှလုံးသားမှာ မေ့ပျောက်နိုင်တော့မှာ မဟုတ်တော့ပါဘူး။

“ကဲ . . . သူငယ်ချင်းကလေးအတွက် ပူဆွေးသောကဖြစ်လို့ ဝရင် ပြန်ကြပါစို့ကွာ။ အဟောင်းနဲ့အသစ်ကြား မွေးဖွားခြင်းနဲ့ သေဆုံးခြင်းတွေဟာ ကူးလူးယှက်နွယ်သံသရာ ရဟတ်လည်နေဦးမှာပါ။ ဆိုးညံ့ဖြစ်စဉ်ကို ဖန်တီးသူအတွက်စီရင်ချက်ကိုတော့ လောကကမ်းပါးကျောက်စာတိုင်မှာ သူကိုယ်တိုင် ရေးထိုး ပေလိမ့်မယ်။ မရင်သိမ့်ရဲ့ တစ်ခန်းရပ်

www.burmeseclassic.com


ပြဇာတ်ကတော့ ဒီမှာတင် နိဂုံးကမ္ပတ် အဆုံးသတ်သွားပါပြီ။ တို့အားလုံး မရင်သိမ့်အတွက် မွေးမြသနိ့စင်တဲ့ ရေစင်ရေစက်တွေ ဖျန်းပက်သယ် ဆောင်ပေးခဲ့ကြပြီ မဟုတ်လား။ ဒါနဲ့ပဲ ဖြေသိမ့်ကြပါစို့။ ကဲ သားသား နိုးလို့ အမေရှာပြီး ငိုနေရှာမယ် ပြန်ကြရအောင်နော်”

မောင် ကမ်းပေးသည့် လက်နွေးနွေးကို ပြန်လည်ဆုပ်ကိုင်ရင်း သားတစ်ယောက်ကို လူလားမြောက်အောင် မွေးမြူရန် အားထုတ်ဆဲ ရင်တွင်းဆန္ဒတူညီလက်တွဲခဲ့ကြသည့် ချစ်သူနှင့်အတူ သောင်ကမ်းခြေမှ ဖြတ်လျက် ရွာသို့ တစ်လှမ်းချင်း လျှောက်လာမိတော့သည်။

“မရင်သိမ့်နဲ့ တစ်ရွာတည်းတာဝန်ထမ်းပြီး မရင်သိမ့်အရှက်ကို ကာကွယ်ဖို့ တစ်ခုတည်းအတွက် သူ့ကို လက်ထပ်ဖို့အထိ မစွန့်စားနိုင်ခဲ့ပေမယ့် လိုအပ်တဲ့အကူအညီတွေ အားလုံး ဖြည့်ဆည်းပေးခဲ့ပါတယ်။ သတ္တိနည်းတယ်ပဲ ပြောပြော၊ ချစ်ချင်းမပါတဲ့ လက်ထပ်မှုကိုတော့ ဘဝတစ်ခုလုံး နဲ့ ရင်းပြီး မစွန့်စားပါရစေနှင့်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ ချစ်ခြင်းဟာ တစ်စုံတစ်ယောက်သောသူအတွက် ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားပြီးသားမို့ ပါ။ အဲဒီ တစ်စုံတစ်ယောက်ဆိုတာကတော့ နီနီစွေးဆိုတဲ့ စွေးပါပဲ”

မရင်သိမ့်သားကို ထားခဲ့ပြီး ခြောက်လအကြာ ကျွန်မလစာနှင့် သားနို့မှုန့်ဘိုး မလောက်မင၊ ကလေးတစ်ဖက် အလုပ်တာဝန်တစ်ဖက်နှင့် ကမောက်ကမ အမောကြီးမောနေရသည့်အချိန်၊ ဖေးကူလှမ်းထောက်အတူ လျှောက်မည့်သူပေါ်လာတော့ နဂိုရင်းနှီးကျွမ်းဝင်ဆဲ ခင်မင်မှုမှ ထပ်ဆင့်တက်လှမ်း ချစ်ပန်းခက်တွေ တစ်ခက်ပြီးတစ်ခက် ဝေခဲ့ရသည့် ကျွန်မ။

အခုဆို သားက လူရိပ်လူကဲလည်း အတော်သိနေပြီ။

အမေမျက်နှာကိုလည်း ကောင်းကောင်း မှတ်မိနေပြီ။ အမေ ပျောက်သည်နှင့် အာခေါင်ခြစ်၍ တအား ကြုံးအော်တော့သည်။ ကျွန်မ ကိုယ်တိုင် သားဓာကပ်ပြီး ကမ်းခြေသို့ မှန်မှန်မရောက်နိုင်တော့။ နောက်

www.burmeseclassic.com

ဆိုရင် ကမ်းခြေဆီလာပြီး သဘာဝ မှန်ကူကွက်ပေါ်မှာ ထင်ဟပ်နေတဲ့ ဖတ်စာတွေ မဖတ်ရှု နိုင်တော့ပါ။ ဟောသည် မိုးကောင်းကင်ကြီးထက် ကျယ်ပြောတဲ့၊ ဟောသည် ပင်လယ်ပြင်ကြီးထက် နက်ရှိုင်းတဲ့၊ ဟောသည် တိမ်ခိုးတိမ်မင် တွေထက် လှပဆန်းကျယ်တဲ့၊ ဟောသည် ကမ်းပျော်ငှက်တွေ တေးဆိုသံ ထက် သာယာချိုနွဲ့တဲ့၊ ဟောသည် သောင်ယံကို နမ်းကြူလှိုင်းခေါင်းဖြူတွေထက် ဖွေးဥသန့်စင်တဲ့ . . . ။

ကျွန်မ နေ့စဉ် ဖတ်ရမည့် ဖတ်စာ . . . ။

သည်မှာလေ . . .

ကျွန်မသားရဲ့ မျက်နှာ . . . ။

**စပယ်ဖြူမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ**

www.burmeseclassic.com




ဂိုဇးစိမ်း

www.burmeseclassic.com

# လိုင်းစိမ်း

လူနေရပ်ကွက်တွေကို တွန်းထိုးမွှေနှောက်လျက် လူမနီး သူမနီး ပင်လယ်ကြီးထဲအထိ လိုက်လံလှည့်ဖြား ဖမ်းစားနေသော သက်မဲ့ကိန်း ဂဏန်းများ၏ စွမ်းအင်ကို "ရေရှူး" မအံ့သြဘဲ မနေနိုင်တော့ချေ။

စားလည်း သည့်စိတ်၊ အိပ်လည်းမရ၊ ရှိသမျှ စည်းစိမ်ကုန် အဝတ်ပင် လုံအောင် မဖုံးနိုင်တော့လောက်အောင် ဖွတ်မွဲပြာစု ခရဆံကျွတ် ဖြစ်ရခြင်း အကြောင်းရင်းခံသည့် ထိုကိန်းဂဏန်းတွေဆီမှ ရွှေ့လျားဆင်း သက်လာသည်ဆိုသော အချက်ကိုတော့ မည်သူမျှ ငြင်းပယ်နိုင်မည် မဟုတ်ချေ။

"မကန်ရှင်ကြီး ကြည့်ရှုတော်မူပါ။ အဘိုးသန်လျက်ဆောင် စောင်မတော်မူပါ။ စီးပွားလာဘ်လာများ ရှောင်ထွက်မသွားပါနှင့်။ ဒီတစ် ခါတော့ ဘယ်ညာမတိမ်း ပွဲကြီးသိမ်းပါရစေ"

ရေအောက် အလံ (၂၇၀) သို့ ပိုက်ချထားသဖြင့် ခပ်လေးလေး မောင်းနှင်နေသော ပဂဲဖမ်းသင်္ဘောပေါ်မှ "မောင်ဦး"၏ ရေငံပိုင်အရှင်ကြီး တို့ကို ပ,သတောင်းဆိုလိုက်သည့်အသံသည် ဖြည်းဖြည်းမှန်မှန် စက်သံ ကြားမှ ခုန်ပေါက်ပြေးထွက်လာလေသည်။ လက်ကြောတင်းအောင် အလုပ် လုပ်ဖို့တော့ စိတ်မကူး။ နတ်၊ ဘိုးတော်တွေကိုသာ စိတ်ရှူးဖြင့် အားကိုး

 www.burmeseclassic.com

ရွယ်စူးနေသော မောင်ဦး၏ စရိုက်ကိုတော့ "ရေရှူး" မနှစ်ခြိုက်နိုင်တာ အမှန်။

ကျောက်တုံးဖြင့် ဖိထားသဖြင့် လေမှာ တဖျပ်ဖျပ် ယမ်းခါနေသော တောင်ပံခတ်လူး ရှေ့ကျူးနိမိတ်သင်္ကေတတွေက မောင်ဦး၏ အစဉ်အမြဲသေချာနေသော မသေချာမှုများကို လှောင်ပြောင်သရော်နေကြလေသည်။ လာရာဒေသမတူသော တောင်ပံဝတ်ရုံတွေက ကာလာဒီဖိုင်း စုံလင်လှ၏။ တောင်ပေါ်ဒီဖိုင်း၊ ထို အနုရသမဆန်သော ရေးခြစ်ခြယ်မှုန်းမှုများထဲတွင် တဖိတ်ဖိတ်လက်နေသော အနာဂတ် ရောင်ခြည်မျှင်တို့ လွှန်းထိုးယှက်ငင်ပြုနေသည်။ အပျော်အိပ်မက် စိတ်ကူး ပူပေါင်းတွေ ပွယောင်းဖောင်းထနေသည်။

သိုသိပ်ကွယ်ဝှက်စွာ ပဟေဠိဆန်လှသော ထိုကောက်ကြောင်းပုံရိပ်တို့သည် ရတနာရှိရာ ညွှန်းဆိုပါသော်လည်း သားရဲပြွမ်းသော တောကိုတော့ ဖြတ်ရမည်ပင်။ သိုင်းကွက်နင်းခြေလှမ်းတို့ဖြင့် ပူးတစ်ခါ ခွာတစ်လှည့် ထပ်တစ်မျိုး တစ်ကျော့ပြန် စုန်ဆန်လူးလာ မာယာဆန်းချီ မိဂ္ဂဇ္ဇာဂဏန်းတွေက ရေအောက်မှ ကဏန်းကောင်တွေ၏ ရက်စက်မှုမျိုးဖြင့် မောင်ဦး၏ ဘဝအကိုင်းအခက်တွေကို တတိတိ ဆစ်ပိုင်းညှပ်ဖြတ်နေခြင်းကိုတော့ ရေရှူးအနေဖြင့် မည်သို့မျှ မရှုစိမ့်နိုင်ချေ။

တကယ်ဆို အခုလို ရေအောက်မှာ ပိုက်ချထားတုန်း အချိန်ကို အသုံးချလို့ သူ့ဆီက ပိုက်ဆက် ပိုက်ဖာ ပညာတွေ သင်ယူစေချင်သည်။ သည်ပညာက ပင်လယ်ကြီးရှိသရွေ့၊ ငါးပုစွန်တွေ ရှိနေသရွေ့၊ မတိမ်ကောမပပျောက်သည့်ပညာ။ ဘယ်ခေတ်ကာလကိုပဲ ဖြတ်သန်းဖြတ်သန်း ဝမ်းစိုအူစိုသည့်ပညာ။

သည်သင်္ဘောပေါ်မှာ ပွဲနင်းပြီးလျှင် သူ့မှာ လစာဝင်ငွေအများဆုံး။ တစ်လငါးသောင်းငါးထောင်ဆိုသည့် ဝင်ငွေသည် နည်းရှော့သလား။ ငါး၊ ပုစွန်၊ ကင်းမွန်၊ ပဂဲ ဘာပဲဖမ်းဖမ်း ပိုက်ဆရာ 'ရေရှူး' (အလုပ်သမား

www.burmeseclassic.com


ခေါင်းဆောင်ရေရှူး) ကို မေ့ထားခဲ့၍ မဖြစ်။ ငါးနှင့်ပိုက်၊ ပုစွန်နှင့် ပိုက်၊ ကင်းမွန်နှင့်ပိုက်၊ ပဂဲနှင့်ပိုက် ခွဲခြားမရ တစ်သားတည်းအတူကပ်ပါလာပြီ ဆိုမှ ပိုက်ထိုး၊ ပိုက်ဆက်၊ ပိုက်ဖာပညာသည် သီးခြားဂုဏ်ရည် အရှည် တည်တံ့နေတော့သည်။

ဒါတွေကို တွေ့လျက်နှင့် မမြင်။ မြင်လျက်နှင့် မသိ။ မောင်ဦးမှာ အချိန်အားကလေး ရှိသည်နှင့် စိတ်မှတ်သည်းခြေနည်းစွာ ထိုမွဲဆေးကိုပင် အကြိမ်ကြိမ်ဖော်နေလေတော့ ရေရှူးမှာ ဟန့်တားဖို့ ပါးစပ်တပြင်ပြင်။ နင်ပဲငဆ ဆူဆဲချင်သည့်ဆန္ဒက ချွန်းအုပ်မရ။ တူအရင်း သားအရင်း ဖြစ်လို့ ကတော့ လက်ရောဒူးပါ ပါလိုက်မည့်အဖြစ်။ လူကြီးငြိုငြင်မည် ဆိုလည်း ငြိုငြင်စရာ။ သည်လို ကူးစက်ရောဂါမျိုးက အင်းလေ . . . မကူးခင်က စက်နှင့်ပြီးသားလည်း ဖြစ်ချင်ဖြစ်မှာ။ အခုပဲကြည့်လေ မောင်ဦးအနားမှာ အလုပ်သမားတွေရဲ့ ခေါင်းမှန်သမျှ စုအုံ၊ ကြုံတုန်းက လေး ဝင်ပါဦးမှအတွေး နှင့် ခုနစ်ဆွေး ရှစ်ဆွေးက (လွတ်သွားသည့်ငါး ကြီးသည့်အကြောင်း) ကို ဖန်တစ်ရာတေအောင် စကားဖောင်ဖောင် ဖောက် နေကြလေရဲ့။

မောင်ဦး အနေအထားက ဒီအချိန်ဆို အလုပ်တွေ နှစ်ဆတိုးလုပ် ရမည့် အနေအထား။ ရေရှူးသဘောကျအောင် လုပ်အားပြရမည့် အနေ အထား။ နေကလေးသာ၊ လေကလေးလာခိုက် ဆားနယ်ပြီးသား ငါးကြမ်း တွေ နေလှန်းရမည့်အလုပ်။ ခြောက်သွေ့ပြီးသား ငါးတွေ သိမ်းဆည်းရ မည့်အလုပ်။ အလုပ်မြင် အကွက်စေ့ဖို့ဆိုတာ လုပ်ချင်စိတ်က စေ့ဆော်ဦး မှ။ လက်ကြောတင်းအောင် အလုပ်မလုပ်လိုသည့် အဆီကျန် အရိုးစွဲစိတ် ဓာတ်ကလည်း မောင်ဦးကို ဆင်းရဲတွင်းက မတက်နိုင်အောင် ဖက်ငင်ဆွဲချ နေသလားဟု ရေရှူး တွေးနေမိသည်။

သူနှင့် မောင်ဦးက တစ်ရပ်တည်းနေ တစ်ရေတည်းသောက် ဖြစ်ပြီး သူ့မျက်စိအောက်မှာ မောင်ဦး လူလားမြောက်လာသည်မို့ လာရာ

www.burmeseclassic.com

လမ်းကြောင်း မကောင်းခဲ့သည့်အဖြစ်ကို သူသာအသိဆုံး။ လယ်တောရွာကလေးဆီမှ မိဘတွေက ခြိုးခြံချွေတာပြီး မြို့သို့ ပညာသင်ပို့ပြန်တော့ ပညာကို ကြိုးစားမသင်၊ ဆယ်တန်းမအောင်ခင် ကြင်ရာကို မင်လေတော့ သည်တုန်းက ရှိပါလှ သင်းကလေးတွေ အသက်က ဆယ့်ခုနစ် ဆယ့်ရှစ်ပေါ့။ မောင်ဦးခိုးလိုက်သည့် ကလေးမလေး 'စမ်းရီ'က အသားဖြူဖြူ၊ မျက်လုံးတောက်တောက် ခုခေတ်ဂျာနယ်ထဲမှာ မြင်နေရသည့် ကောင်မလေးတွေလို ပြားချပ်ချပ်၊ ပါးရှပ်ရှပ်ကလေး။ အရွယ်မတိုင်ခင် အိမ်ထောင်ကျတော့ မောင်ဦးဘက်မှ မိဘတွေက ပြန်သိမ်းပြီး လယ်ယာကလေး ခွဲဝေပေးလို့ တစ်အိုးတစ်အိမ် ထူထောင်စေပေရဲ့။

သည်ကတည်းက မောင်ဦးက ရွှံ့ကိုလည်း ရွံ့၊ နွံ့ကိုလည်း ကြောက် တစ်နှစ်ပေါက်လို့မှ ဝမ်းစာမှ လောက်အောင်မရှာ။ အမေ့ကျီအိုးထဲကသာ နှိုက်နှိုက်ပြီး အချောင်လိုက် အပါးခိုလာသမျှ ဘာမျှ အဖတ်မတင်သည့်ကာလမှာ မလိုချင်ဘဲ ကောက်ငင်သိမ်းဆည်းမိသည်က သမီးချည်း ငါးယောက်။

သမီးငါးယောက်အဖေ မောင်ဦးသည် အိမ်ဦးခန်းမှာ ငုတ်တုတ်။ သူ့ဂဏန်းဘုတ်အုပ်တွေနှင့်သာ အလုပ်ရှုပ်ပြီး လကုန်ရက်ဆို တစ်မျိုး၊ လဝက်ကျိုးတော့ တစ်ဖုံ၊ အခါရာသီရွှေ့သလောက် ဘိုးတော်တွေဆီ အခေါက်ခေါက်ရောက်၊ ဗေဒင်ဆရာတွေဆီ ချောင်းပေါက်၊ လေထဲမှာ တိုက်ဆောက်ချင်သည့် စိတ်ရူးလေပွေတွေကို ရှုရှိုက်၊ မျှော်လင့်ခြင်း တိမ်တိုက်တွေကို ခေါင်းနှင့်အကြိမ်ကြိမ် တိုက်ခဲ့သည်မှာ နှစ်တွေပင် မနည်းတော့။

စီးပွားရေး ဈေးကွက်နည်းပညာတွေ ပွင့်လန်း၊ နိုင်ငံတကာပေါင်းကူးဆက်ဆံရေးနည်းလမ်းအရ သက်ဆိုင်ရာနှင့် ခွင့်ပြုချက်ရယူပြီး အိန္ဒိယပြည်မှ မြန်မာပြည်မြိတ်မြို့မှ 'အိုရီရန်းဒါး' ကုမ္ပဏီနှင့်ဆက်သွယ်လျက် ပင်ဂဲဖမ်းမည့်သင်္ဘောတွေ မြို့ကိုရောက်ချလာတော့ ပဲ့နင်း၊ ရေရှူး၊

စက်ဆရာ၊ လှေသားတွေ အလုပ်မရှား၊ ငွေမရှား ဖြစ်တော့သည်။ လာစဉ်က သင်္ဘောတွေရဲ့ အရောင်အသွေးက လိုင်းပြာ၊ လိုင်းဖြူတွေ ဖြစ်ပေမယ့် မြန်မာ့ရေပိုက်နက် မှာ ဖမ်းတော့မည်ဆိုတော့ လိုင်းစိမ်းအရောင် ပြောင်းသုတ်ကြတာတွေ၊ ကုန်ချိန်ပြည့်ဝ သူတို့ဒေသပြန်တော့မည်ဆိုလျှင် မူလအရောင်ပြန်ပြောင်း အရေခွံဟောင်းကို ပြန်ခြုံသည့် ရေကြောင်း အလေ့အထကိုတော့ ရေရှူးလုပ်သက် (၁၅) နှစ်အတွေ့အကြုံထဲမှာ မဆိုစလောက်ကလေး အံ့ဖွယ်သုတဖြစ် နေပါတော့သည်။

သည်လိုနှင့် ဒီဇင်ဘာနှင့် ဧပြီလအတွင်း ပင်လယ်တွင်းက ရသမျှ ပိုက်ချဆယ်ယူလာခဲ့ကြတာ လမှနှစ်ကူး နှစ်ဦးနှစ်ဖက် အကျိုးသက်ရောက်မှုတွေ များခဲ့ကြပြီ။

ပင်ဂဲဝါ (အဝါရောင်ကျောက်ပုစွန်) တွေသာ အထိများသည့် ဘုတ်ပြင်းခရိုင် အပြင်ဘိုးစူဠာကျွန်းနှင့် မိုင်ငါးဆယ် ပတ်လည်အကွာမှာ ဆိုနာ (ငါးကြည့်ကိရိယာ) ထဲ အစက်အပြောက်မှန်သမျှ (၁၇) လံခွဲ ပိုက်အရှည်ကို မှန်းချလို့ ဖွေရှာ။ ရေအောက်ကြမ်းပြင်မှာ ဒရွတ်ဆွဲ . . .။ ပင်ဂဲနှင့်ရောပါလာသမျှ ငါးကြမ်း ပုစွန်ကြမ်းတွေ မြန်မာရေလုပ်သားတွေ အပိုင်စားရစေသည့် အခွင့်အရေးကလည်း နှလုံးကြည်မွေ့ သဘောခွေ့ချင်စရာကောင်းလှ၏။

ပိုက်ထဲပါသမျှ အကောင်သေး အကောင်ငယ်တွေကိုဖယ် (၆) လက်မ၊ (၈) လက်မ ကောင်တွေကိုသာ ခေါင်းချိုးစိစစ်၊ ညစ်ထေးသမျှ ရေပန်းနှင့်ဆေးကြော လတ်တလော မပုပ်မသိုးအောင် ဆေးရည်စိမ်၊ အကြိမ်ကြိမ် ဇန်းတင်ပြီးပါမှ လေးဇန်းလျှင် တစ်ပါကင်၊ ထုပ်ပိုးပြင်ဆင်လို့ အအေးခန်းတွင် ထားပေရော့။ ကုန်တန်ချိန်ပြည့်သည့်အခါ လာစဉ်က သုံးစီးမှာ ကဲ့သင်္ဘောတစ်စီးပြန် နှစ်စီးကျန်ဆက်လုပ်။ ရတနာရွှေကျုတ်ပင်လယ်ပြင် ဆီမှရသမျှ အဆီအနှစ်တွေ စစ်ယူသိမ်းကောက် တစ်ခေါက်ပြီး တစ်ခေါက်။

www.burmeseclassic.com

ဂျပန်ကို ပြန်ရောင်းတော့ တစ်ကီလို ၂၈ ဒေါ်လာ။ အနောက်ဥရောပမှာတော့ တစ်ကီလို ၄၅၀ ဒေါ်လာရသတဲ့။ အဟား . . . ဒေါ်လာတွေ . . . ဒေါ်လာတွေ။ အဲဒါ မြန်မာ့ရေအောက်က ကောက်ယူသွားတာနော်။ စိတ်ကူးတွေ ချဲ့ကားလိုက်သည့်အခါ ကုလားတွေကို ရောင်း . . . ရောင်းနဲ့ မောင်းထုတ်ပြီး ပင်လယ်သင်္ဘောကိုအုပ်စီး ကမ္ဘာကြီးကို ခါးစောင်းတင်ချင်တဲ့ဆန္ဒတွေ ရေရှူးရင်မှာ တလိပ်လိပ် တက်လာလျှင်တော့ လက်စွဲတော် ငွေတောင်ဆေးလိပ်ကလေး ထောင်းထောင်းထအောင် ဖွာမိနေတာ အခါခါပေါ့။

အတွေးထဲ ဖျတ်ကနဲ ဝင်လာသည်က "ဈေးကွက်"။ သူ့မှာသည် ဈေးကွက်မျိုး ရှိနေမှတော့ နိုင်ငံခြားသင်္ဘောထဲ ပိုက်ဖာ၊ ပိုက်ထေး၊ အခကြေး နှင့် လိုက်ဖို့လိုဦးမလား။ ခုများမှာတော့ သူဌေးဖြစ်ဖို့အကြံ ခါချဉ်မာန်ကို ခဝါချ။ ပိုက်အစကို အသာငင် သည်အခွင်မှာ ပင်လယ်မထိ၊ ကျောက်ပုံနှင့်မငြိအောင် ဆုတောင်းဦး။ လုပ်ကွက်တွေ တစ်ခုပြီး တစ်ခုပြောင်း ဘယ်လမ်း ကြောင်းမှာမှ ပိုက်ဖောင်းအောင် ပင်လယ်ဝင်မည်လဲ။ ပွဲနင်းကလည်း "ဆိုနာ"မှာ အဖြေရှာ။ ပိုက်ဆရာကလည်း ရေကြောကို ဆွဲဆန့်။ ကုန်းဘတ်ပေါ်မှာ အပျင်းကြောဆန့်ရင်း အိပ်ပျော်နေသည့် မောင်ဦးရဲ့ အရှူးပါးစပ်မှာတော့ နတ်စကားထွက်ကျနေလို့ပါလား။

"ငါကိုယ်တော် အသရေ မညှိုးအောင် ရွှေမိုးငွေမိုးရွာပေ့"

●

ပိုက်အိတ်ကို ရေမှာချစဉ် လက်တံနှင့် ဘော့သီးတစ်ဖက်တစ်ချက်စီ ဆွဲဟထားသဖြင့် 'ချက်ဝ' ပွင့်နေသော ပိုက်အိတ်ထဲ ရေအောက်ကြမ်းပြင်မှာ ဒရွတ်ဆွဲသလောက် ဦးဆောက်ကျွမ်းပြန် ဝင်လာသမျှအရာတို့မှာ ပင်လယ်များသာမဟုတ်။ တကယ်ဆို သည်နေရာက ရောက်လာသမျှ

အရာအားလုံး သိမ်းကျုံး လက်ခံသည့်နေရာ။ အကောင်းအဆိုး အသာအညံ့ ရွေးချယ်စစ်ကြောပိုင်ခွင့်မရှိ။ အမျိုးအမည်ခွဲခြားပိုင်ခွင့်မရှိ။ အရည်အသွေး ချေး(ဂျီး)များ ပိုင်ခွင့်မရှိ။ သောင်းပြောင်းရောထွေ ပိုက်အခြေကို ဝင်လာသမျှ လက်သင့်ခံ၊ ရေအောက်ငါး၊ ရေလယ်ငါး အရွယ်အစားအမျိုးမျိုး၊ ကင်းမွန်ရစ်ဖောက်၊ ကင်းမွန်ဘဲလိပ်၊ ကင်းမွန်ဂန်ဒူး၊ ပင်မှလွဲ၍ ငါးကြမ်းကို ဆားနယ်၊ သင်္ဘောပေါ်မှာ ကြိုးလျှိုနေလှန်းရသည့်အလုပ်က ပြောတော့ သာလွယ်သည် နေပူထဲ ကျောပူခေါင်းခဲရသည့်အလုပ်၊ ပင်လယ်ထဲရောက်မှတော့ နေပူလောက်ကို ကြောက်နေ၍ မဖြစ်။

သည်အလုပ်က လုပ်သလောက် ကိုယ့်အိတ်ထဲရောက်သည့် ငိုဘကြားပေါက်အလုပ်မို့ ဘောက်ဆူးဘော့နက်စ်ကြေးလိုသဘောထား ကြိုးစား၍ လုပ်ရမည်ပင်။

တစ်ခါတလေ ထိုအပိုကြေးက လစာငွေမှာ ထပ်လောင်း ဖြည့်အား ကောင်းနေပြန်တော့ ကံအလုပ်ကို အသာထား ကာယအားကိုသုံးဦးမှ။ ကံဆို၍ ကံမကောင်းအကြောင်းမလှသည့်အထဲမှာ မောင်ဦးတို့က ထိပ်ဆုံးက။ ပါဝါကွဲပြား ဂဏန်းတွေ ရွှေ့ကစားသည့်အလုပ်က သူငယ်စဉ်က စက္ကူကားချပ်ပေါ်မှာ မြွေအကွက်တွေရွှေ့ကစားသလို အတက်လှေကားဖြင့် အကြိမ်ကြိမ်လွဲ အဆင်းမြွေတွင်းထဲသာ အခါခါကျ၊ ငွေနောက်ကို လက်ပစ်ကူးလိုက်ရင်း ငါးကြင်းဆီနှင့် ငါးကြင်းကြော်ဖို့ နေနေသာသာ မိန်းမချေးရင်းထဲက ပါပါသွားလို့ ထမင်းအိုးကွဲရသည့်အခါတွေပင် မနည်းတော့။

ပုဆိုးပေါင်၊ ထဘီပေါင် ပေါင်လို့ရတာ အကုန်ပေါင် သားရဲတွင်းထဲ ဘယ်လောက်ပဲကျကျ အခါခါ ရုန်းထလို့ မိုက်မလင်းဇာတ်ကို က ပြီးရင်း ကနေသည့်ကောင်။

အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမဆို ဝေလောဝေး သူ့အတွေးထဲပေါ်လာသမျှ ဘုတ်အုပ်ထဲမှာ ခဲတံကလေး တံတွေးနဲ့တို့တို့ပြီး အတိတ်၊ တဘောင်၊ အညွှန်း၊ သိုက်စာအားကိုးနှင့် လိုချင်တာကို ရှာခဲ့သည်မှာ

www.burmeseclassic.com

ကိုယ့်ညို့ကြိုးမှာ ကိုယ်ပြန်မိ တန်ဖိုးရှိသည့်အချိန်တွေ ကုန်လို့ကုန်မှန်းပင် မသိ။

"မွဲချင်တဲ့အကောင် ပြာပုံတောင်ရှိလို့လား"

ရေရှူး သည်လို ဆူဆဲလျှင် ပြုံးဖြဲဖြဲ လုပ်နေလေ့ရှိပြီး ကျေးဇူးကြံဖန် တင်ရမည်ဆိုလျှင်တော့ ထမင်းငတ်ကိန်း ကြုံသည့်အခိုက် ပဂဲသဘော်ာဆင်းလိုက်နိုင်အောင် ကူညီခြင်းပါပဲ။

ရေရှူး ဦးကြာလွန်းမြိုင်ဆိုတာ မောင်ဦးနှင့် ရပ်ဆွေရပ်မျိုးလိုနေခဲ့တာမို့ တစ်ယောက်အံခွ တစ်ယောက် လှမ်းမြင်နေကျ။ ဦးကြာလွန်းမြိုင်သည် ငွေအရာကောင်းသလောက် အငယ်အနှောင်းတွေ ဟောတစ်ယောက် ဟောတစ်ယောက် မပြတ်ထားတတ်တာ တစ်ရပ်လုံး အသိ။ မောင်ဦးမှာ ကလေးတွေ တစ်ပြုံကြီးနှင့် တောမှာနေ၍ မဖြစ်တော့လို့ မြို့မှဆွေမျိုးအိမ် နံဘေး အဖီကလေးတွဲချ။ မိန်းမက ချောင်းဖျားကုန် ကူး။ သူကတော့ ထုံးစံအတိုင်း ဒူးကလေး တလှုပ်လှုပ်၊ အိမ်အလုပ်ကလေး လုပ်သလိုလိုနဲ့ သာသလိုနေသည့်အချိန်မှာတော့ ဦးကြာလွန်းမြိုင်တို့ ငွေအရွှင်ကြီး ရွှင်ချိန်ပေါ့။

ကုန်းပေါ်မှာ နေရချိန်ထက် ရေထဲမှာ နေရချိန် များတာ တောင်မှ အပိုအတွယ် စမောကလေးတွေ ပေါ်များလှသည့် ဦးကြာလွန်း မြိုင်ကို မောင်ဦးတစ်ခါတစ်ခါတော့ အားကျချင်ချင်။ အရပ်ထဲမှာ ဟိုးလေး တကျော်ကျော် ဖြစ်ဖူးသည့် ဦးကြာလွန်းမြိုင်ရဲ့ အကြီးအငယ် ဇာတ်လမ်းကတော့ အံ့မခန်းစရာပင်။

သည်တုန်းက ဦးကြာလွန်းမြိုင် ရေရှူးတာဝန်နှင့် ပင်လယ်ဘက် ခရီးထွက်နေသည့်အချိန် မောင်ဦးတို့ရပ်ကွက်ဈေးကလေးထဲမှာ ဦးကြာလွန်းမြိုင်ရဲ့ လက်ရှိမယား မသိန်းဖဲ ကုန်ခြောက်ဆိုင်ကလေး ဖွင့်ထားသည့်ကိစ္စ အားလုံးသိပြီးသား။ လူစည်ကားချိန် ဈေးကလေးထဲ ခပ်ရဲရဲဝင်လာသည်က လုံးကြီးပေါက်လှ မိန်းမတစ်ယောက်။ ထိုမိန်းမကို မြင်တော့

www.burmeseclassic.com


မသိန်းဖံ ဒေါသမီးတောက်ပြီး ဆိုင်ပေါ်မှ နီးရာပုလင်းနှင့် ကောက်ပေါက်လိုက်သည်မှာ ထိုမိန်းမကို မထိ တိုင်ကို လွဲချော်ထိ၏။ ထိုမှတစ်ဆင့် ကွဲစဉ်လွင့်ထွက် သည့် ပုလင်းကွဲစသည် ဈေးဝယ်လာသည့် ကျောင်းဆရာမလေးရဲ့ ပါးပြင်မို့မို့ဆီ အရှိန်နှင့် စိုက်ဝင်လေတော့သည်။

ရဲကနဲ ဖြာသွားသည့်သွေး၊ စူးကနဲအော်လိုက်သည့်အသံ၊ ရုတ်ရုတ်သဲသဲ လူအုပ်ကြားထဲမှ တစ်ယောက်က ဆရာမလေးကို ဆိုင်ကယ်ဖြင့် ဆေးရုံပို့ပြီးသောအခါမှာတော့ မိန်းမနှစ်ယောက် ကန်ကျောက်လုံးထွေး လင်သွေးကြွ လင်မာန်ထနေကြသည်မှာ ဖုတ်တလူးလူး သဲတပေပေ ခွေးတဟောင်ဟောင် ရှိတော့သည်။

"ချမ်းသာပေးပါ ဆရာကြီးရယ်။ အမိုက်အမဲမို့ ပေးချင်တဲ့အပြစ်ပေးပါ။ ဂုတ်တော့ မတိုင်လိုက်ပါနဲ့၊ ရုံးတော့ မတင်လိုက်ပါနဲ့"

အဲသည့်ညနေက ဆရာမလေးရဲ့ယောကျ်ား တရားရုံးရှေ့နေကြီးရဲ့ အရှေ့မှာ လက်အုပ်ချီမိုး တိုးလျှိုးတောင်းပန်နေသည့် မသိန်းဖံရဲ့ဟန်က သနားစရာပင် ကောင်းနေသေး၏။ သည်လို မေးထိုး ခေါင်းခါ ပြောစရာ အဖြစ်အပျက်ကလေးတွေကြောင့်လည်း ရပ်ကွက်ထဲမှာ ဦးကြာလွန်းမြိုင်ဆို ရိုကျိုးခံ့ညားခြင်း မရှိကြတော့။ သူ့ကျေးဇူးကြောင့် ပဂဲသင်္ဘောပေါ်ရောက်လာသည့် မောင်ဦးသည်ပင် ဦးကြာလွန်းမြိုင်ကို မြင်လျှင် ပြုံးချင်ချင်ဖြစ်နေဆဲ။ ရေရှူးတစ်ယောက်အနေဖြင့် လုပ်ငန်းခွင်မှာ ဆူချင်ဆူ ဆဲချင်ဆဲ မောင်ဦးမှာ ကျေးဇူးတရားကို ထောက်ချင့်၍ မလေးမခန့်တော့မပြု။ မနာခံလျှင်တောင်မှ ကျောပေး ခေါင်းရှောင် ပြန်မပြော နားမထောင် လုပ်ရုံမျှသာ။

သူတို့အရပ်က ကုလားလှေ၊ ကုလားလှေဟု လွယ်လွယ်ခေါ်နေသော ပဂဲဖမ်းသင်္ဘောပေါ်မှာ လှေသားလစာ နှစ်သောင်းငါးထောင်ဆိုသည်က မောင်ဦးတစ်သက် အိပ်မက်မျှ မမက်ဖူးသည့်ငွေ။ သူ့လက်သူ့ခြေနှင့် ရှန်းကန်လှုပ်ရှား၍ ရသည့်ငွေဆို၍ သည်တစ်ကြိမ်သာ ရှိသေး၏။

www.burmeseclassic.com

အလုပ်လုပ်ရာမှာ ကိုယ်ရည်ကိုယ်သွေး ညှိသည်ပြောပြော၊ 'စမ်း' ကို ချစ်သည့်အချစ်ကတော့ ဘာမှ မရောသည့်အချစ်စစ်စစ်များဖြစ်သည်ကို မောင်ဦး အသိဆုံး။ 'စမ်း' ကို ပိုးပန်းစဉ်က လွယ်လွယ်နှင့်ရခဲ့သည် မဟုတ်။ မိုးရေထဲ ခြေအေးအောင် အခေါက်အခေါက် လျှောက်ခဲ့ရသည့် မိုးညများကို သူ မမေ့။ 'စမ်း'က သူ့ကို ဖွဲ့ဆုချလို့ ချစ်သူဘဝ ချိန်းဆိုသည့် ညမှာပင် 'စမ်း' ရဲ့ ခဲအိုနှင့် တည့်တည့်တိုးကာ ခြေဦးတည့်ရာပြေး အိမ်ထောင်ရေးနွံထဲ မရွယ်ဘဲ ချော်ကျခဲ့သည့်အဖြစ်။ စာပေကလည်း မတောက်တစ်ခေါက်၊ အတွေးအခေါ်ကလည်း တောင်မရောက် မြောက်မရောက်၊ ကလေးတွေသာ တစ်ယောက်ပြီးတစ်ယောက် တိုးလာပြီး ကြေးပြား ငွေစ မရှင်သည့်ကာလမှာ အချစ်ဆိုတာ အအေးခန်းထဲက "ခေါင်းခက်" ငါးရဲ့ အသည်းလို အေးစက်မာခဲသွားခဲ့ပြီလား။

ချောင်းဖျားက ထွက်သမျှ ကွမ်းသီး၊ ကွမ်းရွက်၊ ကုန်စိမ်း၊ လက်ဖက်မကျန် သယ်ငင်ရောင်းချပြီး စားဖိုကို နေ့မီးညမီးဆက်ခဲ့သည့် စမ်းမှာ နှစ်တွေ ကြာလာတော့ အလှတွေ ပျက်ယွင်း မျက်တွင်းဟောက်ပက် သူစွဲမက်ခဲ့သည့် ထူတွဲတွဲ နှုတ်ခမ်းကလေးမျှပင် မစိုလက်နိုင်တော့။ တစ်ညမှာ ညကြီးသန်းခေါင် တစ်ယောက်တည်း မီးထဖိုပြီး မီးဖိုအနားမှာ မောင်ဦး သောက်နေကျ ငွေတောင်ဆေးလိပ်ကို စိတ်လိုလက်ရ ကောက်ဖွာနေသည့် စမ်းကို မြင်တော့ အိပ်မှုန်စုံမွှား သူ့မျက်စိကို သူမယုံချင်။

"စမ်း . . . အိပ်မပျော်ဘူးလားဟင်"

. . . . . . . . . . . . . . . . . . . .

"မသောက်တတ်ဘဲ ဘာလို့ ဆေးလိပ်တွေ နင်းကန်သောက်နေရတာလဲ"

. . . . . . . . . . . . . . . . . . . .

"ဟင် . . . စမ်း ငူငူငိုင်ငိုင်နဲ့ နေမကောင်းဘူးလား"

. . . . . . . . . . . . . . . . . . . .

www.burmeseclassic.com


သူမေးသမျှမဖြေ တုံဏှိဘာဝေလုပ်နေပြီး ဖြေမည့်ဖြေတော့

"ထဘီစိုနေတာ လဲစရာ အပိုမရှိလို့ မြန်မြန်ခြောက်အောင် မီးထလှုံနေတာပါ"

စမ်းရဲ့ တုန်ခိုက်ခိုက်အသံကလေးက သူ့မှာစွဲနေသည့် တစ်သက်လုံး ပေါ့ပေါ့နေ ပေါ့ပေါ့စား ကျည်းပေါင်းတက် ကျစ်စာခဲတောင်ဘို့ကြီးကို အမြစ်ကနေ တွန်းဖြိုလိုက်ပါတော့သည်။

အဲသည်ညက 'စမ်း' ပညာပြလို့ နဖူးပေါ်လက်တင် သူ့ကိုယ်သူ စစ်ဆေးရေး ဝင်လေတော့ ကွေ့ကွေ့ကောက်ကောက် ဂဏန်းတွေ လမ်းလျှောက်သည့် ကိစ္စကလွဲပြီး ဘာကိုမျှ စိတ်မဝင်စား။ ငွေကြေးလည်း မရှာဖွေ။ ကလေးတွေ အရေးဆို ဝေလာဝေး။ အိမ်ထောင်ရေးဒုက္ခဆိုတာ သူနှင့်မှ လားလား မဆိုင်သလို နှုတ်ခမ်းပါးနားသုတ်ပြီး နေခဲ့သည့် တစ်ကိုယ်ကောင်းစိတ်ဓာတ်၊ ကိုယ်နှင့်စိတ် မကပ်သည်မှာတော့ ယခုတွေး၊ ယခုပင် ရယ်သွမ်းသွေးချင်စဖွယ် အဖြစ်ကလေးက ပူပူနွေးနွေး။

"ကလေးတွေ နေမကောင်းဘူး နေမကောင်းဘူး"

စမ်းက ညည်းညူဖြန်များလာသဖြင့် ထိုညနေက သူ စိတ်လိုလက်ရဖျားသည့်ကလေး လက်ဆွဲကာ ဆေးခန်းသွားပြတော့၏။ ဆရာဝန်ရှေ့ရောက်လို့ ကလေးကို ဆေးထိုးဖို့လုပ်တော့မှ

"ဟင့်အင်း . . . ဟင့်အင်း . . . နေမကောင်းတာ နိုနို မဟုတ်ဘူး"

"ဟင် . . . ဒါဆို သမီးကို သမီးအမေ ဆေးတိုက်နေတာ မဟုတ်ဘူးလား"

"ဟိုတစ်ခါကတော့ ဟုတ်ပါတယ်။ အဲဒါ ကောင်းသွားပြီလေ။ အခုဖျားနေတာ ညီမလေး မိုမိုပါ"

မောင်ဦးက အဲသလို ရှေ့နောက် မညီသည့်လူမျိုး။ သည်ရက်အတွင်းမှာ ဘယ်သမီးက အဖျားပျောက်ပြီး ဘယ်သမီးထံ အဖျားရောက်သွားသည်ကိုပင် သတိ မထားမိ။ အသံတူတွေချည်း မှည့်ထားသည့်

www.burmeseclassic.com

သူ့သမီးတွေ နာမည် ညိုညို၊ ချိုချို၊ ပိုပို၊ နိုနို၊ မိုမို ကို လူနှင့်နာမည် အမြီးအမောက်တည့်အောင် မခေါ်နိုင်။ အဲသည့်လောက် မိသားစုကို စိတ်ဝင်စားသည့် မောင်ဦး။ တစ်ထည်စိုလို့မှ တစ်ထည်မလဲနိုင်သည့်ဘဝမှာ 'စမ်း' ကို သူချစ်ရာ ရောက်ပါဦးမည်လား။ ငွေမပေးရသည့် ဆင်းရဲသား ရောဂါတွေတစ်ခုပြီး တစ်ခုဝင်လို့ ချောင်းဖျားပင် မှန်မှန်မတက်နိုင်တော့သည့် စမ်းကို သူအနားပေးသင့်ပြီ။

ချွတ်ခြုံကျနေသည့် စီးပွားရေး နာလန်ပြန်ထူဖို့ သူ့ကိုယ်သူ အလုည့်ပေးပြီး သံခွံသင်္ဘောကြီးထဲ အခစားလိုက်ခဲ့ပေမယ့် တစ်သက်လုံး စွဲလာသည့်အစွဲ မြွေအရေခွံလဲသလိုတော့ မဖြစ်နိုင်။ အချိန်အားကလေးရသည်နှင့်ဘုတ်အုပ်ကလေး တကိုင်ကိုင်။ သည်တစ်ခါတော့ အပိုင်တွက်ထားတာတောင် မနီးစပ်။ အလွဲကြီးလွဲပြန်ပဟနှင့် သူ့ကိုယ်သူ ပျားရည်နှင့် အခါခါ ဝမ်းချနေရတော့သည်။

●

ခေါင်း၊ ခါး၊ ခြေ၊ လက်တို့ လှုပ်ရှား အင်တာနေရှင်နယ်စကားကို တတ်လျှင် ဘာသာခြား လူမျိုးကွဲလည်း သင်္ဘောတစ်စင်းတည်းမှာ တွဲနေ၍ ဖြစ်သည်က မထူးသလိုလိုနှင့် ဆန်းသယောင်ယောင် ထင်ရ၏။

သူတို့မှာလည်း သူတို့ကပ္ပတိန်နှင့်၊ သူတို့စက်ဆရာနှင့်၊ သူတို့ဆီလောင်းနှင့်၊ သူတို့ အိုးသူကြီးနှင့်။ ကိုယ့်မှာလည်း ကိုယ့်ပဲ့နင်းနှင့်၊ ကိုယ့်စက်ဆရာနှင့်၊ ကိုယ့်ဆီလောင်းနှင့်၊ ကိုယ့်ရေရှူးနှင့်၊ ကိုယ့်အိုးသူကြီးနှင့်။

သည်လို စားအိုးမတူ အမူအကျင့်ခြားနား အနေအထိုင် ကွဲပြားလှပေမယ့် အလိုဆန္ဒတွေ တစ်နေရာတည်းမှာ စုဝေးနေသည်မှာတော့ . . . . ။

www.burmeseclassic.com


ပိုက်ချပြီး သုံးနာရီအကြာ ပိုက်ဆွဲတင်ချိန်ရောက်သည့်အခါ မှတ်ဆိတ်ဗရပျစ်နှင့် နိုင်ငံခြားသား 'အလုပ်မျက်နှာလွှဲ' ကပွတိန်သည် မြန်မာအလုပ်သမားတွေ အနားလာရပ်ကာ ဒေါ်လာမျက်မှန်တပ်လျက် မျက်တောင်မှ မခတ်နိုင်အောင် လောဘဇောကပ်နေတော့သည်။

"ဟော့ . . . ပိုက်လက်ကြိုးကို အရင်ယူ။ သံပြားကြိုးကို ထပ်ဆင့်ဆွဲ စက္ကင်းကြိုးကို ဖြတ်ဖို့ပြင်။ သင်္ဘောပေါ်တင်နေတဲ့ အပေါ်ကြိုးနဲ့ မိအောင်ဆက်။ ကရိန်းရဲ့အားနဲ့ ရစ်ဘီးကိုလှည့် . . . ဝမ်း တူး သရီး ဖိုး ဟိုးထား ဟိုးထား"

ပိုက်ရဲ့ အတွင်းသားတစ်နေရာမှာ ဘာတွေများ ပါလာလေမလဲ။ ရေရှူး အမိန့်ပေးသံက တစာစာ။ မောင်ဦးတို့ အလုပ်သမားတွေ လက်က သွက်သွက်၊ ဗဟိုဆုံချက်မှာ အလိုဆန္ဒတွေ ထပ်တူ မကျလိုက်ပုံက အိန္ဒိယ နိုင်ငံခြားသား လုပ်ငန်းရှင်တွေ ပါစေချင်သည်က အသားထူထူ ဆူဆူဝဝ ပဂဲဝါအလုတွေ . . .။ မြန်မာအလုပ်သမားတွေ ပါစေချင်သည်က ပဂဲက ပါးပါး၊ အပိုကြေးခွဲတမ်း ငါးကြမ်းတွေက များများ . . .။

ကံဇာတ်ဆရာလည်း မျက်စိလည် ခေါင်းနောက် ကံစမ်းမဲဖောက်ပြီး မည်သူ့ကို အသာပေး အလေးပို အလိုလိုက် အကြိုက်ဆောင်ရမည် မသိ။ ကျီးတည့် ကြောင်တောင် ဖြစ်နေ၏။

**မြားနတ်မောင်မဂ်လာမဂ္ဂဇင်း၊ ၂၀၀၁၊ ဇူလိုင်လ**

www.burmeseclassic.com



မီးခိုးတံတိဥစာ

www.burmeseclassic.com

# မီးခိုးတိတ်ညစာ

လက်ကုတ်လှေကလေး ကမ်းမှခွာရန် ကျရေစီးထဲ ထိုးချလိုက်သော ထိုးဝါးတိုင်၏နောက်သို့ ကိုသီးဆွေ၏မျှော်လင့်ခြင်း အာသီသ၊ တပ်မက်မှုအာလျှတွေ လိုက်ဆင်းခုန်ချ သွားကြသည်။

ထိုးဝါးကို အားပြု တွန်းကန်ထားသော ကိုသီးဆွေ၏ လက်များ မဆိုစလောက်ကလေး တုန်ယင်နေလျက် မျက်လုံးအိမ်မှာတော့ ကြေကွဲမျက်ရည်တို့ ပြည့်အိုင်ရန် အားယူနေလေသည်။

ဒါပဲလား . . . နောက်ဆုံးတော့ ကမ္ဘာမြေဟာ သူ့ကို ခြေဖဝါးနှစ်ချပ်စာ မြေနေရာကိုပင် မပေး။ အခွင့်အရေးတွေကို တွန့်တိုခြင်းကြီးစွာ နှုတ်ငင်သိမ်းဆည်းလိုက်ပါပြီကော။ ဘယ်မှာလဲ။ သူ့အတွက် ကမ္ဘာမြေမှာ ရပ်တည်ဖို့နေရာကလေး တစ်နေရာ။ လူချင်းတူတူ သူချင်းမျှမျှ သူ့မိသားစုကိုမှ ကုန်းပေါ်မှာ မနေနိုင်အောင် ဘယ်အရာတွေက မောင်းနှင်တောထုတ်လိုက်လေသလဲ။

ရေလယ်သို့ ရွေ့လျားထွက်လာသော လှေကို ထိန်းရန် ခတ်တက်ကို အားယူလှမ်းဆွဲရင်း မျက်ရည်သီသီဝေ့နေသော မျက်လုံးများဖြင့်

www.burmeseclassic.com


တောင်ကုန်းကလေးကို နောက်ဆုံးနှုတ်ဆက်ကြည့်ကြည့်မိသည့် အခါမှာ တော့ လည်ချောင်းဝသို့ တင်းကြပ်ဆို့နင်မှုတွေ ပြေးတက်လာကြပြန် သည်။

တောင်ကုန်းကို ကျောမှီ၍ အစီအရီ တည်ဆောက်ထားသော မီးသွေးဖောင်း (မီးသွေးဖို)တို့သည် မီးခိုးမှ မအူ။ လူသံလည်း ကင်းဆိတ်၊ အတိတ်သမိုင်းကို ခပ်ရိုင်းရိုင်း မျက်ကွယ်ပြုကာ နန်းကျဘုရင်၏ ခံတပ်မြို့ တစ်မြို့လို ဆိုင်းဆို့ညိုမှောင် ခပ်ငေါင်ငေါင် ရပ်နေလေသည်။

မြို့ကလေး၏ ရာဇဝင် ထုပ္ပတ်ကို လှန်လှောဖတ်ရှုမည်ဆိုလျှင် လောင်စာစက်ရုံကြီးသဖွယ် မြို့သူမြို့သားတို့ နှစ်လိုအားထားခဲ့သည့် မီးသွေး ဖောင်းတန်းအကြောင်းမပါလျှင် ပြီးပြည့်စုံမည် မဟုတ်ပေ။ မလှမ်း မကမ်းမှာတော့ လူနေရပ်ကွက်နှင့် ဖောင်းတန်းကို ပေါင်းကူးယှက်နွယ်ပေး ထားသည့် သစ်သားတံတားကလေး။

အစဉ်တစိုက် လူတွေ နင်းကျော်ဖြတ်လျှောက်လွန်းသဖြင့် လေးလံသောဝန်အားကြောင့် အိအိကျွိကျွိ အော်မြည်ညည်းညူလေ့ရှိသည့် ပေါင်းကူးကလေးက ရေငုံနှုတ်ဆိတ် တိတ်တိတ်ကြေကွဲနေ၏။ ခုများတော့ ညည်းညူပါဦးတော့ ပေါင်းကူးကလေးရေ။

ဆည်းဆာညိုအချိန် မီးသွေးဝယ်လုံမပျိုတွေရဲ့ စကားတီတာရယ် သံဖွဲ့ဖွဲ့ကို နားခံရင်း ခရီးရောက်အောင် ထမ်းပိုး ပို့ဆောင်ပါဦးတော့။ ပေါင်းကူးကလေး အခြေမှာ ချိုချဉ်သရေစာရောင်းသည့် ဈေးတန်း ကလေးကလည်း ဒီနေ့တော့ ဘယ်နေရာမှာ မျက်နှာလွှဲ ကြေကွဲနေပါလိမ့်။

အလို . . . ချောင်းအိုကြီး စိတ်ညစ်အောင် ဆော့ကစား မြူးရွှင် မျောက်မင်းသခင်ရပ်ကွက်ထဲက ကလေးတွေတောင် ရေကူးတာကို ငြီးငွေ့၊ ဘယ်ကွေ့မှာ ကျည်းသားရိုက်၊ ဘယ်ကမ်းမှာ ကဏန်းနှိုက်လေပြီ မသိ။ မြင်နေကျ မြင်ကွင်း၊ ကြားနေကျ အသံ၊ ရင်းနှီးပွန်းတီးနေကျ ဝန်းကျင်သံ ယောဇဉ် လက်ကျန်အချို့ လွမ်းသူရဲ့ပွဲကို အံခဲကြည့်နေလေရဲ့။

www.burmeseclassic.com

သင်္ခါရတရားကို မေ့လျော့ ဖြစ်ပျက်သဘောကို မဆင်ခြင်၊ မသေခင် သည်နေရာကလေးမှာ အစဉ်မကွာနေမဟဲ့အတွေးနဲ့ တောင်ခါး ပန်းရင်ခွင်ထဲ ခေါင်းဝင်ထိုးစိုက် အမိုက်ကြီးမိုက်ပြီးသည့် အခါမှာတော့။

အဖေ . . . ။

ချောင်းအိုကလေးထဲ ဝင်လာသမျှ ကိုယ့်လှေက ထင်းတုံးတွေ သာမက လှေပေါင်းများစွာက ထင်းတုံးတွေကို ထမ်းပိုး၊ မီးထိုးဂူပေါက်ထဲ စီရီ။ တိမ်ပလီနေသည့် ညနေခင်းမှာ သိုင်းကွက်နင်းခြေထောက်တွေရဲ့ ငြိုငြင်မှုကြောင့် ကိုယ့်ထင်းတုံး ကိုယ်ပြန်ပိ နှလုံးတည့်တည့်ထိခဲ့သည့် အဖေ။

ချိုပြင်းရှတ ခနိရည်ခါး ညကလေးထဲ ချော်ကျ။ အဖေလဲကျ အသက်ပျောက်ရာ ချောင်းကမ်းပါးဘေးတစ်လျှောက် သူရူးတစ်ယောက်လို ပြေးလွှားမြည်တမ်း ပူပုံဖမ်းဇာတ်ကို ကပြီးသည့်အခါ။ အဖေရဲ့အမွေ၊ လက်ကုတ်လှေကလေးကို ဆက်ခံ၊ လက်ကျန် တဲကုပ်ကလေးရဲ့ နံရံမှာ ကျောင်းလွယ်အိတ်ကို အပြီးချိတ်လို့ ပင်လယ်ထဲ ဆင်းချ။ သစ်ခုတ်လှေ သမားဘဝကို ကျကျနနကြီး ခံယူလိုက်ရတဲ့ ကိုသီးဆွေ။

သစ်ခုတ်သမားသာ ဖြစ်လာရ ကိုသီးဆွေမှာ လက်ချည်းဗလာ စခဲ့သည်ကိုတော့ လူသိမည်မထင်။ ရှိသမျှ သစ်ခုတ်တန်ဆာ (ဓား၊ ကပ်ပ) မကျန်ရောင်းချ။ အဖေ့အသုဘစရိတ်လုပ် ငုတ်တုတ်အငတ်မခံနိုင်သည့် အခါ ဝမ်းစာတစ်လုပ်အရေး ခေါက်ပြန်ကြေးနှင့် ငှားခုတ်ရသည့် ကိုသီးဆွေ။

တစ်ခါတစ်ခါ လင်မလိုကျွန်း၊ မအိုင်ကျွန်းတွေဘက် ဝဲလှည့်။ တစ်ခါတစ်ခါ တောပြားကြီးကျွန်း၊ ဖိနပ်ကျွန်းတွေဘက် ဝေ့သီ။ ကျွန်းကြို ကျွန်းကြားလုံးထွင်းလှေကလေးနဲ့သွား။ တစ်သောင်ချဉ်း၊ တစ်တောင် တက်၊ တစ်ကျွန်းထွက်၊ တစ်တောင်ဝင်၊ တစ်နေဝင်၊ တစ်မိုးချုပ်၊ မီးသွေးဖုတ်ရန် သစ်လုံးတွေ တစ်နေရာပြီး တစ်နေရာ ဖွေရှာ။ ဟောသည်

www.burmeseclassic.com


လောင်စာဖိုတွေ ရှိနေသရွေ့ အငတ်ဘေးမတွေ့နိုင်တော့ဘူးလို့ ယုံကြည်ချက် ခိုင်ခိုင်မာမာနှင့် အသက်ဆက်ခဲ့သည့် ကိုသီးဆွေ။

အိမ်ထောင်ကျတော့လည်း ဖောင်းမှာ ရေဖျုန်း၊ မီးထိုး၊ ထင်းခေါင်းဖြာ၊ မီးသွေးအိတ်သွတ်သည့်အလုပ်သမလေး ခင်ကြွေနှင့် ရှေ့လူတွေထွင်သွားသည့် လမ်းရိုးဟောင်းအတိုင်း ပုဆိုးတန်းတင်ရုံနှင့် အကြင်လင်မယားဖြစ်ကာ အဖေ့အမွေ တဲကုပ်ကလေးပြင်မိုးလို့ တစ်ဆစ်ချိုးဘဝကို အစပျိုးခဲ့ရသည့် ကိုသီးဆွေ။

ကျေးလက်မှာ မွေးဖွား၊ လယ်သမားသားသမီး ရိုးရိုးကြီးခင်ကြွေသည် လင်ကို ချစ်တတ်သည်မှလွဲ၍ လူကဲရိပ်ခြေမသိ။ အတန်းပညာရေးတတ်ဖတ်တတ်ရုံ ပတ်ဝန်းကျင်နှင့် ထိသိမှုနည်းကာ နုံတုံတုံ၊ အတတ၊ တစ်ခါတစ်ခါ ပေါချာချာပင် နိုင်နေသေးတော့။ ကိုသီးဆွေ ပင်လယ်ထွက်လျှင် ဖောင်းဝန်းကျင်မှာ ကုံရာဝင်လုပ်ပြီး သူ့ဝမ်းသူကျောင်းကျန်ရစ်သည်။ ကိုသီးဆွေကလည်း သူသာ ကျွဲပခုံးထအောင် ရုန်းကျွေးမည်။ ခင်ကြွေကိုတော့ သစ်ခုတ်ရာသို့ မခေါ်၊ ကုန်းပေါ်မှာ ကြော့ကြော့နေစေ၏။

ခင်ကြွေမှာ ကိုသီးဆွေ မရှိလျှင်၊ အာရုံနှစ်ခုပဲ ထားသည်။ မလှမ်းမကမ်းမှ ဈေးငယ်ကလေးသို့ သွား၍ ရက်ပြန်ပေးနှင့် အဝတ်ဝယ်ဝတ်သည့်ကိစ္စနှင့် ညစဉ်ညတိုင်း ဆဲဗင်းစတား ဗီဒီယိုရုံဆီသို့ မှန်မှန်ရောက်သည့်ကိစ္စပင် ဖြစ်သည်။

ကျော်ဟိန်း၊ ကျော်သူ၊ ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ မင်းသားတွေအားလုံး ဟာသ၊ ဖီလင်၊ အပစ် အခတ်၊ အထိုးအခုတ်၊ ဘာပဲလုပ်ပြလုပ်ပြ သဘောအကျကြီးကျသည့် ခင်ကြွေ။ ကုလားကား၊ တရုတ်ကား၊ မြွေကား၊ ဆင်ကား၊ မလေးရှားစုန်း ကား၊ သရဲဒရက်ကူလာကား ဇာတ်ကားမထပ် တစ်ညမလပ် ကြည့်နိုင် သည့် ခင်ကြွေ။

ဇာတ်ပွဲဆိုလျှင်လည်း လာခဲ့စမ်း။

 www.burmeseclassic.com

နန်းဝင်း၊ မိုးဝင်း၊ သိန်းဇော်၊ နာမည်ကြီးရော နာမည် မကြီး တကြီးရော အလွတ်မပေး။ တစ်ခဲနက် အားပေးလေ့ရှိသည့် ခင်ကြွေ။ ရုပ်ကွက်ကလေးမှာ ပုလဲခိုင်ဇာတ်လာကတော့ သားဦးဖိုက်ကြီး တကား ကားနှင့် အကြည့်ကောင်းသဖြင့် ကလေးလမ်းမှာ ထွက်ကျဖို့ လက်မတင် လေးသာလိုတော့သည်။ ကလေးမွေးပြီး သမီးပိုက်၍ ခင်ကြွေဆေးရုံက ဆင်းတော့ သမီးနာမည် အော်တိုမစ်တစ် ပုလဲခိုင် ဖြစ်သွားသည်။

သမီး ပုလဲခိုင် ဆိုသည်နှင့် ကိုသီးဆွေ ရင်သည် တစစ်စစ် နာကျင်ခဲ့ရပြန်သည်။ ပုလဲခိုင်ရဲ့ အသွေးအမွေးက ကိုသီးဆွေနှင့်လည်း မတူ။ ခင်ကြွေနှင့်လည်း မဆင်ဘဲ သီးခြားခွဲထွက် အလှကျက်သရေ ဖြိုး ဝေနေသည်က အရီးမမြိုင်မျက်စိကျဖို့ ဖြစ်လာသည်။ ကိုသီးဆွေ အဖေ ဖက်မှ ဆွေမျိုးနီးစပ်တော်သော အရီးမမြိုင်တို့မှာ သားသမီးမရှိ။ ချမ်း တောင့်ချမ်းသာ မဟုတ်ပေမယ့် အရီးမမြိုင်ယောက်ျား ပီနန်သွားဖူးသည့် အရှိန်ကလေးနှင့် စပါးပေးကလေး လုပ်လိုက်၊ ငွေတိုးကလေးချေးလိုက်နှင့် ချောင်ချောင်လည်လည် ရှိကြသည်။

ဝက်လွန်းသာသာ သူ့မီးသွေးဖောင်းတဲကုပ်ကလေးအထဲမှာ ဖြူ ဖြူဖွေးဖွေးသမီး၏ အရောင်အသွေးက တစ်မျိုးတစ်ဘာသာ ထွက်နေသည် မို့ အရီးမမြိုင် အချစ်သည်းဖို့ ဖြစ်လာသည်။ သည်ကြားထဲ ခင်ကြွေက သမီးကို ဂရုစိုက်ရမှန်း မသိနေလိုက်လျှင် ကလေးတစ်ခြား၊ အမေတစ်ခြား ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ ခင်ကြွေကြောင့် သမီးသေကံမရောက်ဖြစ်ခဲ့သည် မှာတော့ ကိုသီးဆွေ ပြန်ပြောင်းလို့မှ မတွေးချင်။

သည်တုန်းကလည်း ပွဲခင်းသံဇာတိဆိုလျှင် အလစ်မပေးသည့် ခင်ကြွေတစ်ယောက် အရပ်ထဲ ဦးရှင်ကြီးပသပွဲတွင် ခံသောဇာတ်ကို မိုး တစ်လင်းကြည့်ပြီး တဲကုပ်ထဲတွင် စိတ်လွတ်ကိုယ်လွတ် အိပ်ပစ်လိုက် သည်မှာ သမီးချောင်းထဲဆင်းချသွားသည်ကိုပင် မသိလိုက်တော့ချေ။

www.burmeseclassic.com


ရပ်ကွက် မနိုင်ကလေးတွေ ချောင်းထဲ ရေကူးဆော့ကစားချိန်နှင့် သမီးဆင်းလာချိန် တိုက်ဆိုင်နေသဖြင့်လည်း ကိုသီးဆွေ ရင်မကွဲအသည်းမကြွေရခြင်း ဖြစ်သည်။ သည်အချက်နှင့်ပင် သမီးပုလဲခိုင်သည် အရီးမမြိုင်လက်ထဲ ဆိုင်းမဆင့် ဗုံမပါ ရာက်သွားတော့သည်။ ခင်ကြွေ့အားနည်းချက်ကလည်း ကိုသီးဆွေကို အားစေးထည့်ထားသလို ဖြစ်ပြီးရေငုံနှုတ်ဆိတ် တိတ်တိတ်ကြည့်နေလိုက်ရသည်။ ခက်သည်က အရီးမမြိုင်သည် သမီးနှင့် ကိုသီးဆွေတို့ လင်မယားကို စည်းခြားထားခြင်းပင်။

ကိုသီးဆွေမို့ လှေတစ်ခေါက်ဝင်လာ၍ သမီးကို သွားတွေ့ပါကရှောရှောရှူရှူ တွေ့ခွင့်မပေးချင်။ သမီးနှင့် ကိုသီးဆွေ ရင်းနှီးမှုကို မလိုလား။ အတုကား အစစ်ထက်ပင် ပို၍ အရောင်တက် ပြောင်လက်ချင်နေသည်။

သမီးကလည်း ရွှေပင်နားတော့ ရွှေကျေး၊ အရှင်မွေးတော့နေချင်းကြီးဆိုတာလို အရီးမမြိုင်လက်ထဲရောက်မှ လူမွေးလူတောင် ပြောင်လာလိုက်သည်မှာ တစ်တုံးတစ်ခဲ ဖြိုးဖြိုးအစ်အစ် ချစ်ချင်စဖွယ် ကောင်းလှသည်။ ကိုသီးဆွေ အရီးမမြိုင် အိမ်ခါးပန်းမှာ ငုတ်တုတ်ထိုင်လျက် သမီးလက်ကိုဆွဲကာ သိမ်တော်ကြီးဘုရားသွားဖူးချင် စိတ်ကို မျိုသိပ်ခဲ့ရသည်က အကြိမ်ကြိမ်၊ လက်ထဲ ငွေယားကလေးရှိလာလျှင် သမီးကိုခေါ်ကာ ဈေးတန်းလမ်းလျှောက် သမီးပူဆာသလောက် ဝယ်ပေးချင်သည့်ဆန္ဒကအခါခါ။

"မောင်သီးဆွေနှယ် . . . သမီးအဖို့ သိမ်တော်ကြီးဘုရားကဘာမှ မဆန်းတော့ဘူး။ ဒီတစ်ခါ စပါးပေါ်ပြီးရင် ရန်ကုန်မြို့ကြီးကို အရီးဘုရားဖူးသွားတဲ့အခါ သမီးကို ခေါ်သွားဦးမှာ"

"ကလေးအတွက် ငွေကုန်ခံပြီး ဘာမှ ဝယ်မလာနဲ့။ ဒီမှာအကုန်ပြည့်စုံပြီးသား"

ဟုတ်တော့လည်း ဟုတ်သားပင်။

www.burmeseclassic.com

ဂါဝန်လှလှကလေး ဝတ်ပြီး ထိုင်းဘက်မှဝင်သည့် စက်ဘီးအဝါကလေးပေါ်မှာ ကြွကြွကလေးစီးနေသည့် သမီးကို ခပ်ငေးငေးကြည့်ရင်း ယောကျ်ားရင့်မကြီး ကိုသီးဆွေ မျက်ရည်ဖြိုင်ဖြိုင် ကျရသည်ဆိုလျှင် ကြားကြားသမျှ ရယ်အံ့ထင်သည်။

သမီးလေး လမ်းလျှောက်တိုင်း ပိကျိ . . . ပိကျိ မြည်နေသည့် ဖိနပ်ကလေး၏ တန်ဖိုးကို တွက်မည်ဆိုလျှင် ကိုသီးဆွေ ပင်လယ်ဘယ်နှစ်ခေါက်ထွက်မှ ပြည့်လေမည် မသိ။

သည်လိုနှင့် ကိုသီးဆွေနှင့်သမီး အဝေးကြီးဝေးခဲ့ရသည်မှာ ယနေ့အထိပင် တိုင်တော့သည်။ ယခုဆို သမီးကျောင်းနေသည့်အရွယ် ပင်ရောက်နေပြီ။ တောင်စောင်းမှာ မှီပြီးဆောက်ထားသည့် ဖောင်းတွေ ဖျက်မိန့်ကျလာတော့ ကိုသီးဆွေ တဲကုပ်ကလေးလည်း အလိုလို ပါသွားကာ နေစရာဘုံပြောင်း အိုးခွက် တုံး တောင်းကအစ လှေထဲယူချပြီး စားကျက်အသစ်ရှာဖို့ ဖန်လာချိန်မှာ သမီးက အေ ဘီ စီ ဒီ ဖတ်နေပြီ။

"လိပ်ပြာကလေး အင်္ကျီဝယ်၊ ဘယ်ဈေးကလဲကွယ်၊ ရောင်မျိုးစုံခြယ် အကွက်ဆန်း လှချက်အံ့မခန်း။ ပန်းကလေးတို့ ရောင်ယှက်ဖြာ၊ ဘယ်ပင်းမင်းမှာ ဆေးဆိုးတာ။ ချိုးလင်းပြာ အတောင်မွေး၊ ဘယ်သူဆေး ရေးပေး။ ဥသြကလေးရဲ့ တေးသံသာ၊ ဘယ်ဆရာထံ သင်ခဲ့တာ။ အားလုံး ဟာ သဘာဝ၊ မွမ်းမံသည်ထက် လှပကြ"

ဟန်နှင့်ပန်နှင့် အသံနေ အသံထားနှင့် ဆိုနေသော သမီးရဲ့ ချစ်စဖွယ် အမူအရာကလေးကို တစ်ဝကြီး ငေးကြည့်ပြီး ဆင်းရဲတွင်းထဲ ဘယ်လိုမှ ဆွဲမနှစ်ရက်တော့တာမို့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလို့ လာရာလမ်းကို ပြန်လှည့်ခဲ့ရသည်က နောက်ဆုံးအခေါက်ပင်ဖြစ်သည်။

"အဖေ့ကို ခွင့်လွှတ်ပါတော့ သမီးရယ်။ အဖေ့ရင်ထဲမှာ သမီးကို ပေးဖို့ ချစ်ခြင်းမေတ္တာအပြင် ငွေအသပြာ၊ ပြည့်ဝလုံခြုံမှုနဲ့ နွေးထွေးညှံ့သက်မှုတွေ မရှိတာမို့ သမီးကို တော်ရာမှာထားခဲ့ပါရစေတော့"

www.burmeseclassic.com


"ဟောသည် . . . ကြမ်းထော်ဖြုတ်ထနေသည့် သစ်ခုတ် ထင်း လှေဘဝထဲမှာ သမီးဖတ်နေတဲ့ အေ ဘီ စီ ဒီတွေ သမီးဆိုနေတဲ့ ချစ်စရာ ကဗျာကလေးတွေ ရှိမနေတာ လောကကြီးရဲ့ကျိန်စာသင့်နေတဲ့ အံချော်လွဲ မှားမှုတွေပါပဲ"

အဖေ့နှလုံးသွေးနဲ့ ထုဆစ်ခဲ့ပြီးတဲ့ သမီးဟာ မြို့ပြမှာ သီးပွင့်၊ အလှဆုံး လန်းစွင့်စေဖို့ ဆန္ဒအာသီသတွေသာ ပင်လယ်ထဲ အကြိမ်ကြိမ် ပစ်ပေါက်ရင်း တစ်မိုးအောက် ရေပြင်မှာ လှေကိုပင် အိမ်လုပ်ပါရစေတော့။

ကျရေနှင့် ထွက်လာသော်လည်း ရေဆန်နှင့် ပြန်ကြုံသဖြင့် လှေကလေးသည် ရေပြင်ထက်တွင် လှုပ်လီလှုပ်လဲ့ သွဲ့သွဲ့နှေးနှေး၊ လေး လေးပင်ပင် ရှိလှ၏။ ဦးကုတ်နှင့် ပဲ့ကုတ်မှ ထွက်ပေါ်လာသော ခတ်တက် သံ ကျွိကျွိသည် လှိုင်းအိအိပေါ်တွင် စည်းချက်မှန်မှန် ပေးနေသည်။

ရန်းဆန့် ပြေးထွက်နေသော အတွေးစတွေကို နှုတ်ယူသိမ်း ဆည်းပြီးချိန်မှာ လှေကလေးသည် ချောင်းအိုမှသည် မြစ်ဝဆီသို့ ရောက်ရှိ နေပြီး မြို့ကလေးကို ချန်ရစ်၊ ပထက်တောင်ကို နောက်ကျောပစ်ကာ ကျွန်း ရွာတွေဆီ ဦးတည် ရွေ့လျားနေလေသည်။

ကုန်းပေါ်မှာ နေခွင့်မရှိတော့၍သာ ရှိသမျှ ပစ္စည်းတွေ လှေထဲ ချပြီး ထွက်လာရသော်လည်း မည်သည့်နေရာတွင် ကျောက်ချ ကျွန်းခိုရ မှန်းပင် မသိ။ သည်လိုပဲ ရေပြင်ရှိသလောက် လျှောက်သွားနေလို့ကဖြင့် ကိုသီးဆွေ ကျန်းမာရေးက ပင်လယ်ငှက်ဖျားလောက် မဖြုံသော်လည်း ခင်ကြွေနှင့် သည်ခရီးက ရင်းနှီးကျွမ်းဝင်သည် မဟုတ်။ လယ်တောရွာသူ ခင်ကြွေတစ်ယောက် မတတ်တတတ်နှင့် ခတ်တက်ကိုင်ကူနေရသည်ကပင် လွန်လှပြီ။ မိုးဒဏ်၊ လေဒဏ်၊ ဆီးနှင်းဒဏ်တွေကို ထားဦး။ ဆန်၊ ဆီက အစ ဓား၊ ကပ်ပပါမကျန် အကုန်ယူပြီး လူတွေကိုပါ ရေထဲကန်ချလေ့ရှိ သည့် ကြီးနိုင်ငယ်ညှဉ်းအုပ်စုနှင့် တွေ့လျှင် သူခင်ကြွေအတွက် ရင်လေး လွန်းလှသည်။

www.burmeseclassic.com

သူ့အနေဖြင့် ကုန်းပေါ်မှာ အခြားအလုပ်လုပ်ကိုင်ဖို့ ဆိုသည်ကလည်း တစ်သက်လုံး ရေထဲနေလာသူမို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ အသားကျ အနည်ထိုင်ဖို့ တော်တော် အရှိန်ယူရဦးမည်။ ငွေရင်းမရှိသူအတွက် ဆိပ်ကမ်းမှာ ကုန်ထမ်းသည့်အလုပ်အပြင် ဘာမှ စဉ်းစားလို့မရ။

ဒါကလည်း ရှိရင်းစွဲ လူတွေကြားထဲ သူတစ်ပါး စားကွက်ကို ဝင်တိုး လုယက်ရမှာ သူ့စိတ်ထဲ မရဲဘဲ ဖြစ်နေသည်။

ယခုတလော သူ စိတ်လေလေနှင့် သွားသွားထိုင်နေသော ပေါင်းကူးကလေးထိပ်မှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် အဘိုးကြီးပြောသည့် သူတစ်ပါးတိုင်းပြည်မှာ အလုပ်ကြမ်းသွားလုပ်သူတွေ၏ မစားရဝခမန်း ဇာတ်လမ်းတွေကိုလည်း သူအားမကျချင်။ သွားသည်ဆိုဦးတော့ ဒါကလည်း ငွေကို ခင်းပြီး သွားရသည့်လမ်း၊ အဘိုးကြီးတိုက်တွန်းသဖြင့် ဝါးလုပ်လှေဆင်းလိုက်ရန် ကြံသော်လည်း ကျန်ရစ်ခဲ့မည့် ခင်ကြွေနေရေးကိစ္စ၊ မွေးဖွားရေးကိစ္စတွေ ခေါင်းထဲဝင်လာပြီး ထိုအကြံကို လက်လျှော့လိုက်ရပြန်သည်။

စေ့စေ့တွေးကြည့်တော့ ကမ္ဘာမြေသည် သူ့အတွက် နေစရာရှားပါးလွန်းလှချေသည်။

သဘာဝတရားကြီးကတော့ ကျောကသား၊ ရင်ကသား၊ လူသားချင်း အတူတူ အဖြူအမည်း အယုတ်အမြတ် အခွင့်အရေးတွေ ခွဲခြားပေးအပ်မည်မဟုတ်ဟု သူယုံကြည်ချင်နေသည်။

ဒါဆိုလျှင် မိုက်မဲသည်ဟုဆိုချင်ဆို မိုးကိုမျှော်သည့် ဖားတစ်ကောင်၏ ဖွဲ့မျိုးကိုတော့ သူ လေ့ကျင့်မွေးမြူထားမှ ဖြစ်ဦးမည်။

လောလောဆယ်မှာတော့ သူ့ဦးနှောက်တွေ ရှုပ်ထွေးပူလောင်နေသဖြင့် သူ့ရဲ့ နေခွင့်လက်မှတ်ကလေးကို ကံဇာတ်ဆရာလက်ထဲ ခဏအပ်ထားရုံအပြင် ဘာမှ မတွေးချင်တော့။

www.burmeseclassic.com


နာကျင်ခံခက် ခံစားချက်တွေကြောင့် လှေပေါ်ပါ လူသားနှစ်ဦး တစ်ဦးနှင့်တစ်ဦး စကားစမြည်ပင်ပြောဆိုခြင်းမရှိ။ ဦးမှာ ကုပ်နေသော ခင်ကြွေမှာ ကိုယ်ပြည့်လက်ပြည့်နှင့်မို့ ကိုးရိုးကားယား နိုင်လှသည်။ ခင်ကြွေ့ကိုယ်ဝန်က ခုနစ်လကျော်ပြီ ထင်ရသဖြင့် မွေးဖွားဖို့ ကိစ္စက ရှိသေးသည်။ မွေးဖွားရက်ကိုတော့ ခန့်မှန်းရခက်လှ၏။ မြို့မှာနေစဉ် ကျန်းမာရေးဆရာမက ခင်ကြွေနောက်ဆုံးလာသည့်ရက်ကိုမေးတော့ အနားမှာရပ်နေသည့် ကိုသီးဆွေကို "ဘယ်နေ့လဲအစ်ကို" လို့ လှမ်းမေးလိုက်သည့် နုံတုံတုံ၊ အ,တတ ခင်ကြွေကိုတော့ ကိုသီးဆွေ ကောင်းကောင်းလက်ဖျားခါသွားသည်။ သူ့ဘာသာသူပင် ဘယ်ရက်မှန်းမသိ။ ခင်ကြွေဖြေသည့် ရက်က မသေချာတော့ မီးမွေးဖွားဖို့ ခန့်မှန်းရက်ကလည်း သေချာဖို့ လမ်းမမြင်၊ ဘာပဲဖြစ်ဖြစ် မီးဖွားဖို့တော့ ပြင်ပြင်ဆင်ဆင်ကလေး လုပ်ထားဦးမှ။

သည်တစ်ခေါက် လှေအမောက်ထင်းတွေ တင်ပြီးလျှင်တော့ မီးသွေးဖောင်းတွေ နေရာအသစ် သတ်မှတ်ပေးလိုက်သည့် မင်းသန်းရွာကမ်းဝင်ခို၍ ခင်ကြွေ မီးဖွားဖို့နေရာ ရှာရဦးမည်။ သူ ထင်းသွင်းနေကျ ဖောက်သည်ဟောင်း ဦးသာအိုး ဒေါ်မေညွှန့်တို့က စိတ်ရင်းစေတနာ ဖြူစင်သူများဖြစ်၍ ခင်ကြွေမီးဖွားမည့်ကိစ္စ အားကိုးရလောက်သည်။

ပုစွန်ဆီသွေး တောက်နေသော ဆည်းဆာသည် တစ်နေ့တာဖြန့်ဝေမှုများကို လက်စသိမ်း၍ ကတိမ်းကပါးညနေကို နူတ်ဆက် ခွဲခွာချိန်၌ လှေကလေးသည် လင်မလိုကျွန်းရွာဆိပ်သို့ တိုးတိတ်ညင်သာစွာ ဆိုက်ကပ်လိုက်လေသည်။ လှေရပ်နားလိုက်သော်လည်း ဆည်းဆာရီ၏ ရောင်ကျန်ဖျော့တော့အောက်တွင် ခင်ကြွေသည် အသံမထွက်ဘဲ ငူငူကြီး ထိုင်နေလေသည်။ ယောကျ်ားရင့်မကြီး သူတောင် သည်လောက် ခံစားနေရလျှင် မိန်းမသား ခင်ကြွေအဖို့မှာ ဆိုဖွယ်ရာမရှိ။ သူ့မိန်းမ ခင်ကြွေကို သနားလှပါဘိ။

 www.burmeseclassic.com

ကိုသီးဆွေ ပါးစပ်ချဥ်ခြင်းကို ချေဖျက်ရန် ပေါင်းမိုးထဲဝင်ကာ ဆေးလိပ်ရှာ မီးညှိရှိုက်ဖွာလိုက်ပြီးမှ ညစာမစားရသေးသည့် အဖြစ်ကို သတိရသွားလေသည်။ မည်သည့်အခါကမှ တိုက်ချွတ်ခြင်း မရှိသည့် မည်းတူတူ ထမင်းအိုးအဖုံးကို ကောက်လှန်လိုက်သည့်အခါမှာတော့ မနက်က လက်ကျန် မဖြစ်စလောက် ထမင်းကြမ်းခဲ ကလေးတစ်ခဲ။ အနားမှာတုံးလုံးလဲနေသည့် ဖန်ဘူးကလေးထဲမှာတော့ ငါးပိထောင်းတစ်တုံး။ ပင်လယ်သား ဆိုသည်က ထမင်းရှိလျှင် ငါးပိရှိလျှင် ထမင်းစားလို့ ဖြစ်သည်။ ခက်သည်က ထမင်းကြမ်း လက်ကျန်နည်းနေသည်။ ဆန်အိုးထဲ လက်နှိုက်ကြည့်လိုက်တော့ ဆန်က ဗလာ။ ထွက်လာခါနီး သူ့စိတ်တွေ ယောက်ယက်ခတ်နေသည်နှင့် ဆန်ဝယ်လာဖို့ သတိလစ်သွားသည်။

အချိန်ရှိတုန်း ရွာထဲဝင် ဆန်ဝယ်ဦးမှ။ အချိန်တန်လျှင် သူက မစားဘဲ နေ၍ ဘာမှမဖြစ်။ (မဗိုက်) ခင်ကြွေက နှစ်ယောက်စာ ဆာလေရော့မည်။ ကိုသီးဆွေသည် ပေါင်းမိုး တဆုံးခေါင်းဝင်ငုံ့လျှိုးကာ လှေဦးဘက်သို့ ကူးလာလျက် ခပ်ငူငူ ထိုင်နေသော မိန်းမကို နှစ်သိမ့်ဖို့ အားယူလိုက်လေသည်။

"ခင်ကြွေ ဘာတွေ စဉ်းစားနေလဲဟင်။ စိတ်ချမ်းသာအောင်နေပါကွာ။ ကိုယ့်မှာလဲ မပေါ့မပါးကြီးနဲ့။ ဘယ်လောက် ဒုက္ခဖြစ်ဖြစ် တို့လင်မယား ငတ်ပြီး မသေနိုင်ပါဘူးကွာ။ ငါ တစ်ယောက်လုံး ရှိပါသေးတယ်။ ဒီမှာကြည့် . . . တက်ကျိုးရင် လက်ထိုးလှော်မယ်။ ငါ့မှာ လက်နှစ်ဖက် သန်မာနေသရွေ့ ထမင်းမငတ်နိုင်ပါဘူး။ အားမငယ်ပါနဲ့ ခင်ကြွေရယ် ဒီလို ထမင်းမေ့ ဟင်းမေ့တော့"

"အားမငယ်ပါဘူး အစ်ကိုရဲ့။ ဟိုဒင်း ကျွန်မ စဉ်းစားနေတာပါ"

"ဘာကို စဉ်းစားနေတာလဲ။ သမီးကိုလား"

"ဟင့်အင်း . . . သမီးက ကျွန်မတို့ သမီးမှ မဟုတ်တော့တာ အရီးမမြိုင့်သမီး ဖြစ်သွားပြီ ဥစ္စာ"

www.burmeseclassic.com


"ဒါဆို . . ."

ခင်ကြွေက စကားကို မဆက်ဘဲ ခပ်ဆိုင်းဆိုင်းဖြစ်နေသည်။

ကိုသီးဆွေ သူ့မိန်းမကို ပိုသနားလာသည်။


"ပြောပါ ပြောလိုက်စမ်းပါ။ ရင်ထဲ ပေါ့ပါးသွားအောင် ပြောလိုက်စမ်းပါ မိန်းမရယ်"

"ကျွန်မ စဉ်းစားနေတာ ဆဲဗင်းစတား ဗီဒီယိုရုံလေ။ ဟို ကျွန်မတို့ရပ်ကွက်ထဲက ဗီဒီယိုရုံကို ပြောတာ။ ဒီအချိန်ဆို နမူနာကားပိုထိုးနေပြီ။ ဒီညပြမယ့် တရုတ်ကားက ကောင်းခန်းရောက်နေပြီ အစ်ကိုရဲ့။ မတရား စွပ်စွဲခံရတဲ့ ကောင်မလေးကို လူဆိုးတွေက ဘုရားကျောင်းပျက်ထဲမှာ ဖမ်းချုပ်ထားတာ ဓာတ်လိုက်လာကယ်မယ့် အခန်းလေ။ မြို့တော်ကြီးကနေ မြင်းစီးပြီး လာနေတာ အခုလောက်ဆို ဘုရားကျောင်းပျက်နားရောက်နေပြီထင်တယ်။ ဒီတစ်ခါလည်း ဓာတ်လိုက်ပဲ နိုင်မှာပါနော် အစ်ကို"

ပြောမည့် ပြောတော့ မျှော်လင့်မထားသော ခင်ကြွေ့စကားကြောင့် ကိုသီးဆွေလက်ထဲမှ သောက်လက်စ မြင်းခြံစိန်မျှား ဆေးလိပ်ကလေး ရေထဲလွတ်ကျသွားလေသည်။

**ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ ၂၀၀၀ပြည့်နှစ်၊ ဩဂုတ်လ**

www.burmeseclassic.com



www.burmeseclassic.com

# မီးစုန်းဝတ်ရုံနှင့် အလင်းညှို့ချက်

အဝေးက ကြည့်မယ်ဆိုရင် ကောင်းကင်က ကြယ်တာရာတွေ ရေဆင်းသောက်သည့်အလား ထင်ယောင်မှားဖွယ် လှည့်စားမှုတစ်ရပ်ဟာ မှောင်မည်းမည်း နက်ကျောကျော ရေပြင်ထက်မှာ လင်းလက်ထင်ပေါ် နေတော့တယ်။

မမြင်ရတဲ့ရေအောက်မှ မသေချာမရေရာမှုများကို ညှို့ငင်ဆွဲဆောင်ဖို့ အထူးပြုလုပ်ပြင်ဆင်ထားတဲ့ သူ့ရဲ့ ကင်းမွန်မီးထွန်းလှေကို မီးကြည့်ဆရာ "နောင်ကျွန်းမြင်" က "ကြယ်စင်လိပ်ပြာ"လို့အမည်ပေးထားတယ်။

လှေနံတစ်ဖက်တစ်ချက်မှာ မီးသီးကိုင်းတံတွေ တောင်ပံလို ဖြန့်ကားတပ်ဆင်ထားတဲ့ သူ့ရဲ့ ကင်းမွန်ဖမ်းလှေဟာ တကယ်ပဲ ကြယ်တာရာတွေ ခိုနားနေတဲ့ ပင်လယ်လိပ်ပြာကြီး တစ်ကောင်ပါပဲ။ ငါးသိမ်၊ ငါးမွှားနဲ့ ရေမျောပလင်န်တွန်ပင်တွေကို စားသောက်ပြီး ဒစ္စကိုညမင်းသားရဲ့ ပြိုးပြက်ပြက် မီးစုန်းဝတ်ရုံကို ငှားရမ်းဝတ်ဆင်ထားတဲ့ ကင်းမွန်ကောင်တွေဟာ မီးရောင်အလင်းဓာတ်ကို ဘာကြောင့်များ စွဲမက်နှစ်ခြိုက်ကြပါလိမ့်။

www.burmeseclassic.com


ကင်းမွန်ကောင်တွေရဲ့ တပ်မက်မှုဟာ လူတွေရဲ့ လက်နက်ကြီး ဖြစ်နေပါပေ့။ မြားတံမလို၊ အစာမလို၊ နေရောင်မလို၊ လရောင်မလို၊ ငါး ရာဝပ်အား မီးသီးအလင်းတွေသာ လိုတဲ့ ကင်းမွန်မီးထွန်းလှေရဲ့ လုပ်ငန်း သဘာဝဟာ ရေမှုဆိုးတွေရဲ့ တန်ခိုးပဥ္စလက်အောက်မှာ ကြယ်ရေသောက် ညတွေအဖြစ် ဖွားမြောက်ရှင်သန်ခဲ့တာ ကြာတောင့်ကြာရှည်ခဲ့ပါပြီ။

ဒီလို ရေပျော်မှုဆိုးတစ်ယောက်ရဲ့ နှလုံးသွေးတွေ လှည့်ပတ်စီး ဆင်းနေတဲ့ နောင်ကျွန်းမြင်ဟာ မြို့ကလှေပိုင်ရှင် ဦးပေါ်လာနဲ့ လက်တွဲ ခဲ့တာ နှစ်တွေ အတော်ကြာပြီ ဆိုတော့ သူ့ရဲ့ ကြယ်စင်လိပ်ပြာအပေါ် အတော်ကလေး သံယောဇဉ် ရှိနေပြီ။ သူ့ဘဝမှာ တန်ဖိုးအထားဆုံးအရာ ဟာ သူ့သမီး "သမုဒ်ဒေဝီ" ကလွဲရင် သူ့မိန်းမ ခင်မွန် မဟုတ်ဘဲ ကြယ် စင်လိပ်ပြာဖြစ်နေတာ ကြည့်ပါတော့။ ကြယ်စင်လိပ်ပြာအသက်ကလည်း သူ့သမီး အသက်ထက် ကြီးပေတာကိုး။

ဒါကြောင့် နောင်ကျွန်းမြင်ဟာ ကြယ်စင်လိပ်ပြာကို အရိပ်တ ကြည့်ကြည့် အဖြစ်သည်း အချစ်သည်းနေတာကို စက်ဆရာနဲ့ လှေသား တွေက သဘောပေါက်ပေမယ့် လူ့သဘာဝအတိုင်း နောက်ကွယ်မှာ မေး ထိုး ခေါင်းခါ လုပ်ချင်ကြတယ်။ သီတင်းကျွတ်လပြည့်ကျော်တာနဲ့ ပင် လယ်ထဲ မထွက်ခင် ဟောဒီ အရှည် ၉–လံ၊ အကျယ် ၈–တောင်ရှိတဲ့လှေ ပေါ်က မီးထွန်းမယ့် ကိုင်းတံတွေမှာ မီးသီးတွေ တပ်ဆင်ပြီဆိုကတည်းက ဇောကပ်နေတာ မြင်လို့တောင်မကောင်းဘူး။ လှေနံနှစ်ဘက်မှာ ယှက်ဖြာ နေတဲ့ ကိုင်းတံတစ်လျှောက် မီးသီးတွေ ချိတ်တွဲတာကအစ သူ့စိတ်တိုင်း ကျ မဖြစ်မချင်း လှေသားတွေ ဖင်ထိုင်မကျအောင် ခိုင်းနေတော့တာပဲ။

တစ်ဘက် သုံးလံစီ ထွက်နေတဲ့ ဝါးတန်းမှာ ဝပ်ငါးရာအား မီးသီး အဖြူသုံးလုံးစီ တပ်ဆင်၊ ကိုင်းတံ အတိုအရှည်လိုက် မီးသီးအရေ အတွက် အနည်းအများအလိုက် ကွာချင်ကွာလိမ့်မယ်။ ကိုင်းတံသုံးတန်း ရှိရာမှာ အလယ်တန်းပိုက်ချတဲ့ ဘက်က ကင်းမွန်စု မီးနှစ်လုံးကို အဖြူ

www.burmeseclassic.com

တစ်ရောင် အနီတစ်ရောင်ချိတ်။ အဲဒီ မီးဖြူ မီးနီကို ပြဒါးသုတ်ထား ဒီလို ပြဒါးသုတ်မှ မီးရောင်က ရေအောက်ကို စုလင်းသွားပြီး ကင်းမွန်တွေကို သိမ်းကြုံးဆွဲဆောင်မှာ။ မီးလုံးများများ ထွန်းနိုင်လေ ကောင်းလေ။ အလင်းဓာတ်များ လေ ကင်းမွန်လာလေ။

ဒီလို ပြင်ဆင်ပြီးလို့ သူရဲ့လှေကမ်းက မခွာမီ နောင်ကျွန်းမြင်ဟာ ဝတ်စုံသစ်နဲ့ ကြွကြွရွရွ အလုကြီးလုနေတဲ့ သမီးအလှကို ကြည့်နေတဲ့ အကြည့်မျိုးနဲ့ ကြယ်စင်လိပ်ပြာကို ကမ်းထိပ်ကနေ တစိမ့်စိမ့် ကြည့်နေတော့တာပဲ။ ရေခဲလုံလုံလောက်လောက်နဲ့ တစ်ပတ်စာ ရိက္ခာတွေ လှေထဲချဖို့ ကိစ္စတွေတောင် စက်ဆရာနှင့် မျက်နှာလွှဲထားလေ့ရှိလို့ ပင်လယ်ထဲရောက်မှ ဆီမလောက်တာမျိုး၊ ဆန်ပြတ်သွားတာမျိုး မကြာခဏကြုံဖူး လို့ ချေးရငှားရတာ အခါခါ၊ ချေးငှားဖို့ အခွင့်အလမ်းကြုံလို့ တော်ပါသေး ရဲ့။ ကင်းမွန်ရာသီက သီတင်းကျွတ်လပြည့်ကျော်က တန်ခူးလအထိ ဆို တော့ တစ်ချို့လည်း ကမ်းနီး၊ တစ်ချို့လည်း ကမ်းဝေး၊ တစ်စီးမဆုံ တစ်စီးဆုံနေကျ။

တကယ့်ဆို ပွဲနင်း (မီးဆရာ) ဟာ ကင်းမွန်မီးထွန်းလှေမှာ လှေရှင်မျက်နှာလွှဲပေမို့ လှေတစ်စီးလုံးရဲ့ တာဝန်ဟာ သူ့မှာ အရှိဆုံးပါ။ သူတို့လို ကမ်းနီးလှေတစ်စီးရဲ့ ရင်းနှီးငွေတန်ဖိုးဟာ ၁၄ သိန်းရှိပြီး ပင်လယ်တစ်ခေါက်ထွက် စရိတ်ဟာ ခြောက်သောင်း ရှိတာမို့ ဦးပေါ်လာ အနေနဲ့ အတိမ်းအစောင်းမခံနိုင်တာ သဘာဝကျပါတယ်။ သူ့မှာ မဆိုစလောက် ချို့ယွင်းချက်ကလေးက လွဲရင် ဦးပေါ်လာ စိတ်တိုင်းကျတဲ့ ပွဲနင်းတစ်ယောက်အဖြစ် လုပ်သက်ရှည်ကြာခဲ့ပြီပေါ့။ နောင်ကျွန်းမြင်ရဲ့ လုပ်သက်သမ္မာကလည်း လုပ်ငန်းခွင် အတွေ့အကြုံတွေ စိမ့်ဝင်ပူးကပ်နေတာဆိုတော့ လှေရှင်သူဌေး လက်မလွှတ်နိုင်တာ မဆန်းပါဘူး။

နောင်ကျွန်းမြင်ရဲ့ နာမည်ကိုက ပင်လယ်အငွေ့အသက်တွေ ပြည့်ဝလျှံဝေနေတဲ့ နာမည် ဖြစ်နေတယ်။ သူ့နာမည်အရင်းက “နောင်

www.burmeseclassic.com


ကျော်မြင့်” ပါ။ နောင်ဆိုတာ သူတို့ဒေသမှာ (ဦး,ကို) ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တာမို့ သူ့နာမည်အရင်းဟာ ကိုကျော်မြင့် ပါပဲ။ ဒါပေမယ့် တစ်ခါတုန်းက သူရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ ဒဏ္ဍာရီပုံပြင်ဆန်လှတဲ့ သူ့ရဲ့ ဘဝအတွေ့အကြုံတစ်ခုက သူ့ကို လျှို့ဝှက်နက်နဲတဲ့ ဂမ္ဘီရလမ်းကြောင်းပေါ် နောင်ကျွန်းမြင် အဖြစ် ပစ်တင်လိုက်တာပါပဲ။

ဒီတုန်းက သူက လူပျို လူလွတ် စိတ်လွတ် ကိုယ်လွတ် နေတဲ့ အရွယ်။ အလုပ်တစ်ခုတည်း ဇောက်ချမလုပ်ဘဲ ကြုံရာကျပန်း လုပ်ရင်း တစ်နေ့တော့ ငါးလှေဆင်းလိုက်သွားပါရော။ ငါးလှေဟာ ဘုတ်ပြင်းခရိုင်ထဲ ရောက်တော့ စက်ပျက်လှေကွဲပြီး ပင်လယ်ထဲ လက်ချည်းသက်သက် ကူးနေရတဲ့အချိန်။ ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ထက်မှာ ဘယ်လောက်ကြာကြာ ကူးမိနေမှန်းမသိ။ ခြေကုန်လက်ပန်းကျလုနီးမှ လှိုင်းရိုက်တင်လို့ ကျွန်းတစ်ကျွန်းပေါ် ရောက်သွားတော့ သူ့အသက်က ပင်လယ်ထဲ တစ်ဝက်ကျန်ခဲ့ပြီ။

ကမ်းခြေဇရစ်တောချုံစပ်မှာ သူသတိရလာတဲ့အခါ ရှိသမျှအင်အားတွေ စုစည်းရုန်းထကြည့်တော့ အခုမှ သူ့ဒုက္ခသူ သတိထားမိတယ်။ သူ့မှာ အဝတ်မပါ ဗလာကိုယ်ထီးနှင့်ပါလား။ အင်းလေ . . . ရေထဲမှာ ဘယ်နှစ်ရက်ကြာနေမှန်းမသိ။ အဝတ်တွေလည်း လှိုင်းလက်တံကြား ပါသွားရောပေါ့။ ထိတ်လန့်အားငယ်မှုတွေ အထွတ်အထိပ်ရောက်နေဆဲ နောက်ထပ် ကြမ္မာဆိုးက သူ့ကို စောင့်ကြိုနေတော့တယ်။ သူရပ်နေတဲ့ နေရာနဲ့ ခပ်လှမ်းလှမ်းမှာ တဲအိမ်စုစုကလေးတွေ တွေ့ရတော့ သူပထမ ဝမ်းအသာကြီးသာသွားတယ်။ လူမနေတဲ့ ကျွန်းကို ရောက်တာထက် လူနေတဲ့ ကျွန်းကိုရောက်တာ မသေဖို့ သေချာပြီပေါ့။

ဒါပေမယ့် . . . သူရဲ့ ဝမ်းသာမှုတွေကို ချက်ချင်းချေဖျက်လိုက်တဲ့ အရာကတော့ အဲဒီတဲအိမ်စုစုကလေးတွေဆီက မိန်းမတွေ ထွက်လာတာပါပဲ။ မိန်းမတွေ မိန်းမတွေ အာပါပါး နည်းတဲ့ မိန်းမတွေ မဟုတ်ဘူး။

www.burmeseclassic.com

ယောက်ျားလည်း တစ်ယောက်မှ မပါ ပါလား။ မြတ်စွာဘုရား . . . ။ နောင်ကျွန်းမြင်ဟာ သူ့အရက်သူ သတိရလို့ ဇရစ်တောချုံထဲ ပြန်ထိုင် ချလိုက်ပေမယ့် သူ့ကိုမြင်သွားပြီဖြစ်တဲ့ မိန်းမတွေက အနားကို ဝိုင်းလာပြီး သူနားမလည်တဲ့ စကားတွေနဲ့ ဟစ်အော်ပြောဆိုနေလိုက်ကြတာ ကြက်သီး ထစရာပါပဲ။

"ကယ်တော်မူကြပါခင်ဗျာ။ ကယ်တော်မူကြပါ။ ကျွန်တော် ဒုက္ခ သည်ပါခင်ဗျာ"

အကြိမ်ကြိမ် ထပ်ခါတလဲလဲ အော်နေပေမယ့် သူ့အော်သံကို အဲဒီ မိန်းမတွေ နားလည်ဟန်မတူဘူး။ အတွေ့အကြုံရှိသူတွေ ပီပီ အခြေ အနေကို နားလည်သဘောပေါက်ပြီး သူထိုင်နေတဲ့ ဇရစ်တောချုံဆီ ဝါး လုံးထိပ်မှာ ချီထားတဲ့ ထဘီတစ်ထည် ဝဲပျံရောက်ရှိလာပါတော့တယ်။ သူ စဉ်းစား မနေနိုင်ဘဲ အဲဒီ မိန်းမထဘီကို လှမ်းယူ အရှက်လုံအောင် ဝတ်ပြီး ဒယိမ်းဒယိုင်ထွက်လာတော့ အပေါ်ပိုင်း အဝတ်မပါတဲ့ မိန်းမတွေ ဟာ သူ့ကို စားတော့ ဝါးတော့မည့်ပုံနဲ့ ကြည့်နေတာ ပင်လယ်ထဲ ပြန်ပြေး ဆင်းချင် စိတ်ပေါက်လာပါတော့တယ်။

သူပြောတာလည်း သူတို့နားမလည်။ သူတို့ပြောတာလည်း သူ က နားမလည်နှင့် နောက်ဆုံးဟန်အမူအရာနှင့် အစာတောင်းတော့ သူတို့ တဲအိမ်ဆီ ခေါ်သွားပြီး ငှက်ပျောသီးတွေ ချကျွေးတယ်။ တစ်ကျွန်းလုံး ယောက်ျားတွေ မရှိဘဲ မိန်းမကြီးစိုးတဲ့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ် ရောက်နေလို့လားဆိုတာ တွေးနေရင်းနဲ့ အကြီးအကဲနဲ့ တူတဲ့ မိန်းမကြီးက လက်ဟန်ခြေဟန်နဲ့ ပြောပါတော့တယ်။

စားပြီးရင် သွားတော့တဲ့။ ဘုရားရေ . . . ။ သူဘယ်ကို သွား ရမလဲ။ ဒီမှာ နေပါရစေဆိုလဲ မရဘူး။ သူ့ကို တုတ်တွေ ဓားတွေမိုးပြီး မောင်းထုတ်တော့ နောက်ဆုံးသူလဲ ပင်လယ်ထဲ ပြန်ခုန်ဆင်းခဲ့ရတယ်။ ဒီတစ်ခါတော့ အစာဝင်ထားလို့ အားပြည့်ပြည့်နဲ့ ကူးလို့ကောင်းတုန်း။

www.burmeseclassic.com


လူတစ်ဖက်လောက်ရှိတဲ့ ခနိပေါင်တုတ် (ခနိလက်) ကြီးတစ်ခု ရလိုက်တယ်။ အို . . . ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ သူ့တစ်သက် ဒီလောက်ကြီးတဲ့ ခနိပေါင်တုတ်ကို မမြင်ဖူးဘူး။ သူမော့ကြည့်လိုက်တော့ ရေပေါ်မှာ ရပ်နေတဲ့ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ယောက်။ သူရဲ့ အသိစိတ်က ဒါဟာ ဒီရေပြင်ကို ပိုင်စိုးတဲ့ အဘိုး သန်လျက်ဆောင်ပဲ ဆိုတာ သိလိုက်တယ်။ အဲဒီအဘိုး ပေးတဲ့ ခနိပေါင်တုတ်ကို ဖက်တွယ်ကူးခတ်ရင်း ငါးလှေကြုံနဲ့တွေ့လို့ သူ့နေရပ်ကို ပြန်ရောက်တယ်ဆိုရင်ပဲ နောင်ကျော်မြင့်ဟာ မိန်းမတွေချည်းရှိတဲ့ ကျွန်းကို မြင်တွေ့ရောက်ရှိခဲ့တဲ့အတွက် ကျွန်းပြန်ကြီး နောင်ကျွန်းမြင် အမည်တွင်သွားပါတော့တယ်။ နောင်ကျွန်းမြင်ရဲ့အသည်းနှလုံးထဲမှာလည်း သူ့အသက်ကို ကယ်ဆယ်ခဲ့သူဟာ သူတော်ကောင်းကြီး အဘိုးသန်လျက်ဆောင် ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုတွေ သိပ်သည်း နက်ရှိုင်း နေပါတော့တယ်။ အဲဒီလို ဂမ္ဘီရဆန်တဲ့ လျှို့ဝှက်သိပ်သည်းမှုတွေ ထုံမွမ်းထားတဲ့ နောင်ကျွန်းမြင်ဟာ သူ့ရဲ့ ကင်းမွန်မီးထွန်းလှေ လုပ်သက်မှာ နောက်ထပ် ပင်လယ်ပြင်ရဲ့ လျှို့ဝှက်ချက်တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်လို့ ကြိုတင် မတွက်ဆမိရိုး အမှန်ပါ။

တကယ်တမ်း ကင်းမွန်မီးထွန်းလှေထွက်တော့မယ်ဆိုရင် လမိုက်ညကို စောင့်ရတာ အစဉ်အလာပါ။ ပင်လယ် ဒီရေအတက်အကျဟာ လနှင့်သက်ဆိုင်သလို လမိုက်ညဟာလည်း ကင်းမွန်ကောင်ကလေးတွေနဲ့ ဆက်နွယ်နေပြန်တယ်။

လက အဆုတ်လ။

ညက အမှောင်ည။

●

www.burmeseclassic.com

ကြယ်စင်လိပ်ပြာဟာ ကရဝိတ်တစ်ကောင်ရဲ့ ကြော့ရှင်းမှုမျိုးနဲ့ ရေပြင်ကျယ်ထက်မှာ အသော့နှင်ပြေးနေတယ်။ တရုတ်အင်ဂျင် ၂၂ ကောင်အားရဲ့ စက်သံဟာ နရီမှန် တေးသွားတစ်ပုဒ်လို ရေပြင်ကို ပုတ်ခတ်လှုပ်ကစားနေတယ်။ ခွမ်းစက် (ဝန်ချီစက်) ကတော့ ပဲ့နင်းစင်အရှေ့မှာ အဆင်သင့်။

လှေကလေးက ကော့ဒွန်းကျွန်း၊ သမီးလှ၊ တောင်သုံးလုံးတွေကို ကျော်လာပြီး ဖြစ်ဖြစ်မြောက်မြောက် ကင်းမွန်မထိသေးဘူး။ ကင်းမွန်တွေ ရှားပါးလာတာ အဖမ်းသမားတွေ များလာလို့လား။ စားကျက်ရွှေ့သွားလို့လား။ နောင်ကျွန်းမြင်တွေးနေမိတယ်။ ထွက်လာတာ သုံးရက်ကျော်ပြီဆိုတော့ လကလည်း ဆုတ်သထက် ဆုတ်လာပြီ။

ဒီညတော့ . . .

နောင်ကျွန်းမြင်ဟာ ရေစီးသာတဲ့နေရာမှာ လှေကို ကျောက်ချလိုက်တယ်။ အမှောင်ချဉ်းပြီဆိုတာနဲ့ မီးသီးတွေ အားလုံးဖွင့်လို့ ကင်းမွန်တွေကို ခေါ်ယူဖို့ စတင်ပါတော့တယ်။ မီးရောင်ရဲ့ စူးလက်မှုက ကင်းမွန်ကောင်တွေရဲ့ ဇီဝဝိညာဉ်ကို ဘယ်လိုနှိုးဆွ ခေါ်ငင်သည်မသိ။ သိပ်မကြာခင်မှာ မီးသီးတွေရဲ့ အလင်းအောက်ကို ကင်းမွန်အုပ်ကြီး ဝပ်စင်းရောက်ရှိလာပါတော့တယ်။ သိပ်သည်းမည်းမှောင်တဲ့ ရေပြင်ထက်မှာ မီးစုန်းဝတ်ရုံလွှမ်းပတ်ခြုံထားတဲ့ ကင်းမွန်အုပ်ကြီးရဲ့ ဝင်းဝင်းတောက် အရောင်တွေဟာ ပင်လယ်ပြင်ရဲ့ ညအလှကို ခြယ်သအားဖြည့်နေသလိုပါပဲ။

တစ်ခါတစ်ရံ မီးထွန်းပြီး နာရီဝက် တစ်နာရီစောင့်တာတောင် တစ်ကောင်တစ်မြီးမှ ရောက်မလာတဲ့ ညတွေကြုံဖူးတော့ ဒီလို ကင်းမွန်တွတ်တာ မြင်ရင် နောင်ကျွန်းမြင်တို့တတွေ စိတ်ဓာတ်တက်ကြွ ပျော်ရွှင်ကြပြီပေါ့။ ဒီလိုမီးရောင်အောက်ကို ကင်းမွန်တွေ စုလာပြီဆိုရင် မီးတန်းတွေ အနက်က ပဲ့တန်း၊ ဦးတန်းမီးတွေကို အလျင်ပိတ်လိုက်ရတယ်။ ပြီးရင် အလယ်တန်းပိုက်မချတဲ့ဘက်က မီးသုံးလုံးကိုပိတ်၊ ပိုက်ချရမယ့်ဘက်

www.burmeseclassic.com


က မီးငါးလုံးကျန်မယ်။ ပိုက်ချတဲ့အခါ အိတ်ဖော မရှိတဲ့ဘက်က ချရမှာ။ ဟော . . . တဖြည်းဖြည်းနဲ့ ကင်းမွန်တွေ များသထက်များလာတဲ့အခါ မီးအဖြူရောင် သုံးလုံးကို ပိတ်လိုက်ရတယ်။ ပြဒါးသုတ်ထားတဲ့ မီးအဖြူ၊ မီးအနီနှစ်လုံးကို ချန်ထား။ အဲဒီမှာ ပညာ ပညာ မီးဆရာရဲ့ ပညာ။ နောင် ကျွန်းမြင်ဟာ မီးအဖွင့်အပိတ်လုပ်တဲ့ ခလုတ်(ဒင်မာ) ကို ကစားပြီး မီး အနီကိုဖွင့်ရင် မီးအဖြူကိုပိတ်လိုက်၊ မီးအဖြူကို ဖွင့်ရင် မီးအနီကို ပိတ် လိုက်နဲ့ ကင်းမွန်တွေရဲ့ အရိပ်အခြေကို ကြည့်နေရတယ်။

ကင်းမွန်ကောင်တွေ မီးအဖြူအလင်းအောက်မှာ ပိုစုသလား။ မီးအနီအလင်းအောက်မှာ ပိုစုသလား။ ဘယ်အရောင်ကို ပိုပြီးနှစ်ခြိုက်သလဲ။ အလို . . . လူသားတွေလိုပဲ အချို့ အခါး ရွေးချယ် ချေးများမှုဟာ ကင်းမွန်ကောင်တွေဆီ စီးမျှောရောက်ရှိသွားပါရောလား။ တကယ်တော့ ဒါဟာ လူတွေရဲ့ လှည့်ဖြားမှု အတတ်ပညာမျှသာ ဖြစ်ပြီး။ အဲဒီ လှည့်ဖြားမှု မာယာနဲ့ ထောင်ချောက်ဆင်ထားခြင်းသာ ဖြစ်ပါတယ်။

ဒီလို ကင်းမွန်ကောင်တွေ ထောင်သောင်းချီ စုဝေးပြီဆိုမှ အဝ ၂၄ လံ၊ အပေါ်အောက် ၇ လံရှိတဲ့ ပိုက်နဲ့ချုပ်ရမှာ ဖြစ်တယ်။ ပိုက်ကွက်က အောက်ဘက်မှာ တစ်လက်မကွက်ရှိပြီး အပေါ်ကို တဖြည်းဖြည်းငါးမူး အရွယ် အကွက်သေးကလေးတွေ ဖြစ်သွားတဲ့ ပိုက်မျိုး။ အောက်ဘက်အဝ ကျယ်ဘေးမှာ ကြိုးနဲ့သီထားတဲ့ ခဲသီးတွေရှိတယ်။

ဒါဟာ ပိုက်ရေထဲ နစ်အောင်လုပ်တဲ့ အလေးတွေပါ။ ခဲသီးတွေ လှေပေါ်ပုံပြီးတာနဲ့ အောက် ပေါက်ကို ပိတ်ဖို့လုပ်ထားတဲ့ ရှုံ့ကြိုးကို ဆွဲစေ့။ ထိပ်ကလည်း ကင်းမွန် မထွက်နိုင်အောင် စုချည်ရုံပါပဲ။

ဒီအချိန်မှာ ကင်းမွန်တွေ အားလုံးပိုက်ထဲက ဘုံးအိတ်ဆီရောက် ကုန်ကြပါပြီ။ ပဲ့နင်းရေ့ ခွမ်းစက် (ဝန်ချီစက်) နဲ့ ဆွဲတင်လိုက်ရင် ကင်းမွန်တွေ လှေထဲ ရောက်ကရော ဆိုပါတော့။ လှေပေါ်ရောက်လာတဲ့ ကင်းမွန်တွေကို ပလတ်စတစ်ဗန်းတွေနဲ့ ထည့်ရမှာဖြစ်တယ်။ တစ်ဗန်းမှာ ၁၀

www.burmeseclassic.com

ပိသာခန့်ပါတာမို့ ဗန်း ၁၅၀ လုံး ရလို့ကတော့ ပိသာ ၁၅၀၀ တန်းနေပြီမို့ နောင်ကျွန်းမြင် စိတ်ကူး ယဉ်နိုင်ပြီပေါ့။

"ဟော့ ဗန်းပေါ်က ပလတ်စတစ်အိတ်တွေ လုံပါစေနော်"

သည်လိုအခါမျိုးဆို နောင်ကျွန်းမြင် အသံရောဟန်ပါ သွက်လက်ဖျတ်လတ်နေတတ်တယ်။ ပလတ်စတစ်အိတ် မလုံလို့ ရေခဲကတ်ထဲ ရောက်ရင် ကင်းမွန်တွေ ရေခဲထိပြီး နီသွားတတ်လို့ ကျစျေးမိမှာ စိုးရတယ် မဟုတ် လား။ ကင်းမွန်ရတဲ့အပေါ်မှာ နောင်ကျွန်းမြင်လို မီးဆရာက ၁၀ ရာခိုင် နှုန်း ရမှာဆိုတော့ အလေ့အလွင့်အကျအပေါက် မရှိအောင် သူကပဲ ဦး ဆောင်ရပေမှာပေါ့။ စက်ဆရာနဲ့ အလုပ်သမားကြေးတွေက လစာငွေကျပ် တစ်သောင်းဆို တစ်သောင်း၊ ခုနစ်ထောင်ဆို ခုနစ်ထောင် ပေးထားတာမို့ ကင်းမွန် ထိခြင်း မထိခြင်းဟာ သူတို့နဲ့ မဆိုင်ဘဲ နောင်ကျွန်းမြင်နဲ့သာ သက်ဆိုင်နေတော့တယ်။

အဲဒီညက နက်ကျော့ကျော့ ရေပြင်ထက်မှာ အလင်းအားတွေ စုလို့ နောက်ဆုံး မီးသီးအဖြူတစ်လုည့် အနီတစ်ခါဒင်မာနဲ့ မီးမာယာပြ နေတုန်း ဗြုန်းဆို မထင်မှတ်တဲ့ ကဝေလက်မည်း ပုစဉ်းရင်ကွဲကြီးတစ်ကောင် ဝုန်းဒိုင်းဆူညံ ဝဲပျံရောက်ရှိလာပါတော့တယ်။ ဆူဆူညံညံ စက်သံပေးပြီး သူ့လှေထက် နှစ်ဆကြီးတဲ့ ကင်းမွန်ဖမ်းလှေကြီး တစ်စီး ကြယ်စင်လိပ်ပြာအနားကို ဝေါကနဲ ရောက်ရှိလာလိုက်တာ အခုပဲ မိုးပေါ်က ကျလာသလို။

စောစောက မီးမာယာနဲ့ မျှားဖို့ အာရုံဇောကပ်နေတာမို့ သူသတိမထားမိလိုက်ခင် ဝန်းကျင်တစ်ခွင်လုံး လှုပ်ရှားပွက်ထ သူ့ရင်ထဲ မိုးကြိုးကွဲတွေ ဖွဲဖွဲကြွေကျကုန်ပါရောလား။ စက်ဆရာနှင့် လှေသားငါးယောက်ကလည်း အံ့အားကြီးသင့်လို့။ သူတို့မှင်တက်မိနေချိန်မှာ ကြယ်စင်လိပ်ပြာထက် နှစ်ဆများတဲ့ အလင်းအားတွေဟာ စောစောက သူတို့အား ကြိုးမာန်တက် စုစည်းညို့ငင်ထားတဲ့ ကင်းမွန်အုပ်ကြီးကို အကြမ်းပတမ်း

www.burmeseclassic.com


ဆွဲယူ သိမ်းပိုက်လိုက်ပါပြီကော။ သွားပြီ . . . သွားကုန်ပြီ။ အချိန် . . . လုပ်အားချွေးစက် . . . စိတ်ဓာတ်အင်အား။ ဘာဆို ဘာမျှ မကျန်တော့အောင် အငွေ့ပျံပျောက်ဆုံး ကုန်ပြီပါလား။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ မီးကြည့်ဆရာ တစ်ယောက်ရဲ့ သိက္ခာနဲ့ မာနတရားတွေ ကွဲကြေနစ်မြုပ်ကုန်တာကို ဒီအတိုင်း လက်ပိုက်ကြည့်နေရတာကတော့ နောင်ကျွန်းမြင် တစ်သက် အခံရခက်ဆုံးပါပဲ။ သူပွဲတိုင်ကို ခေါင်းနဲ့တိုက်ပြီး ငိုညည်းချင်လောက်အောင် ကြေကွဲနာကျင်မှုတွေနဲ့ မိုးများရာရေပါ (မီးများရာ ကင်းမွန်ပါ) သွားတဲ့ အဖြစ်ဆိုးအတွက် ဘယ်သူ့ကို အပြစ်တင် မောင်းမဲရမှန်းမသိဘဲ ဖြစ်နေပါတော့တယ်။

ပုစဉ်းရင်ကွဲကောင်တွေ သောင်းချီအော်နေသလို ဆူညံလှတဲ့ လှေကြီးရဲ့စက်သံအောက်မှာ သူ့ရဲ့တောက်ခေါက်သံတွေသာ အရာမရောက် အရိပ်မထင် သက်ပြင်းပင် တွင်တွင်ချလို့ ကင်းမွန်သွင်းဒိုင် ရုံးခန်းမှာ ချိတ်ဆွဲထားတဲ့ “စီးပွားရှာရာ စာနာပါ” စာတမ်းကလေးကို ထပ်ခါတလဲလဲ မြင်ယောင်နေမိပါတော့တယ်။

အဲဒီညက ကြယ်ပြာမလင်း၊ လမင်းမရှိ။ နောင်ကျွန်းမြင်ရင်ထဲမှာလည်း ဟင်းလင်းပွင့်လျက် ဘာဆို ဘာမျှမရှိ။

●

အိပ်စက်ခြင်းဟာ သူ့ရင်ထဲက နင့်နဲလေးလံမှုကို အတန်အသင့် ဖြေလျော့နိုင်မည်အထင်နဲ့ ဒီနေ့ တစ်နေ့လုံး အိပ်လိုက်မိတဲ့ နောင်ကျွန်းမြင်ဟာ ချောက်ချားဖွယ် အိပ်မက်ရဲ့ ထပ်ဆင့်နှိပ်စက်မှုကို ခံရပြန်ပါတယ်။

အိပ်မက်ထဲမှာ သူ့သမီး သမုဒ်ဒေဝီဟာ မကျန်းမမာဖြစ်နေတယ်လို့ မြင်မက်တယ်။ သူ့ဘဝမှာ ဒီသမီးက ခဲရာခဲဆစ်ရထားတဲ့ သမီး

www.burmeseclassic.com

မို့ အဓိက အကျဆုံးပါ။ သူအိမ်ထောင်ကျပြီး လေးငါးနှစ်ကြာသည်အထိ သားသမီးမရတော့ သူ့မိန်းမခင်မွန်က မိန်းမပီပီ ရက္ခစိုးမှာ သားတောင်းရတာနဲ့၊ ဟိန္ဒူဘုရားမှာ သားတောင်းရတာနဲ့ အလုပ်ရှုပ်လာပါတော့တယ်။ သူကလည်း ကလေးလိုချင်ချင်ဆိုတော့ မိန်းမလုပ်သမျှ အပြစ်မတင် အားပေးနေမိတယ်။ ဒီအချိန်မှာ သူတို့မြို့ကလေးရဲ့ ထားဝယ်ကမ်း ရပ်ကွက်က ဘုန်းကြီးကျောင်းမှာ နဂါးမောင်နှံဘုရားလာဖူးတယ်ဆိုပြီး အုတ်အုတ်ကျက်ကျက် လူတွေ သွားကြည့်ကြတော့ ခင်မွန်လည်း သွားချင်တယ်ဖြစ်ပါရော။

သူလည်း အိမ်မှာ နားနေခိုက်နဲ့ ကြုံတဲ့အချိန် ခင်မွန့်အလိုလည်း ဖြည့်ရာ ရောက်အောင် သူတို့နှစ်ယောက် ဘုန်းကြီးကျောင်းကို ရောက်ခဲ့ကြတယ်။ သူတို့ရောက်သွားတော့ အသစ်အဆန်းဆို တိုးဝှေ့စပ်စုလေ့ရှိတဲ့ လူစုလူဝေးကြီးတောင် အတော်ရှဲသွားပြီ။ ဘုရားစင်ကို ဦးတိုက်နေတဲ့ဟန် သွားရာလမ်းကြောင်း တစ်လျှောက်လုံး ရေတွေနဲ့ ငါးအကြေးခွံလိုလို မြွေအကြေးခွံလိုလို အရေခွံတွေ လဲထားတာ တွေ့ရတယ်။ ကျောင်းထိုင်ကိုယ်တော်က တရားထိုင်နေရင်း အာရုံထဲမှာ နဂါးမောင်နှံတက်လာတာ မြင်တော့ လူတွေကြားထဲ မလာဖို့ မေတ္တာရပ်ခံလို့ ပြန်ဆင်းသွားကြောင်း ပြောပြတယ်။ နဂါးဆိုတာ တကယ်ရှိသလား၊ မရှိဘူးလား။ နောင်ကျွန်းမြင် မသိဘူး။ မမြင်ရတဲ့ ပရလောကအကြောင်းတွေ နောင်ကျွန်းမြင် နားမလည်ဘူး။ သူများနဂါးဆိုလည်း တောသားပီပီ နဂါးပေါ့။

ဟော . . . ပြောရင်းဆိုရင်း ခက်တာက ခင်မွန်လေ . . . ကြည့်ရင်းနဲ့ . . .

"ကျွန်မ ဘယ်လိုကြီး ဖြစ်လာမှန်း မသိဘူး အစ်ကိုရယ် ချမ်းလိုက်တာ"

ဆိုပြီး သူ့ရင်ခွင်ထဲ ပျော့ကျလာတော့ အသားအရေတွေက အေးစက်တုန်ရင်နေပြီ။ ခင်မွန့်ကို အိမ်အမြန် ပြန်ခေါ်လာလို့ နေကောင်းသွား

www.burmeseclassic.com


ပေးမယ့် အကဲမရတဲ့ အမူအရာကြောင့် ခင်မွန့်ခန္ဓာကိုယ်ထဲ တစ်စုံတစ်ရာ စွဲဝင်ပူးကပ်နေတယ်လို့ ထင်နေမိတယ်။

ညရောက်တော့ အိပ်မက်ထဲ မှာ နဂါးလေးက ခင်မွန်နဲ့ အတူနေပါရစေတဲ့။

ဒီလိုနဲ့ ခင်မွန်ဟာ ကိုယ်ဝန်လွယ်ခဲ့ရတယ်။ မွေးလာတော့ သမီးလေးက မျက်ခုံးနက်နက်၊ မျက်ဝန်းစိမ်းစိမ်း၊ မျက်အိမ်ကျယ်ကျယ်၊ မွေးခါစများကဆို လျှာကလေးကို တစ်လစ်ထွက်လို့။ အတော်ကလေးကြီးလာတော့ အသားမစား၊ သစ်သီးသစ်နှံသာ စားပြီး သိတတ်နားလည်စအရွယ်ကတည်းက အိမ်က ကက်ဆက်မှာ တရားခွေမပြတ်ထည့်ပေးထားရတဲ့ တကယ့် သူတော်ကောင်းမလေး။ ရေနဲ့အေးမြမှုကို နှစ်ခြိုက်ပြီး သန့်ရှင်းသပ်ရပ်တဲ့ အနေအစားကို နှစ်သက်တယ်။ အသားအရေဟာ သူနှင့်လည်းမတူ၊ ခင်မွန်နှင့်လည်း ကွဲပြားပြီး ဖြူနုသန့်စင်နေတာမို့ သမုဒ္ဒရာကလာတဲ့ သမီးကို “သမုဒ်ဒေဝီ” လို့ သူကိုယ်တိုင် အမည်ပေးဖြစ်တော့တယ်။

အဲဒီ သမီးလေးကို မျက်နှာအညှိုးမခံဘဲ တစိမ့်စိမ့် ကြည့်နေတာတောင် နှစ်နှစ်ခွဲအရွယ်က တစ်ခါ အပြင်းဖျားသေးတယ်။ ဒီတုန်းက “ပူတယ် ပူတယ်” ဆိုပြီး ကြမ်းပြင်မှာ လူးနေလိုက်တာ မြင်ရက်စရာ မရှိဘူး။ ထူးဆန်းတာက သမီးဟာ သာမန်လူတွေလို ကြမ်းပြင်မှာ ကန့်လန့်မလူးဘဲ မြွေနဂါးလို အပေါ်မှအောက်လွန့်ပြီး လူးတယ်။ ဒီကတည်းက သမီးဟာ ရေကလာတဲ့ သမီးဆိုတာ နောင်ကျွန်းမြင် စိတ်ထဲ သေချာသထက် သေချာသွားပြီ။

အခုလည်း သူ့အိပ်မက်ထဲမှာ သမီးအပြင်းဖျားပြီး တလွန့်လွန့်လူးနေတာ မြင်နေရတယ်။ သူ့ဖျတ်ကနဲ နိုးလာတော့ အိပ်မက်ဆိုးကြောင့် ချွေးတွေ ပြန်နေလိုက်တာ တစ်ကိုယ်လုံး ရွှဲနစ်လို့။ နေ့လယ်အိပ် မက် ဂယောက်ဂယက်လို့ စိတ်ထဲက ဖြေပေမယ့် မရဘူး။ အိပ်မက်က အာရုံထဲမှာ ဝဲလှည့်စိုးမိုးနေတယ်။ နဂိုမလန်းတဲ့ စိတ်ခန္ဓာဟာ သမီးကို

www.burmeseclassic.com

လွမ်းတာနဲ့ တနွမ်းနွမ်း တခွေခွေ ဖြစ်နေပြီ။ ကင်းမွန်တန်ချိန် မပြည့်ဘဲ သူဘယ်လို ကမ်းပြန်ဝင်ရပ့ါမလဲ။

ဒီညတော့ မျှော်လင့်ခြင်း ဒီရေနှင့်အတူ ကြယ်စင်လိပ်ပြာဟာ ရေပြင်ထက်မှာ ခပ်သွက်သွက် ပြေးနေတယ်။ တဖြည်းဖြည်းနဲ့ သူ့လှေဟာ ပြင်စဘုကျွန်းဘက်ဆီ ရောက်လာပြီ။ ဒီကလွန်ပြီးတော့ သွားခွင့်မရှိတော့ဘူး။ လိုင်စင်ခံ သတ်မှတ်ထားတဲ့ နေရာမှာသာ ဖမ်းခွင့်ရှိတယ်ဆိုတဲ့ ဥပဒေကလည်း ကင်းမွန်ဖမ်းလှေတွေကို ချုပ်ကိုင်သေးတယ်။ ဒီည ကင်းမွန်ရမှကို ဖြစ်မယ်။ မနေ့ကလို အနှောက်အယှက် မပေါ်တန်ကောင်းပါဘူး။ ဒါကလည်း တိုက်ဆိုင်သွားလို့ ဖြစ်မှာပါ။ အမြဲတမ်းတော့ သူကံမဆိုးနိုင်ပါဘူး။ နောင်ကျွန်းမြင်ဟာ သူကိုယ်သူ အားတင်းလိုက်ပြီး အလင်းပျောက် ညချမ်းအချိန်ကို တိုးတိတ်စွာ စောင့်နေတယ်။ ကမ်းကလည်း ဝေးပြီ။ ခရီးစဉ်ကလည်း ဆုံးတော့မယ်။ နေရာကလည်း ဘဝတူလှေတွေ မရောက်နိုင်တဲ့နေရာ။

မကြာခင် အမှောင်ဟာ ခြေသံမပေးဘဲ ရောက်ချလာတော့ ကြယ်ရေသောက် မီးသီးတွေ အားလုံးဖွင့် တစ်မိနစ် နှစ်မိနစ် သုံးမိနစ် နာရီစက်ဝန်းရဲ့ ရစ်တံကို စိတ်ခတ်အားမာန်နဲ့ ပြေး လှည့်နေတုန်း အဟား . . . ကြည့်ကြစမ်းပါဦးကွယ်ရို့။

မီးသီးတိုင်း မီးသီးတိုင်းရဲ့ အလင်း အောက်မှာ ကင်းမွန်အုပ်တွေ လင်းလက်ပြိုးပြက် နေလိုက်ကြတာ။ ဒင်မာ တောင် မကစားရသေးဘူး။ တိုးတိုက်တွန်းရှု ပွက်ပွက်ထ နေပ့ါရော့လား။

ဒီတစ်ခါတော့ မင်းဘယ်ပြေးမလဲ အလင်းကောင်တို့ရေ။ အားလုံးသာ ပိုက်ချုပ်ထဲရောက် ဘုံးအိတ်ထဲ ဝင်လိုက်လို့ကတော့ သဘက်၊ ဖိန်းနွဲ့ခါဆို သမီးနဲ့တွေ့ရတဲ့ ရက်ပဲပေ့ါ။ လှေနံနှစ်ဖက်မှာ ထွက်နေတဲ့ ကိုင်းတံပေါ်က မီးသီးတွေကို ပိတ်ပြီး နောင်ကျွန်းမြင်ဟာ ဒင်မာကို ကစားတော့ မီးသီးအဖြူရောင်နဲ့ အနီရောင်အောက်ကို ကင်းမွန်တွေ စုဝေးပြေးဝင်

www.burmeseclassic.com


လာတဲ့အချိန်၊ ကဲ . . . အဖြူကြိုက်သလား၊ အနီကြိုက်သလား။ ရွေးစမ်းပါ မြန်မြန်။

"နောင်ကျွန်းမြင်ရေ ဟိုမှာ ကြည့်စမ်း၊ တို့လှေဆီကူးလာနေတာ ဘာကောင်ကြီးလဲဟ"

တပ်မက်မှုချင်ခြင်းတွေနဲ့ အာရုံထဲနစ်နေတဲ့ နောင်ကျွန်းမြင်ဟာ စက်ဆရာရဲ့သတိပေးသံကြောင့် ဆတ်ကနဲ ခေါင်းထောင်သွားပါတော့တယ်။ အလို . . . အလွန်ကြီးတဲ့ ငါးရွက်တိုက်ကြီးတစ်ကောင် သူတို့လှေဆီ ချဉ်းလာပါပေါ့လား။ ဘုရားရေ နည်းတဲ့ကောင်ကြီး မဟုတ်။ သူ့လှေလောက်နီးနီးကြီးလှပါလား။ သူ့တစ်သက် ဒီလောက်ကြီးတဲ့ ငါးရွက်တိုက် ဒီတစ်ခါပဲ မြင်ဖူးသေးရဲ့။

ငါးရွက်တိုက်က ငါးမန်းလို လူကို အန္တရာယ်မပေးပေမယ့် ကင်းမွန်တွေကို စားပစ်မှာ အသေအချာပဲ။ ဒင်းအတွက် အစာစုပေးသလိုတော့ ဖြစ်နေပြီ။ နောင်ကျွန်းမြင် အတုန်လှုပ်ကြီးတုန်လှုပ်ပြီး ဒင်မာပေါ်တင်ထားတဲ့ လက်တွေ လျောကျကုန်တော့တယ်။ တစ်ခဏအတွင်းမှာ ရင်ထဲမှာ တလှပ်လှပ်တုန်ပြီး ဒူးတွေချောင်လာသလိုလိုနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေတော့တယ်။

ဒီတစ်ခါ အဆုံးအရှုံးမခံနိုင်တော့တာ အမှန်။ ဒါဆိုရင် ဒီကောင်ကြီး လှေအနား မကပ်နိုင်အောင် ဟန့်တားတိုက်ခိုက်မလား။ တိုက်ခိုက်ဖို့ ဆိုတာ မှိန်းလုံ လက်နက် ပြည့်စုံဦးမှ။ ပြီးတော့ ဒီကောင်ကြီးနဲ့ ယှဉ်တိုက်ဖို့ ရဲအောက်ဘယ်သူ ဆင်းမလဲ။ သူလား။ စက်ဆရာလား။ လှေသားငါးယောက်လား။ ဟင့် အင်း တစ်ယောက်မှ အလားအလာ မကောင်းဘူး။ နောက်ဆုံးတော့ သူ့အကြံကုန်တော့ ဆားချက်ဖို့ သတိရလိုက်တယ်။

"စက်ဆရာရေ ကျုပ်ကို ဆန်တစ်ဗန်း ရေတစ်မှုတ် ဖယောင်းတိုင် သုံးတိုင် ပြင်ပေးပါ"

www.burmeseclassic.com

နောင်ကျွန်းမြင်ဟာ လှေဦးမှာ ကျကျနနထိုင်ပြီး တစ်ခါက သူ့ကို အသက်ဘေးက ကယ်ခဲ့တဲ့ အဘိုးသန်လျက်ဆောင်ကို တပြီးဆန်ဗန်း ကို မြှောက်တင်လိုက်တယ်။

"မသိနားမလည် အမိုက်အမဲတွေမို့ အပြစ်တွေရှိရင် ခွင့်လွှတ်ပါအဘိုးရယ် . . ."

တတွတ်တွတ် တိုင်တည်မြည်တမ်းနေတဲ့ နောင်ကျွန်းမြင်ရဲ့ အသံကလွဲရင် တစ်လှေလုံး တိတ်ဆိတ်ငြိမ်သက်နေကြတယ်။ အသက်မျှ ရဲရဲမရှူဝံ့ဘဲ ကမ္ဘာ့ထိပ်မှာ ရပ်ကြည့်သူရဲ့ခံစားမှုမျိုးနဲ့ စောင့်ကြည့်ရင် ခုန်နေကြတယ်။ ဝန်းကျင်တစ်ခွင်မှာတော့ လူတွေရဲ့ အပူကိုမသိ။ ကိုယ့်အန္တရာယ်ကိုလည်း မမြင်ဘဲ၊ အလင်းညို့ချက်အောက်မှာ တိုးဝင်တွန်းထိုးနေတဲ့ မီးစုန်းရောင်တောက် ကင်းမွန်အုပ်ကြီးရဲ့ မြူးတူးပွက်သံ ကြီးကသာ ညဥ့်ယံကို ထိုးဖောက်နေတော့တယ်။

ဟော . . .

မမျှော်လင့်တဲ့ မြင်ကွင်းကြောင့် သူတို့ရဲ့ ခါးတွေ မတ်မတ်စန့်ပြီး သူတိုရဲ့ မျက်လုံးတွေ အစွမ်းကုန်ပြူးကျယ်ကုန်တော့တယ်။ ဘုရားရေ . . . သူတို့ လှေနားကို ရောက်လုရောက်ခင် ငါးရွက်တိုက်ကြီးဟာ ဘာစိတ်ကူးရသည်မသိ။ နောက်လှည့်ပြန်ပြေးသွားပါရော့လား။

နောင်ကျွန်းမြင်ဟာ အချိန်ဆိုင်းမနေတော့ဘဲ ငိုင်တွေနေတဲ့လှေသားတွေ ကင်းမွန်ကောင်တွေကို ပိုက်ဝိုင်းချုပ်ဖို့ အချက်ပေးခြူကို ဝီခနဲမှုတ်တင်လိုက်ပါတော့တယ်။

သူ့ဘဝမှာ ဒီတစ်ခါ ခြူမှုတ်ရတာလောက် ကောင်းတဲ့အရသာရှိမယ် မထင်ဘူး။

**နဝဒေးရသစုံမဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ**

www.burmeseclassic.com



www.burmeseclassic.com

အခုတလော ဇရပ်တောဟာ တော်တော် မျက်စိနောက်နေတယ်။ ကနစို၊ ကပြိုင်၊ ဆောင်း၊ ကြူပုတ်စတဲ့ သစ်ရိုင်းပင်တွေနဲ့ ရွှံ့နွံပြင်တွေသာ ရှိတဲ့ ဇရပ်တောပေါ်ကို အခုတလော လူတွေလာလိုက်ကြတာ အစုလိုက် အဖွဲ့လိုက်။ မှောင်ရီပျိုးပြီဆိုတာနဲ့ "ဖုန်းချက် . . . ဖုန်းချက်" စက်သံပေးပြီး ပဲ့ထောင်ပေါ်က ဆင်းလာကြတဲ့ အသွင်သဏ္ဍာန် အထူးထူးသော လူတွေကို ဇရပ်တောဟာ မမြင်ဖူးသလို စူးစူးကြီးကို ကြည့်လို့။

လူတွေဟာ လက်တစ်ဖက်က ကာဗိုက်မီးခွက်ကို ကိုင်ပြီး လက်တစ်ဖက်မှာ နိုင်လွန်ချည်လက်အိတ်ကို စွပ်ထားကြတယ်။ ပခုံးပေါ်မှာ ပလတ်စတတ်ပုံးတစ်လုံးနဲ့ ပိုက်ကွက်အိတ်တစ်လုံးစီ လွယ်ထားကြတယ်။ သူတို့ခြေထောက်မှာတော့ တောစီးလည်ရှည် ရာဘာဖိနပ်တစ်ရန်စီ စီးထား ကြသေးတယ်။

တောစီး ရာဘာဖိနပ်တွေဟာ ဇရပ်တောရွှံ့ပြင်မှာ "စွပ်ကနဲ စွပ်ကနဲ" နင်းလျှောက်လို့ သစ်တောရိုင်းတွေထဲ တိုးဝင်နေကြတယ်။ သူတို့ရဲ့ ညကြည့် မျက်လုံးအစုံဟာ ကာဗိုက်မီးခွက်တွေ အကူအညီနဲ့ တစ်စုံတစ်ရကြို ရှာဖွေနေကြပြီး ထူးဆန်းစွာပဲ စကားမျှမဆို တိုးတိတ်သိုသိပ်စွာ

www.burmeseclassic.com

လှုပ်ရှားနေကြပြန်တယ်။ နိုင်လွန်ချည်လက်အိတ်စွပ်ထားတဲ့ လက်တွေဟာ သစ်ရိုင်းပင် အကိုင်းအခက်တွေနဲ့ ပလတ်စတစ်ပုံအကြား သွက်သွက်မြန်မြန် လွန်းပျံသွားနေကြတယ်။

တစ်ညလုံး တောတိုးပြီးလို့ ဝေလီဝေလင်းအချိန်ရောက်တဲ့အခါ လေးလံတဲ့ ပလတ်စတစ်ပုံးကြီးတွေကို သယ်ဆောင် ပဲ့ထောင်ပေါ်ကို ကပျာကသီ တက်လို့ ပြန်ထွက်သွားကြပါရော။ ညရောက်ရင် သူတို့ပြန်လာကြဦးမှာလေ။ ဇရပ်တောဟာ ယက်ကော်ထိုးဆွ လှန်လှောဖွေရှာခြင်း ခံလိုက်ရလို့ ဖရိုဖရဲကျန်ရစ်တဲ့ သစ်ရိုင်းပင်တွေကို စိတ်ပျက်လက်ပျက်ကြည့်ရင်း လူတွေရဲ့ စိတ်ကိုလည်း ရယ်ချင်ပက်ကျိ ဖြစ်သွားတော့တယ်။

●

လူတွေဟာ သူတို့ဇမ်းတင်တော့မယ်ဆိုရင် ဘာမဟုတ်တာကလေးကို ရေးကြီးခွင်ကျယ် လုပ်တတ်ကြတယ်။ ခါချဉ်ကောင်ကို ဂေါ်ဇီလာဖြစ်အောင် လုပ်သလိုမျိုးပေ့ါ။ ဇရပ်တောဆိုတာ သစ်ရိုင်းပင် ချုံနွယ်ပင်တွေနဲ့သာ ဖုန်းဆိုးထူနေတဲ့ လူမနေ ငှက်မနား ငါးမပျော် လိပ်မခိုတဲ့ ကျွန်းတွေပါ။ အရင်တုန်းက ဇရပ်တောပေါ်သို့ လူတွေ တခုတ်တရ မလာကြဘူး။ ဇရပ်တောပေါ်မှာရှိနေတဲ့ ကဏန်းပုန်းကောင်တွေကိုလည်း ဘယ်သူမှ မဖမ်းကြဘူး။ မစားကြဘူး။ ခေါ်တာကိုက နှိမ်နှိမ်ချချ "ချေးပုန်းကဏန်း" တဲ့။

အဲဒီကဏန်းရဲ့ ရုပ်ပါကလည်း သိပ်ပုံမလာဘူး။ လယ်ကဏန်း၊ သဲကဏန်း၊ ပင်လယ်ကဏန်းတွေရဲ့ "စံ"နဲ့ ချိန်ထိုးရမယ်ဆိုရင် အဲဒီချေးပုန်းကဏန်းတွေဟာ ကဏန်းစဉ်မမှီတဲ့ ကဏန်းတွေပေ့ါ။ တွင်းဖွဲ့နေထိုင်ရာ ရွှံ့ပြင်ဝန်းကျင်အလိုက် သူတို့ကို သဘာဝက ဆေးခြယ်ပေးထားတဲ့ အရောင်တွေကလည်း လုံးဝ ဆွဲဆောင်မှု မရှိဘူး။ ရွှံ့ပြင် မြေနိမ့်ပိုင်းမှာ

www.burmeseclassic.com


နေတဲ့ကောင်တွေက လက်မထိပ်ဖျား လက်နှစ်ဖက်မှာ ဖြူနေပြီး၊ ကိုယ်လုံးက အမည်းရောင်။ ရွှံ့ပြင်မြေပြင်မှာ နေတဲ့ကောင်တွေက လက်မထိပ်ဖျားနီနေပြီး ရင်ဘတ်မှာကတော့ ချွန်ပုံဒိုင်းကာနဲ့ဆိုရင် အထီး၊ ရင်ဘတ်မှာ စက်ဝိုင်းခြမ်းပုံ ဒိုင်းကာနဲ့ဆိုရင် အမ။ အကောင်ထီးတွေက ညှက်ညှက်၊ အမတွေက ထွားထွား။ လူကြိုက်များလာတော့ ဈေးပုန်းကဏန်းတွေကနေ "ရွှေကဏန်း၊ ရွှေကဏန်း" နဲ့ အမည်သစ် တွင်နေပါရော။

"ရွှေ" ဖြစ်ဖို့ဆိုတာက အရေခွံအပျော့အမာနဲ့လည်း ဆိုင်သေးတယ်။ ဒီလိုလေ ကဏန်းပုန်းကောင် တစ်ကောင်ဟာ တစ်လတစ်ကြိမ်ခန့် အရေခွံလဲတတ်ပြီး အရေခွံပျော့ချိန်မှသည် အရေခွံပြန်မာချိန်အထိ ၇ ရက်တစ်ပတ်ခန့် ကြာမြင့်တတ်တယ်။ အရေခွံလဲလှယ်ချိန်ဟာ ရေထပိုင်း ၁၁ ရက်မှ ရေသေရက် ၅ ရက်အတွင်းဖြစ်ပြီး အရေခွံလဲပြီးတိုင်း ခန္ဓာကိုယ်တစ် ခါ ကြီးထွားလာတတ်ကြတယ်။ ပုံမှန်အရွယ်ရောက်ပြီဆိုမှ အရေခွံလဲတဲ့ ကိစ္စလည်း ရပ်ဆိုင်းသွားတော့တယ်။ ဒါကြောင့် အရွယ်ရောက်ပြီးသား ကဏန်း ပုန်းကောင်ရဲ့ ကျောဘက်အခွံဟာ တစ်လက်မခွဲပတ်လည်ရှိပြီ ဆိုရင် "ရွှေ" ဖြစ်ပြီပေါ့။

သူတို့ဟာ ဇရပ်တောပေါ်က ရွှံ့မြေအပျော့ပေါ်မှာရော ရွှံ့မြေအမာပေါ်မှာပါ တွင်းတူးပြီး နေထိုင်လေ့ရှိကြတယ်။ ပြီးတော့ သူတို့မှာ သနားစရာလည်းကောင်း၊ ရယ်စရာလည်းကောင်းတဲ့ အမူအကျင့်တစ်ခုလည်း ရှိသေးတယ်။ ဒီရေကျချိန်မှာ ရွှံ့ပြင်တစ်လျှောက် အစာရှာဖွေစားသောက်နေလေ့ရှိပေမယ့် ဒီရေတက်လာရင် နီးရာ သစ်ရိုင်းပင်တွေပေါ် အလုအယက်တွားတက် နေထိုင်တော့တယ်။ ကဏန်းဆိုတဲ့ ဝိသေသလက္ခဏာကိုမှ မထောက် ရေကြောက်တဲ့ဓလေ့ဟာ အခြားကဏန်းကောင်တွေလို နောက်ခြေသန်းမှာ ရေကူးခပ်ဖို့ ရေယက်ပြား မပါရှိလို့ပါပဲ။ ဒါဟာ ကဏန်းပုန်းကောင်ကလေးတွေအပေါ် သဘာဝတရားကြီးရဲ့ ကျီစယ်နောက်ပြောင်ခြင်း တစ်ရပ်ပေပဲလားလို့ ဇရပ်တောဟာ သူ့ဘာသာသူ

www.burmeseclassic.com

မကြာခဏ တွေးနေမိတယ်။ ဒေသဝန်းကျင်နှင့် အံဝင်ခွင်ကျ မရှိလှတဲ့ဖြစ်တည်ရှင်သန်မှု လမ်းကြောင်းပေါ်မှာ ကဏန်းပုန်းကောင်တွေဟာ နေ့ဆိုရင် ဇရပ်တောမျောက်တွေရဲ့ ဖမ်းယူစားသောက်ခြင်းကို ခံရပါသေးတယ်။ ဒီရေတက်လာလို့ သစ်ရိုင်းပင်တွေပေါ် တက်လာတုန်း မျောက်တွေအရိပ်အယောင်မြင်တာနဲ့ ရေထဲကို တဖြုတ်ဖြုတ်ခုန်ဆင်းသွားကြတယ်။ ရေထဲမှာ မနေနိုင်ပြန်လို့ သစ်ပင်ပေါ်ပြန်တက်၊ အသံကြားအရိပ်မြင်တော့ ပြန်ခုန်ဆင်း၊ ဒီလိုနဲ့ တွင်းမှာလည်းမအောင်း ရေမှာလည်းမနေ။ ကုန်းမှာလည်းမကျနဲ့ ကဏန်းပုန်းကောင်တွေရဲ့ ဘဝဟာ ပတ်ဝန်းကျင်နဲ့အသားမကျ စကောစက ဖြစ်နေပါတော့တယ်။

အရင်တုန်းက ထင်းခုတ်သမားတွေက လွဲရင် လာလေ့လာထမရှိလို့ သွေ့ခြောက်ခြောက် ငေါင်းစင်းစင်း ပျင်းရိပျင်းတွဲဖြစ်နေတဲ့ ဇရပ်တောဟာ အခုလို ညစဉ်ညဆက် လူဝင်လူထွက် လှေဝင်လှေထွက် ဖုန်းချက်သံ ညံနေပြန်တော့ မျက်စိနောက် ခေါင်းမကြည်ပဟေဠိတွေကိုသာ တစ်သီကြီး တွေးနေမိတော့တယ်။ ဒီကဏန်းပုန်းကောင်တွေကို အရင်က မဖမ်းဘဲ အခုမှ ဘာလို့ဖမ်းနေကြတာလဲ။ အရင်က မစားဘဲ အခုမှစားလာကြလို့လား။ တစ်နေ့တော့ ဇရပ်တောဟာ ပဟေဠိကို အဖြေညှိဖို့အတွက် လူတွေရဲ့လှေနောက်ကို တိတ်တဆိတ် လိုက်လံ ချောင်းမြောင်းပါတော့တယ်။

အမယ် ကဏန်းကောင်တွေ အပြည့်အမောက်တင်ထားတဲ့ လှေတွေဟာ ကျေးရွာကလေးတွေဆီ မောင်းနေကြပါလား။ ပန်းဇင်၊ ရေကန်အော်၊ ရော်တောမော်၊ စက်ဘု၊ ဘောင်းတောင်၊ မိုင်းသွေး၊ ချောင်းကြီးဝများလှတဲ့ အဝယ်ဒိုင်စခန်းတွေ။ လူတွေဟာ ပါလာတဲ့ ကဏန်းအရှင်တွေကို ဆားဖျော်ကန်ထဲ ပစ်ချပြီး သေတဲ့အထိ ဆားရည်စိမ်ထားကြတယ်။ ပြီးရင် အခွံမာ တကယ့်ရွှေတွေကို ရွေးချယ်၊ အကြီးအသေးခွဲ၊ ရေနဲ့အထပ်ထပ်ဆေးကြောကြပြန်တယ်။ အတွင်းမှာ ပလတ်စတစ်အိတ်ခွံခံပြီး ဆား

www.burmeseclassic.com


ဖျော်ရည်နဲ့ ဆားကြမ်းတွေ ထည့်ထားတဲ့ လေးထောင့်သံပုံးထဲကို ထည့်ပြီး လုံခြုံအောင် ထုပ်ပိုးပြင်ဆင်ကြပြန်တယ်။ ဒီလို ထုပ်ပိုးပြင်ဆင်ပြီးတဲ့အခါ အဝယ်ဒိုင်၊ နှစ်ဒိုင်၊ သုံးဒိုင်ပေါင်းပြီး စက်လှေကြီးတွေနဲ့ နိုင်ငံခြားကို တင်ပို့ရောင်းချကြတယ်။

အဲဒါတွေကို မြင်တော့ ဇရပ်တောဟာ ကဏန်းဖမ်းသူတွေအပေါ် အမြင်ပြောင်းလဲသွားတယ်။ ကဏန်းပုန်းကောင် အမတွေဟာ သူ့ဥကို သူပြန်စားလေ့ရှိတယ်။ အကောင်ကြီးတွေကလည်း အကောင်ငယ်တွေကို စားပစ်လေ့ရှိတယ်။ ဒီလိုအလဟဿ ပြုန်းတီးကုန်တာနဲ့စာရင် လူတွေလက်ထဲ အကျိုးစီးပွားအတွက် ရောက်သွားတော့ မကောင်းပေဘူးလား။ ဇရပ်တောဟာ "ဖိုးစိနဲ့ နိုင်နိုး" ဆိုတဲ့ အမည်တွေကို လူတွေရဲ့ နှုတ်ဖျားမှာ တဖွဖွကြားလာရတော့ သူတို့နှစ်ဦးဟာ ကဏန်းပုန်းကောင် ရောင်းဝယ်ရေးကို ဒီဒေသမှာ စတင်ထူထောင်တဲ့ တခြားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ သိလာရတော့တယ်။

ဒီလို ဈေးကွက်ပွင့်လန်းလာလို့ မြို့ပေါ်ကရော ရွာနီးချုပ်စပ်က လူတွေပါ အလုပ်ရ ငွေရှာင်ကြတယ်။ သူတစ်ပါးနိုင်ငံကို သွားပြီး သူတစ်ပါး ခိုင်းရာလုပ်ရမှာနဲ့စာရင် ကိုယ့်မြေကိုယ့်ရေပေါ်မှာ ငွေပေါ်အောင် ဖော်နိုင်ကြတာ ဝမ်းမြောက်ဖွယ်ရာ မဟုတ်ပါလား။ အဲဒီကမှတစ်ဆင့် အနာဂတ် အိပ်မက်တွေ မက်ခွင့်မရဘူးလို့ ပြောနိုင်မလား။

အဲဒီကစလို့ ဇရပ်တောဟာ လူတွေလာရင် မျက်စိ မနောက်တော့ဘူး။ နေဝင်ပြီးစ လမထွက်ခင် သရိုးသရီအချိန်လေးရောက်ရင် ဖုန်းချက် ဖုန်းချက် စက်သံကို မျှော်နေတတ်ပြီ။ လူတွေ သူ့ကျောပေါ်မှာ မညှာမတာ တစွပ်စွပ်နင်းလျှောက်တာ နာကျင်ရမှန်း မသိတော့ဘူး။ သစ်ရိုင်းပင်တွေကို ဟိုဖယ်ဒီယမ်းလုပ်တဲ့အခါ စိတ်မသက်မသာ မဖြစ်တော့ဘူး။ ဒီလိုနဲ့ ကဏန်းဖမ်းကာဗိုက်မီးခွက်တွေဆီက ထွက်ပေါ်လာတဲ့ စုံးမှိတ် စုံးမှိတ် မီးရောင်တွေဟာ ဇရပ်တောညတွေကို အပိုင်စီးသိမ်းပိုက်ထား

www.burmeseclassic.com

တော့တယ်။ အချိန် နာရီ စက်ဝန်းတွေ ပြောင်းလဲ ရွေ့လျားလာတာနဲ့ အမှူ ဇရပ်တောကျွန်းတွေပေါ် လူတွေ အရောက်အပေါက် ပိုများလာကြ တယ်။ လူတွေကပဲ လောဘလက်တံ ရှည်လာတာလား။ ဝမ်းခေါင်း နက် ကျယ်ကပဲ သွေးတောင်းဆာလောင် လေသလား။ တချို့ဆို ကြမ်းတမ်း တဲ့ ဘဝဝမ်းစာ ရှာဖွေမှုတွေနဲ့ မအပ်မရာသေးတဲ့ အရွယ်တွေ။ နွေးထွေး လုံခြုံတဲ့ အမိုးအကာအောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူရမယ့် အရွယ်တွေ။ လာကြတဲ့ လူတွေဟာ ဆိုက်စုံအရွယ်စုံ အိမ်ရှိယောကျ်ားကုန် များထွက်လာကြသလား အောက်မေ့ရတယ်။ လူတွေကလည်း ဖြစ်လိုက် ရင် အလွန်အကျွံ အသည်းအသန်။ တစ်ခါက ဒီရေပြင်မှာ ငါးသလောက် တွေ အထိများလို့ ငါးသလောက်လှေတွေ အလုပ်ဖြစ်လိုက်ကြတာ။ ရေ ရှည်မှာ ငါးသလောက်တွေ မျိုးတုံးကုန်တာလား။ စားကျက်ရွေ့ကုန်တာ လား မသိနိုင်အောင် ဖမ်းဆီးမမိ ဖြစ်ခဲ့ရဖူးတယ်။ ခုပေါ်ချိန်ကျပြန်တော့ လည်း တစ်ခုတည်း ခုနေကြတော့တာပဲ။ အခုတော့ ကဏန်းတစ်ခေတ် ထွန်းသစ်လို့ လာပြန်ပြီ။

ပြောတော့သာ ဇရပ်တောတွေ အပေါ်တက်ပြီး ကဏန်းဖမ်း တယ်။ ကဏန်းဖမ်းတယ်နဲ့ တကယ်တမ်းကျတော့ ဒီအလုပ်က ထင်သ လောက် လွယ်တဲ့အလုပ်မဟုတ်ဘူး။ မိုးတွင်းဆို သာဆိုးသေး။ နွံပျော့တွေ ပေါ်မှာ တောစီးဘိနပ်ကြီးတွေနဲ့ နင်းချလိုက်တဲ့အခါ ဒူးဆစ်နီးပါး နစ် သွားလေ့ရှိတာမို့ တစ်လှမ်းပြီးရင် တစ်လှမ်း အတော်ကလေး ရုန်းကြရှာ တယ်။ သစ်ရိုင်းတော တိုးတဲ့အခါ ချုံကြိုချုံကြားက ခလုတ်ငုတ်တိုတွေကို လည်း သတိထားဦး။ ဒီကြားထဲ သွေးစုပ်တဲ့ မှက်၊ ခြင်တွေက ကဏန်း မုဆိုးတွေကို ကောင်းကောင်းဒုက္ခ ပေးသေးတယ်။

မိုးရွာတဲ့နေ့မျိုးဆို ဝါတာဖရကလေးတွေ ခြုံလို့၊ ကာဗိုက်မီး ခွက်ကတစ်ဖက်၊ ပလတ်စတစ်ပုံးက တစ်ဖက်နဲ့ ဘယ်လက်နဲ့ ခြင်အငှား ရိုက်ရမှန်းတောင် မသိတော့ဘူး။

www.burmeseclassic.com


ဒီလိုနဲ့ ဇရပ်တောပေါ်မှာ ကဏန်းကောင်ကလေးတွေ တဖြည်းဖြည်း ရှားပါးလာပြီ။ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဖမ်းတာဆိုတော့ မျိုးတုံးမယ်ဆိုလည်း တုံးလောက်ပါရဲ့။ ခါတိုင်းလို သစ်ရိုင်းတောထဲ တိုးဝင်တဲ့အခါ သစ်ကိုင်းသစ်ရွက်တွေ ကြားမှာ ကဏန်းကောင်တွေ အဆင်သင့်ရှိမနေတော့ဘူး။ ဒီတော့ ရွှံ့မြေအမာမှာ တွင်းအောင်းနေတဲ့ ကောင်တွေမထွက်၊ ထွက်လာအောင် ကြံဆောင်ကြတော့တယ်။ "ထွက်ကြပါဟ၊ လာကြပါဟ . . ." မန္တန်တွေကို တတွတ်တွတ် ရွတ်ပြီး ပါလာတဲ့ တုတ်ကြီးတွေနဲ့ မြေကြီးကို တဗြုန်းဗြုန်းရိုက်ခြောက်သံပေးနေကြတာများ ပယောဂ ဆရာဆေးကုနေသလား ထင်မှတ်မှားလောက်တယ်။

အရင်တုန်းကဆိုရင် ပဲ့ထောင်ကမ်းကို ကပ်ပြီးတာနဲ့ သစ်ရိုင်းပင်ခိုနေတဲ့ ကဏန်းကောင်တွေ ကြားသွားမှာစိုးလို့ ငတက်ပြား ခြေလှမ်းနဲ့ သာသာဖွဖွတက်လာ သိုသိုသိပ်သိပ် လှုပ်ရှားလေ့ရှိကြတဲ့ လူတွေဟာ လောဘဇောကပ် သရဲမရဲ စီးနေလိုက်ကြတာ ဇရပ်တောမှာတော့ အခုမှ မျက်စိနောက် ခေါင်းနောက် ရင်ကျောအောင့် နေပါတော့တယ်။

ဒီလို စိတ်ရှုပ်သည်းခံ ဖွဲခတ်နေရင်းနဲ့ ဇရပ်တောအတွက် အပူလုံးဆောင့်ရမယ့် ရက်တစ်ရက်ဟာ မမျှော်လင့်ဘဲ ရောက်ချလာတော့တယ်။ အဲဒီညဟာ ခါတိုင်းလိုပဲ ရှားပါးလာတဲ့ ကဏန်းပုန်းကောင်တွေကို ကောက်သင်းကောက်ဖို့ လူတွေ ရောက်လာကြတဲ့ ညတစ်ညပါပဲ။ ဇရပ်တောဟာ သူ့ကျောပြင်ပေါ်ကို ကျဆင်းလာမယ့် ပရမ်းပတာ တုတ်ချက်တွေကို အံခဲတင်းခံဖို့ အဆင်သင့်ပြင်လိုက်ချိန်မှာ . . .

"အမိဝေး လုပ်ကြပါဦး။ သား သား ကျုပ်သားကို အကောင်ရှည်ကိုက်လိုက်ပြီ ထင်ရဲ့။ ကယ်ကြပါဦး ကူကြပါဦး။ ဟောထွက်လာပြီ။ ကျုပ် သားကို ကိုက်တဲ့ကောင် ရိုက် . . . ရိုက်"

ဖုန်းဖုန်းဒိုင်းဒိုင်း ပြေးလွှားရိုက်နှက်သံတွေဟာ ငိုင်တွေနေတဲ့ ဇရပ်တောကို လှုပ်နှိုးလိုက်ပါတော့တယ်။ မျက်ကလဲ ဆန်ပြာလှမ်းကြည့်

www.burmeseclassic.com

လိုက်တဲ့အခါမှာတော့ ကျောင်းပိတ်ရက် ဖခင်နဲ့အတူ ကဏန်းဆင်းနှိုက်တဲ့ ကလေးတစ်ယောက်ရဲ့ အဖြစ်ဆိုး . . .။ အတွေ့အကြုံမရှိတာရော မသိနားမလည်ခြင်းတွေပါ ဖြစ်တည်ဖွဲ့စည်းထားတဲ့ လူပျိုပေါက် အရွယ် လူမမည်ကလေးတစ်ယောက်ကို ကြမ္မာဆိုးဟာ ဘယ်အငြိုးနဲ့ နှိပ်စက် ကလူပြုလိုက်တာပါလိမ့်။ ချုံကြို ချုံကြား သစ်ပင်ကိုင်းလက်တွေကြားမှာ အဆိပ်ပြင်းတဲ့ မြွေစိမ်း၊ မြွေဟောက်၊ မြွေအာပုတ်တွေ ကျင်လည်ကျက် စားတတ်တယ်ဆိုတာ ဒီကလေး မသိလေရော့သလား။

ရာဘာတောစီး လည်ရှည်ဖိနပ်က မြွေအန္တရာယ်ကို ကာကွယ်နိုင် ပေမယ့် မြွေခိုနေတဲ့ သစ်ခေါင်းထဲ ကဏန်းရလိုဇောနဲ့ လက်တစ်ဆုံး နှိုက် မိတဲ့အခါမှာတော့ . . ။

ပွဲထောင် လှေတစ်စင်းဟာ ဖမ်းဆီးသူ အနည်းအများအလိုက် ကဏန်းပုန်းကောင် ပိဿာချိန်ရာချီရတတ်တာမို့ လှေရှင်ကို ကော်မရှင် တစ်ပိဿာအတွက် ၂၅ ကျပ်သားပေးရဦးတော့ တစ်ယောက်စီအတွက် မြက်မြက်ကလေး ကျန်နိုင်တဲ့ မက်လုံးပေး ဆွဲဆောင်မှုအောက်မှာ ငွေနဲ့ အသက် လဲလှယ်ပွဲကြီးက ရင်နင့်ဖွယ် ကောင်းလှပါတယ်။

တကယ်တမ်းကျတော့ သူတို့တတ်ထားတဲ့ မြွေကိုက်လူနာပြုစု နည်းတွေနဲ့ ကုသပေမယ့် ညဥ့်မှောင်မှောင် ကာမိုက်မီးရောင်အောက်မှာ အဆိပ်ပြန့်မြန်တဲ့ မြွေဆိုးရဲ့လက်မှ ကလေးရဲ့အသက်ကို မကယ်တင်နိုင် ဘဲ ဖြစ်ခဲ့ရတယ်။

လူအုပ်ကြီးရဲ့ တစ်ယောက်တစ်ပေါက် တောက်ခတ်သံ၊ ဆဲရေး ကြိမ်းမောင်းသံတွေကြားမှာ ဇရပ်တောဟာ အပြစ်ရှိသူလို လိပ်ပြာမလုံစွာ ရပ်ပြီး ခေါင်းမဖော်ဝံ့အောင် အားနာရှက်ရွံ့နေတော့တယ်။ သဘာဝတရား ကြီးက သူ့အပေါ်ကို ဘာဖြစ်လို့များ အကောင်းရောအဆိုးပါ ဒွေးရော ယှက်တင် ပစ်တင်ထားရတာလဲ။ လူတွေမှာရော အကောင်းတွေချည်း ရွေး ချယ်ဆင်မြန်းဖို့ အခွင့်အလမ်း တစ်စုံတစ်ရာ မရှိပေဘူးလား။

www.burmeseclassic.com


သားဖြစ်သူရဲ့ အသက်မဲ့ ရုပ်အလောင်းကို ကျစ်ကျစ်ပါအောင် ပွေ့ပြီး ပွဲထောင်ထဲ ဆင်းချသွားတဲ့ ဖခင်ဖြစ်သူရဲ့ နောက်ကို ကာဗိုက် မီးခွက်ကိုင် လူသားတွေ တစ်ယောက်မကျန် လိုက်သွားကြတဲ့အခါ ဇရပ် တောဟာ ဆို့နင့်ခါးသီး တစ်ကိုယ်တည်း ကျန်ရစ်ပါတော့တယ်။

သွားပြီ၊ သွားကြပြီ။ နောက်ထပ်သူတို့ လာကြပါဦးမလား။ လူ တွေ သူ့အပေါ် အယုံအကြည်ကင်းမဲ့သွားကြပြီလား။ ဇရပ်တောဆို “တန် ဟဲ့ . . . တန်ဟဲ့” လို့ လက်လန်သွားကြပြီလား။ ပြန်လည်ပေးဆပ်ဖို့ အလျော်အစားတွေ အငွေ့ပျံ့ခန်းခြောက်နေတဲ့ ကာလမှာ လှိုင်းခေါင်းဖြူ တွေကြား ခေါင်းထိုးဖွတ်ဆောင့် သည်းနှောင့် ပြတ်ကြွေရုံအပြင် ဘာမှ မရှိတော့။

အဲဒီခဏမှာ ဇရပ်တောဟာ လူသူလေးပါး ကင်းဆိတ်လို့ သုသာန်တစပြင်အလား ခြောက်ခြားငြိမ်သက်နေပါတော့တယ်။ ခါတိုင်း လာနေကျ လေပြည်လေးတောင် မလာဘူး။ ခါတိုင်းသာနေကျ လကလေး တောင် မသာတော့ဘူး။ ကြည့်နေရင်းမှာပဲ ဟော . . . ကောင်းကင်က ကြယ်ကလေးတစ်လုံး ဖြုတ်ခနဲ . . .

“နင့်အမိကို ဘယ်လိုပြောရမလဲ သားရေ”

လေ့အထွက်မှာ ဖခင်လုပ်သူရဲ့ ဆွဲဆွဲငင်ငင် အယူမရ ကျုံးအော် လိုက်တဲ့ အသံကြောင့် ဇရပ်တောဟာ ပစ်စလက်ခတ် မတန်မရာပေးလိုက် ရတဲ့ လူ့အသက်တစ်ချောင်းအတွက် စိုးထိတ်ငြိမ်ဆိတ် အသံတိတ် ကြေကွဲ နေပါတော့တယ်။

အဲဒီညဟာ ကြယ်ကြွေတဲ့ည၊ ကျီးပြိုတဲ့ည၊ ပြီးတော့ ဇရပ်တော ငိုတဲ့ည။


**ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ ၂၀၀၁၊ ဇူလိုင်လ**

www.burmeseclassic.com



# ရေခုံးရေမျှား





www.burmeseclassic.com

## ရေဆုံးရေဖျား

အဲဒီအချိန်မှာ လူတစ်စုဟာ စက်လှေစီးလုံးငှားပြီး ပင်လယ်ပြင် လှိုင်းလေကြားထဲမှာ မျောပါနေမယ် ထင်ရတဲ့ တစ်စုံတစ်ရာကို သဲကြီး မဲကြီး ရှာဖွေနေကြတယ်။

ရတ်ချည်း အုံ့ဆိုင်း ညှို့မှိုင်းလာတဲ့ ကောင်းကင်ကြီးက မိုးသီး မိုးပေါက်တွေ ဖြုန်းဖြုန်းညံအောင် ရွာချလိုက်ပြီး မောဟဗောကပ်နေတဲ့ အပူသည်တစ်စုကို "ရေအဆုံး ကုန်းတစ်ဝက်" လို့ သတိပေးနေလေရဲ့။

●

တာဝန်ကျ ရဲအရာရှိဟာ သင်္ဘောကပ္ပတိန်ရဲ့ ရှေ့ရောက်တော့ ခြေလှမ်းတွေ တုံ့ဆိုင်းသွားတယ်။ ပန်းဆီမီးတွေနဲ့ သပ္ပယ်လှတဲ့ ဘုရား ကျောင်းဆောင်ရှေ့မှာ ဘုရားဝတ်ပြုနေတဲ့ ကပ္ပတိန်ရဲ့ နောက်ကျောကို ကြည့်ပြီး ခြေလှမ်းကို အသာဖော့လို့ နောက်ဆုတ်ထွက်လာမိတယ်။ လူ တစ်ကိုယ်ကို စရိုက်တစ်မျိုးမို့ ဘုရားစင်ရှေ့မှာ ပန်းဆီမီးမပြတ်ပူဇော် ပြီး ဘာသာတရား ကိုင်းရှိုင်းလွန်းသူ ကပ္ပတိန်အပေါ်သို့ တစ်ခွက်တစ်ဖ

www.burmeseclassic.com


လား ချထားတဲ့အခါများဆို အားနာရက်ရွံ့ပြီး အနားမသွားချင်လောက် အောင် နောက်တွန့်နေမိတာ အမှန်။ သူနဲ့ကပ္ပတိန်အကြားမှာ အသွင် မတူတော့ အဖွဲ့မကျ။ ရာထူးဂုဏ်ရှိန်အရ အဆင့်ခြင်း မကွာလှပေမယ့် ခပ်တန်းတန်း အလုပ်သဘော ဆက်ဆံရေးအပြင် ဘာမှမရှိ။

အခုလည်း တာဝန်ကျအရာရှိဟာ သူ့လုပ်သက်နှစ်ဆယ်မှာ မကြုံဖူးတာ ကြုံလာရလို့ သူ့ဆုံးဖြတ်ချက်ကို ကပ္ပတိန်ဆီမှာ အတည်ပြု ချက်ရယူဖို့ ရောက်လာတယ်ဆိုပါတော့။ ဘယ်ကိစ္စမဆို ဒွိဟအတွေးနဲ့ မပြတ်သားတဲ့ လူဟာ တစ်စုံတစ်ယောက်ရဲ့ အတည်ပြုချက်ကို ရယူလေ့ရှိ တာ အကျင့်ကြီးလို ဖြစ်နေပြီ။ ဒီအကျင့်ဆိုးက သူ့ဘဝတက်လမ်းကို ချေဖျက်နေတယ် ထင်ပါရဲ့။ သူအသက်ပဲ ထောက်လာပြီ။ ဒီရာထူးက မတက်သေးဘူး။ ခြေသလုံးတောင့်အောင် ရပ်စောင့်ပြီးတဲ့အခါမှာတော့ ကပ္ပတိန်ဟာ ဘုရားစင်ရှေ့က ထလာတာ တွေ့ရတယ်။ သူ့ကို အသင့် အနေအထား ရပ်နေတာ တွေ့ရတော့ ကပ္ပတိန်က မျက်ခုံးပင့်ပြီး . . .

"ဆို . . ."

တွေ့လား။ ပါးစပ်က ဘာကိစ္စလဲ ဘာလဲ မမေးဘူး။ ဆို . . . တဲ့။ စကားနည်းနည်းပြောပြီး ပြတ်ပြတ်လုပ်တတ်တဲ့ လူဖြောင့်စိတ်တို တို့ရဲ့ ဓလေ့အတိုင်း လေကုန်မခံချင်တဲ့သဘော။ ကပ္ပတိန်က လေကြော တိုသလောက် သူက လေကြောရှည်တယ်။ ဖြစ်စဉ်တစ်ခုလုံးကို စီကာပတ် ကုံး ပြောရုံတင်မကဘူး။ သူဘာလုပ်သင့်တယ် ဆိုတာပါ ထည့်ပြော တယ်။

ဒါဆိုလည်း ဘာလို့ လူကြီးဆီ တင်ပြ အကြံဉာဏ်ယူချင်သေး လဲ။ သတင်းပို့ဖို့တာဝန်ရှိတယ်လို့ သူက ဆင်ခြေပေးချင်ပေးဦးမှာ။ သူ့ စကားဆုံးတော့ ကပ္ပတိန်က ခေါင်းညိတ်ပြီး တစ်ခွန်းတည်းသော စကား ကို ပြောတယ်။

"ဆက်လုပ် . . ." တဲ့။

www.burmeseclassic.com

သူ့အခန်းထဲက ထွက်လာတော့ အလာတုန်းကနဲ့ မတူ ခြေလှမ်းတွေ ပေါ့ပါးသွက်လက်နေတယ်။ သူ့ဆုံးဖြတ်ချက်ကို အထက်လူကြီးက အတည်ပြု လက်ခံတယ်ဆိုတော့ နည်းနည်းလေး မြောက်ကြွ မြောက်ကြွ ဖြစ်သွားတာ ပါတာပေါ့။ အစ ပထမတော့ ဒီကိစ္စကို လုပ်သက်ရသဘော်အရာရှိတစ်ယောက်အနေနဲ့ ဘယ်လိုဆုံးဖြတ်ရမှန်း မသိအောင်ဖြစ်သွားတယ်။ လုပ်ငန်းသဘောသဘာဝအရလည်း သူ့ရဲ့တာဝန်ချိန်မှာ ဖြစ်တဲ့ကိစ္စမှန်သမျှ သူ့မှာတာဝန်အပြည့်ရှိတာမို့ သူဝံ့ဝံ့စားစား ဆုံးဖြတ်မှကိုဖြစ်မယ့်ကိစ္စ။ သူက ဆုံးဖြတ်ချက်မချခင်သာ ချီတုံချတုံဖြစ်ချင်ဖြစ်မှာ ဆုံးဖြတ်ပြီးလို့ကတော့ လူမှုရေးတွေ အားနာတာတွေ မရှိတော့ဘူး။ အားနာလို့ကတော့ စည်းမျဉ်းစည်းကမ်းလမ်းကြောင်းနဲ့ သွေဖည်ရာလည်း ကျမယ်။ ရေးထုံးအစဉ်အလာကို ပယ်ဖျက်ရာလည်း ကျတယ်။ ဒီလိုလုပ်လိုက်လို့ သူ့ကို တစ်ယူသန်တစ်စောက်ကန်းသမား၊ ခေတ်နောက်ပြန်ဆွဲ အယူသည်းသမား ဘယ်လိုပဲ စွပ်စွဲချင်စွပ်စွဲ၊ စွဲချက်တင်ချင်တင်၊ နင်ပဲငဆဆဲချင်ဆဲ သူကတော့ စည်းထဲ ဘောင်ထဲက ကိုယ့်လမ်းကြောင်းပေါ် ကိုယ်လျှောက်မှာပဲ။

ဒါမျိုးက ပင်လယ်ခရီးမှာ မဖြစ်ဘူး မဟုတ်ဘူး ဖြစ်မယ်။ သူနဲ့မကြုံကြိုက်တာနေမှာ သေခြင်းတရားဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်နိုင်တာပါပဲ။ လူဟာ အိမ်မှာသေမယ်၊ ဆေးရုံမှာသေမယ်၊ မြို့မှာသေမယ်၊ တောမှာသေမယ်၊ လမ်းခရီးမှာသေမယ် ဆိုတာ ဘယ်သူမှ သိနိုင်တဲ့ အစိုးရနိုင်တဲ့အရာမဟုတ်ဘူး။ သေချင်တဲ့အချိန် သေချင်တဲ့နေရာမှာ သေမှာပဲ။ ဘာမှ ပုံသေကားကျ တွက်လို့မရဘူး။ လူဆိုတာ ဘယ်ကလာလို့ ဘယ်နေရာ ဘယ်အချိန်မှာ သေပြီး ဘယ်ဂတိကို လားမယ်ဆိုတာ မသိနိုင်တဲ့ မသိခြင်းထဲမှာ လူးလားစုန်ဆန်မျောနေတဲ့ သတ္တဝါတွေဆိုတာ သူနားလည်လက်ခံထားတယ်။ သူ့အဖေ သေတုန်းက အိပ်ရာထဲမှာ အိပ်နေရင်းနဲ့သေတာ။ သူ့ဦးလေးကတော့ ထမင်းစားနေရင်းနဲ့ ထမင်းလုပ်

www.burmeseclassic.com


တန်းလန်းနဲ့သေတာ။ သူ့အသက်အရွယ် သူ့အတွေ့အကြုံနဲ့ သေခြင်းတရားဟာ မဆန်းဘူးပေါ့။ အခု လမ်းခရီး သူ့သင်္ဘောပေါ်မှာ လူသေတယ်ဆိုတော့လည်း ဘာဆန်းလို့လဲ။ လူဆိုတာ သေမျိုးပဲဟာ အိပ်ရင်းနဲ့တောင် သေရင် သင်္ဘောစီးရင်း မသေနိုင်ဘူးလား။ ဒါ မဆန်းပါဘူး။

သူ့သင်္ဘော ဆိပ်ကမ်းမြို့က ထွက်လာတုန်းက လူ့အပြည့်၊ ကုန်အပြည့်နဲ့ ပုံမှန်ပါပဲ။ မိုးတွင်းပေမယ့် မိုးလေကင်းစင်ပြီး ရာသီဥတုလည်း ကြည်လင်လို့။ ရေလမ်းခရီးဆိုတာ လှိုင်းကြီးတိုင်း စိုးရိမ်ရတာမဟုတ်။ လှိုင်းကြီးလေ စီးရငြိမ့်လေ။ လေမပါလို့ကတော့ လှိုင်းကြီးတိုင်းလှေသင်္ဘောမနစ်နိုင်။ လှိုင်းကြီးပြီဆိုလျှင် လာသည့် လှိုင်းဘက် သင်္ဘောဦးလှည့်ပေးလိုက် လှိုင်းလုံးကြီး သင်္ဘောအောက်ဝင်သွားပြီး ဦးမော့တက်ကာ ရေပြင်ပေါ် အငြိမ့်သားပြန်ကျတတ်တာမို့ ဒီခရီးဟာ ပဲ့ကိုင်ကျွမ်းဖို့အဓိကပါပဲ။

သည်လိုနဲ့ ခရီးနှင်လာလိုက်ကြတာ ခရီးတစ်ဝက်လဲ ပေါက်ရော ခရီးသည်စီး ကုန်းပတ်ပေါ်က လှုပ်လှုပ်ရွရွ အသံတွေ ကြားရပါတော့တယ်။ လူနာအဘွားကြီးတစ်ယောက် အသည်းအသန်အမောဖောက်လာ လို့တဲ့။ သူတစ်ပတ် (Round) လှည့်ကြည့်လိုက်တော့ ထုံးစံအတိုင်းတစ်စုံတစ်ခုဖြစ်ရင် ကူညီတာနည်းနည်း အုံ့ဩတာက များများ အမောဖောက်နေတဲ့လူနာအနားမှာ ဒီလို လူအုံကြည့်နေလို့ ရောဂါတိုးရုံပေါ့။

မကြာခင် သင်္ဘောဆရာဝန် ရောက်လာပြီး အရေးပေါ်ကုသမှုတွေ တရစပ်လုပ်ပါတော့တယ်။ သင်္ဘောပေါ်မှာက ဆေးရုံလိုတော့ ပစ္စည်းကိရိယာ မစုံဘူးပေါ့။ အဘွားကြီးခမျာ ကံမကောင်းရှာဘူး။ မီးဇာလည်းကုန် ဆီလည်းခမ်း လူ့ဘဝမှာ နေရကံကုန်လို့ ထင်ပါရဲ့ ဆရာဝန်ရဲ့အရေးပေါ်ကုသမှုတွေ ကြားထဲကပဲ စီကနဲ ငိုသံကြားလိုက်ရလို့ သွားပြီဆိုတာသိရတယ်။ ဒီသတင်းဟာ ချက်ချင်းပြန့်သွားပြီး ရုတ်တရက် သင်္ဘောပေါ်မကောင်းဆိုးဝါးတစ်ကောင်ရောက်သလို ခရီးသည်တွေ ထသူထ ထိုင်သူ

www.burmeseclassic.com

ထိုင် အခင်းဖြစ်တဲ့ဆီ ကျော်လွှားပြီး ပြေးလိုပြေး လူးလူးလိမ့်လိမ့် ရုတ်ရုတ်သဲသဲ အတော်ဖြစ်သွားတယ်။

"ဟေး . . . ငြိမ်ကြပါ။ အားလုံးငြိမ်ကြပါ။ ကိုယ့်နေရာကိုယ် ငြိမ်ငြိမ်သက်သက် နေကြပါ"

မကြာခင် သူ့လက်ထောက် အရာရှိကလေးရဲ့ အသံဝါဝါကြီးနဲ့ အော်သံကြားလိုက်ရတယ်။ ခွေးနှစ်ကောင်ကိုက်တာတောင် အုံကြည့်စပ်စုတတ်တဲ့ မြန်မာစရိုက်နဲ့ လူသေတဲ့ကိစ္စကတော့ ကောင်းကောင်းတွေ့နေပြီ။

ကဲ . . . ဒီကိစ္စ ဘယ်လို လုပ်ရမလဲ။ သူတစ်ခုခုတော့ ဆုံးဖြတ်ရမှာ ခက်နေတာက လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရမှာကို ကာယကံရှင်တွေက အကြောက်အကန် ငြင်းဆန်နေကြတာ ဆိုးတယ်။ ကျွတ် . . . အတော်ခက်တဲ့ လူတွေ။

"ကဲ . . . အချိန်မရှိဘူးဟေ့ ခရီးအတော်ပေါက် လာပြီ။ စောစောက ပြောတဲ့အတိုင်း လုပ်ကြမယ်ဟေ့"

သူ့အသံ ကျယ်ကျယ်ကြီးနဲ့ နှိုးဆော်လိုက်တော့ ငြိမ်သက်စပြုနေတဲ့ သင်္ဘောပေါ်က လူတွေ လှုပ်လှုပ်ရွရွဖြစ်လာကြပြန်တယ်။

စိတ်ချ။ သူလည်း လူအလျောက်တော့ ခံစားမှု ရှိပြီးသား။ လူဟာ လူနဲ့တန်တဲ့ တန်ဖိုးသတ်မှတ်မှုကတော့ ရှိရမှာ မဟုတ်လား။ ဒါကြောင့် လူတစ်ယောက်ရဲ့ နောက်ဆုံးခရီးကို အသင့်မြတ်ဆုံးဖြစ်အောင် စီစဉ်ထားတယ်။ ပြောနေကြာတယ်။ ကဲ . . . စကြစို့ဟေ့။

●

အချိန်ကျတော့မယ် ဆိုတာ သိပေမယ့် ဒီအချိန်ဟာ ဒီလောက်မြန်မြန်ကြီးရောက်လာလိမ့်မယ်လို့ မထင်ဘူး အမေရယ်။ ဒါကြောင့်လည်း

www.burmeseclassic.com


အမေ့ကို အလိုလိုက်မိတာပါ။ အမေ့အသက်အရွယ် အမေ့ကျန်းမာရေးမျိုးနဲ့ ဒီခရီးမျိုး မသွားသင့်တော့ဘူး။ ကော့သောင်းမှာ စီးပွားအတန်အသင့်ဖြစ်နေတဲ့ သားဆီကို အလည်သွားချင်တယ်ဆိုလည်း အမေပဲ။ အမေ့သားက မွေးတဲ့မြေးဦးလေးက အမေ ကော့သောင်းကို မလာလာအောင် ဆွဲခေါ်နေတယ် ထင်ပါရဲ့။ တကယ်တော့ ကျွန်မတို့ အမေ့ကို အလိုလိုက်ခဲ့တာ အမေက ကျွန်မတို့ကို အလိုလိုက်ခဲ့တာကို မမှီသေးပါဘူး။

အဖေဆုံးပြီးကတည်းက မုဆိုးမဘဝနဲ့ အပ်ချုပ်စက်အိုကြီးကို အဖော်ပြုလို့ သားသမီးသုံးယောက်ကို ရုန်းကျွေးခဲ့တဲ့အမေဟာ ခါးချိအညောင်းမိပြီး ပန်းနာရင်ကျပ်စွဲတဲ့အထိပါပဲ။ သိုးမွေးခြုံထည်တွေ ခေတ်စားလာတော့ ညဉ့်နက်သန်းခေါင်အထိ အမေအပ်ထည်တွေ ထိုးတဲ့အနားမှာ ကျွန်မတို့မောင်နှမတွေ အိပ်ပျော်သွားတတ်တာ မှတ်မိပါသေးတယ်။ အဟောင်းဈေးနဲ့ ဝယ်လာတဲ့ အမေ့စက်အိုကြီးက ချုချာလာ၊ ရာသီဥတု အပြောင်းအလဲကြောင့် သိုးမွေးအပ်ထည်တွေ ကျဲပါးလာတဲ့အခါ အိမ်စရိတ်ကို ဖြည့်ဆောင်းဖို့အတွက် အမေအလုပ်ပြောင်းခဲ့ရတယ်။ ချုချာလာတဲ့ စက်အိုကြီးနေရာမှာ အမေ့ခြေလက်တွေ အစားထိုးလည်ပတ်လာခဲ့ရတယ်။ ကျွန်မက အကြီးဆုံး သမီးပီပီ အမေသွားရာနောက် တကောက်ကောက်လိုက်ခဲ့တာမို့ ကောင်းမှုဆိုးမှုမှန်သမျှ အမေနဲ့ မျှဝေခံစားခဲ့ရတဲ့သမီးပါ။

ကျွန်မတို့မြို့က တိုက်ဈေးလို့ခေါ်တဲ့ စည်ပင်သာယာဈေးကြီးကနေ သစ်သားကားကြီးတက်စီးပြီး အမေနဲ့အတူ သွားခဲ့ရတဲ့ခရီးကတော့ ကျွန်မ မမေ့သေးပါဘူး။ ကားတစ်စီးလုံး ကျွန်မတို့လို အရောင်းအဝယ်သမားတွေ များတာမို့ အာလူးအိတ်၊ ကြက်သွန်အိတ်၊ ငါးခြင်းတောင်းတွေကြားမှာ ကြပ်ညှပ်လိုက်ပါရင်း ပျင်းရိငိုက်မျဉ်းလာတဲ့အခါ အမေကကျွန်မခေါင်းကို ပူအောင်ခေါက်လေ့ရှိတယ်။ လမ်းဘေးတစ်ဘက်တစ် ချက်ကခနိမိုး ကျူကာ တဲအိမ်ကလေးတွေနဲ့ ဖြောင့်တန်းညီညာတဲ့ ရော်ဘာပင်

www.burmeseclassic.com

ပျို တောအုပ်တွေဟာ ကျွန်မရဲ့စိတ်ကို ဘယ်လိုမှ ဆွဲဆောင်မထားနိုင်ကြပါဘူး။ စိတ်ဆိုးနေတဲ့ မြွေတစ်ကောင်ရဲ့ ကျောပေါ်မှာသွားနေတဲ့ ဘတ်စ်စကားအိုကြီးပေါ်မှာတော့ အရိုးခံ အရောင်မဲ့ ကျေးလက်လူဆင်းရဲတွေဟာ ပါးစပ်သေနတ်တွေကို မနားတမ်းပစ်လာလိုက်ကြတာ ခရီးဆုံးရောက်တဲ့အထိပါပဲ။

ကားလမ်း (ကိုးမိုင်) ခရီးဆုံးလို့ ကျွဲကူးရွာရောက်ပြီဆိုရင်တော့ ကျွန်မ ပျော်တယ်အမေ။ စောစောက ငိုက်မျဉ်းမှုတွေကို ချွတ်ပုံချလို့ အသွက်လက်ကြီး သွက်လက်နေပါတော့တယ်။ ကားလမ်းခရီးရဲ့အဆုံးဟာ ရေလမ်းခရီးရဲ့အစမို့ ဒီနေရာဟာ ကားဂိတ်ဖြစ်သလို လှေဆိပ်လည်းဖြစ်နေပြန်တယ်။ ရှုပ်ထွေးဆူညံ ရောင်းဝယ်ဖောက်ကားသံတွေ၊ တိုးဝှေ့တက်ဆင်းနေတဲ့ ခရီးသည်တွေကြားက ကျောက်ဖြာမြစ်ပြင်ကျယ်ကြီးကို မျှော်ကြည့်ရတာ အမောပါပဲ။ ရေပြင်ထဲကို ထိုးထွက်နေတဲ့ ခပ်ညံ့ညံ့ စားသောက်ဆိုင်တစ်ဆိုင်မှာ အမေနဲ့သမီး ကပ်ကြေးကိုက်တစ်ပွဲမှာပြီး နှစ်ယောက်မျှစားနေကျလေ။ မြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာတဲ့ လေကအေးပေမယ့် နောက်ကျူနေတဲ့ မြစ်ပြင်ကြောင့် လန်းဆန်းသန့်စင်မှုတွေကို မသယ်ဆောင်လာနိုင်တော့ပါဘူး။

တစ်ရွာဝင် တစ်ရွာထွက် ရပ်ချင်ရပ် နားချင်နား ပက်ကျိသွားသွားနေတဲ့ စက်သံ ဆူဆူညံညံ ဝမ်းထိုင်စက်လှေထဲ ထိုင်ရင်း အလျားရှည်မြစ်ကြီးရဲ့ ကျောပေါ်မှာ ပျင်းရိငိုက်မျဉ်းခြင်းတွေနဲ့အတူ ပင့်ကူအိမ်လိုကန်သင်းရိုးတွေ ချည်မျှင်ရှည်နေတဲ့ လယ်တောရွာကလေးဆီ ရောက်ခဲ့ရပြန်ပါပေါ့။ တရုတ်ပိတ်ရောင်စုံ အဆင်ဆန်းမျိုးစုံပါတဲ့ အထုပ်ကြီးကို ရွက်။ ချောကျိကျိ ပျစ်ချွဲချွဲ ကန်သင်းရိုးဘောင်ပေါ်က ယိုင်ထိုးထိုးအမေ့ခြေလှမ်းတွေ အမီလိုက်လို့ စပါးပေးနဲ့ ရရှိလာမယ့် အတိုးအမြတ်ကို အမေလိုပဲ တွက်ဆလာတတ်တယ်။

www.burmeseclassic.com


လက်ငင်းဆိုရင် တစ်ဈေး၊ စပါးပေးဆိုရင်တစ်ဈေး၊ ကင်းဆိုး၊ ကလင်ဘန်း၊ မော်တောင်၊ ရင်းတောင် ရွာကလေးတွေဆီ ခြေဆန့်လို့ ငွေကို လက်လီစိတ် ရှာခဲ့ကြတယ်။ အမေတစ်ရွက် သမီးတစ်ဆွဲ ခြေလှမ်းကြဲခဲ့ကြပေါ့။

ဒီလိုနဲ့ ခြတောင်ပို့ထုံး နှလုံးမူရင်း အိမ်မှာကုန်ခြောက်ဆိုင်ကလေးဖွင့်လို့ နောက်တစ်ဆင့် ကုန်ခြောက်ဆိုင်နဲ့အတူ ယိုးဒယားဖက်က ဝင်လာတဲ့ အသုံးအဆောင်အထည်စကလေးတွေကိုပါ တွဲရောင်းရင်း အရောင်း အဝယ် ကျယ်ပြန့်လာတာနဲ့အမျှ ကျွန်မတို့ညီအစ်မနှစ်ယောက် အခုဆို ဈေးကြီးထဲမှာ အထည်ဆိုင်ကိုယ်စီနဲ့ ဖြစ်ကုန်ပြီ။ အမေရဲ့ စက်ရဟတ် ခြေလက်တွေလည်း အနားယူငြိမ်သက်လို့ အမေတစ်ယောက် အိမ်ဦးခန်းမှာ မိန့်မိန့်ကြီး နေနိုင်ပြီပေါ့။ အမေအလိုလိုက်လို့ လက်ကြောမတင်းတဲ့ အမေ့သား ယောင်ခြောက်ဆယ်တောင် ကော့သောင်းဘက်ထွက်သွားလိုက်တာ ဟိုမှာ ပိုက်ဆံရှိတဲ့ မိန်းမနဲ့ရပြီး ဟန်ကျပန်ကျဖြစ်နေပြီ။ မိန်းမက အသက်နည်းနည်းပိုကြီးလို့ အမေသဘောမကျသလို ဖြစ်နေသေးတယ်။

အမေ့သား အစွမ်းတုံး အစတုံးက ပိုက်ဆံရှာတတ်တဲ့ မိန်းမနဲ့မှ ဖြစ်မှာ အမေရဲ့လို့ ကျွန်မတို့ညီအစ်မတစ်တွေ ဝိုင်းပြောမှ အမေစိတ်ပြေသွားတာ မဟုတ်လား။ ဟိုမှာ မြေဦးကလေး မွေးပြီဆိုတော့ မနေနိုင်မထိုင်နိုင် ကော့သောင်းဆင်းသွားလိုက်တာ တစ်လကိုးသီတင်းကိုကြာရော။

တရစပ် ရှာဖွေရှန်းကန်ခဲ့ရတဲ့ ပင်ပန်းမှုဒဏ်တွေကြောင့် အမေလည်း အနားယူရော စုပြုံပိကျပြီး အမေ့မှာစွဲနေတဲ့ ပန်းနာရပ်ကျပ်ရောဂါဟာ မြိတ်မှာဆိုရင်တော့ သမီးတွေက ဆေးနဲ့ဓာတ်စာ ဂရုတစိုက်ကျွေးနေလို့ နေသာတာပေါ့။ ချွေးမအိမ်ရောက်တော့ ဆေးတစ်ခြား၊ ဓာတ်စာတစ်ခြား "အမေ့ကို အမြန်လာခေါ်ပါ" ကြေးနန်းရလို့ လိုက်ဆင်းလာတော့ ရောဂါအတော်သည်းနေပြီ။ အမေက အစွဲလည်း ကြီးတယ်။ ဟိုဘက်က

www.burmeseclassic.com

အပေါက်ကလေးဖောက် အဖီကလေးချ။ ဒီဘက်က ဝရံတာလေးထုတ်၊ ဒီနားက ကွပ်ပျစ်ကလေးရိုက် သူစိတ်ကြိုက်ဆောက်ထားတဲ့ ကန်ဖျားခြံထဲက သူ့အိမ်ကလေးကို အတော်စွဲတယ်။ မြိတ်ပြန်ချင်တယ်။ သူ့ခြံထဲက အိမ်ကလေးမှာပဲ သေချင်တယ်ပေါ့။ ခက်ခဲနေတဲ့ လေယာဉ်လက်မှတ်ကို စောင့်ရင်းနဲ့ပဲ မြိတ်သွားမယ့် သင်္ဘောပေါ်ကို ရောက်ခဲ့ရတော့တယ်။ အိမ်ပြန်ရောက်ရင် အထူးကု သမားတော်တွေနဲ့ပြ တစ်ဘက်ကလည်း မြန် မာတိုင်းရင်းဆေး (ဆေးနဲ့ဓာတ်စာ) စနစ်တကျကျွေးလိုက်ရင် အမေကျန်း မာလာမယ်လို့ ကျွန်မစိတ်ထဲ ဇွတ်မှိတ်ယုံကြည်နေတယ်။

အခုတော့ သင်္ဘော ကုန်းပတ်ပေါ်မှာ ခရီးသည်တွေကများ အကာအရံမဲ့ လေစိမ်းတွေက မိပြီး အမေ အဖျားဝင် အမောဖောက်လာရာက အသက်ပါထွက်သွားပါရော့လား။ ဒါမျိုးအတွေ့အကြုံမရှိတော့ ညီအစ်မနှစ်ယောက် မရှက်မကြောက်အော်ငိုလိုက်ကြတာ အနားက အသက်ကြီးကြီး မိန်းမကြီးတွေက "ဟဲ့ . . . ဟဲ့ . . . လူသိအောင် ငိုမနေကြနဲ့။ နင်တို့အမေသေတာ လူသိလို့ မဖြစ်ဘူး။ မသေသလိုဟန်နဲ့နေ" လို့ဝိုင်းပြောတာကို သဘောမပေါက်ကြဘူး။ အမေသေတာ မသေသလို ဟန်နဲ့နေနိုင်ပါ့မလား။ မနေနိုင်ဘူး။ ငိုမှာပဲ အမေရေ။ သမီးတို့ကို စိတ်ချပြီး ထားခဲ့ပြီလား။ အမေအိမ်ကလေးမှာ ပြန်သေမယ်ဆို။ အိမ်ရောက်အောင်တောင် မစောင့်နိုင်တော့ဘူးလား အမေရဲ့ဆိုပြီး ဟစ် . . . ဟစ်ပြီး ငိုလို့ကောင်းတုန်း။ အလို သင်္ဘောအရာရှိဆိုတဲ့ လူကြီးက ဘာပြောလိုက်တာလဲ။ သင်္ဘောပေါ်မှာ လူသေရင် ပင်လယ်ထဲပစ်ချရမယ်။ ထုံးစံရှိတယ် ဟုတ်လား။ အမယ်လေး . . . အမေ့ကို ပင်လယ်ထဲ ပစ်ချရမယ်တဲ့။ ဟင့်အင်း မပစ်ချနိုင်ဘူး။ မြို့ကို ယူသွားမယ်။ အိမ်အထိ ယူလို့မရရင် မြို့ပြင်က ဇရပ်မှာထားပြီး သင်္ဂြိုဟ်မယ်။

ကိုယ်ချင်းစာပါဦး။ အန်ကယ်ကြီးရယ်။ ရှင့်အမေ မဟုတ်တဲ့ အတိုင်းပါပဲလား။ ရှင့်အမေဆိုရင်တော့ အခုသေ အခုပင်လယ်ထဲ ပစ်ချ

www.burmeseclassic.com


ရက်မလား။ ဒါဟာ ကျွန်မတို့ကို အဖေမရှိဘဲ လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ပြုစုခဲ့တဲ့ အမေရှင့် အမေသိရဲ့လား။ စည်းကမ်းတွေ အစဉ်အလာတွေ လာမပြောနဲ့ မသိဘူး။ ပင်လယ်ထဲ ပစ်ချလို့ကတော့ အမေ့အသားကို ရေသတ္တဝါတွေ စားကုန်မှာပေါ့။ အမယ်လေး အမေရဲ့ မတွေးဝံ့စရာပါလား။ တောင်းပန်ပါတယ်။ အန်ကယ်ကြီးရယ်။ ကျွန်မတို့ အန်ကယ်ကြီးကို ဘာပဲပေးရ ပေးရ အမေ့အလောင်းကိုတော့ ယူသွားပါရစေရှင် . . . ယူသွား"

"ဟော . . . ပြောရင်း ငိုရင်း တက်သွားပြီ လုပ်ကြပါဦး။ ခြေမချိုး ပေါင်ရင်းကြောကို နာနာနှိပ် ဟဲ့ . . . ဟဲ့ ဒီဘက်ကို စုပ်ပြုပြီး မလာ ကြနဲ့။ သဘော်ာတစ်ခြမ်းစောင်းနေပြီ။ ဘုရား . . . ဘုရား"

●

ရေပတ်လည် ဝိုင်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုဆိုလျှင် ဒီရွာကလေးကို ဘယ်လိုခေါ်ရင် သင့်တော်မလဲ။ သူကြီးအုပ်ချုပ်တဲ့ ရွာကလေးက တောင်မရှိ၊ ကုန်းမရှိ သမန်းပြင်သက်သက်မှာ ကျပ်စင်ထိုးတည်ထားတဲ့ ရွာဖြစ်လေတော့ ဒီရွာမျိုးကို ဘယ်လိုခေါ်မလဲ။ ကျွန်းလို့ခေါ်ရင် မမှန်ဘူးထင်တယ်။ ရေပေါ်က ရွာလို့ခေါ်ရင် နီးစပ်မလား။ မြေဆိုလို့ နင်းစရာ မရှိ။ ရေပြည့်ရင် ပင်လယ်ထဲမှာ ရွာပေါ်နေပြီး ရေကျရင်တော့ သမန်းပြင်မှာ ပေါ်နေတဲ့ရွာ။ တစ်အိမ်နဲ့ တစ်အိမ်အကူးအသန်းမှာ မမေသားတွေကို သံမရိုက်ဘဲ ခင်းထားတဲ့ ကျပ်လုံးစီ တံတားတွေက ခနော်နီခနော်နဲ့ ထိုးထိုးထောင်ထောင်။ ကျပ်လုံးစီ ရွာလယ်တံတားကြီးပေါ်မှာတော့ ရွာသားတွေ လျှောက်နေလိုက်ကြတာ ဖိုးဖိုးဇတ်ဇတ် ဖြိုးဖြိုးဖျတ်ဖျတ်နဲ့ အကျမတော်လို့ကတော့ အောက်က သစ်ငုတ်တိုနဲ့မတွေးဝံ့စရာ။ ပစ္စည်းတစ်စုံတစ်ခု ကျသွားရင်တောင် ကောက်ယူပြန်ရဖို့ မလွယ်တဲ့ကိစ္စ။

www.burmeseclassic.com

အသက်မွေးတာကလည်း တံငါအလုပ်ဆိုတော့ ငါးတွေ၊ ငါးပိတွေ အမြဲထုတ်လုပ်တဲ့ရွာ။ ဒီကဖြစ်လာတဲ့ အညစ်အကြေးအပုတ်အစပ်တွေကို နေ့စဉ်သိမ်းဆည်း သန့်စင်ဖို့ဆိုတာ မလွယ်ဘူး။ အဲဒီပတ်ဝန်းကျင် သန့်ရှင်းရေးကို ပင်လယ်ရေက တာဝန်ယူဖြေရှင်းပေးတယ်။ ဒီရေတက်ပြီး ပြန်ကျသွားရင် အညစ်အကြေးတွေကို ဒီရေက ဆွဲချသိမ်းယူသွားရော။ ရေငန်ငွေ့က အနံ့အသက်တွေကို သိမ်းကြုံးဆွဲယူငင် သွားတဲ့သဘော။ ဒီလိုကူပံ့မှုတွေနဲ့ ပင်လယ်ရေပေါ်မှာ ပျံ့ဝဲနေတဲ့ ရွာကလေးမှာ အကြီးမားဆုံး အခက်အခဲက သောက်ရေ သုံးရေ အခက်အခဲပါပဲ။ ရေပေါ်မှာ တည်ထားပြီး ရေအခက်အခဲ ရှိတဲ့ ရွာကလေးဆီကို ပင်လယ်ရေလှိုင်းနဲ့အတူ အလုံပိတ်တိုင်ကီတစ်လုံး ရောက်လာပါတော့တယ်။ ငါးကျပ်စင်တွေအောက်က သစ်ငုတ်တိုတွေကြားမှာ ငြိတင်ကျန်ရစ်တာမို့ ကျပ်စင်ပိုင်မိန်းမနှစ်ယောက်က တိုင်ကီကို သူရသင့် ငါရသင့် အငြင်းပွားရန်ဖြစ်လိုက်ကြတာ ဆဲရေးသတ်ပုတ်တဲ့အထိ ရောက်ကရောပါပဲ။

သောက်ရေသုံးရေကို ခပ်ဝေးဝေးက တစ်ကျွန်းတောင်ခြေမှာ သွားသယ်ရတာမို့ ဒီတိုင်ကီရလို့ကတော့ တန်ဖိုးမနည်းဘဲကိုး။ ဒီအမှုသူကြီး ဆီရောက်လာတော့ သူကြီးက သူဆိုင်တယ် ငါဆိုင်တယ်ဆိုပြီး အငြင်းပွားတဲ့ မိန်းမနှစ်ယောက်ကိုလည်း စိတ်မဝင်စားဘူး။ တိုင်ကီကိုလည်း စိတ်မဝင်စားဘူး။ တိုင်ကီထဲက ပစ္စည်းကိုပဲ စိတ်ဝင်စားတယ်။

တစ်လောက မြို့ပေါ်ရောက်တုန်းက ကြည့်ခဲ့ရတဲ့ ဗီဒီယိုကားထဲမှာ ပင်လယ်ထဲ စက်လှေမြုပ်လို့ ရေစီးကြောင်းနဲ့အတူ မျောပါလာတဲ့ တိုင်ကီကို ဆယ်ကြည့်တော့ အဖိုးတန် ဒီဇယ်တွေ ဖြစ်နေသတဲ့။ ဒီလိုများဖြစ်လို့ကတော့ သူကြီးတော့ ပွပြီပေါ့။ အခုလည်း ပင်လယ်ပြင်တစ်နေရာမှာ လှေမှောက်တာလား သင်္ဘောနစ်တာလား တစ်ခုခုဖြစ်နေပြီ ထင်တယ်။ အဲဒီက မျောလာပြီး သူ့ရွာက သမန်းပြင်မှာ လာတင်တာဆိုတော့ သူမတွေ့ပေမယ့် သူနဲ့လည်း ဆိုင်ပြီးသားလို့ သူကြီးက သူ့ဖာသာ ဆုံးဖြတ်

www.burmeseclassic.com


တယ်။ တိုင်ကီကို သူရသင့် ငါရသင့် အငြင်းပွားနေတဲ့ မိန်းမနှစ်ယောက်ကို မဲစနစ်နဲ့ ခွဲပေးမယ်လို့ နှစ်သိမ့်လိုက်ပြီး တိုင်ကီထဲက ပစ္စည်းကိုတော့ ရပ်ရွာပိုင်အဖြစ် သိမ်းတယ်လို့ ခပ်တည်တည်နဲ့ ဖိန့်လိုက်တာ ကျေနပ်သွားကြပါရော။ ဒီလိုနဲ့ တစ်ယောက်စကား တစ်ယောက်နားကြားလို့ သူကြီးအိမ်ရှေ့မှာ ရွာသားတွေရော၊ ကလေးတွေရော၊ ခွေးတွေပါ တရုန်းရုန်း ဆူညံလို့။ အားလုံးဟာ တိုင်ကီထဲက ပစ္စည်းကို စိတ်ဝင်စားနေကြတယ်။ ဖွင့်မှာဖြင့် မြန်မြန်ဖွင့် ဖောက်မှာဖြင့် မြန်မြန်ဖောက်ပါပေါ့။

ဒီဒေသက (ကပ်ပ) လို့ခေါ်တဲ့ အသွားထက် ပေါက်ဆိန်ကြီးနဲ့ အားကောင်း မောင်းသန် ယောကျ်ားနှစ်ယောက် ချွေးပြိုက်ပြိုက်ကျအောင် ရိုက်ဖျက်နေတာတောင် တိုင်ကီအဖုံးက တော်ရုံတန်ရုံနဲ့ မပွင့်ဘူး။ ဒီလောက်မြဲနေပုံထောက်ရင် ဒီဇယ်ဆီတွေမှ ဟုတ်ရဲ့လား။ ဒီဇယ်ထက် အဖိုးတန်တာ တစ်ခုခုများလား။ ရွာသားတွေကလည်း တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ အမျိုးမျိုးပေးလို့ ဒီဇယ်ဆီမဟုတ်ရင် စားအုန်းဆီလည်း ဖြစ်နိုင်တယ်ပေါ့။ စားအုန်းဆီ ဖြစ်နေရင် သူကြီးက သဘောကောင်းပြီး တစ်အိမ်ကို ငါးဆယ်သားဆီပဲ ဝေဦးတော့။ သူကြီးရဲ့ စိတ်ကူးထဲမှာတော့ ဥစ္စာစောင့် ပုံပြင်ထဲကလို ဖွင့်လိုက်တာနဲ့ အထဲက ရွှေမန်ကျည်းတောင့်တွေ ထွက်လာမလား။ သူတို့ အားထားရတဲ့ မကန်ရှင်ကြီးနတ်ကများ မလိုက်လေမလား။ မျှော်လင့်ချက်နဲ့ လောဘတက်နေတဲ့ သူကြီးမျက်လုံးတွေ အရောင်တဖိတ်ဖိတ် တောက်နေတယ်။

ခက်ခက်ခဲခဲ အချိန်အတော်ကြာဖွင့်မှ တိုင်ကီအဖုံးလည်း ဝုန်းကနဲ့ ပွင့်သွားရော တိုင်ကီထဲက ထွက်လာတာက အများမျှော်လင့်ထားသလို ဒီဇယ်ဆီလည်း မဟုတ်ဘူး။ စားအုန်းဆီလည်း မဟုတ်ဘူး။ ရွှေမန်ကျည်းတောင့်လည်း မဟုတ်ဘူး။ ထောင်းကနဲ ထွက်လာတဲ့ ပုပ်အဲ့အဲ့အနံ့ဆိုးတွေကြောင့် ဝိုင်းအုံကြည့်နေကြတဲ့ ရွာသားတွေ နှာခေါင်းပိတ်ပြီး ပြေးလိုက်ကြတာ အိမ်ရှေ့မှာ သူကြီးနဲ့ တိုင်ကီကို သဲကြီးမဲကြီး ထိုးဟောင်နေ

www.burmeseclassic.com

တဲ့ခွေးတွေပဲ ကျန်တော့တယ်။ ကဲ . . . လောဘကြီးတဲ့ သူကြီး တိုင်ကီထဲက ပစ္စည်းကို လိုချင်ဦးလေ။

●

အဲဒီအချိန်မှာ လူတစ်စုဟာ စက်လှေစင်းလုံးငှားပြီး ပင်လယ်ပြင် လှိုင်းလှေကြားမှာ မျောပါနေမယ်ထင်ရတဲ့ တစ်စုံတစ်ရကြို သဲကြီးမဲကြီး ရှာဖွေနေကြတယ်။

ရုတ်ချည်း အုံ့ဆိုင်းညို့မှိုင်းလာတဲ့ ကောင်းကင်ကြီးက မိုးသီး မိုးပေါက်တွေ ဖြုန်းဖြုန်းညံအောင် ရွာချလိုက်ပြီး မောဟဇောကပ်နေတဲ့ အပူသည်တစ်စုကို "ရေအဆုံး ကုန်းတစ်ဝက်" လို့ အော်မြည် သတိပေး နေလေရဲ့။

**မိုးဂျာနယ်၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ**

www.burmeseclassic.com



ပင်လယ်ပြာရဲ့
တေးသံ

www.burmeseclassic.com

# ပင်လယ်ပြာရဲ့တေးသံ

ဒီနေ့ ကျုပ်သမီး တက္ကသိုလ်ကျောင်းသူကြီး ပြန်လာမယ့်နေ့။ ဒါကြောင့် တစ်အိမ်သားလုံး အလုပ်များနေကြတယ်။ သူ့အစ်ကိုကြီးက တော့ စောစောစီးစီး ခြံထဲဝင်သွားပြီး သူ့ညီမအကြိုက် နပ်လည်းနပ် မာလည်းမာ အမွှာလည်း မပျက်တဲ့ ဒူးရင်းသီးကောက်ဖို့လေ။ ငွေးဖောင်ခံ တဲ့ဆီ လိုက်ဆင်းဖို့ အမြဲနှိုးဆော်ရတဲ့ သူ့အစ်ကိုငယ်တောင် သူ့ညီမ အကြိုက် ပုစွန်ဘော့ချိတ်ကြီးတွေ ရလိုရငြားဆိုပြီး ကောက်ထသွားလေရဲ့။ သူ့မယ်မယ် (အမေ) ကတော့ အားလုံးထဲမှာ အလုပ်အရှုပ်ဆုံးပေါ့။ မီးခိုး တအူအူနှင့် ကြော်လိုက်၊ လှော်လိုက်၊ ဖုတ်လိုက်၊ ကင်လိုက်နဲ့ မီးဖိုချောင် ကကို မထွက်တော့ဘူး။ ကျုပ်ထမင်းပွဲအုပ်ဆန်ကာကို မ,ကြည့်တော့ အလိုလေး . . . ဟင်းအမယ်တွေ များလှပါလား။

ကြက်သားနဲ့ နာနတ်သီးချိုချဉ်ချက်က တစ်ခွက်၊ ကင်းမွန် ကောင်တွေအထဲမှာ ကောက်ညှင်းထည့်သိပ်ထားတဲ့ အချိုပေါင်းက တစ် ခွက်၊ "ဟင်းချိုမ" ဆိုတဲ့ ငါးကို အကောင်လိုက် စပါးလင်၊ ချင်း၊ ခေါပြား ရိုက်ချက်ထားတဲ့ အလယ်တည်ဟင်းက တစ်ခွက်၊ ဂေါရပ်လို့ခေါ်တဲ့ ငါး

www.burmeseclassic.com

ငယ်တွေကို ပအုန်းရည်နဲ့ ပြုတ်ထားတာက တစ်ခွက်။ ဟ . . . ဒီမှာလည်း ပအုန်းရည်ပိဖျော်ကြီးတစ်ခွက်ပါလား။ ဒီနေရာမှာ ပအုန်းရည်အကြောင်း နည်းနည်းပြောချင်သေးတယ်။ ပအုန်းရည်ဆိုတာ ဓနိကထွက်တဲ့ အချဉ်ရည် (ရှလကာရည်) တစ်မျိုးပါ။ ကျုပ်တို့ဆီမှာ ငါးပိသုတ်သုတ်ရင် ပအုန်း ရည်သုံးတယ်။ ကပ်ကြေးကိုက် ကြော်ရင်လည်း ပအုန်းရည်သုံးတယ်။ ပုစွန်စိမ်းကောမျှား လုပ်တော့မယ်ဆိုရင် ပုစွန်စိမ်းကို ပါးပါးလှီးပြီး ပအုန်း ရည်ထဲ တစ်နာရီလောက် ပစ်ထည့်ထား။ ပြီးမှ ငရုတ်စိမ်း၊ ကြက်သွန်နီ စိမ်း၊ ငရုတ်ကောင်းထည့်ပြီးသုတ်၊ အိုး . . . ထမင်းမြိန်လိုက်မယ့်ဖြစ်ခြင်း။ မြို့မှာ ဘိုလို (အော်တိုပတ်စ်) လို့ခေါ်တဲ့ ဘဝဲကောင်ကို စိမ်းကောလုပ် ရင်လည်း ဒီနည်းအတိုင်းပါပဲ။

"ဘယ်လိုလဲ စောစောစီးစီး ဆာနေပြီလား"

ကျုပ်ထမင်းဝိုင်းကို စပ်စုနေတာ မြင်လို့ ကျုပ်မိန်းမက လှမ်းမေးနေတယ်။

"မဆာပါဘူးဟ။ ထမင်းဝိုင်းမှာ စုံလွန်းလို့ ကြည့်နေတာ။ သမီးကို စောင့်ဦးမယ်။ သမီးလာမှ စားမယ်"

သူ့အမေက မီးကျီခဲပေါ်က ရှပ်အစိုကင် မွှေးမွှေးကလေးကို ဘယ်ညာလှည့်ပေးရင်း ကျုပ်ကို ပြုံးပြီးကြည့်နေတယ်။ ဒီနေ့ဟာ သမီးပြန်လာမယ့်နေ့မို့ သမီးဆီပဲ အားလုံးက အာရုံရောက်နေကြတာ။ သဲသောင်စပ်ကရတဲ့ ရှပ်ဆိုတဲ့ ခရုကောင်တွေကို ဝါးတံမှာ သီပြီး ကျက်တယ်ဆိုရုံကလေး မီးမှာပြ၊ သံပုရာရည်ညှစ်စားရင် ဆွေမျိုးမေ့အောင်ကောင်းတာမို့ ဒါလည်း သမီးအကြိုက်လေ။ ရန်ကုန်မှာတော်သမျှ အတိုးချစားပါစေတော့ ရယ်လို့ စီစဉ်နေကြတာ။

မကြာခင် ဒူးရင်းသီးတွဲကြီးတွေ ထမ်းပြီး အကြီးကောင်ရောက်လာပါတော့တယ်။ ငွေးဖောင်ထဲ ဆင်းသွားတဲ့ကောင်ကတော့ ရေတက်နဲ့မှ ပြန်ရောက်မယ် ထင်ပါရဲ့။ ဟော စက်သံကြားနေရပြီ။ ကြည့်စမ်း . . . ပွဲ

www.burmeseclassic.com


ချိတ်က အိမ်အနောက်ကို တန်းဝင်လာတဲ့အသံပါလား။ အဲဒီ သမီးဟာလေ သူ့ဦးရီးကို အနိုင်ကျင့်လာပြန်ပြီ ထင်ပါရဲ့။ ဆိပ်ဦးကနေ မတက်ဘဲ အိမ်ရောက်ချင်ဇောနဲ့ အိမ်နောက်ဘက်ရေထဲမှာ ထုတ်ထားတဲ့ ငါးလှန်းကျပ်စင်ကနေ တက်လာတော့မယ် ထင်ပါရဲ့။

"ဘဘရေ . . . မယ်မယ်ရေ"

အစစ်ပေါ့၊ ကျုပ်သမီးရဲ့ အသံစာစာလေး။ လူမမြင်ရခင် အသံကြားရုံနဲ့ ချစ်ခင်ဖွယ်ကောင်းတဲ့သမီး။ ကျုပ်ရော သားကြီးပါ ကျပ်စင် ဘက်ပြေးထွက်လာကြတယ်။ သူ့အမေက ဝတော့ သူ့ကိုယ်သူ မသယ် နိုင်ဘူး။ အနောက်မှာလေ အိပဲ့ . . . အိပဲ့ . . . နဲ့။

"ဟေး . . . သမီး"

ကျုပ်သမီးဟာ ရေမှာကြီးတဲ့သမီးမို့ ရေကိုလည်း မကြောက်။ လှေကိုလည်း မကြောက်။ ကြည့်ပါလား။ စက်သပ်ထားတဲ့ လှေပေါ်မှာ မတ်တပ်ရပ်ပြီး အိမ်သားတွေကို နှုတ်ဆက်နေလိုက်တာ။ ကျပ်စင်ရင်းမှာ လှေထိုးဆိုက်လို့ သေသေချာချာကြည့်မိတော့ သမီးတစ်ယောက်ထဲ မဟုတ်ပါလား။ သမီးရဲ့နံဘေးမှာ ဧည့်သည်နဲ့။

ဟင် . . . ဧည့်သည့်ကလည်း ယောကျ်ားလေး ဧည့်သည်။ ကျပ်စင်တိုင်ကို ရိုက်ပုတ်နေတဲ့ လှိုင်းရဲ့အရှိန် ကြောင့် လှုပ်နေတဲ့ လှေနံကို ခပ်တင်းတင်းဆုပ်ပြီး မျက်နှာပျက်ပျက်နဲ့ ကြောက်ရွံ့ထိတ်လန့်ပုံပေါ်နေတဲ့ သမီးအရွယ် ကောင်လေးတစ်ယောက်။

"ဟဲ့ . . . သမီး။ ဟိုမှာ ဘယ်သူလဲ ခေါ်လေ ဧည့်သည်ကို"

ရေတိုးလို့ လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတဲ့ ကျပ်လုံးစီလှေကားက ဖျိုးဖျိုးဖျတ်ဖျတ် တက်လာတဲ့ သမီးကို သတိပေးလိုက်မှ သမီးက သူ့ဧည့်သည်ကို သတိရတယ်ထင်ပါရဲ့။

"ကိုတိုး . . . လာလေ။ ဘာမှ မဖြစ်ပါဘူး။ ရဲရဲသာတက် အစ်ကိုကြီး ဧည့်သည်ကို ဆွဲတင်လိုက်ပါဦး"

www.burmeseclassic.com

ဒီလိုနဲ့ ဟိုသားငယ် (သားငယ်ဆိုတာ ကျုပ်တို့ဒေသမှာ လူပျို လူရွယ်ကို ခေါ်တဲ့ အခေါ်) အပေါ်ကို ယိုင်ထိုးယိုင်ထိုးနဲ့ ရောက်လာပါတော့တယ်။

"ဟောဒါ သမီးနဲ့ မေဂျာအတူတူပဲ။ ကိုအောင်တိုးဦးတဲ့။ ရန်ကုန်ကပါ။ ရွာကို အလည်လိုက်ချင်တယ်ဆိုလို့ ခေါ်လာတာ"

သမီးက အပိုအဆာတွေ မပါဘဲ သူ့ဧည့်သည်ကို အိမ်သား တွေနဲ့ မိတ်ဆက်ပေးတော့ သူ့အစ်ကိုကြီးက မျက်နှာမကောင်းလှဘူး။ ကျုပ်လည်း အခြေအနေကို ထိန်းတဲ့အနေနဲ့ . . .

"ကဲ . . ကဲ . . . ပြီးမှ ပြောကြတာပေါ့။ လာကြ လာကြ ဟိုသားငယ် နားပါစေဦး"

အိမ်ထဲရောက်တော့ သားကြီးနဲ့ကပ်လျက် အခန်းမှာ ဧည့်သည်ကို နေရာချပေးလိုက်တယ်။ ဟုတ်တယ်လေ။ ကောင်လေးက ပျော့တိပျော့ဖတ်ကလေးရယ်။ လေယာဉ်ပေါ်ကဆင်းပြီး ကုန်းလမ်းအဆုံးအထိ ကားစီး။ ဒီဘက်ရောက်တော့ ပဲ့ချိတ်နဲ့မြစ်ကို ကန့်လန့်ဖြတ်ပြီးမှ ရွာကိုရောက်တာဆိုတော့ အတွေ့အကြုံမရှိရင် အတော့်ကို နွမ်းတဲ့ခရီး။

အဲဒီမနက်က ထမင်းဝိုင်းဟာ ဟင်းတွေစုံပေမယ့် စိုပြည်သင့်သလောက် မစိုပြည်ဘူး။ သားကြီးက မယ်မယ်တို့ စားနှင့်ကြဆိုပြီး ရွာထဲထွက်သွားလေရဲ့။ ထမင်းဝိုင်းမှာတော့ ကျုပ်သမီးက အရင်အတိုင်းပဲ စကားတွေ ဖောင်ဖွဲ့လိုက်။ "သိလား မယ်မယ်၊ သိလား မယ်မယ်"နဲ့ သူ့ရန်ကုန်အတွေ့အကြုံတွေ ပြောပြနေလေရဲ့။ ဟိုဧည့်သည်ကောင်လေး ပန်းကန်ထဲကိုလည်း ငါးပြုတ်တွေ၊ ရှပ်ကင်တွေ ထည့်ပေးထားတာ တောင်လိုပုံလို့။ ကောင်လေးဟာ ပင်လယ်အစာတွေကို စားနိုင်ပုံ စားတတ်ပုံ မပေါ်ဘူး။ သမီးကတော့ သူ့မယ်မယ် စပယ်ရှယ်ဖျော်ထားတဲ့ ပအုန်းရည်ပိဖျော် (ပအုန်းရည်နဲ့သုတ်ထားတဲ့ ငါးပိသုတ်) ကို မြိန်ရေယှက်ရေစားပြီး မျက်ရည်ထွက်အောင် စပ်နေလေရဲ့။

www.burmeseclassic.com


ညနေစောင်း အငယ်ကောင် ပြန်လာတော့ ပြဿနာစတက်တော့တာပဲ။ သူ့ညီမစားဖို့ သူကိုယ်တိုင် ဆင်းဖော်ထားတဲ့ ဘော့ချိတ်တောင်းကြီးပစ်ချပြီး ညီမကို ကျပ်စင်စွန်းအထိ ခေါ်သွားတော့တာပဲ။ ကျုပ်က ငွေးခံပိုက်တွေ ကျပ်စင်ပေါ်မှာ နေလှန်းနေခိုက်ဆိုတော့ သူတို့ပြောတာတွေ အားလုံးကြားနေရတယ်။ ညွှေ့သည်ကောင်လေး အိမ်မှာ မရှိလို့ တော်သေးရဲ့။ ကောင်လေးက ရွာထိပ်က ရေတွင်းမှာ ရေသွားချိုးတုန်းလေ။

"နင်ဘာအချိုးချိုးတာလဲ သမီးရဲ့။ ရည်းစားကို အိမ်ခေါ်လာရသလား"

"ဟာ . . . ရည်းစားမဟုတ်ပါဘူး အစ်ကိုငယ်ရဲ့။ အင်း . . . သူကတော့ သမီးကို ကြိုက်တာပေါ့လေ။ သမီးက သူ့ကို မကြိုက်ဘူး။ ခင်ပဲခင်တယ်။ မေဂျာချင်းလည်း တူတာမို့ ခင်တာလောက်ပါပဲ။ အဲဒါ သမီးဆီက အဖြေမရရင် သေပါတော့မယ်ဆိုပြီး တဂျီဂျီလုပ်နေလို့ သမီးက ဒီအိမ်၊ ဒီရွာနဲ့ ဒီပင်လယ်ပြင်ကြီးကို သိပ်ချစ်တယ်။ ဒါတွေနဲ့ ခွဲပြီး ရန်ကုန်လို့ မြို့ကြီးပြကြီးမှာ မနေနိုင်ဘူး။ ကျောင်းပြီးရင်လည်း ရွာက မူလတန်းကျောင်းမှာပဲ ဆရာမလုပ်မှာ။ ဘဘတို့ မယ်မယ်တို့နဲ့ပဲ နေမှာ။ ဟောဒီပင်လယ်ကြီးက ထွက်တဲ့ ငါး၊ ပုစွန်၊ ကဏန်းတွေကိုပဲ စားမှာ။ ဒါကြောင့် သမီးလို နေနိုင်စားနိုင်ရင် လက်ခံမယ် လိုက်ပြီး လေ့လာကြည့်ဆိုပြီး ခေါ်လာတာ"

ကျုပ်တော့ ကျုပ်သမီးကို သဘောကျသွားပြီ။

ကျုပ်သမီးဟာ ငယ်ငယ်ကတည်းက အစ်ကိုနှစ်ယောက်ကြားမှာ ကြီးပြင်းလာရလို့ နည်းနည်း ကျားကျားလျားလျား ဖြစ်ပြီး ခပ်ကြမ်းကြမ်း ဖြစ်နေတာ တစ်ခုပဲ။ ကျန်တဲ့ အတွေးအခေါ် လှုပ်ရှားမှုတွေက မိန်းမဆန်ပါတယ်။

"အေး . . . ငါကတော့ ရှုပ်ရှုပ်ယှက်ယှက်ဆို မရဘူးနော်။ လင်မယူရဘူး မပြောဘူး။ လက်ကြောမတင်းတဲ့ကောင်ဆိုရင် ဆောရီးပဲ"

 www.burmeseclassic.com

"အင်းပါ အစ်ကိုယ်ရဲ့။ အခုလည်း သူ့ကို ပညာပေးလိုက်ပြီလေ။ ရွာထိပ်က ရေတွင်းမှာ ရေချိုးဖို့လွှတ်လိုက်တာ။ ခုနေဆို လူတွေဝိုင်းကြည့်လို့ ဘယ်လောက် စိတ်ညစ်နေပြီလဲမသိ ဟီဟိ"

ဟုတ်တယ်။ ဟုတ်တယ်။ ကျုပ်တောင် ကွမ်းသွေး ပျစ်ခနဲထွေးပြီး သမီးနဲ့အတူ လိုက်ရယ်မိသေးတယ်။ အဟက် . . . ဟက်။ ကျုပ်တို့ရွာက ခွေးနှစ်ကောင်ကိုက်တာတောင် အုံကြည့် စပ်စုတတ်တဲ့ ရွာကလား။ ဒီလို မြို့သားတစ်ယောက် ရေချိုးနေရင်တော့ ပျိုပျို အိုအို ကလေးရောခွေးပါ အုံကြည့်လိုက်ကြမယ့် ဖြစ်ခြင်း။ ရေချိုးခန်းအလုံနဲ့ ချိုးနေကျမြို့သားကောင်တော့ အကြီးအကျယ် ခွကျနေမှာ မြင်ယောင်သေးတယ်။

"အစ်ကိုယ်ကလည်း အဲဒီမျက်နှာ ရှစ်ခေါက်ချိုးကြီးကို ပြင်လိုက်စမ်းပါ။ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို အရောမဝင်ချင်နေ။ အလိုက်အထိုက်ပေါ့။ စိတ်ချ။ သမီးသူ့ကို မကြိုက်ပါဘူး။ ကြိုက်ချင်းကြိုက်အထက်သားချင်းအတူတူ ဆရာလေး ကိုရန်နိုင်ကို ကြိုက်မှာပေါ့"

"ဟဲ့ . . . ကောင်မလေး ဒါ အစ်ကို့ကိုပြောရမယ့် စကားလား"

သူ့အစ်ကိုကခေါင်းကိုပုတ်ပြီး ထွက်သွားတော့ ဒီစကားကို ကျုပ်ကြားရဲ့သားနဲ့ မကြားချင်ယောင် ဆောင်လိုက်ရတယ်။ ဆရာလေးကိုရန်နိုင်ဆိုတော့ ကျုပ်သားအငယ်ကောင် မျက်နှာကြီးပြုံးလို့။ သူအထင်ကြီးပြီးသား ဆရာလေးကိုရန်နိုင်က အထက်မြို့ကနေ ကျုပ်တို့ရွာမှာ ကျောင်းဆရာလာလုပ်တာ ရှစ်နှစ်လောက်ရှိပြီ။ သိပ်အနေတည်တယ်။ မိဘတွေမရှိတော့လို့ ကျောင်းပိတ်တာတောင် အထက်မြို့ကို မပြန်ဘဲ တနင်္သာရီဘက်တက်ပြီး ကွမ်းသီးခြောက်အရောင်းအဝယ် လုပ်တယ်။ ကျုပ်တို့အိမ်အဝင်အထွက်ရှိပြီး ဘယ်အရေးကိစ္စမဆို ဆွေးနွေးတိုင်ပင် အကူအညီတွေပေးနေကျ။ ကျုပ်သမီး ဆယ်တန်းအောင်တာလည်း ဆရာလေးကျေးဇူးမကင်းဘူး။ သူခန့်မှန်းပေးတဲ့ ခန့်မှန်းမေးခွန်းတွေ အတော်များများပါလာလို့ ကျုပ်သမီး ဆယ်တန်း နှစ်ချင်းပေါက်အောင်တာ။

www.burmeseclassic.com


ကျုပ်တောင် ကျုပ်သမီးကို ဆရာလေးနဲ့ဆို သဘောတူတယ်။ အဲ . . . ဆရာလေးကလည်း သဘောကျ နှစ်ခြိုက်မယ် ဆိုရင်ပေါ့။ တော်တော်လေးကြာတော့ ရေချိုးရာက ပြန်လာတဲ့ ညှော့သည်ကောင်လေးဟာ အဝတ်အစားသစ်လဲလို့။ ရေမွှေးနံ့လား။ ပေါင်ဒါနံ့လား မသိတဲ့ အနံ့ကလေးကလည်း ငါးပုစွန်တွေ အခြောက်လှန်းထားတဲ့ ညှီစို့စို့ ကျပ်စင်ပေါ်မှာ တသင်းသင်းနဲ့ပေါ့။

ကျပ်လုံးတွေ စီခင်းထားတဲ့ လှုပ်လှုပ်လိမ့်လိမ့် ကျပ်စင်ရဲ့အစွန်းဆီကို ခမျာမှာ အတော်ကြိုးစားလျှောက်သွားပြီး အောက်မှာ မြစ်ရေဆင်းကူးနေတဲ့ သမီးကို စကားလှမ်းပြောနေလေရဲ့။

"စိုးသာလွန်ရေ . . . ညှီနံ့နံ့နေတဲ့ ဒီရေညစ်ပတ်တွေ ဆင်းကူးနေတာ မရွံ့ဘူးလား"

"မညစ်ပတ်ပါဘူးဟ။ စောစောက ညစ်ပတ်တာတွေကို ဒီရေက ဆွဲချသွားပြီ။ ရေတက်ရေကျ ရှိတဲ့နေရာဟာ ဒီရေရဲ့ ကူညီဆေးကြောမှုကို ခံနေရလို့ ထင်သလောက် မညစ်ပတ်ပါဘူး။ ရန်ကုန်မှာကတည်းက ရွာရောက်ရင် ရေအပြတ် ကူးပစ်မယ်လို့ စိတ်ကူးထားတာပါ"

"ကူးချင်ရင် ရေကူးကန်ရှိတာပဲ သွားကူးပါလား"

"မတူဘူးဟဲ့။ မတူဘူး။ ရေငြိမ်နဲ့ ရေစီး ကူးတဲ့အရသာချင်း မတူဘူး"

သမီးက ပြောလည်းပြော ကူးလည်းကူး။ တကယ့်ဖျံမလေးအတိုင်း ရှစ်နှစ်သမီးအရွယ်လောက်ကတည်းက ကျပ်စင်စွန်းကနေ ဒိုင်ဗင်ထိုးလေ့ရှိတဲ့ သမီးမို့ ရေကူးကျွမ်းလှတဲ့သမီးကို မြို့သားကောင်လေးက အထူးအဆန်းလို ငုံ့ကြည့်လို့။

●

www.burmeseclassic.com

ဒီမနက်တော့ သမီးဟာ သူ့ညွှေ့သည်ကို မြို့ထဲက ဘုရားတွေ ပို့မယ်ဆိုပြီး ရွာကနေ ပွဲချိတ်နဲ့ ဒီဘက်ကမ်း ကူးခဲ့ကြတယ်။ ကျုပ်လည်း ဒီဘက်ကမ်းမှာ ကိစ္စလေးတစ်ခုရှိလို့ အတူပါလာတယ်။ ဒီဘက်ကမ်း ရောက်တော့ သမီးက သူ့ဦးရီးအိမ်ကိုဝင်၊ သူ့ဦးရီးစီးနေကျ ကျောက်စိမ်း ဆိုင်ကယ်ကလေးထုတ်၊ ဆီဖြည့်နဲ့ အလုပ်ရှုပ်နေတော့တယ်။ ကျုပ်သမီးက သူ့အစ်ကိုတွေလို ဘောင်းဘီရှည်ကြိုက်သမားဗျ။ ငယ်ငယ်တည်းက ဘောင်းဘီဝယ်ရင် သုံးထည်ဝယ်ရတယ်။ အခုလည်း ဘောင်းဘီရှည်နဲ့ အင်္ကျီပွပွကြီးဝတ်လို့ သူ့ဆံပင်ကလည်း အုံကောင်းလွန်းတော့ မည်းမည်း ရှည်ရှည်ကြီးပေါ့။ အိမ်ကထွက်ခါနီး သူ့မယ်မယ်က

"ဟဲ့ သမီး . . . ခေါင်းကို ဖဲကြိုးစည်းသွား"

လို့လှမ်းပြောတာကို

"ရပါတယ် မယ်မယ်ရဲ့။ သမီးဆံပင်က စည်းတာထက် ချထား တာ ပိုလှတယ်"

"အညာကပဲ၊ ဂျီအီးစီပဲ"

အငယ်ကောင်က မကြားတကြား သူ့ညီမကို လှမ်းစလိုက်သေး ရဲ့။ ခဏနေတော့ ဆိုင်ကယ်ကို သမီးကရှေ့ကမောင်း၊ ဧည့်သည်ကောင် လေးက နောက်က ကားယားခွပြီး ပါသွားလေရဲ့။ ကျုပ်တော့ ကျုပ်သမီး ကို ယုံတယ်။ ဒီနေ့လည်း ကောင်လေးကို ပညာပြဦးမယ် ထင်ပါရဲ့။ ဆိုင် ကယ်စီးရာမှာ သူ့အစ်ကိုတွေတောင် လက်ဖျားခါလောက်တဲ့ သမီးဟာ ဧည့်သည်ကောင်လေး ရင်တုန်အောင် လုပ်ဦးမှာ သေချာတယ်။

ဒီဒေသမှာတော့ မိန်းကလေး ဆိုင်ကယ်စီးတာ မဆန်းဘူး။ တောရောမြို့ပါ ဆိုင်ကယ်သံ တဖုံးဖုံးနဲ့။ ဒီရွာကနေ ကိုးမိုင်မောင်းမှ မြို့ကိုရောက်မှာ မြို့ရောက်ရင် သိမ်တော်ကြီးစေတီ၊ ဗူးဘုရားစေတီ၊ မျက် နှာချင်းဆိုင်က တောင်ညီနောင်၊ အပြန်မှာ ဗိုလ်တောင်နဲ့ ပေါ်တော်မူဘုရား ပါပို့ခဲ့မယ်လို့ ပြောသွားသေးရဲ့။ သမီးက အဝေးကပြန်လာရင် ဧည့်သည်

www.burmeseclassic.com


မပါလဲ သူ့ဘာသာ သိမ်တော်ကြီးဘုရားကို သွားဖူးနေကျ၊ မြင်းချည်တိုင်လို့ အမည်ရတဲ့ ခယ်တောင်ပေါ်ကနေ ကြည့်ရင် မြို့ကို အပေါ်စီးကမြင်ရပြီး ကျုပ်တို့ရွာကိုတော့ မမြင်ရလောက်ဘူး။ ကျုပ်တို့ရဲ့ စန္ဒား (ငါး ပုစွန်ဖမ်း) ပင်လယ်ဝကိုတော့ ခန့်မှန်းမြင်နိုင်ပါရဲ့"

သမီးရဲ့ ကိုယ်စိတ်နှလုံးထဲမှာ ဒီရေ၊ ဒီမြေ၊ ဒီတော၊ ဒီတောင် ဒီပင်လယ်ပြင်ကြီးကို ချစ်ခင်မြတ်နိုးတဲ့စိတ်တွေ စိမ့်ဝင်ပျံ့နှံ့ပြီး မြန်မာပြည်တောင်ဘက်စွန်းက ကျွန်းရွာသူလေးအဖြစ် တင်စားဂုဏ်ယူရင်း သူ့ရဲ့အိမ်ထောင်ဖက်ကို မှန်ကန်စွာ ရွေးချယ်နိုင်ပါစေလို့ ကျုပ်ဆုတောင်းနေမိတယ်။

ဒီလိုနဲ့ နှစ်ရက် သုံးရက်လောက်ကြာတော့ ကောင်လေးဟာ ကျုပ်အိမ် ကျုပ်ရွာမှာ နည်းနည်းနေသားကျလာပြီ။ ရောက်စကလောက် မျက်စိမျက်နှာ မပျက်တော့ဘူး။ ထမင်းဝိုင်းမှာ စားနေကျမဟုတ်တဲ့ပင်လယ်စာတွေကို ခံတွင်းမတွေ့လှပေမယ့် တသွေသွေ တညင်းညင်းတိုက်ခတ်နေတဲ့ ညနေခင်း ပင်လယ်လေပြည်ကို ရှူရှိုက်ရင်း နေလုံးကြီးဝင်သွားရာ လိမ္မော်ရောင်ကောင်းကင်ကြီးကို တမော့တမောကြီး မျှော်ငေးကြည့်နေတတ်တယ်။

ပင်လယ်ထဲ ရေဆင်းသောက်တဲ့ မှောင်တစ်လီ ညိုတစ်လှဲ့ လင်းတစ်ဝက်ပြာတစ်စိရီ တိမ်ပလီတွေနဲ့ အိပ်တန်းပြန်ငှက်ကလေးတွေရဲ့ မရိုးနိုင်တဲ့ မြင်ကွင်းတွေက ကောင်လေးကို ဆွဲငင်ဖမ်းစားထားဟန် တူပါရဲ့။

"စိုးသာလွန်ရေ။ မင်းတို့ရဲ့ရွာကတော့ တကယ့်သဘာဝတရားကြီးတွေနဲ့ တည်ဆောက်ထားတာပါကွာ။ ကြည့်စမ်း . . . ဆည်းဆာချိန်ညိုမှိုန်မှိန်မှာ အနောက်ဂေါယာဆီ ရွေ့လျားတိုးဝင်နေတဲ့ နေလုံးကြီးရဲ့နှုတ်ဆက်အလှကတော့ အစွမ်းကုန်ငွားစွင့်နေတဲ့ ပန်းတစ်ပွင့်ရဲ့ ပွင့်ချပ်တွေလိုပါပဲ။ နုထွတ်မွတ်စင် လှမျိုးယဉ်ဆင့် အမြင်တင့်ပါပေတယ်။ ညိုမှောင်ရိပ်သန်းနေတဲ့ တောင်တန်းတွေကတော့ ပင်လယ်ပြင်နဲ့သောင်ကမ်း

www.burmeseclassic.com

အလှတွေကို ဘောင်ခတ်ပေးနေသလို ခုံးညားဝင့်ထည်လှပါတယ်။ ဒီကောင်းကင်၊ ဒီပင်လယ်၊ ဒီတောင်တန်း၊ ဒီသောင်ကမ်းတွေဟာ သဘာဝတရားကြီးက လူသားတွေအတွက် ခြယ်မှုန်းဆင်သပေးလိုက်တဲ့ အနုလက်ရာတွေပဲပေါ့။ ဒါဟာသိပ်လှတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ ကမ္ဘာကျော်တေးရေးဆရာကြီး ဗစ်သိုဗင်သာ ဒီအလှအပတွေကို မြင်ရင် ဘယ်လို သံစဉ်တေးသွားတွေ ခံစားဖွဲ့သီမယ် မသိဘူး”

ကျုပ်ဟာ ကောင်လေးရဲ့ စကားတွေကို တစ်စွန်းတစ်စ ကြားလိုက်ရရင်ပဲ ထိတ်ခနဲ ဖြစ်သွားပါတော့တယ်။ ဘယ်လိုလဲ။ ဒီကလေးဟာ ကျုပ်တို့ပတ်ဝန်းကျင်မှာ နှစ်ခြိုက်ပျော်ဝင်နေပြီလား။ ဒါဆိုရင် သမီးက ဒီကလေးကို ရွေးချယ်တော့မှာ ထင်ပါရဲ့။ ကောင်လေးရဲ့ စကားတွေဟာ လက်တွေ့ဘဝနဲ့ မအပ်စပ်လှဘူးဆိုတာ သမီးရိပ်မိတန်ကောင်းပါရဲ့။ ပေါက်ဖွားကြီးပြင်းပုံချင်း မတူညီတဲ့ ဘဝနှစ်ခု ပေါင်းစပ်မယ်ဆိုရင် မခိုင်မြဲတတ်ဘူးဆိုတာ သမီးလေး သတိမှ ပြုမိပါလေစ။

ဒါပေမယ့် သမီးဟာ ကျုပ်ထင်တာလောက် မအဘူး။ နောက်နှစ်ရက် သုံးရက်နေတော့ ကောင်လေး အထုပ်အပိုးပြင်ပြီး ရန်ကုန်ပြန်ဖို့ ပြင်ဆင်နေတာ တွေ့ရတယ်။ အပြန်အတွက် လေယာဉ်လက်မှတ်ကိစ္စကိုတော့ ကျုပ်သားကြီးက လိုက်ပါဆောင်ရွက်ပေးမှာလေ။ ကောင်လေးဗြုန်းစားကြီး ပြန်ဖို့ မြန်မြန်ဆန်ဆန် ဆုံးဖြတ်လိုက်တာဟာ သမီးက ကျုပ်တို့ ငါးပုစွန်တွေခံတဲ့ “စန္ဒား” ဆီကောင်လေးကို ထည့်လွှတ်လိုက်တာလည်း ပါမှာပေါ့။

အဲဒီနေ့က မိုးလေကင်းစင်နေတာနဲ့ ကောင်လေးက (ပျော့သာပျော့တယ်) သမီးအပေါ် သိက္ခာကျမခံချင်တဲ့ ယောကျ်ားမာနကလေးနဲ့ စန္ဒားသွားမယ့် လှေထဲ လိုလိုချင်ချင် လိုက်ဆင်းလာလေရဲ့။ စန္ဒားဆိုတာ ငါးဖမ်းသင်္ဘောတွေ ပိုက်မျှောတွေနဲ့ အနည်းဆုံး လေးမိုင်ဝေးတဲ့ ရေတိမ်သဲခုံမှာ ကျွန်းတွေပေါ်ကရတဲ့ သစ်ဝါးတွေနဲ့ တည်ဆောက်တဲ့ ငါးထောင်

www.burmeseclassic.com


ချောက်တစ်မျိုးပါ။ ထောင်ချောက်ဆိုတဲ့အတိုင်း လှည့်စားမှုအတတ်ပညာကလေးတော့ ပါတာပေါ့။

ရေတက်နဲ့အတူ ပါလာတဲ့ ငါးပုစွန်တွေဟာ စန္ဒားအနီးကို ရောက်တဲ့အခါ စန္ဒားလက်များ ရေစီးအားကြောင့် လှုပ်ရှားအသံမြည်နေတာရယ်။ အဲဒီစန္ဒားလက်တွေကို စိုက်ထူထားတာကြောင့် ငါးတွေဟာ ကြောက်လန့်ပြီး စန္ဒားအိမ်ထဲ ပြေးဝင်ကြတယ်။ စန္ဒားအိမ်မှတစ်ဆင့် ရေ ရဲ့တွန်းအားကြောင့် ကွန်တောင်ပိုင်းသို့ ရောက်ကာ နောက်ဆုံးပိုက်အိတ်ထဲ စုပုံရောက်ရှိသွားတော့တယ်။

အဲဒီမှာ မိတဲ့ငါးတွေကို ရေတက်ရေကျအလိုက် ဖော်ယူရမှာဖြစ် တယ်။ ဒီနေရာမှာ ရေပြန်ဖော်ခြင်း ရေစစ်ဖော်ခြင်းဆိုပြီး နှစ်မျိုးရှိသေးတယ်။ ရေပြန်ဖော်တာက ဒီရေတက်လာပြီး အတက်ရပ်သွားချိန် (ရေငြိမ်) နေချိန်မှာ ဖော်ယူခြင်းဖြစ်ပြီး ရေစစ်ဖော်ခြင်းဆိုတာက ရေကျပြီး ရေပြန်မတက်ခင် ရေစစ်ချိန်မှာ ဖော်ယူခြင်း ဖြစ်တယ်။

စန္ဒားတိုင်မှာ လှေကို ဖမ်းချီပြီး ငြမ်းစင်ပေါ်လှမ်းတက်လိုက်ချိန်မှာ အဆီးအတားမဲ့ ပင်လယ်လေ တဝီးဝီးကြားမှာ ကောင်လေးဟာ မတ်မတ်တောင် မရပ်နိုင်ရှာဘူး။ ကျုပ်နဲ့ အလုပ်သမားကောင်လေးတွေ ပိုက်အိတ်ထဲ မိနေတဲ့ ငါးတွေကို ဒိုင်းဝန်းနဲ့ လှေထဲ ခပ်ထည့်နေတဲ့ တစ်ချိန်လုံး သွေးပျက်နေတဲ့ မျက်နှာနဲ့ ငြမ်းစင်ပေါ်မှာ ငြိမ်ပြီးထိုင်နေတဲ့ ကောင်လေးကို ကျုပ်သနားတောင် သနားလာတယ်။ တကယ်တော့ ကောင်လေးဟာ ပင်လယ်ဆိုတာ မြင်တောင်မမြင်ဖူးရှာဘူး။ အခုလို တံငါအလုပ်နဲ့ နီးစပ်ဖို့ဆိုတာ ဝေလာဝေးပေါ့။ အကြောပြိုင်းပြိုင်းထ ဖုထစ် သန်မာလှတဲ့ လှေအိမ်လူသားတွေကြားမှာ ကောင်လေးဟာ တကယ့် လူဗလံကလေး။

အဲဒီနေ့က ပင်လယ်မမြင်ဖူးတဲ့ ကောင်လေးဟာ ပင်လယ်ပြင်ရဲ့ မိတ်ဆက်မှုကို လှလှကြီးခံလိုက်ရရှာတယ်။ ဒါတောင် ပွင့်လင်းရာသီမုန်တိုင်းကင်းစင်တဲ့ ရာသီမို့ ပင်လယ်ဟာ ကောင်လေးကို အပြုံးနဲ့ဆီးကြို

www.burmeseclassic.com

လိုက်တာပါ။ စွပ်စွပ်သံပေးနေတဲ့ လှိုင်းကြက်ခွပ်ကလေးတွေဟာ အတွေ့အကြုံမရှိတဲ့ ကောင်လေးကို ကလူကျီစယ်လိုက်ဟန် တူပါရဲ့။ ငြိမ်းစင်ကလှုပ်၊ လှိုင်းကပုတ်၊ လေကအော်မြည်၊ ပင်လယ်ကြည်နေပေမယ့် အမိုးအကာမဲ့ စန္ဒားအိမ်ပေါ်မှာ တစ်နေကုန်နေခဲ့ရလို့ ကောင်လေးဟာ အပြန်မှာ ထမင်းတောင် မစားနိုင်ဘဲ အခန်းထဲ ဝင်ခွေနေပါတော့တယ်။ သိပ်လှတဲ့ ကဗျာပဲလို့ သူတင်စားခဲ့တဲ့ ငါးလှန်းကျပ်စင်ရဲ့ ညနေခင်းအလှကိုတောင် ထွက်ပြီး မခံစားနိုင်တော့ဘူး။

သွားပေဦးတော့ ဗီသိုဗင်ရေ။ လူနဲ့လူပတ်ဝန်းကျင်ကို သဘာဝတရားကြီးက သင့်တင့်လျှောက်ပတ်မှုတွေနဲ့ ဟန်ချက်ညီအောင် ထိန်းထား တာပါ။ ဒါမှ လူ့ဘောင်လောကရဲ့ လိုအပ်ချက်တွေကို တစ်ဘက်တစ်လှမ်း က ဖြည့်ဆည်းပေးရာ ရောက်မှာပေါ့။ နန်းကိုချစ်ရင် ပဲပုတ်ကိုလည်းချစ် ရမယ်ဆိုတဲ့ စကားလိုပါပဲ။ စိုးသာလွန်ကို ချစ်ရင် ပင်လယ်ကိုလည်း ချစ် ရမယ်။ ပင်လယ်ကတော့ လူသားတွေကို အကောင်းရော အဆိုးပါပေးနေ ကျလေ။ လူသားကလည်း လူသားအားမာန်နဲ့ တွန်းလှန်သင့်တာကို တွန်း လှန် လက်ခံသင့်တကြို လက်ခံ။ (ဘယ်အချိန်မှာ ဖောက်ပြန်လာမှန်း မသိတဲ့ ဆင်ရဲ့ကျောပေါ်က ဆင်ထိန်းတစ်ယောက်ရဲ့ ဝီရိယမျိုးနဲ့ ပင်လယ် ကို လိမ္မာပါးနပ်စွာ ချဉ်းကပ်တတ်ဖို့တော့ လိုပါတယ်) ဒီလို သဘာဝ တရားကြီးနဲ့ လိုက်လျောညီထွေ နေတတ်မယ်ဆိုရင်တော့ တစ်ခေါက်ပြန်လာပေဦးတော့ မြို့သားကလေးရေ . . .။

ရန်ကုန်ပြန်ဖို့ မြို့သို့ထွက်ခွာသွားတဲ့ ကောင်လေးကို ဆိပ်ဦးကနေ နှုတ်ဆက်စကားဆိုပြီး ပြန်လာတဲ့ သမီးရဲ့မျက်နှာမှာ တမ်းတမှုအရိပ်အရောင်တွေ မြင်ရလေမလားလို့ ကျုပ်ရှာဖွေ ကြည့်ပေမယ့် သမီးဟာကြည်စင်တဲ့ မျက်လုံးကလေးတွေနဲ့ သွက်လက်စွာပဲ သူ့အမေနဲ့သူကြီးတော် ထောင်းနေတဲ့ လက်ထောင်းငါးပိဆုံနားကို ဖျတ်ခနဲ ရောက်သွား

www.burmeseclassic.com


ပြီး ကျည်ပွေ့ရှည်ကို ဆွဲယူလိုက်ပါတော့တယ်။ ကျည်ပွေ့ရှည်ဟာ သမီး လက်ထဲမှာ မြောက်ချည် ချချည်နဲ့ ငွေးကောင်တွေကို ငါးပိဖြစ်အောင် လက်ထောင်းဆုံထဲ ထည့်ထောင်းနေတဲ့ တက္ကသိုလ်ကျောင်းသူကြီးရဲ့ လှုပ်ရှားမှုဟာ ဟိုကလေး ပြောသလိုပြောရရင် လှပတဲ့ ကဗျာတစ်ပုဒ်ပါပဲ။ သမီးဟာ သူ့ရဲ့ဆံပင်ရှည်ကြီးကို ကော်ဘီးတစ်ချောင်းနဲ့ ခပ်ကြမ်းကြမ်း ပတ်ထားတာမို့ တက္ကသိုလ်ကျောင်းသူနဲ့ မတူဘဲ ပင်လယ်ပျော်မိန်းမတစ်ယောက်ရဲ့ဟန်အတိုင်း အမေတစ်ချက် သမီးတစ်ချက်ထောင်းနေတဲ့ ငါးပိထောင်းဆုံက ထွက်ပေါ်လာသည့် အသံကလည်း သမီးပြောသလို သဘာဝ တရားကြီးနဲ့ သင့်တင့်လျှောက်ပတ်စွာ ဟန်ချက်ညီလို့ နေပါတော့တယ်။

ဒါမှ ကျုပ်သမီး၊ ပင်လယ်ပြာရဲ့သမီး၊ သဘာဝရဲ့သမီး။

သမီးအတွက် ကျေနပ်နှစ်သိမ့်မှုတွေဟာ နရီစည်းသံနှင့်အတူ ကျုပ်ရင်ထဲမှာ တုန်ဟည်းရိုက်ခတ်လို့ နေပါပြီကော။ ဒီအချိန်မှာ ကျုပ်ဟာ လာမယ့် ငါးဖမ်းရာသီအတွက် အဆင့်သင့် ဖြစ်အောင် ပိုက်စုတ်ပိုက်ဟောင်းတွေကို ဖာထေးပြုပြင်နေရာက အမယ်ကြီးနဲ့သမီးတို့ရဲ့ စည်းချက်ညီဂီတသံကို နာခံရင်း ဝမ်းစတား ဆေးပေါ့လိပ်ကြီးခဲလို့ . . . ။

**စိမ်းရောင်လွင်မဂ္ဂဇင်း၊ ၂၀၀၀ ပြည့်နှစ်၊ မေလ**

www.burmeseclassic.com



www.burmeseclassic.com

# အရိုးနှင်နေတဲ့ငါးတစ်ကောင်

ငါးဆိုတာ မိန်းမနဲ့တူတယ်လို့ ဘယ်ပညာရှိက ပြောခဲ့တာပါလိမ့်။ ရှာရှာဖွေဖွေ ကြံကြံဖန်ဖန်။ ငါးဆိုတာ ငါးနဲ့ပဲတူတဲ့အကောင်ပေါ့။

ငါးသည် ရေမှာကျက်စားပြီး ပါးဟက်ဖြင့် အသက်ရှူ၍ အမြီးဖြင့် ကူးခပ်သွားလာနေထိုင်ကျက်စားသော ကျောရိုးရှိ သတ္တဝါလို့ဆိုရင် ပိုမှန်လေမလား။

ငါးတွေမှာ လည်ပင်းမရှိဘူး။ ဝမ်းဗိုက် အနည်းငယ်ပြားပြီး ကျောဘက်ကို တဖြည်းဖြည်း ရှူးသွားတယ်။ ငါးရဲ့ခန္ဓာကိုယ်ဟာ အပေါ်ပိုင်း ကြမ်းရှပြီး အောက်ပိုင်း နူးညံ့တယ်။ များသောအားဖြင့် ငါးရဲ့အလျားဟာ အနံ့ထက် ရှည်လေ့ရှိတယ်။

လှေရဲ့ဦးပိုင်းဟာ ရေကိုထိုးဖောက်သကဲ့သို့ ငါးမှာလည်း ရေထဲမှာ လျှင်မြန်စွာ ကူးခတ်သွားလာနိုင်ဖို့ ဦးခေါင်းဟာ လမ်းညွှန်ပေးရတယ်။ ဒါကြောင့် ငါးဟာ လှေနဲ့တူတယ်လို့ပြောရင် ပိုပြီး သဘာဝကျမယ်ထင်တယ်။

အဲဒီငါးတွေဟာ တီကောင်၊ ငါးသေးငါးမွှား၊ ကင်းမွန်ငယ်တွေနဲ့ ဘဲလည်ဆံမွေးတွေကို ကြိုက်နှစ်သက်တယ်။ ငါးမျှားတော့မယ်ဆိုရင်

www.burmeseclassic.com


ငါးစကြို ချိတ်၊ မျှားတံကို ချပြီး ငါးဟပ်၊ မဟပ်စောင့်ကြည့် ရင်ခုန်ရတာ အရသာ တော်တော်ရှိတယ်။

"ဘိုမိန်" ငယ်ငယ်က ငါးမျှားတာ ဝါသနာပါတယ်။ မျှားတံဖျား မှာ ငါးစာချိတ်ပြီး ငါးတွေအပေါ် လှည့်ဖျား မကောင်းကြံ့ရတာ နှစ်ခြိုက် ပျော်ရွှင်တယ်။ ခုတော့ ဘိုမိန်ကိုယ်တိုင် မျှားချိတ်ကိုမမြင်၊ ငါးစာကိုသာ တပ် မက်ချင်တဲ့ ထူအ,အ ငါးတစ်ကောင် ဖြစ်နေပါရော့လား။

နောက်ပြီး . . .

ဘိုမိန်ဟာ အရိုးနင်နေတဲ့ ငါးတစ်ကောင်လည်း ဖြစ်နေပြန် သေးတယ်။

●

"ကြည်ပြာရောင်ညနေခင်း" လို့ ရှည်ရှည်လျားလျား နာမည်ပေး ထားတဲ့ စားသောက်ဆိုင်လေးကို ဘိုမိန် အတော်ကလေး စွဲလမ်းတယ်။ ဆိုင်ကလေး ဒီရွာမှာ လာဖွင့်တာ မကြာလှသေးပါဘူး။

နေရာအနေအထား ကောင်းမွန်တာက တစ်ကြောင်း၊ ရောင်းပန်း ဝယ်ပန်း ပွင့်လန်းတာက တစ်ဖုံ၊ ဆိုင်ကလေးဟာ သောင်ခြေကမ်းစပ်နဲ့ အစပ်အဟပ်တည့်လှတယ်။

ကမ်းခြေကို တစောင်းမှီတည်ဆောက်ထားတာမို့ ပြန့်ပြူးညီလွင် တဲ့ သောင်ကမ်းအလှမှာ ငေးရီမိန်းမောမလား။ တသုန်သုန်သွေးနေတဲ့ လေပြည်အနေ့ာမှာ စိတ်ကူးမြူဆော့မလား။ ရှဲရှဲရှင်ရှင် စည်းချက်နှင်နေတဲ့ အုန်းပင်အုန်းလက်တွေရဲ့ နရီတေးသွားကို နားဆင်မလား။ ကမ်းခြေပျော် ငှက်တို့ရဲ့ စိုးစီ . . . စီးစီ ပလီမြည်တမ်းသံကို ဆင့်ကမ်းခံစားမလား။

တစ်ခါတစ်ရံ ကောင်းကင်မှာ ပျံဝဲပြီး သားကောင်ကို တဟုန်ထိုး ဆင်းသုတ်လေ့ရှိတဲ့ စွန်ရဲတွေရဲ့ မြင်ကွင်းကို ဩဘာပေးချင်သေးလား။

 www.burmeseclassic.com

သဘာဝက အပြီးအပိုင် အပ်နှင်းထားတဲ့ အဲဒီအလှအပတရား တွေထက် ကြီးမားစွာ ဆွဲငင်ညှို့အားကောင်းလှတဲ့ အရာတစ်ခုကလည်း "ကြည်ပြာရောင်ညနေခင်း" ကလေးထဲမှာ ရှိနေသေးတယ်။ အဲဒါကတော့ ငွေသိမ်းကောင်တာမှာ ထိုင်နေတဲ့ "ချစ်ဖူးငုံ" ဆိုတဲ့ မိန်းမရဲ့အလှပါပဲ။

ကြည့်လေ . . .။

ဆည်းဆာ ညိုမှိန်သွားပေမယ့် အောက်လင်းဓာတ် မီးရောင် အောက်က ချစ်ဖူးငုံရဲ့ ဖူးစို့စို့အလှဟာ သိသိသာသာ ထင်ထင်ရှားရှား။ ပြုပြင်ထားတဲ့ တစ်တန်းသွား မျက်ခုံးအောက်က ရွှန်းတောက်နေတဲ့ ကြယ်မျက်ဝန်းအစုံ။ ဖြောင့်စင်းတဲ့ နှာတံကလေးနဲ့ လိုက်ဖက်လှတဲ့ ပြည့် ဖောင်း ဖူးငုံနေတဲ့ အရောင်ရင့်နှုတ်ခမ်းအစုံဟာ ပုရိသတွေရဲ့ ရမက်သွေး ကို ပုတ်နှိုးနေတဲ့ အရာတွေပေါ့။ ကျောလယ်အထိ ရှည်လျားတဲ့ဆံပင်တွေ ကို ဘယ်တော့မှ စည်းနှောင်ခြင်းမရှိ။ အချို့တစ်ဝက် မျက်နှာပေါ် ကပို ကရို ကျဆင်းနေတာကိုက ဆန်းပြားသစ်လွင်မှုတစ်ခုလို သူမရဲ့ အလှကို အားဖြည့်ပေးနေပြန်တယ်။ အမျိုးအမည် ခွဲခြားရန်ခက်တဲ့ အင်္ကျီအသားစ ရဲ့ ဆွဲအားကြောင့် တင်းရင်းမောက်ကြွနေတဲ့ အဲဒီမိန်းမရဲ့ အလှတရားဟာ ဘိုမိန်သာမဟုတ်၊ ကြည်ပြာရောင်ညနေခင်းဆီ ဝပ်စင်းရောက်လာတဲ့ ယောကျာ်းသားတွေ အားလုံးရဲ့ အဓိက "ကြည့်မှတ်" လည်း ဖြစ်တယ်။

ကောင်တာမှာ တစ်ပိုင်းပေါ်နေတဲ့အလှတောင် ဒီလောက်ပီပြင် နေပြီဆိုရင်တော့ ချစ်ဖူးငုံရဲ့ တစ်ကိုယ်လုံးအလှကို တွေးကြည့်ပေတော့။ သူ့ကို ရယူပိုင်ဆိုင်ချင်တဲ့ ဆန္ဒစိတ်ကူးတွေ ဒီရွာက လူပျိုကာလသား တိုင်းရဲ့ ရင်ထဲမှာရှိတယ်။ ချစ်ဖူးငုံသာရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ဆိုတဲ့ မိုက်တိမိုက်ကန်း စိန်ခေါ်သံတွေ မကြာခဏ ကြားရတယ်။ မယားရှိပြီးသား လူအိုတွေကတော့ မူးလာတဲ့အခါ သောင်ပြင်ပေါ်ကွမ်း သွေးတွေ ထွီကနဲ ထွမ်ကနဲ ထွေးချရင်း "အလကားပါကွာ။ အလကားပါ ကွာ" နဲ့ သပျစ်သီးချဉ်နေကြ ပြန်ရော။

www.burmeseclassic.com


ဘိုမိန်ဟာ အလုပ်နားလို့ ရွာပြန်လာတိုင်း သူထိုင်နေကျ ချောင်ကျကျ နံပါတ် (၆) စားပွဲမှာ နေရာယူပြီး ချစ်ဖူးငုံရဲ့အလှကို ရီဝေခြင်းနဲ့ တို့မြည်းရင်း ကြည်ပြာရောင်ညနေခင်းကို ဖြတ်သန်းလေ့ရှိတယ်။ ဆိုင်ထဲ ဝင်ဝင်ချင်း ချစ်ဖူးငုံ အတွက် ခရီးပြန်လက်ဆောင်ထုတ်ကလေးကို ပေးလိုက်စဉ်က လက်ချင်းထိမိသွားတဲ့ သူရဲ့လက်ဖျားကလေးနဲ့ မမှောင့်တမှောင် နေရာလေးက ဖလိုင်းကစ် လုပ်ပြလိုက်တာကို ရှက်ရွံ့ပြုံးယောင် မျက်တောင်လွှာချသွားတဲ့ အမူအရာလေးက ဘိုမိန့်အသည်းနှလုံးတွေကို လှုပ်ငင်ရမ်းခါလိုက်ပုံများ၊ အေးတစ်လှည့် နွေးတစ်လှည့်ကို ဖြစ်လို့။

တကယ်ဆို ဒီညနေအဖို့ ဒီလောက်နဲ့တင် လုံလောက်နေပါပြီ။ ဒီထက် အတင့်ရဲလို့လည်း မဖြစ်ဘူးလေ။ ချစ်ဖူးငုံကို အမြဲတမ်းစောင့်ကြပ်နေတဲ့ သူ့အဖေကြီးရဲ့ဗလကို မထည့်တွက်ဘူး ဆိုရင်ပေါ့။ အဘိုးကြီးဟာ အသက်နဲ့မလိုက်အောင် တောင့်တင်းသန်မာနေသေးတယ်။ တုံးတိုက်တိုက် ကျားကိုက်ကိုက် မိုက်ကန်းမယ့်ပုံ။ အစဉ်အမြဲ အရက်ခိုးတွေ ပြည့်ဝနီရဲနေတဲ့ မျက်လုံးတွေနဲ့ ချစ်ဖူးငုံကို စောင့်ကြည့်နေတယ်။ ဒီတော့ ကာလသားတွေအားလုံးက အဘိုးကြီးကို ရှိန်တယ်။ အဘိုးကြီးနဲ့ ထိပ်တိုက်မတိုးအောင် ဆင်ခြင်ပြီး ကိုယ့်နည်းကိုယ်ဟန်နဲ့ ချစ်ဖူးငုံဆီ ချဉ်းကပ်ကြတယ်။

ဒီအထဲမှာ ဘိုမိန်က အသည်းဆုံး။ သူက မျက်နှာကျ သိပ်မလှပေမယ့် ထောင်မောင်းတဲ့အလုံးအရပ်၊ အသားအရေရဲ့ကျစ်လျစ်မှုကြောင့် ဒီနယ်တစ်ကျောက ကာလသားတွေကြားထဲမှာတော့ ထင်းနေတာပေါ့။ ပြီးတော့ ဘိုမိန်က အမေတစ်ခု သားတစ်ခုဆိုတော့ အိမ်အတွက် သိပ်မပူပင်ရဘူး။ ဘိုမိန်ရှာတာ ဘိုမိန်သုံး။ ဘိုမိန်ရှာတာ ဘိုမိန်ဖြုန်း။ ငါးအဝယ်တော် ကုမ္ပဏီတွေနဲ့ဆက်ပြီး ခေါက်ဖြတ်လည်းသယ်၊ ပွဲစားလည်းလုပ်၊ တစ်ခေါက်တစ်ခေါက် ထောပြီးပြန်လာသလောက် ကြွက်တွင်းလိုသောက်နေတာတော့ သူ့အမေမကြိုက်ချင်။ ပင်လယ်သား တံငါ အသောက်အစား မကင်းတာ အမေမပြောလိုဘူး။

www.burmeseclassic.com

သောက်တာကို အကြောင်းပြုပြီး အဲဒီကမ်းခြေဆိုင်ကလေးထဲက မထွက်တကြို အမေမကြိုက်တာ။ မြို့မကျ တောမကျ လက်လျှောက်ရင် ခါးကောက်၊ ရင်မောက်ပြီး ဆတ်တောက်တောက် လမ်းလျှောက်တတ်တဲ့ အဘိုးကြီးသမီးကို အမေ့မျက်စိထဲ ကန့်လန့်ကို ဖြစ်လို့။ ဘိုမိန် ပိုးကြေးပန်းကြေး ပေးနေတာကို သိရက်နဲ့ ကိုယ်သားကိုယ်မနိုင်လို့ လက်မှိုင်ချနေရတာ။

"ဘိုမိန် ပြန်လာပြီလား"

အိမ်ပေါ်တက်လာတဲ့ ခြေသံကြောင့် ငါးပိရုံထဲမှာ အလုပ်ရှုပ်နေတဲ့ အမေက လှမ်းမေးလိုက်ပေမယ့် ဖြေသံမကြားရဘူး။ မီးဖိုထဲက အိုးခွက်လှန်သံကြားမှ "ခုမှတော့ ဆာလာပြီပေါ့။ ဟိုက ထမင်းမကျွေးလိုက်ဘူးလား" လို့တစ်ယောက်တည်း မြည်တွန်နေတော့တယ်။

ဘိုမိန်ဟာ သူ့ဝမ်းခေါင်းကျယ်ကြီးထဲကို လက်ငါးချောင်းစလုံးကျုံးယူလိုက်တဲ့ ထမင်းလုပ်တွေ တစ်လုပ်ပြီးတစ်လုပ် ပစ်သွင်းပြီး ငါးလှန်းကျပ်စင်ဘက်ကို ထွက်လာခဲ့တယ်။ နေ့ခင်းဆို ငွေးကောင်တွေကို လှန်းလေ့ရှိတဲ့ ဖျာကြမ်းပေါ်မှာ ပုဆိုးဟောင်းခင်းလို့ ကျောဆန့်လိုက်ချိန်မှာ တော့ကောင်းကင်မှာ လမင်းနဲ့ကြယ်တာရာ နှစ်ပါးကြည်နေပြီပေါ့။ ဘိုမိန် ဟာ ဒူးနှစ်လုံးကို ချိတ်လို့ လက်ကျန် ဖိုက်ဖိုက်ဖိုက်ကလေးကို တယုတယ မီးညှိပြီး နှစ်ပါးစုံကနေတဲ့ ကောင်းကင်ဇာတ်မှာ သူကိုယ်တိုင် ပါဝင်ကပြဖို့ စိတ်ကူးလိုက်စဉ်မှာပဲ မျက်ခွံတွေ လေးလံပိကျသွားပါတော့တယ်။

●

တကယ်တော့ ဘိုမိန်ရဲ့ "သောင်ခြေဦး" ရွာကလေးဟာ ငါးစခန်းအဖြစ် ပင်လယ်ထဲ ပစ်ချခံခဲ့ရတဲ့ ရွာကလေးဆိုရင် မမှားပါဘူး။ သောင်ခြေဦးရဲ့ ဖြစ်တည်ဖွဲ့စည်းပုံကလည်း ငါးစခန်းဖြစ်လောက်တဲ့ အရည်အသွေး

www.burmeseclassic.com


တွေနဲ့ ပြည့်စုံလုံလောက်နေခဲ့တယ်။ ပင်လယ်ရေပြင်နဲ့ ထိစပ်ရာ သဲသောင်အငူတစ်ခုပေါ်မှာ တည်ရှိပြီး အမည်နဲ့လိုက်အောင် သဲအတိပြီးနေတဲ့ ရွာကလေးဟာ ကျွန်းကြီးကျွန်းငယ်တွေရဲ့ ဝိုင်းပတ်ကာရံမှုကိုလည်း ခံရပါသေးတယ်။ အနီးအနားမှာရှိတဲ့ ငှက်ပျောကျွန်း၊ ဝါးကျွန်း၊ ကြက်တိုက်ကျွန်း၊ ကုလားဂုတ်ကျွန်းတို့ဟာ ငါးကြီးငါးကောင်းတွေ ခိုအောင်းနိုင်တဲ့ကျွန်းတွေဖြစ်တယ်။ ဒီလို ကျွန်းကြိုကျွန်းကြားတွေမှာ ငါးတွေ ပျော်မွေ့လှေ့ရှိတာကလည်း သောင်ခြေဦးကို ငါးစခန်းဖြစ်စေဖို့ တွန်းပို့နေတဲ့ အရာတွေပါပဲ။

ဘိုမိန့်အဘိုး ဘိုးကြိုမိန်ဟာ သောင်ခြေဦး ငါးစခန်းမပေါ်မီ ဗိုလ်လကျ်ာ ဦးဆောင်တဲ့ မုတ္တမကုမ္ပဏီပိုင် "တိုင်ရှိမာရု"အမည်ရှိ ဂျပန်ငါးဖမ်းသင်္ဘောက လုပ်သားတစ်ယောက် ဖြစ်ခဲ့တယ်။ တိုင်ရှိမာရုမှာ ကပ္ပတိန်၊ လက်ထောက်ကပ္ပတိန်၊ စက်မောင်း၊ ပိုက်ဦးစီး၊ အော်ပရေတာ၊ စားသောက်ရေးတာဝန်ခံ၊ ကုန်းပတ်ဦးစီးတို့နဲ့ ပိုက်ဆွဲအလုပ်သမား ၂၀ ယောက် ပါရှိကြတယ်။ အလျား ၁၂၅ ပေ၊ အနံ ၂၅ ပေရှိပြီး မြင်းကောင်ရေ ၅၅၀ ရှိတဲ့ အင်ဂျင်စက်တပ် တိုင်ရှိမာရုသင်္ဘောဟာ ငါးတန်ချိန် ၇၀ သိုလှောင်နိုင်တဲ့ ရေခဲခန်းပါ သင်္ဘောကြီးတစ်စင်းပေါ့။

သင်္ဘောပေါ်မှာ ငါးရှာအသံဖမ်းစက်၊ ရေခဲကြိတ်စက်၊ ငါးပိကြိတ်စက်၊ ရေငုပ်ကိရိယာ၊ အောက်စီဂျင်စက်အိုး စတာတွေ အစုံအလင်ပါတယ်။ ထူးခြားတာကတော့ ပင်လယ်ပြင်မှာ တွေ့ရတဲ့ ငါးမျိုးစုံအကြောင်းကို ဂျပန်ဘာသာဖြင့် ရေးထားတဲ့ စာအုပ်နဲ့ ရောင်စုံငါးပုံတွေ ပါရှိခြင်းပါပဲ။ ဒီစာအုပ်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့ပင်လယ်ပြင်မှာ ဖမ်းဆီးရမိတဲ့ ငါးတွေကို ချက်ချင်းခွဲခြား တပ်အပ်ပြောနိုင်ကြတယ်။

"တိုင်ရှိမာရု"မှာ အသုံးပြုတဲ့ ငါးဖမ်းပိုက်တွေကတော့ ဖျံပိုက်အမျိုးအစားဖြစ်ပြီး ပိုးတုနဲ့ ပြုလုပ်ထားခြင်းဖြစ်တယ်။ အလျား ၃၃၀ ပေ၊ အနံ ၅၀ ပေရှိတဲ့ အဲဒီဖျံပိုက်ကြီးတွေနဲ့ တစ်ကြိမ်ပစ်ရင် ငါးပိဿာ

www.burmeseclassic.com

ချိန် တစ်ထောင်ကျော် မိနိုင်တယ်ဆိုပဲ။ ပိုက်အတင်အချကိုတော့ စက်နဲ့ပဲ ဆွဲလေ့ရှိကြတယ်။ အဲဒီမှာ ဘိုမိန့်အဘိုး ဘိုးကြို့မိန် သဘောအကျဆုံးက တော့ ငါးတွေကို ဂျပန်ရေခဲစိမ်နည်းပါပဲတဲ့။ အဲဒီခေတ်က မြန်မာငါးဖမ်း လုပ်သားတွေဟာ ငါးတစ်ထပ် ရေခဲတစ်ထပ်ရိုက်ပြီး သစ်သားစည်ကြီး တွေနဲ့ သင်္ဘောဦးရှိ ရေခဲခန်းထဲ ထည့်တဲ့နည်းကို အသုံးပြုနေကြဆဲပါ။ ဒီနည်းက ငါးထဲကို ရေခဲပျော်ကျလေ့ရှိပြီး စားသုံးရာမှာ အရသာပေ့ါတဲ့ အတွက် ဂျပန်တွေက ဒီနည်းကို မသုံးပါဘူး။ သူတို့ရဲ့လုပ်နည်းလုပ်ဟန် ကတော့ ထင်းရှူးသေတ္တာထဲမှာ ငါးတွေကို တစ်လွှာပြီးတစ်လွှာ ဒေါင် လိုက် စီထည့် နောက်ငါးပေါ်မှာ ဖယောင်းစက္ကူချပ်ခံပြီး ရေခဲမှုန့်အနည်း ငယ်ဖြူးပြီး ရေခဲခန်းထဲ ထည့်သွင်းတဲ့နည်းကို အသုံးပြုတယ်။ ထားရာ မှာလည်း ငါးသေတ္တာတွေကို တစ်ခုနှင့်တစ်ခု ဆင့်ထားတဲ့အတွက် ငါး တွေဟာ အအေးဓာတ်ကို လုံလုံလောက်လောက်ရကြတယ်။ ရေခဲတွေဟာ ဖယောင်းစက္ကူခံထားတဲ့အတွက် ငါးရဲ့ အရသာကို လုံးဝမပျက်စေတာတွေ့ ရတယ်။ ဒေါင်လိုက်တစ်လွှာစီ ထားတဲ့အတွက် ငါးတွေ ပိခြင်း နာခြင်း ကင်းတယ်။

"ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်" ဆိုတဲ့ ဆွဲဆောင်မှု အပြည့်ပါတဲ့ မုတ္တမကုမ္ပဏီရဲ့ ကြော်ငြာကြောင့် လူတွေ ပင်လယ်ငါးကို အရသာခံလိုစိတ် ပြင်းပြပြီး ဝယ်လိုအား ကောင်းလာတဲ့အချိန်မှာပဲ ကုမ္ပဏီ ဟာ ခေတ်ရဲ့ပြောင်းလဲတောင်းဆိုမှုတွေကြောင့် ပြည်သူ့ပုလဲနဲ့ငါးလုပ်ငန်း လက်အောက်ကို ရောက်ရှိသွားပါတော့တယ်။ ပြည်သူ့ပုလဲနဲ့ငါးလုပ်ငန်း ဆိုတာ ငါးလုပ်ငန်းအနေနဲ့သာမက ပုလဲမွေးမြူရေးပါ ပူးတွဲလုပ်ကိုင်ပြီး စခန်းတွေကိုတော့ ပုလဲကျွန်း၊ လန်ပိကျွန်းတို့မှာ ဖွင့်လှစ်ထားရှိတယ်။ အဲဒီအထဲမှာ သောင်ခြေဦးဟာ အဓိက ငါးစိုလုပ်ငန်းရဲ့ ဦးတည်ရာ ဖြစ်ခဲ့ တယ်။ ဘိုမိန့်အဘိုး ဘိုးကြို့မိန် အသက်ကြီးအနားယူတော့ ပြောင်းလဲ တိုးတက်လာတဲ့ သောင်ခြေဦးရှာ ငါးစခန်းမှာ ဘိုမိန့်အဖေ နောင်ညိုမိန်

www.burmeseclassic.com


ဟာ ကျွမ်းကျင်တက်ကြွတဲ့ ငါးဆရာတစ်ယောက် ဖြစ်လာပြန်တယ်။ ဒီတုန်းက ပုလဲနဲ့ငါးလုပ်ငန်းဌာနမှာ အင်ကြင်း (ငါးဖမ်းသင်္ဘော) အစင်းနှစ်ဆယ်နဲ့ ငါးမန်း (ငါးကဲ့သင်္ဘော) ငါးစင်းတို့ လှုပ်ရှားနေတဲ့အချိန်ပေါ့။ ပင်လယ်ပြင်မှ ရတဲ့ ငါးတွေကို အင်ကြင်းသင်္ဘောတွေ ဖမ်းမိသမျှ ငါးမန်းသင်္ဘောတွေက ရန်ကုန်ကို ပို့ဆောင်ခဲ့ကြတယ်။

ဘိုမိန့်အဖေ နောင်ညိုမြိန်တို့ခေတ်မှာတော့ သင်္ဘောတွေမှာ မြင်းကောင်ရေ ၄၅ ကောင်အားသုံးပြီး ငါးဖမ်းရာမှာလည်း နိုင်လွန်ပိုက်ကို သုံးနေကြပြီ။ ပင်လယ်ကို တစ်ကြိမ်ထွက်ရင် ၁၀ ရက်ခန့်ကြာလေ့ရှိပါတယ်။ ပဲ့နင်း၊ ပိုက်ဦးစီး၊ စက်ဆရာနဲ့ ရိုးရိုးပိုက်ဆွဲလုပ်သားတွေရဲ့ လစာဟာ အဆင့်အတန်းအလိုက် အနည်းအများ ခွဲခြားပြီး ရရှိကြတယ်။

ဒီလို ငါးဆရာအဖြစ်နဲ့ နောင်ညိုမြိန်ဟာ ပင်လယ်မှာ သက်ဆိုးမရှည်ရှာဘူး။ ပင်လယ်ငှက်ဖျား နှိပ်စက်တဲ့ဒဏ်နဲ့ အရွယ်မရင့်မီ ဘိုမိန် ၁၀ နှစ်သားအရွယ်မှာ အသက်ဆုံးခဲ့ရတယ်။ ဘိုမိန်အရွယ်ရောက်လာတော့ နည်းဟောင်းလမ်းဟောင်းအတိုင်း ငါးသင်္ဘောပေါ် တက်ဖို့ စိတ်မကူးဘဲ ပြောင်းလဲနေတဲ့ ခေတ်နဲ့လျော်ညီစွာ ငါးဝယ်ရောင်း လမ်းကြောင်းပေါ် ရောက်သွားတော့တယ်။ တစ်ခါတလေ ပွဲစား၊ တစ်ခါတလေ လက်ပြောင်းလက်လွှဲ၊ သည်လိုနဲ့ ပင်လယ်ပြင်ကြီး ရှိနေသလောက် ဘိုမိန်တစ်ယောက် လက်ဖျား ငွေရှင်ကိန်း ဆိုက်နေတာပေါ့။

ချစ်ဖူးငုံ ဒီရွာကလေးကို ရောက်ရှိလာတာဟာ ပဟေဠိစာမျက်နှာများကိုပါ သယ်ဆောင်လာတယ်လို့ ဘိုမိန်ထင်တယ်။ အဲဒီနေ့က ငါးဘိုးငွေတွေ ရှင်းပြီး ရွာပြန်ဖို့ မော်တော်ထဲ ဆင်းတဲ့အထိ ပါစင်ဂျာတွေကြားမှာ ရောနှောနေတဲ့ ညှော့်စိမ်းနှစ်ယောက်ကို သူသတိမပြုမိသေးဘူး။ မော်တော်ခုတ်မောင်းစဉ် တစ်လျှောက်လုံးလည်း ဘိုမိန်ဟာ သူ့အာရုံနဲ့သူ၊ စီးပွားရေးက လွဲပြီး ဘာမှ စိတ်မဝင်စားတဲ့ အချိန်ပေါ့။ အဲဒီနေ့က လမ်းမှာ မော်တော်တက်မငြိနေလို့ ကမ်းအဝင်နောက်ကျပြီး ကျရေမိပါလေရော။

www.burmeseclassic.com

ရေလယ်မှာ ကျောက်ချထားတဲ့ မော်တော်ကနေ သမ္ဗာန်ကလေးတွေနဲ့ ရွာ ဆီကူးရမယ့် အနေအထားမှာ . . .

"ကျသွားပြီ။ မိန်းမတစ်ယောက်ကျသွားပြီ"

ရုတ်ရုတ်သဲသဲ တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုနေတဲ့ လူအုပ်ကြားထဲကနေ ရေထဲကို ငုံ့ကိုင်းကြည့်လိုက်တော့ ရေပြင်ပေါ်မှာ ဆံပင်တထွေးကြီး ပေါ်လာတယ်။ ဘိုမိန်ဟာ သိန်းစွန်ငှက်တစ်ကောင်ရဲ့ လျှင်မြန်ခြင်းမျိုးနဲ့ ရေထဲကို ခုန်ချလိုက်တာ ဘယ်သူ့မှ ထင်မထားတဲ့ အနေအထားပေါ့။ ဆံပင်ထွေးကြီးကို ဖမ်းဆွဲပြီး ခန္ဓာကိုယ်ကို ပွေ့ငင်မိ စဉ်မှာတော့ ကောင်မလေးဟာ သတိမေ့လျော့နေပါပြီ။ ကုန်းပေါ်ကိုရောက် တော့ လူအုံနေတဲ့ကြားထဲက သူပဲ ရေတွေ အန်အောင် လုပ်ပေးရင်း မမျှော် လင့်ဘဲ အထိအတွေ့ရဲ့ ဆန်းသစ်မှုအာရုံကို ရင်ခုန်ပြီးသား ဖြစ်သွားတယ်။

ဒါဟာ "ကြည်ပြာရောင် ညနေခင်း" ဆိုင်ကလေးထဲကို ရေလာ ချောင်းပေါက်စေတဲ့ အကြောင်းအရင်းအစလို့ ပြောရင် ရမယ်ထင်တယ်။ ပြောလို့ ပြောတာမဟုတ်ဘူး။ သူတို့ရွာမှာ ဒီလို သပ်သပ်ရပ်ရပ် ပြင်ပြင် ဆင်ဆင် ရောင်းတဲ့ဆိုင်ရယ်လို့ မရှိသေးဘူး။ မူလလက်ဟောင်းရှိရင်းစွဲ ဆိုင်တွေကတော့ ညစ်ပတ်ပတ် ဖွယ်တယ်တယ် အောက်စော်နံနေတဲ့ စား ပွဲ ကုလားထိုင်တွေနဲ့ ပြင်ဆင်ထားတဲ့ ဆိုင်တွေပဲပေါ့။

ဆိုင်ဖွင့်စ နေ့မှာပဲ သူဟာ အထူးဧည့်သည်တော် သူရဲကောင်း အဖြစ်နဲ့ ချစ်ဖူးငုံရဲ့ ချီးမြှောက်ခြင်းကို ခံရပါတော့တယ်။ သူ့အသက်ကို ကယ်တဲ့ ကျေးဇူးရှင်ဆိုတဲ့ အမြင်ကလေးပါကဲပြီး သူတကာထက်ပိုတဲ့ အခွင့်အရေးတွေ ရတယ်ဆိုပါတော့။ ဆိုင်ထဲဝင်လာသမျှလူတွေဟာ လှပ သစ်လွင်တဲ့ဆိုင် အခင်းအကျင်းနဲ့ ချစ်ဖူးငုံရဲ့ ဆွဲဆောင်မှုအောက်မှာ စေးထန်းစွာပဲ ကပ်ငြိနေပါတော့တယ်။ သူတို့ရဲ့ လေယူလေသိမ်းကြောင့် အဘိုးကြီးတို့ သားအဖဟာ ဒီဒေသက မဟုတ်ဘူးလို့ ခန့်မှန်းရပေမယ့် ဒီဒေသရဲ့ အစားအစာတွေကို ချက်ပြုတ်တတ်တာ အံ့ဩဖွယ်တွေ့ရတယ်။

www.burmeseclassic.com


အဘိုးကြီးလက်ရာ ရေဘဝဲ စိမ်းကောနဲ့ ကမာဆတ်ထုတ်ကြော် ကလေးက ကြည်ပြာရောင်ညနေခင်းကို ချစ်ဖူးငုံနဲ့အပြိုင် ဂုဏ်တက်စေတာအမှန်ပဲ။ တစ်ခါတရံ ငါးလိပ်ကျောက်ရတဲ့အခါ အဘိုးကြီးကိုယ်တိုင် မီးဖြိုက်ကျပ်တင်ထားတဲ့ ငါးလိပ်ကျောက် ကျပ်တင်ဟာလည်း စားသောက်သူတွေ ပါးစပ်ဖျားမှာ ရေပန်းစားလှတယ်။ တကယ်တော့ လူတွေက ချစ်ဖူးငုံမျက်နှာနဲ့ အဘိုးကြီးကိုဝိုင်းဖားနေကြတာပါ။ ငါးလိပ်ကျောက်ဆိုတဲ့ငါးဟာ အဘိုးကြီးကျပ်မတင်ဘဲ တခြားလူကျပ်တင်လည်း ချိုမှာပါပဲ။

ညနေစောင်းတာနဲ့ ပင်လယ်ပျော်တွေဟာ သူတို့ရဲ့ ချွေးစက်လုပ်အားနဲ့ လဲလှယ် ရရှိတဲ့ ငွေစကြေးစတွေကို ကမ်းခြေမှာရှိတဲ့ စားသောက်ဆိုင်တွေ၊ ဗီဒီယိုရုံတွေ၊ ကာရာအိုကေခန်းတွေထဲ ဖောဖောသီသီ ပစ်သွင်းနေကြတယ်။ ဖန်သားပြင်ပေါ်က ရဲမင်းပိုင်၊ နေထက်လင်း၊ သီဟတင်စိုး၊ ပိုင်ဇေရဲထွန်းတို့ရဲ့ အသတ်အပုတ်၊ အထိုးအခုတ်၊ ခုန်ပျံစွန့်စား သရုပ်ဆောင်မှုတွေကို နှစ်လိုအားကျကြတယ်။ မြင်းစီးခန်း၊ နှောင်ဂျိန်ခန်း၊ အနိုင်ကျင့်ဗိုလ်လုပ်သူတွေကို တန်ပြန်ချေပ တိုက်ခန်းတွေမှာ ပိုက်ဆွဲလက်တွေဆီက အားမာန်ပါတဲ့ လက်ခုပ်သံတွေ ဘဝင်လျှံ ရုံပွင့်မတတ် ကြားရလေ့ရှိတယ်။

နိုင်ငံခြားကား ဆိုရင်လည်း လာခဲ့လေ။ ဘာဂျမ်းသား (အမီတာဘာဂျမ်းသား) ရှာရုခန်၊ ဂျက်လီ၊ ချောင်ယွန်ဖတ်၊ စတဲ့ ကုလားကား၊ တရုတ်ကား၊ ဟောင်ကောင်ကားတွေ့ရဲ့ ဇာတ်အိမ်ဇာတ်သား စွန့်စားခန်းတွေထဲမှာ စီးမျောလိုက်ပါလေ့ ရှိတယ်။ မိပစ်၊ ဘပစ်၊ သားပစ်၊ မယားပစ်၊ အိမ်ပစ်၊ ယာပစ် အဝေးက လာအလုပ်လုပ်သူတွေကလည်း ကာရာအိုကေမိုက်ခွက်ရှေ့မှာ "အမေနဲ့ရွာကို လွမ်းတယ်" တဲ့။ "အချိန်ရမှနားထောင်ပါတဲ့"။ "ဖိုးလမင်းကိုအောင်သွယ်ခိုင်းမယ်" တဲ့။ "ဒီကစောင့်နေသူ" တဲ့။ အနုပညာရေစီးအားဟာ မြို့ပြမှသည် တောတောင်လျှိုမြောင်ကို ဖြတ်ကျော်

 www.burmeseclassic.com

လျက် ကျေးလက်မှတစ်ဆင့် ပင်လယ်ကျွန်းတွေဆီ သွန်းထိုးစီးဆင်းသွားကြတယ်။ ဒီလိုနဲ့ ပင်ပန်းနွမ်းနယ်မှုတွေရဲ့ ဖြေပြေရာ ထွက်ပေါက်အဖြစ် "ကြည်ပြာရောင်ညနေခင်း" ဟာလည်း ငါးစခန်းတံငါရွာကလေးမှာ ခေါင်းတင် မှီအုံးပြီး စည်းဝါးနရီကိုက် ဖြတ်ကျော်ခဲ့ရတဲ့ ရက်တွေ မနည်းတော့ပါဘူး။ ဒီနှစ်အတောအတွင်း မကြာခဏ ရန်ပွဲတွေ ဖြစ်ပွားလေ့ ရှိတယ်။ ဖြစ်ပွားခဲ့တဲ့ ရန်ပွဲတိုင်းဟာ ချစ်ဖူးငုံနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေတယ် ဆိုတာပါပဲ။ ဘိုမိန်တောင်မှ တစ်ခါက မထင်မှတ်ဘဲ ရန်ပွဲတစ်ပွဲနွှဲလိုက်ရပါသေးတယ်။

တကယ်ဆို အဲဒီညနေက သူ ရေချိန်မကိုက်သေးဘူး။ ရီဝေဝေဖြစ်နေရုံကလေး။ အဲဒီ "ခါဂျင်" ဆိုတဲ့ ငါးပွဲစားဟာ ကောင်တာမှာပိုက်ဆံရှင်းရင်း ချစ်ဖူးငုံရဲ့လက်ကို မလွှတ်တမ်းဆုပ်ထားပြီး မျက်နှာကလေးကို စီးကရက်ခိုးနဲ့ မှုတ်လိုက်တာ သူမြင်ဖြစ်အောင် မြင်လိုက်တယ်။

"ဟေ့ကောင် မိုက်ရိုင်းလှ ချည်လားကွ"

သူပြေးပြေးပြောပြော အနားရောက်သွားတော့ . . .

"မိုက်ရိုင်းတော့ ဘာလုပ်ချင်သလဲ မင်းက ဘာကောင်မို့လဲ"

သူက ပင်လယ်သားပီပီ လက်ကပါပြီးသား။ ဟို ငါးပွဲစား ခါဂျင်ကလည်း ပင်လယ်ဖျံပီပီ လက်က လျင်ပြီးသား။ တစ်ယောက်တစ်ချက်ကွဲပြီးတဲ့နောက် ဒိုင်ပွဲရပ်နဲ့ သရေလုပ်လိုက်ရတယ်။ မရပ်လို့လည်း မဖြစ်ဘူး။ အဘိုးကြီး ကိုယ်တိုင် ရန်ပွဲကို ဖြန်ဖြေတာ။ မကျေနပ်ရင် အပြင်မှာရှင်း၊ သူ့ဆိုင်ထဲမှာတော့ ပြဿနာမရှာနဲ့ ဆိုတဲ့သဘော။ သူကလည်း ယောက္ခမလောင်းကြီးရဲ့ မျက်နှာနဲ့ လိုက်လျောလိုက်ပါတယ်။ နထင်က သွေးတွေစီးကျလာလို့ ဒဏ်ရာကြို လက်နဲ့ဖိလိုက်တော့ နာလိုက်တာ။

"အား . . ."

မျက်လုံးထဲ ဝင်လာတဲ့ စူးစူးရဲရဲ အလင်းရောင်ကြောင့် သူ တစ်ညလုံး အိပ်ပျော်လွန်ရာက နိုးလာတော့တယ်။ ဟင် . . . မနက်မိုးလင်းလို့

www.burmeseclassic.com


နေတောင်အတော် မြင့်နေပါလား။ ညက ကျပ်စင်ပေါ်မှာ ခဏလှဲရာကနေ စိတ်ကူးလွန်အိပ်ပျော်သွားပြီး ကယောင်ကတမ်းနဲ့ ဘယ်လို အိမ်ခန်းထဲ ပြန်ရောက်လာတယ် မသိဘူး။ ချိုးချိုးချွတ်ချွတ် အသံကြားလို့ အိပ်ယာ ခြေရင်းကို လှမ်းကြည့်လိုက်တော့ သူအလွတ်ရနေတဲ့ ပခုံးဝိုင်းဝိုင်းကလေး နဲ့ နောက်ကျောတစ်ခုကို မြင်လိုက်ရတယ်။ အဲဒါ စိမ်းနု ကလွဲပြီး ဘယ်သူ ဖြစ်ရဦးမှာတဲ့လဲ။ စိမ်းနုကိုမြင်ရင် စ,ချင်နောက်ချင်လေ့ရှိတဲ့ ဘိုမိန်ဟာ

"ဟိတ်ကောင်မလေး ငါမသိဘဲ ငါ့ပစ္စည်းတွေ လျှောက်မကိုင်နဲ့ နော်"

ရုတ်တရက်မို့ ကောင်မလေး လန့်တုန်သွားရှာတယ်။ သူ့ဘက် ကို လှည့်ကြည့်လိုက်တော့ ပါးကွက်ကြားကလေးနဲ့ ယဉ်စစ မျက်နှာက လေးတစ်ခု ဘွားကနဲ ပေါ်လာတယ်။

"အမယ် အင်္ကျီအညစ်တွေ လျှော်ဖို့ လာယူတာပါနော်။ တခြား ဘာမှ မကိုင်ပါဘူး"

"လူပျိုအခန်းထဲကို ဒီလိုပဲ မပြောမဆို ဝင်လာရသလားဟ"

"ဟင် အစ်ကို ဘိုမိန်ကလည်း ဘာတွေပြောနေတာလဲ။ စိမ်းနု ဒီလို လာနေကျပဲဟာ"

ကောင်မလေး ရှက်ပြီး ပြေးထွက်ဖို့ ဟန်ပြင်မှ သူ့စကားလွန် သွားတာ သတိရပြီး

"အဲဒီ ဆင်ခြေထောက်အိတ်ကြီးထဲက အဝတ်တွေ အကုန်ယူ သွား။ အားလုံးလျှော်ရမယ့် အဝတ်ညစ်တွေချည်းပဲ"

ကောင်မလေး "စိမ်းနု" ထွက်သွားတော့ စိမ်းနုအကြောင်းသူ ဆက်တွေးနေမိတယ်။ စိမ်းနုက အမေ သူ့အတွက် ရွေးထားတဲ့ ချွေးမ လောင်းကလေးပေါ့။ တစ်ရွာတည်းနေ တစ်ရေတည်းသောက် အတူတကွ ကြီးပြင်းလာကြလို့ ငယ်သံယောဇဉ်နဲ့ သူက ဆွတ်မယ်ဆိုရင် အချိန်မရွေး ညွတ်လောက်တဲ့ အနေအထားလို့ ပြောရင်ရမယ်ထင်တယ်။ စိမ်းနုဟာ

www.burmeseclassic.com

ဘိုမိန်အပေါ် အထင်ကြီးတာရော လေးစားချစ်ခင်တာပါ ပေါင်းပြီး မိဘ စီမံရာခေါင်းညိတ်ဖို့ အဆင်သင့်ပြင်ထားပုံရတယ်။

စိမ်းနုတို့မိဘတွေအနေနဲ့က စီးပွားရေးကအစ ဘိုမိန့်အဖေ ရှိစဉ်ကတည်းက လက်ဝေခံ အကူအညီ အပေးအကမ်း မလွတ်သူတွေမို့ အကြီးဆုံး သမီးစိမ်းနုသာ တစ်ဦးတည်းသောသား ဘိုမိန်နဲ့ နေရာကျသွားရင် သူတို့ဘက်က နာလောက်စရာမရှိဘူးလို့ ပေသီးတွက် တွက်ထားဟန်တူတယ်။

အမေကတော့ စိမ်းနုအပေါ် အတန်းပညာ ရှစ်တန်းလောက်အထိသာ တတ်ပေမယ့် ရိုးသားတည်ငြိမ်တဲ့ အိန္ဒြေရှင်မိန်းကလေးအဖြစ် အမေက အမှတ်တွေပိုပေးထားတာပါ။ ဒီရွာအနေနဲ့ကြည့်ရင် စိမ်းနုလဲ အချောအလှစာရင်းဝင်တစ်ယောက်ပါပဲ။ ရွာမှာ ပွဲဖံများ လှည့်တော့မယ်ဆိုရင် (ပွဲဖံဆိုတာ ကထိန်ပွဲရှင်ပွဲတွေလို လှည့်လည်ပွဲကို ပြောတာပါ) စိမ်းနုက ထိပ်ဆုံးက။ ရင်ဖုံးအင်္ကျီ လက်ရှည်၊ ချိတ်ထဘီနဲ့ မြို့က တကူးတက ငှားထားတဲ့ အလှပြင်ဆရာမထုံးထားပေးတဲ့ ဆံထုံးဆန်းဆန်းမှာ ပန်းတွေဝေအောင်ပန်လို့၊ ပြီးတော့ လှပေ့ညွှန့်ပေဆိုတဲ့ ပန်းရောင်စုံတွေ ဝေဝေဆာဆာထိုးထားတဲ့ ပန်းရောင်စုံဖလားကို ရွက်ရတာ။ အထက်အညာက ရွာတွေမှာဆိုရင်တော့ ပန်းတောင်ကိုင်ပေါ့။ တနင်္သာရီ ကမ်းရိုးတန်းရွာတွေမှာတော့ ဒီလိုရွာရဲ့ အချောအလှစာရင်းဝင်သူတွေသာ ပန်းဖလားကို ရွက်ခွင့် ရှိတာပါ။

ပွဲဖံများ လှည့်ပြီဆိုရင် ဘယ်သူ့ဘယ်ဝါသမီးက ပန်းဖလားရွက်တယ် ဆိုတဲ့ လေးမြတ်ဂုဏ်ယူမှုတွေနဲ့ ကိုယ့်ယဉ်ကျေးမှုထုံးစံကို အစဉ်အလာမပျက်အောင် ကျားကန်ထူမတ်နေတဲ့ ချစ်စရာဓလေ့စရိုက်အပြည့်အဝ ရှိတဲ့ ရွာကလေးတွေပါ။ ရွာမှာ အဲသလို ပွဲကြီးလမ်းကြီးမရှိရင်တော့ စိမ်းနုဟာ ဆံပင်ရှည်ကြီးကို ဖွတ်မြီးထိုးကျစ်ထားလေ့ရှိပြီး လုံခြုံအိန္ဒြေရတဲ့ အဝတ်တွေကလွဲရင် ဘာမှ အဆန်းအပြား မဆင်ယင်

www.burmeseclassic.com


တတ်တဲ့ ရိုးရိုးကြီး စိမ်းနုပါ။ မြို့ကို အရောက်အပေါက်များတဲ့ ဘိုမိန့် မျက်စိထဲမှာတော့ စိမ်းနုဟာ သနားစရာ ချစ်စရာကောင်းပေမယ့် ရင်မခုန် ဘူး ဖြစ်နေတယ်။ မြို့သားတွေ ပြောသလို ပြောရရင် ဟော့ထ် မထိဘူးပေါ့။

သူတကယ် ဟော့ထ်ထိတာက ချစ်ဖူးငုံလေ . . . ။

နာမည်ကလည်း ဆန်းပြား။ ဆန်းပြားဆို သူတို့ရွာမှာတော့ မမြအင်၊ သန်းသန်းအေး၊ စမ်းကြည်ဝင်း၊ မြင့်မြင့်စန်း၊ အေးအေးသိန်း၊ ခင်မာချို ဆိုတာတွေက အဆန်းဆုံး နာမည်တွေ ဖြစ်နေချိန်မှာ ချစ်ဖူးငုံ ဆိုတော့ ဒီဟာ ဟော့ထ်မထိရင် ဘယ်ဟော့ထ် ထိမှာလဲ။ ပြီးတော့ ချစ်ဖူးငုံက သူ့ဆိုင်အတွက် မြို့ကို တစ်လတစ်ကြိမ်ဆိုသလို ပစ္စည်းဝယ် တက်နေတော့ မြို့မှာပေါ်သလောက် အဆင်ဆန်း ကိုယ်ပေါ်ရောက်နေ တော့တာပေါ့။ ဂျော်ဒါးနိုးတဲ့။ နစ်ကီတဲ့၊ ဆွဲသားတဲ့၊ ကိုယ်ကြပ်တဲ့၊ ပီ စကင်းတဲ့၊ စိန်မိုက်ကယ်တဲ့၊ ချစ်ဖူးငုံဝတ်တဲ့ အဝတ်တွေမှန်သမျှ သူအကုန် အလွတ်ရနေတယ်။

ပျားပိတုန်းတွေ အုံခဲ ပျံဝဲနေတဲ့ ပန်းကလေးတစ်ပွင့်ကို ခူးယူ လူဦးသွားမှာစိုးလို့ ဒီတစ်ခေါက်ရွာပြန်ရောက်ရင် ချစ်စကားပြောဖို့ အား ခဲလာတာ။

ဒါကြောင့် ဒီတစ်ပတ် ချစ်သူကလေးအတွက် လက်ဆောင်ကို ခါတိုင်းထက် ပိုပိုသာသာ မှိုတက်ပါတိတ်ဝမ်းဆက်အပြင် မျက်နှာအလှ ပြင်ပစ္စည်းစုံပါတဲ့ ဗူးလှလှကလေးပါ အပိုဆောင်းလို့။ ပြောနေကြာတယ်။ သူ့အစီအစဉ်ကို ဒီညနေပဲ အကောင်အထည်ဖော်မှ။ ဆုံးဖြတ်ချက်ချပြီး စိတ်လက်ပေါ့ပါးစွာ အခန်းပြင်ထွက်လာတော့ မီးဖိုထဲမှာ အမေတစ် ယောက် မီးခိုးတစ်လုံးလုံးနဲ့ ချက်တုန်း . . .

"ဟော ကာလနဂါး ထလာပြီလား။ ကြွက်ကလေးနင်းမိဦးမယ်"

"အမေကလဲဗျာ။ အိမ်မှာ နေရချိန်ကလေး ဖိမ်လုပ်ရတာ လုပ်ပါ ရစေ"

 www.burmeseclassic.com

"အမယ် ငါမသိဘူးမှတ်လို့ ညနေစောင်းဆိုလား ညနေခင်းဆိုလား အဲဒီဆိုင်ကို ရောက်ရောက်သွားပြီး အရည်ကလေး သောက်သောက်လာတာ ငါမသိဘူး မှတ်လို့"

"ပင်လယ်သား အရက်သောက်တာ ဆန်းသလားအမေရ"

"အေး ငါ့သား အရက်သမားကြီး လုံးလုံးဖြစ်သွားမှာစိုးလို့ပြောနေတာ။ မဖြစ်ပါဘူး မင်းကို မိန်းမ မြန်မြန်ပေးစားပါမှ"

သူ အမေ့ရှေ့က စကားဖြတ်ပြီး အမြန်ထွက်လာပေလို့ နို့မဟုတ်ရင် အမေ့ဓာတ်ပြားဟောင်းကြီး နာနေရဦးမယ်။ အမေက မဖြစ်ပါဘူးတဲ့။ သားကလည်း မဖြစ်ပါဘူး အမေရာ။ အမေ့စိတ်ကြိုက် ချွေးမနဲ့တော့မဖြစ်ပါဘူး။ သားဖြစ်ချင်နေတာ တကယ်အကောင်အထည်ဖော်တော့မယ်ဆို တာ အမေသိသွားရင် ဘယ်လောက်များ ဇွေ့ဇွေ့ခုန်နေမယ် မသိ။

အဲဒီနေ့က တစ်နေ့လုံး ရွာအရှေ့ပိုင်းက သူနဲ့ရှယ်ယာတူ "နောင်ကိုင်းဟင်" နဲ့ အလုပ်ကိစ္စ ငွေစာရင်းရှင်းနေတာ စိတ်ကိုမပါတော့ဘူး။ ဒီကြားထဲ နောင်ကိုင်းဟင်က သူ့ဝသီအတိုင်း စကားဗာရာဏသီချဲ့နေပြန်တော့တယ်။

နောင်ကိုင်းဟင်ဆိုတာ သူတို့ရွာမှာတော့ တိုးတက်တဲ့အမြင်ရှိတဲ့ လူရွယ်လူလတ် တစ်ယောက်ပါ။ တစ်ခေတ် တစ်ခါက အရောင်းအဝယ်ကိစ္စနဲ့ပီနန်၊ စင်္ကာပူ၊ မလေးရှားနိုင်ငံတွေအထိ ရောက်ရှိ ကျင်လည်ခဲ့ဖူးတဲ့ ပညာတတ် လူရည်လည်တစ်ယောက်လို့ သတ်မှတ်ရင်လည်း ရတယ်။ သူကျင်လည်ခဲ့ရတဲ့ ဘဝမျိုးစုံနဲ့ သူဖတ်ထားတဲ့ စာမျိုးစုံတွေကနေ စကားကြီးစကားကျယ်တွေ ထွက်လာတတ်တာမို့ အမြီးကျက် အမြီးစား၊ ခေါင်းကျက်ခေါင်းစား၊ ဘိုမိန်လို လူမျိုးနဲ့ သိပ်ပြီး ကီးမကိုက်လှဘူး။ အခုလည်း အလုပ်ကိစ္စကနည်းနည်း သူရဲ့ကြီးမားချဲ့ကားတဲ့ စကားလုံးတွေနဲ့ ပစ်ပေါက်တာကို ခံရတာက များများ။ သူ့စကားထဲမှာ ဖက်စ်တို့၊ အီးမေလ်တို့ ဂယ်လိုဘယ်လိုက်ဇေးရှင်းတို့ လူအရင်းအမြစ်တို့ သဘာဝပတ်ဝန်းကျင်

www.burmeseclassic.com


ထိမ်းသိမ်းရေးတို့ စတဲ့လျှာခလုတ်တိုက်စကားလုံးတွေဟာ ဘိုမိန်နားထဲကို ကိုးလိုးကန့်လန့်ဝင်လာနေကျ။ ဒီနေ့တော့ နောင်ကိုင်းဟင်က ကမ္ဘာတစ်ပတ်ပတ်ပြီး ပင်လယ်ကြီးဆီ ပြန်ရောက်သွားပြန်တယ်။

"ကမ်းရိုးတန်းမှာ နေထိုင်တဲ့ လူမှုဘဝ၊ လုပ်ငန်းလည်ပတ်မှု၊ အသက်ရှင်နေထိုင်မှုစတဲ့ အကြောင်းတရားတွေကြောင့် လူနဲ့ပင်လယ်ဟာ ထွေးရော ယှက်တင် ဖြစ်လာကြပြီ။ အဲဒီပင်လယ်ကို တည်မှီနေထိုင်တဲ့ လူတွေက မှီတင်းဖွံ့တည်နေထိုင်နိုင်မှု ကျေးဇူးတရားကို မထောက်။ အခုဆို ပင်လယ်သစ်ကိုင်းကို ချိုင်နေကြပြီ။ ပင်လယ်ရေအိုးစင်ကို မီးမြှိုက်နေကြပြီ"

"အဲဒီလို ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဝယ်လိုအား မြင့်တက်လာမှုကြောင့် ကုန်ပစ္စည်းတိုင်းကို အရေအတွက်အားဖြင့်ရော တန်ဖိုးအားဖြင့်ပါ တွန်းတက်နေကြပြီ။ အဲဒီထဲမှာ ရေထွက်ပစ္စည်းဟာ သည်းခြေကြိုက်ပေါ့"

"ငါးတွေ ပုစွန်တွေ ရေသတ္တဝါတွေကို ချက်ပြုတ်ထားတဲ့အစားအစာတွေဟာ သူတို့ထွက်ရှိရာ ဒေသနဲ့တွဲပြီး နာမည်ကျော်ကြားလာကြပြီ။ ဒါဟာ မြန်ဆန်စွာ တိုးတက်ဖြစ်ထွန်းလာတဲ့ စည်းစိမ်ဥစ္စာရဲ့အမှတ်လက္ခဏာ ဖြစ်တယ်"

"ဖိလစ်ပိုင်ကမ်းရိုးတန်းမှာ ဝေလငါးတွေ မိတော့ ဒေသဈေးနှုန်းဒေါ်လာ၂၅၀၊ တရုတ်ဈေးကွက်ကိုရောက်သွားတော့ အဆ–၅၀ တက်သွားရော ဒါဟာ စည်သွပ်ဆားနယ်မဟုတ်တဲ့ အသားစိမ်းဈေး တို့မြန်မာမှာဆိုရင် . . ."

နောင်ကိုင်းဟင်ဟာ သူသိသမျှ အကြားအမြင်ဗဟုသုတတွေနဲ့ ဒီနေ့ ဒေသကထွက်ရှိတဲ့ ကျောက်ငါး၊ ကျောက်ပဂဲ၊ ကျွဲရင်၊ သဘောင်းစတဲ့ ငါးကြီးငါးကောင်းဈေးတွေကို ချိန်ထိုးတွက်ချက်နေတော့တယ်။

ဒါက နောင်ကိုင်းဟင်နဲ့တွေ့ရင် မဖြစ်မနေ နာနေကျတရား။ ဘိုမိန်ဟာ အတောမသတ်နိုင်တဲ့ နောင်ကိုင်းဟင်ရဲ့ စကားလက်စကို ဖင်

www.burmeseclassic.com

တကြွကြွနဲ့ နားထောင်နေရတာ တယ် စိတ်မပါလှဘူး။ သူက နောင်ကိုင်း ဟင်လို အတွေးလက်တံမရှည်ဘူး။ ကမ္ဘာကြီးကို မျှော်ကြည့်ဖို့လည်း ပြည့်စုံကုံလုံတဲ့ မျက်လုံးတစ်စုံ မရှိဘူး။ တွေးခေါ်မျှော်မြင် ဆင်ခြင်တုံတရားတွေ ယက်ဖောက်သီထားတဲ့ ချပ်ဝပ်တန်ဆာ မရှိဘူး။

ပင်လယ်ပြင်ကြီး အရှည်တည်တံ့လှပသာယာဖို့ဆိုတာ ဘိုမိန်နဲ့ ပြောတာထက် ငါးစခန်းက လူတွေနဲ့ နဖူးတိုက် ဒူးတိုက်ဆွေးနွေးဖို့ကောင်းတဲ့ အရာတွေပါ။ တကယ်ဖမ်းသူတွေနဲ့သာ တိုက်ရိုက်ဆက်စပ်မှုရှိတယ်လို့ ဘိုမိန်က ဆင်ဖေ့ရန်ရှောင် တွေးမိတယ်။ စကြာဝဠာကြီးနဲ့ တိုင်းတာရင် ဘိုမိန်ဟာ ပမွှားလေး တစ်ကောင်ပါပဲ။ အလွန်သေးငယ်တဲ့ အမှုန့်အနယ်၊ အစက်အပြောက်ကလေး တစ်ခုပေါ့။ တစ်နေ့တစ်နေ့ ငွေမှန်မှန်ရပြီး ထမင်းမှန်မှန်စားသွားရဖို့ပဲ စဉ်းစားတယ်။ ငါးများများရလေ ဘိုမိန်တို့ ဝမ်းခေါင်းစိုလေပေါ့။ ကျန်တာတွေ ဘာမှ ရှည်ရှည်ဝေးဝေး မတွေးပါဘူး။ လောလောဆယ် သူ့အတွေးမှာ နေရာယူနေတာက ချစ်ဖူးငုံဆိုတဲ့ ကလေးမ . . .

ညနေစောင်းရောက်တော့ စိတ်ဓာတ်တက်ကြွစွာပဲ ရေမိုးစောစောချိုးပြီး အကောင်းဆုံးဝတ်စုံတစ်စုံကို ရွေးချယ် ဝတ်ဆင်လိုက်တယ်။ မြင်းခေါင်းတံဆိပ် (Top Century )ကိုယ်လိမ်းပေါင်ဒါတွေလည်း အနားမှာ လူလာရပ်ရင် ရင်ကျပ်ချင်စရာကောင်းလောက်အောင် လိမ်းကျံထားသေးတယ်။ “ဒွေးကေ ဒွေးကေ” နဲ့ မြို့မှာ ခေတ်စားနေတဲ့ ငုတ်စိစိ တိုထောင်ထောင် မဖြစ်ညစ်ကျယ် ဆံပင်လေးကို ဘီးနဲ့အကြိမ်ကြိမ် သနေတယ်။ အမေအပျိုကတည်းက သုံးစွဲလာတဲ့ ဆယ်စုနှစ်များစွာကြို့ ဖြတ်သန်းလာရလို့ တစ်ခြမ်းပဲ့နေတဲ့ မှန်ရှေ့မှာ သူ့ကိုယ်သူ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။ ကြည့်ပြီးရင်း ကြည့်ပြီး အိုကေပြီဆိုမှ အိမ်က ထွက်လာပါတော့တယ်။

●

www.burmeseclassic.com


ကိုယ့်အကြံနဲ့ကိုယ်မို့ စောပြီးထွက်လာတာ။ ကမ်းခြေမှာလူတစ်ယောက်မှတောင် မရှိသေးဘူး။ ဆိုင်ထဲဝင်တော့လည်း လူရှင်းနေလိုက်တာ။ ကောင်းတယ်။ သူ့အကြံကို အကောင်အထည်ဖော်ဖို့ ဒီအချိန်အကောင်းဆုံး အချိန်ပေါ့။

မျှော်လင့်ချက် မျက်ဝန်းနဲ့ ကောင်တာကို လှမ်းကြည့်လိုက်တော့ ကောင်တာနောက်မှာ ထိုင်နေတာ သူ့ရဲ့ ချစ်ငုံဖူး မဟုတ်ပါလား။ နှုတ်ခမ်းမွေး ထူပျစ်ပျစ် မိုက်တိမိုက်ကန်း မျက်နှာမျိုးနဲ့ လူစိမ်းက သူ့ကို မျက်လုံးလှန်ကြည့်ပြီး . . .

"ဘာသောက်မှာလဲ ကိုယ့်လူ"

"အဟဲ . . .ဟို . . . ဒီက ဆိုင်ရှင်တွေ"

"ဆိုင်ရှင်။ ဒီမှာလေ . . . ငါပေါ့ကွ"

"မဟုတ်ဘူး။ ကျွန်တော်ပြောတာက အရင်က ဆိုင်ပိုင်ရှင် ချစ်ဖူးငုံ"

"မင်းကောင်မ ပြေးပြီ"

"ဟင် . . . ပြေးပြီ။ ဘယ်ပြေးတာလဲ"

" ကျွတ် . . . မင်း တော်တော်နားဝေးတဲ့ ကောင်ပါလား။ ပြေးပြီဆိုမှတော့ ဘယ်ပြေးမယ် ပြောသွားမလားကွ မင်းဘိုးအေ . . ."

နှုတ်ခမ်းမွေးက အသားလွတ် စိတ်တိုနေတာမို့ သူက လေချိုကလေးနဲ့ . . .

"ဒီ . . . ဒီလိုပါ ဦးလေးရယ်။ ချစ်ဖူးငုံက ကျွန်တော့်မိတ်ဆွေပါ။ သူ့နဲ့တွေ့မှ ဖြစ်မှာမို့ သူတို့ဘယ်သွားတယ်ဆိုတာကလေးတော့"

"ဟာ . . . ပြောရတာ တယ်လက်ပေါက်ကပ်ပါလား။ ငါ့နှယ် ဘယ်လိုကောင်မျိုးနဲ့ လာတွေ့နေတာပါလိမ့်။ ချစ်ဖူးငုံဆိုတဲ့ မိန်းမက နယ်တကာလှည့် အငြိမ့်ကစားလာတဲ့ မင်းသမီး။ ဇာတ်ခေါင်းကွဲပြီး ဇာတ်မကနိုင်တော့တဲ့ အတူတူ ဒီရွာမှာလာပြီး စားကွက်ထွင်နေတာ။ မင်းတို့တစ်

www.burmeseclassic.com

ရွာလုံးက ကာလသားတွေ အရူးအမူး ဖြစ်ကုန်ကြပြီ မဟုတ်လား။ မနေ့က မှ ဒီရွာကို ငါ့ကိစ္စနဲ့ငါလာတာ။ သူတို့အကြောင်း အူမချေးခါးသိထားတဲ့ ငါ့ကိုလည်း မြင်ရော ညတွင်းချင်း လှေစင်းလုံးငှားပြီး ပြောင်းပြေးကုန်ကြတာ အဟား . . . ဟား"

"ဒါဆို သူ့အဖေရော ပါသွားပြီပေါ့"

"အဖေ . . . အဟက် . . . ဟက် . . . ဟား ဟား မင်းကိုသူ့အဖေလို ဘယ်သူပြောသလဲ"

"အို . . . သူကိုယ်တိုင်က အဖေ ခေါ်နေတာပဲဟာ"

"အဖေခေါ်တိုင်း သူ့အဖေ ဖြစ်ရောလားကွ"

"ဟင် . . . သူ့အဖေ မဟုတ်ရင် ဘာလဲ"

"သူ့အဖေ မဟုတ်ရင် ဘာဖြစ်နိုင်မလဲ။ စဉ်းစားသာကြည့်ပေါ့ ကိုယ့်လူ။ ရယ်ရတယ်။ ဟေး ဟေး . . ."

နှုတ်ခမ်းမွှေးရဲ့ ဟေးဟေးသံဟာ သောင်ပြင်မှာ စွပ်ပြေးနေတဲ့ သူ့ခြေထောက်နောက်ကို ထပ်ကြပ်မကွာ ပြေးလိုက်လာကြတယ်။

"မင်းတို့က အတုနဲ့အစစ်ကို ခွဲခြားမသိဘဲကိုးကွ။ အဟေးဟေး အတုတွေကလည်း အစစ်ထက်တောင် စစ်စစ် မြည်ချင်သေးသကိုး"

နောက်ဆက်တွဲ အသံတွေ လွင့်စဉ်ကပ်ငြိပါလာလို့ သူ့နားနှစ်ဘက်ကို တင်းတင်း ပိတ်လိုက်မိတယ်။

လောကကြီးဟာ ရက်စက်လှချည့်လား။ လှည့်ဖြားမှု ပဥ္စလက်မာယာတွေနဲ့ ကကြိုးရှုပ်လှပါလား။ သူ ရက်ပေါင်းများစွာ မိုက်မဲရူးသွပ်ခဲ့တာ နောက်ဆုံးတော့ ရင်ဗလာဟင်းလင်း ပွင့်ကျန်ခဲ့ပါရောလား။ မိန်းမတစ်ယောက်ရဲ့ လှည့်ဖြားမှု ကျော့ကွင်းထဲ ခေါင်းလျှိုမိပြီးသား ဖြစ်နေတဲ့ သူ့အဖြစ်ကို သူ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လွန်းလို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ တစ်နေရာရောက်တော့ သောင်စပ်မှာ ကြွေကျနေတဲ့ အုန်းလက်တစ်ခုကို ကုန်းကောက်ကာ ပင်စည်နဲ့ အကြိမ်ကြိမ်အား

www.burmeseclassic.com


ကုန်လွှဲရိုက်ပြီးတဲ့အခါမှာမှ ငယ်ထိပ်တက်နေတဲ့ သူ့ဒေါသတွေ တဖြည်းဖြည်း ပြေကျလာပါတော့တယ်။

သေစမ်း . . . သေစမ်း . . . ဘိုမိန်၊ မင်း . . . သေစမ်း . . .

သူ့ကိုယ်သူ ပြစ်ဒဏ်တွေ အကြိမ်ကြိမ်ချလို့ အုန်းပင်ရင်းမှာ မောမောနဲ့ မှီထိုင်ချလိုက်တော့ ပင်လယ်ပြင်ကြီးက သူ့ကို လှောင်ပြုံးပြုံးပြနေသလို မလုံမလဲ ခံစားရပြန်တယ်။ ပက်လက်အိပ်လိုက် ပြန်ရင်လည်း တိမ်တွေက လှောင်ရယ်ရယ်ဦးမှာလေ။ နှုတ်ခမ်းမွှေးနဲ့လူကြီးရဲ့ သရော်လှောင်သံတဟေးဟေးက နားထဲကကို မထွက်ဘဲ လည်ချောင်းမှာ ဆို့နင်နင်ရင်ထဲမှာ တင်းခဲခဲကြီး ဖြစ်နေတော့တယ်။

●

ဟောတော့ အစ်ကိုဘိုမိန်က ဒီမှာလာပြီး မမူးဘဲ လဲနေတာကိုး။ ကြီးမေက ထမင်းပြန်မစားလို့ စိတ်ပူပြီး ရှာခိုင်းတာ။ အိပ်စရာရှားလို့ ဒီမှာလာအိပ်နေရသလား။ မှောင်တောင်မှောင်နေပြီ။ ထထ အိမ်ပြန်ကြမယ် . . . ။

ဟင် . . . သူအိပ်ပျော်သွားတာလား။ အချိန်ဘယ်လောက်တောင်ကြာသွားမှန်းမသိ။ ဒီရေတောင် သူ့ခြေဖမိုးကို ထိနမ်းနေပါရောလား။ စိမ်းနုရောက်မလာဘဲ အိပ်ပျော်လွန်နေရင် သူ့အဖြစ်က မတွေးဝံ့စရာ။ ကောင်းကင်ပေါ် မော့ကြည့်လိုက်တော့ လစောင်းစောင်းကလေးတောင်ကုပ်ချောင်းချောင်းနဲ့ ကြယ်တွေမောင်းဖို့ ထွက်လာပြီ။

“ကဲပါဆို ပြန်ကြရအောင်၊ အစ်ကို့ကြည့်ရတာ ကြောင်တောင်တောင်နဲ့ ဘာဖြစ်နေတာလဲ”

“ဘာမှ မဖြစ်ပါဘူးကွာ။ ရေသူမနဲ့တွေ့နေလို့ပါ”

“ရေသူမ။ ဘယ်မှာလဲ ရေသူမ”

 www.burmeseclassic.com

"မရှိတော့ဘူးသွားပြီ။ ရေသူမက ဝေးဝေးကကြည့်တော့ရေသူမ၊ အနီးကပ်လဲ ကြည့်လိုက်ရော ရေဝက် ဖြစ်နေရော"

"ဟောတော့"

စိမ်းနု မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်လာပြီး နေညိုချိန်မှာ အစ်ကို ဘိုမိန်တစ်ယောက် သစ်ပင်အောက် အိပ်မိတာနဲ့ မကောင်းဆိုးဝါး ဖမ်းစားလိုက်ပြီ ထင်ပါရဲ့။ အစ်ကိုဘိုမိန် ရူးသွားပြီ ထင်ပါရဲ့။

ဘိုမိန် မရူးဘူး။ ဘိုမိန် မရူးဘူးဆိုတာ ဘိုမိန့်ကိုယ့်ဘိုမိန် အသိဆုံး။ အခုမှ ဘိုမိန် အမှန်တရားပေါ်မှာ လမ်းလျှောက်ဖို့ နိုးထလာတာပါ။

"ဟော့ စိမ်းနု နေဦးလေ"

သူ့အမူအရာကို လန့်ပြီး ရွာထဲဘက် ခပ်သွက်သွက် ပြေးဝင်သွားတဲ့ စိမ်းနုရဲ့ နိမ့်တုန်မြင့်တုန်လေးကို ကြည့်ပြီး သူ့ရင်ထဲ "ဒိတ်"ကနဲ အသံမြည်သွားတော့တယ်။ အခုမှ ဘိုမိန် တကယ် ဟာ့ထ် ထိပြီလားမသိ။ မသေချာသေး။

**ကလျာမဂ္ဂဇင်း၊ ၂၀၀၁၊ နိုဝင်ဘာ**

www.burmeseclassic.com



www.burmeseclassic.com


# အနုကြည့်မှန်ပြောင်း

နေပူပူ၊ မိုးရွာရွာ၊ မုန်တိုင်းသည်းသည်း၊ လေလှိုင်းထန်ထန် သဘာဝ ဘေးဒဏ်တွေ ရင်စည်းတင်းခံရတဲ့သူတွေထဲမှာ “ကမ်းစောင့်” လည်း အပါအဝင် ဖြစ်တယ်။ ဒုက္ခခံရတာခြင်းအတူတူ လူတွေရဲ့ မေ့လျော့ ပေါ့ဆ အသိအမှတ်ပြုခြင်း မခံရတဲ့အတွက် ကမ်းစောင့်ဟာ သူ့ဘဝကြမ္မာ ကို သူ့ဘာသာ ဝမ်းနည်းကြေကွဲနေလေ့ရှိတယ်။ အခုလို လသာတဲ့ည။ ကြယ်စုံတဲ့ ညမျိုးမှာ သူ့ချည်းဆိတ်ဆိတ် ငြိမ်တိတ်နေတာမျိုးကို မနှစ်မြို့ နိုင်ဆုံးပါပဲ။

ဒီအချိန်ဆို “ငွေသောင်ယံ”ရွာထဲမှာ ကက်ဆက်သံ ဗီဒီယိုသံ၊ နောက်ဆုံးပေါ် ကာရာအိုကေတေးသံတွေ ဆူညံနေရောပေါ့။ ငွေသောင်ယံ သားတွေကလည်း တစ်နေ့လုံးပင်ပန်းနွမ်းနယ်ထားသမျှ စောစောခေါင်းချ ဖို့ စိတ်မကူး။ ဗီဒီယိုရုံရဲ့ မြူးကြွတဲ့တေးသံ၊ အပစ်အခတ် စွန့်စားခန်းဇာတ် လမ်းတွေထဲမှာ သူတို့ရဲ့ ဆားငန်ရည်ဘဝကို လိုလိုချင်ချင် ပစ်ချနေကြ တယ်။ သူတိုရဲ့ သာယာနာပျော်ဖွယ်မကောင်းတဲ့ အသံသေး၊ အသံကြောင်၊ အသံအက်၊ အသံကွဲတွေနဲ့ နာမည်ကြီးအဆိုတော်တွေရဲ့ သီချင်းတွေကို

www.burmeseclassic.com

ဠှာန်မကျ၊ မာန်မကျ ဟစ်ဟစ်ပြီး ကာရာအိုကေစက်ထဲ ပစ်သွင်းနေကြတယ်။ သီချင်းစာသားနဲ့ မကိုက်ညီလှတဲ့ ခပ်ညံ့ညံ့ သရုပ်ဆောင်မှုတွေထဲမှာ သူတို့ကိုယ်တိုင် ပူးဝင်လှုပ်ခတ်ရင်း အငန်ဓာတ်တွေ ကြွပ်တက်နေတဲ့ နှလုံးသားတွေကို ချေးချွတ်သန့်စင်ဖို့ ကြိုးစားနေကြတယ်။

ဘုရားပွဲကို အကြောင်းပြပြီး လွင့်ပျံ့လာတဲ့ ကစားဝိုင်းတွေဆီက တဝေါဝေါ အသံတွေကိုတော့ ကမ်းစောင့်ဟာ မကြားချင်အဆုံးပါ။ အဲဒီ ပင်လယ်ကျွဲတွေ လောင်းကစားနွံထဲက ရုန်းမထွက်နိုင်ဘဲ ဆင်းရဲတွင်းထဲ ကျပြီးရင်းကျနေတဲ့ အဓိက တရားခံကို သူတို့မသိပေမယ့် ကမ်းစောင့် သိနေတယ်။ ငါးရရင်တစ်မျိုးဆက်ဆံ၊ ငါးမရရင်တစ်မျိုး ဆက်ဆံလေ့ ရှိပြီး ပုတ်ပြတ်၊ ခေါက်စား၊ ကြိုတင်ငွေ၊ ငွေတိုး စသည့် နဖားကြိုးတွေ အထပ်ထပ်ထိုးပြီး ခိုင်းစေခဲ့တာ အားမရနိုင်သေးလို့ အခုလို လူတွေရဲ့အိတ်ကပ်ထဲကငွေကို ရသလောက်ချူနေတာကတော့ နည်းနည်းမှ တရားနည်း လမ်းမကျလှပေဘူးလို့ ကမ်းစောင့်ဟာ တစ်ကိုယ်တည်း ရေရွတ်နေတယ်။

လှေပိုင်၊ စက်ပိုင်၊ ပိုက်ပိုင်၊ ငွေကြေးအရင်းအနှီးပိုင်တွေနဲ့ပိုက်သူကြီးအမည်ခံတွေဟာ ငါးဖမ်းလုပ်သားတွေရဲ့ လုပ်အားကို သောက်စားဝါးမျိုခဲ့တာ ငွေသောင်ယံတစ်သက်ပါပဲ။ ငွေသောင်ယံဆိုတာ တကယ်တော့ ကျွန်းငယ်တစ်ခုလို့ ထင်ရပေမယ့် သေသေချာချာ ကြည့်မယ်ဆိုရင် သဲသောင်အငူတစ်ခုမျှသာ ဖြစ်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ငွေသောင်ယံဟာ ပင်လယ်ပြင်ဘက် ထိုးထွက်ဖို့ အားယူနေဆဲ ကာလမှာ သဘာဝတရားရဲ့ ပြုပြင်ပေးမှုကြောင့် အခြား ကျွန်းကြီး၊ ရွာကြီးတွေရဲ့ ရံထားစောင့် ကြပ်ခြင်းကို ခံနေရတယ်။ မနီးမဝေးမှာလည်း အတန်အသင့်စည်ကား မြို့ငယ်တစ်မြို့ရှိသေးရဲ့။

အဲဒီ . . . သောင်အငူစွန်းကလေးနဲ့ မလှမ်းမကမ်းမှာ မြစ်ကြီးချောင်းငယ်တွေ စုဆုံနေတဲ့ ရေထုရှိတယ်။ ကျွန်းကြီး ကျွန်းငယ်တွေနဲ့ နီးတဲ့အတွက် ငါး၊ ပုစွန်တွေ ခိုအောင်း ပျော်မွေ့ရာ ဒေသလည်းဖြစ်တယ်။

www.burmeseclassic.com


ရေဆုံနေတဲ့ ရေထုဟာ ငါးပုစွန်တွေရဲ့ အစာအမှုန့်အနယ်တွေကို ထက်အောက်ဝဲယာ လှည့်ပေးသလို ဖြစ်နေတယ်။ အဲဒီအချက်အလက်တွေဟာ ငွေသောင်ယံကို ငါးစခန်းအဖြစ် ရွေးချယ်စေတဲ့ အရည်အချင်းကောင်းတွေပါပဲ။

တစ်ခါတုန်းကတော့ ငွေသောင်ယံဟာ မထင်မရှား တံငါရွာကလေးတစ်ရွာမျှသာပါ။ ပသျှူးလူမျိုး 'ရှိတ်ဆူဗန်း' ကစတင် ထူထောင်လို့ "ပသျှူးရွာ" လို့ အမည်တွင်သွားပါသေးတယ်။ ငွေသောင်ယံဟာ ကျပ်တည်းကျဉ်းမြောင်းတဲ့ အခက်အခဲများစွာနဲ့ အရောင်အသွေးစုံခေတ်ကာလတွေကို ဖြတ်ကျော်ပြီးမှ ငါးစခန်း ဖြစ်လာရတာပါ။ ရှင်ကြီးဝမ်းလည်း ဝင်ဖူးပြီ။ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးပြီမို့ အခုဆိုရင် ငွေသောင်ယံဟာ အရွယ်ရောက်ပြီး ရင့်ကျက်တည်ငြိမ်နေတဲ့ မိန်းမပျိုတစ်ယောက်ရဲ့ လှပတင့်တယ်ခြင်းမျိုးနဲ့ အိန္ဒြေရနေပါတော့တယ်။

●

ကမ်းစောင့်ဟာ ငွေသောင်ယံနဲ့ တစ်ပြိုင်တည်း ဖွားမြောက်ရှင်သန်ခဲ့တယ်လို့ ပြောမယ်ဆိုရင် ရမယ်ထင်တယ်။ သူ့ကို ကျွန်းရိုင်းတွေပေါ်က ကပြိုင်သစ်လုံးတွေနဲ့ တည်ဆောက်ပြင်ဆင် စီရင်ခင်းကျင်းထားတာ ရေပြင်နဲ့ ထိစပ်နေတဲ့ သဲသောင်ပြင်တစ်လျှောက်လုံးပါပဲ။ သဲခုံသောင် ထက်မှာ ထီးထီးကျန်ကျန် မားမားစွင့်စွင့်ကြီး ပေါ်ထွက်နေပြီး ပင်လယ်ပြင် က ငါးပုစွန်တွေဆီ ညှို့ခတ်တွေ ဖြန့်ကျက်သွန်လွှတ်ခဲ့တဲ့ ကာလဟာ ငါးစခန်း သက်တမ်းနဲ့အမျှ ကြာမြင့်ခဲ့ပါပြီ။

နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး တဗုန်းဗုန်း ကျဆင်းလာတဲ့ ငါးပုစွန်ပုံကြီးတွေဟာ သူ့ကျောပေါ် ပင်လယ်ကြီးရွှေ့လျားလာသလား ထင်မှတ်မှားလောက်တယ်။ ပင်လယ် ရေစိမ်ကျွဲလို့ ကင်ပွန်းတပ်ခေါ်ဝေါ်

www.burmeseclassic.com

ခြင်းခံရတဲ့ ရေလူတွေ ရှာဖွေခပ်ယူခဲ့သမျှ ကမ်းစောင့်က လက်ခံ။ ကုန်းလူတွေက သူ့အပေါ်မှာ ငါးပုစွန်အမျိုးအစား ရွေးချယ်၊ နေလှန်း။ တကယ်တမ်းကျတော့ ငွေသောင်ယံမှာ ကမ်းစောင့်ဟာ ကျီးစောင့်၊ ကြက်နှင်ရုံမဟုတ်၊ ပွဲစားကြီးငယ် ဖောက်သည် ဝယ်လက်တို့ရဲ့ ဗဟိုဆုံချက်လည်း ဖြစ်သေးတယ်။

ငွေသောင်ယံပေါ်မှာ ကမ်းစောင့်လိုပဲ ငါးစခန်းတစ်ခုလုံးရဲ့ ဂုဏ်ကို ဆောင်နေတဲ့ အခြားအရာတွေလည်း ရှိပါသေးတယ်။ အဲဒါက "တော်ပီဒို" လို့အမည်ပေးထားတဲ့ ငါးဖမ်းလှေကလေးတွေပါ။ ငွေသောင်ယံငါးစခန်းမှာ တော်ပီဒို (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ဆိုပြီး ငါးဖမ်းလှေ ငါးစီးတိတိ ရှိတယ်။ တကယ်တော့ ဒါတွေက ဝါးလတ်တွေပါပဲ။ ဝါးလတ်ဆိုတာ သူတစ်ပါးဆီက ခဏငှားထားတဲ့ ရှမ်းစကားပါ။ "ဝါး" ဆိုတာ "ပိုက်" "လတ်" ဆိုတာ ဆွဲခြင်းလို့ အဓိပ္ပာယ်ရတဲ့ ပိုက်ဆွဲလှေကလေးတွေပဲ ဆိုကြပါစို့။

ဝါးလတ်မှာ လက်ခွမ်း၊ စက်ခွမ်းဆိုပြီး အစားစား ရှိပါသေးတယ်။ လက်ခွမ်းက ပိုက်ကို လက်နဲ့ဆွဲတာ။ စက်ခွမ်းက ပိုက်ကို စက်နဲ့ဆွဲတာ။ လက်နဲ့ပဲခွမ်းခွမ်း စက်နဲ့ပဲခွမ်းခွမ်း ငါးကိုဖမ်းတဲ့ ငါးပိုက်။ ပုစွန်ကို ဖမ်းတဲ့ ပုစွန်ပိုက်။ ကမ်းနီးကမ်းဝေး ခွဲခြားသတ်မှတ်ချက်တွေကလည်း ဝါးလတ်တွေကို ထိန်းချုပ်ထားပါသေးတယ်။ လိုင်းအနီဆိုရင် ကမ်းနီး၊ လိုင်းအစိမ်းဆိုရင် ကမ်းဝေး။ လူတွေ သတ်မှတ်ပေးတဲ့ အရောင်တွေရဲ့ သက်ရောက်မှု အောက်မှာ တော်ပီဒိုဝါးလတ်တွေဟာ ဒရွတ်ဆွဲပိုက်တွေကိုယ်စီနဲ့ အုပ်စုဖွဲ့ ရွေ့လျားနေတဲ့ ငါးအုပ်တွေကို ဖွေရှာကြတယ်။

ပိုက်နဲ့မတွေ့ခင်အချိန်အထိတော့ ရေနဲ့ငါးဟာ တစ်သားတည်းပါပဲ။ ကြီးကြီးငယ်ငယ် သူ့အရွယ်နဲ့သူ တင့်တယ်ပြီးသား။ သဘာဝက အပ်နှင်းထားတဲ့ ဇီဝဝိညာဉ်ကို စောင့်ထိန်းခြင်း အမှတ်သင်္ကေတတွေနဲ့ ပင်လယ်ရဲ့ အလှအပတွေ ကြွယ်ဝအောင် ဖြည့်စွက်ပေးနေတဲ့ သတ္တဝါတွေ

www.burmeseclassic.com


ပါ။ သာမန်ငါးတစ်ကောင်ဟာ မြွေတစ်ကောင်လိုပဲ ဝဲယာတွန့်လိမ်လို့ ရေတွေကို ဘေးသို့ခါပြီး ကူးခတ်နိုင်တယ်။ သူတို့ရဲ့ခန္ဓာကိုယ်ဟာ ရေထဲကို တိုးဝင်နိုင်လောက်အောင် ပြေပြစ်ရှည်သွယ်ပြီး ကြွက်သားတွေရဲ့ တွန်းအား နဲ့ အမြီးဆူးတောင်တို့ရဲ့ ထိန်းအားဖြင့် ကူးခတ်ကြတယ်။ ရင်ရေယက်နဲ့ ဆူးတောင်တွေဟာ ရေကူးဖို့၊ ဟန်ချက်ထိန်းဖို့၊ လမ်းကြောင်းတည့်မတ် ဖို့နဲ့ အရှိန်သတ်ဖို့ အသုံးဝင်လှတယ်။ အမြီးဆူးတောင်က ခန္ဓာကိုယ်ကို တွန်းအားပေး၊ ရင်ရေယက်က အထက်အောက် ကူးလူးရာမှာ အသုံးဝင် ရင်ရေယက်တစ်စုံနဲ့ ပူးတွဲပြီး အရှိန်ကိုသတ်ပေး။ ခန္ဓာကိုယ် အောက်ဘက် က ဆူးတောင်နဲ့ ကျောဆူးတောင်တို့က လမ်းကြောင်းကို တည့်မတ်တရ စပ်ကူးပေးရော့။ မြစ်ကြမ်းပြင်မှာ မနေဘဲ ရေအလယ်သားမှာသွားတဲ့ငါး တွေမှာတော့ လေစီဖောင်းအိတ်တွေ ကိုယ်စီရှိကြတယ်။

တစ်ကိုယ်တော် လင်းရှူး၊ လင်းပိုင်တွေက လွဲရင် ငါးတွေဟာ မျိုးစိတ်တူတွေ စုပေါင်းကူးခတ်လေ့ ရှိတယ်။ ဒီလို ကူးခတ်နေတဲ့အခါ အကွာအဝေး ရှေ့တန်းနောက်တန်း ဘေးချင်းတိုက်ညီညီ သွားလေ့ရှိတာ မို့ ရုတ်တရက်ကြည့်ရင် ဧရာမငါးကြီးတစ်ကောင် ကူးခတ်နေသလား ဝိုး ဝါးထင်ယောင်မိတော့တယ်။ ငါးရဲ့ အမြင်အာရုံခံ ကောင်းမှုဟာ ငါးအုပ်ဖွဲ့ စည်းခြင်းအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတွေ ဖြစ်တယ်။ အမှောင် ညများမှာ ငါးအုပ်ဟာ တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့် အုပ်ဖွဲ့ထားရာက ပျက်သွားရင် ငါးရဲ့ဘေးအာရုံခံ အင်္ဂါတွေက ငါးတွေအ ချင်းချင်း လှုပ်ရှားမှုနဲ့ တည်နေရကို မှန်းဆနိုင်အောင် အကူအညီပေး တယ်။ ဒါကြောင့် အဲဒီငါးအုပ်တွေထဲမှာ ကန်းနေတဲ့ငါးတွေကို မြင်နိုင်တာ ပေါ့။

ဒီလိုအစုအဝေးလိုက် သွားလာကြခြင်းဖြင့် အစကြို ပူးပေါင်း ရှာဖွေနိုင်တယ်။ အန္တရာယ်တစ်စုံတစ်ရာနဲ့ တွေ့ရင် အနီးဆုံးဖြစ်တဲ့ ရှေ့ငါး တွေရဲ့ ဦးဆောင်မှုနဲ့ ငါးအုပ်တစ်အုပ်လုံး ပြန်လှည့်ပြေးတတ်ကြတယ်။

www.burmeseclassic.com

ဒီလို တစ်အုပ်စုလုံး ရွှေ့လျားနေတဲ့အတွက် ရန်သူဟာ ငါးတစ်ကောင်ချင်းကို ရန်မူဖို့ ခဲယဉ်းသွားတာပေါ့။

ဒါက . . . ပိုက်နဲ့မတွေ့ခင် အချိန်အထိပါ။ ပိုက်နဲ့တွေ့လို့ကတော့ ပိုက်လမ်းကြောင်းက သွေဖည်နိုင်ဖို့ဆိုတာ တကယ့် ဖြစ်တောင့်ဖြစ်ခဲပါ။ လွတ်ပါလှ တစ်ကောင်တစ်လေပေါ့။

ပိုက်ထဲပါလာသမျှ ကုလားဂုတ်၊ ကျွဲရင်၊ ဘားနီ စသည့် ရောင်းတန်းဝင် ငါးတွေအပြင် ရောင်းတမ်းမဝင်တဲ့ ငါးလေငါးလွင့် (ပါကေးငါး) တွေကိုပါ အားလုံး သိမ်းကျုံးဆွဲယူပြီး တော်ပီဒိုက တစ်ဆင့် နောက်ဆုံး ကမ်းစောင့်ပေါ် ရောက်လာရတာပါပဲ။ အိမ်နီးချင်းနိုင်ငံတွေက ငါးဝယ်သင်္ဘောတွေ ခြေချင်းလိမ်နေတဲ့ ကာလမှာ ရောင်းတမ်းဝင် ငါးစိုငါးစိမ်းတွေဟာ ဈေးကွက်ထဲချက်ချင်းရောက်သွားပြီး အချို့တစ်ဝက်သာ ကမ်းစောင့်ပေါ် ဆားနယ်နေလှန်းကျန်ရစ်ခဲ့ကြတယ်။ ပါးကေးငါးတွေကိုတော့ မလှမ်းမကမ်းမြို့ကလေးပေါ်က ငါးမှုန့်စက်ရုံဆီ ပို့ပေးလိုက်ကြရုံပါပဲ။

ငါးစိုငါးစိမ်းတွေ ဘယ်လောက် အဝယ်လိုက်လိုက် လူကြိုက်များ တန်ဖိုးကြီးပေးမှ စားရတဲ့ ငါးခြောက်တွေထဲမှာ ငါးပုပ်ခြောက်လည်း အပါအဝင်ဖြစ်တယ်။ ကကူရံငါးကြီးတွေ မိတဲ့ အခေါက်ဆိုရင် ခေါင်းပိုင်း၊ ဇက်ကွင်း၊ ပါးခြမ်း၊ လေးညင်းတွဲတွေဟာ ကမ်းစောင့်ပေါ်မှာ တွဲသီချိတ်ဆွဲ နေလှန်းထားကြပုံများ ငါးကန့်လန့်ကာချထားပြီး ပွဲစားတွေကို ညို့ခေါ်နေသလိုလို။ ငွေးခံလှေတွေ ရောက်တဲ့ရက်ဆိုရင်လည်း ကမ်းစောင့်ပေါ်မှာ ပွဲတော်ကြီးတမျှ စည်ကားတဲ့ ရက်တွေပေါ့။ ဝေါကနဲ သွန်ထိုးကျလာတဲ့ ပိုက်တွေဆီက ငွေးသပ်သပ်၊ ပုစွန်သပ်သပ်ဖယ်။ ငွေးကောင်တွေ ဆားပက်ပြီး သစ်သားဆုံကြီးထဲ ထည့်ထောင်းကြတာ ဝုန်းဒိုင်းဆူလို့ပါပဲ။

●

www.burmeseclassic.com


ကမ်းစောင့်ဟာ ဒီလိုနေ့မျိုးဆို လူတွေနဲ့အပြိုင် စိတ်ခတ်တွေ တက်ကြွပျော်ရွှင်နေလေ့ရှိတယ်။ နေပူလေပူခံနိုင်အောင် သစ်ခေါက်ဆိုး ဝတ်စုံတွေ ဝတ်ထားတဲ့ မိန်းမတွေဟာ လက်တွေ ဖယ်ဆက်သလို လှုပ်ရှား နေကြပြီး ပါးစပ်သေနတ်တွေကိုလည်း အဆက်မပြတ် ပစ်ခတ်ရင်းနဲ့ပေါ့။

"နေထက်လင်းနဲ့ စုလှိုင်နှင်းတို့အတွဲက သိပ်လိုက်။ ငါတော့ ဒီတစ်ခါ ရက်တွက်ရှင်းပြီးရင် အဲဒီဆံပင်လှိုင်းတွန့်မျိုး မြို့တက်ပြီး ကောက်လိုက်ဦးမယ်"

"အမယ် ကောင်မ နင့်ပုံက စုလှိုင်းနှင်း မဖြစ်ဘဲ ရေဘဝဲခေါင်း ပေါ်တင် စွပ်တာနဲ့ တူနေဦးမယ်"

"နင့်အကောင် ဟိုဆားဝဲသူဌေးက အသားသာ မည်းတယ်။ အသံက တယ်ကောင်း။ ညကများဆိုနေလိုက်တာ စောင်းသံတိတ်မှ အိပ် ပါလားတဲ့ စောင်းကိုမှ အားမနာ"

"အရှေ့စုက ဖိုးပိန်တို့များဟယ် ရုပ်က ညောင်နာနာ စုတ်ချွန်း ချွန်းနဲ့ ရာဇာနေဝင်းကေညှပ်ထားတာ ဦးစွန်းဖုတ်ကို ဆွဲဆွဲပြီး ရိုက်ချင် စရာကောင်းသေးတော့"

"ကြားပြီးပလား။ သူ့လင် ရေလူဆင်းလုပ်နေတုန်း နောက်တစ် ယောက်နဲ့ မျောက်ဇာတ်ခင်းနေတဲ့ ဆံပင်ဖွာလန်ကျဲ နှုတ်ခမ်းတွတ်တွတ် ရဲနဲ့ မိန်းမဟာ တစ်ခါတုန်းက မြို့ပေါ်မှာ ဟို . . . ဒါ အကြီးစားတဲ့"

အဲဒီလို တောရောက် တောင်ရောက် တောင်စဉ်ရေမရ ကျိုး ကြောင်း ဆက်စပ်မှုမရှိ ဖြုပ်စဗျင်းတောင်း ပေါက်ပန်းစကားတွေဟာ ကမ်း စောင့်ကျပ်စင်ပေါ်မှာ ငါးပုစွန်ပုပ်နံ့တွေနဲ့အပြိုင် ထောင်းထောင်းထ ပျံ့လွင့်နေပါတော့တယ်။

တစ်နေ့လုံး လူသံကုန်သံ ဆူညံနေတဲ့ ကမ်းစောင့်ဟာ နေဝင် အမှောင်ချဉ်းပြီးဆိုမှဖြင့် တစပြင်လို အတိတ်ဆိတ်ကြီး တိတ်ဆိတ်သွား ပါတော့တယ်။ နှင်းရည်ခံဖို့ လိုအပ်တဲ့အတွက် မရုပ်သိမ်းဘဲ ထားခဲ့တဲ့

www.burmeseclassic.com

ငါးပုပ်ပြားတွေကလွဲရင် ကမ်းစောင့်ဟာ နေ့ခင်းက သူမဟုတ်သလို မလှုပ်မယှက် ငြိမ်သက်နေပါတော့တယ်။ အဲဒီလို တိတ်ဆိတ်ငြိမ်သက် အထီးကျန်မှုတွေကို ကမ်းစောင့်ဟာ လက်မခံချင်ဘဲ လက်ခံ၊ သည်းမခံချင်ဘဲ သည်းခံနေရတာဟာ သူ့ကမ်းစောင့်သက်တမ်းတစ်လျှောက်လုံး ဆိုပါတော့။ လမြင့်လာပြီဖြစ်တဲ့အတွက် ဝါရွှေရွှေအလင်းရောင်ဟာ ကမ်းစောင့်ပေါ်ကို အဆီးအတားမရှိ ထိုးကျနေတယ်။ ကမ်းစောင့်ပေါ်မှာတင် မဟုတ်။ သဲပြင်သောင်ခုံတစ်ခုလုံး ငွေသောင်ယံတစ်ရွာလုံးပေါ်ကို အလင်းဓာတ်ကဖြန့်ကျက်နေတာပါ။ တစ်ချက်တစ်ချက် လေသွဲ့ယူငင်လိုက်လို့ ကမ်းစပ်ပျော် သစ်ပင်အချို့ လှုပ်ခတ်သွားတာက လွဲရင် ကမ်းခြေဟာ ရွာထဲကဆူညံမှုတွေနဲ့ ဆန့်ကျင်စွာ . . .

ကျွိ . . . ကျွိ . . . ကျွိ

ဟော . . . ဆတ်ကနဲ လှုပ်ခါသွားတဲ့ အနေအထားက ကမ်းစောင့်ပေါ်ကို တစ်စုံတစ်ယောက် တက်လာတယ်ဆိုတာ အလိုလို သိနိုင်တယ်။ ကာလကြာမြင့်ပြီဖြစ်လို့ ကပြိုင်သစ်လုံးတွေရဲ့ တောင်းတင်းခိုင်မာမှုတွေ လျော့နည်းလာတဲ့အတွက် လူတက်လာတာနဲ့ ကမ်းစောင့်ဟာ ညိုးညိုးညံ့ညံ့ အသံတွေထွက်ပြီး ကြိုဆိုလေ့ရှိတယ်။ ဒီလိုအချိန်ကြီးမှာ ကမ်းစောင့်ဆီ ချဉ်းကပ်လာတာ ဘယ်လိုလူမျိုးပါလိမ့်။

ခြေသံရှင်ဟာ ကမ်းစောင့် ကျပ်စင်တစ်ဆုံးလျှောက်သွားပြီး အစွန်းတစ်နေရာမှာ ရပ်တန့်လို့ ပင်လယ်ပြင်ဆီ မျှော်ငေးကြည့်နေတယ်။ လရောင်ရဲ့ လိမ်းကျံမှုကြောင့် ပြေပြစ်တဲ့ ကိုယ်နေဟန်ထားကို ထင်းထင်းကြီး မြင်နေရသလို စည်းနှောင်ခြင်းကင်းတဲ့ ဆံပင်ရှည်ကြီးတွေဟာ လေအသွေးမှာ ဝေ့ဝေ့ဝဲဝဲ လွင့်ဖွာနေပုံက ပုလဲဒေဝီအလှ နတ်ဘုရား ရောက်ရှိလာသလား ထင်မှတ်မှားလောက်တယ်။ လရိပ်စွန်းထင်းအောက်မှာ မျက်ရည်တို့ဖြင့် စိုလက်နေတဲ့ မျက်ဝန်းအစုံ။ ဟင် . . . ဆရာမလေး ညိုပါလား။

ငွေသောင်ယံတစ်ရွာလုံးက ချစ်ခင်အားထားနေတဲ့ ဆရာမလေး ညိုပြာ ဒီလိုအချိန်မျိုးမှာ ကမ်းစောင့်ဆီလာလေ့ မရှိပါဘူး။ အဖြူအစိမ်း ဝတ်စုံနဲ့ ဆံပင်တွေကို အမြဲတန်းသပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားလေ့ရှိတဲ့ ဆရာ မလေး ညိုကို လွမ်းရိပ်နွမ်းနွမ်း ပူပုံပန်းအဖြစ် မြင်တွေ့လိုက်ရတော့ ကမ်း စောင့်ကိုယ်တိုင် မေ့ပျောက်ဖို့ကြိုးစားနေတဲ့ ခါးသက်သက်ရှတတသိစိတ် အာရုံတစ်ခုဟာ ရင်တွင်းတစ်နေရာဆီ တွန်းထိုးဝင်ရောက်နှောက်ယှက်လာ ပါတော့တယ်။ ကမ်းစောင့်ဟာ နာကျင်ကြေကွဲမှုတွေနဲ့အတူ ရှက်ရွံ့အား နာမှုတွေ နှောင်ဖွဲ့ထားတဲ့ ခန္ဓာကိုယ်နဲ့ ဆရာမလေးညိုရဲ့ ရှေ့မှောက်မှာ အပြစ်ရှိသူလို ရပ်တန့်ငြိမ်သက်နေမိတော့တယ်။

ဆရာမလေး ညိုရယ်။ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့။ ဒီအဖြစ် အပျက်မှာ ကိုယ့်ပယောဂမကင်းဘူးဆိုတာ ဝန်ခံဖြောင့်ချက်ပေးဖို့ ဝန်မ လေးပါဘူး။ ငွေသောင်ယံလို မြို့ပြမဟုတ်တဲ့ ချောင်ကျကျတံငါရွာကလေး ဆီကို ကလေးတွေ ပညာရေးအတွက် စွန့်စားရောက်ရှိလာတဲ့ ဆရာမလေး ညိုရဲ့ဖွဲ့၊ သတ္တိ၊ စေတနကြို ဦးမညွှတ်ဘဲ မနေနိုင်ပါဘူး။ လေးစားပါတယ် ဆရာမလေးညိုရယ်။ ငြိတွယ်နှောင်ဖွဲ့အပ်တဲ့ ဆရာမလေးညိုရဲ့ ရင်ထဲက သံယောဇဉ်စောင်းကြိုးကလေး တစ်ချောင်း ရုတ်တရက် နာကျင်ပြတ် တောက် သွားအောင် အမှတ်မထင် ပြုမိခဲ့တဲ့ အဖြစ်အပျက်အတွက် ကိုယ့် ကိုယ်ကိုယ် ဘယ်တော့မှ ခွင့်မလွှတ်ဘူး။

ဒီလို အရုပ်ဆိုးအကျည်းတန်တဲ့ ဇာတ်လမ်းဇာတ်ကွက်မှာ ပါ ဝင်ပတ်သက်ဖို့ဆိုတာ ကမ်းစောင့်ဆိုတဲ့ဂုဏ်၊ သိက္ခာ၊ သမ္မာနဲ့ လားလားမှ မအပ်စပ်နိုင်အောင်ပါပဲလား။ သို့ပေမယ့်လည်း . . .

အဲဒီနေ့ နံနက်ခင်းက အုန်းပင်ဖျားက ‘နေ’ ဟာ ကမ်းစောင့်ပေါ် စူးစူးရဲရဲ ထိုးကျနေတဲ့အချိန်၊ ငါးပုစွန်ရွေးချယ်နေတဲ့ ကုန်းလူအလုပ်သမ တွေရှိရာ အဖြူအစိမ်းဝတ် ဆရာမလေး ထင်းထင်းကြီး ရောက်လာတော့ ကမ်းစောင့်ဟာ ရုတ်တရက် အံ့အားသင့် သွားတယ်။

www.burmeseclassic.com

"မာမာစိန်ရေ . . ."

ဆရာမလေး ညိုဟာ စာသင်ခန်းကနေ ကျောင်းပြေးပြီး ကမ်းစောင့်ပေါ်မှ အမေ့နောက်ကျောမှာ လာပုန်းနေတဲ့ သူ့တပည့်မလေးကို လာခေါ်ရှာတာပါလား။ ကျောင်းထားတဲ့ အရွယ်ရောက်နေပေမည့်ကျောင်း မပျော်သေးတဲ့ မာမာစိန်လေးဟာ ဆရာမလေးညိုကိုလည်း မြင်ရော အမေ့ ကျောနောက်ကထွက်ပြီး ကမ်းစောင့်ပေါ်က ငါးပုစွန်ပုံကြီးကို ပတ်ပြီး ပြေး ပါလေရော။ ဒီမြင်ကွင်းက မာမာစိန်နဲ့ ဆရာမလေးညိုတို့ရဲ့ မြင်နေ ကျမြင်ကွင်းပါ။ မကြာခဏဆိုသလို မာမာစိန်ဟာ ကျောင်းကနေပြီး အမေ ရှိရာအလုပ်ခွင်ဆီ ပြေးလာလေ့ရှိတယ်။ နောက်ဆုံးတော့ ဂျစ်တစ်တစ် ဆုတ်ကန်ကန်နဲ့ပဲ ဆရာမလေးညိုလက်ထဲ ပါသွားတာက ရိုးနေတဲ့မြင် ကွင်းပါ။ ဒီတစ်ခါမှာတော့ မာမာစိန်ဟာ ဆရာမလေးညိုလက်ထဲ ပြန် မလိုက်ချင်ဇောနဲ့ခေါ်သံကို ဂရုမစိုက်ဘဲ ကမ်းစောင့်ကျပ်စင်တစ်ဆုံး ပြေး သွားနေပါရောလား။

"မာမာစိန်ရေ ကလေးရေ မပြေးပါနဲ့"

ဆရာမလေးညိုဟာ မာမာစိန် တကယ်ပြန်မလိုက်လိုတာ သိ သွားတဲ့အတွက် ဆက်မလိုက်ဘဲ ရပ်တန့်လိုက်ချိန်မှာပဲ ဘယ်သူမှ မမျှော် လင့်ထားတဲ့ အဖြစ်အပျက်ဟာ လျှပ်တပြက်အလျင်အမြန် ဖြစ်ပျက်သွားခဲ့ တယ်။ ကိုယ့်ကို နားလည်ပေးပါတော့ ဆရာမလေးညိုရယ် . . . ။ ကမ်းစောင့်ကျပ်စင်မှာ ခင်းထားတဲ့ ကပြိုင်သစ်လုံးတွေဟာ နှစ်ကာလ ကြာမြင့်လာတာနဲ့အမျှ ဆွေးတဲ့နေရာက ဆွေး၊ ကျိုးတဲ့နေရာက ကျိုးနေ ပါပြီ။ ကျိုးသွားတဲ့ သစ်လုံးတွေနေရာမှာ အစားထိုးလဲလှယ်ဖို့ ဖင့်နွှဲ့နေမှု ဟာ ဘယ်သူတွေမှာ တာဝန်ရှိပါသလဲ။ ဘယ်သူတွေရဲ့ မေ့လျော့ပေါ့ဆမှု တွေလဲ။ အဲဒီနေ့က ဆရာမလက်မှာ ပြန်လိုက်ရမှာစိုးလို့ အပြေးလွန်သွား တဲ့ မာမာစိန်လေးဟာ ဆွေးမြေ့နေတဲ့ကျပ်စင်ပေါက်ကနေ ကျသွားလိုက် တာ ဘယ်သူမှ ထင်မထားလိုက်တဲ့ အနေအထားပေါ့။

ရေကျချိန်မို့ ပေါ်နေတဲ့ သစ်ငုတ်ဆူးချွန်တွေဟာ မာမာစိန်လေး အတွက် သေမင်းတမန် လူသတ်လက်နက်တွေ ဖြစ်နေပါပေါ့လား။ အဲဒီ မရှိမဆုံ့မြင်ကွင်းကို ကမ်းစောင့်ဟာ ရင်ပူခေါင်းခဲ မျက်နှာလွှဲလိုက်ပေ မည့် မာမာစိန့်အမေရဲ့ မချိတင်ကဲ အူသည်းဖြောင်းလန် ငိုညည်း မြည် တမ်းသံကိုတော့ မကြားချင်ဘဲ ကြားနေရတော့တယ်။

အဲဒီနေ့က ကမ်းစောင့်ဟာ သိစိတ်အလျဉ်ကင်းကွာသွားတဲ့ ဆရာမလေးညိုရဲ့ ဖြူလျော်လျော်မျက်နှာပေါ်က ခံစားချက်ကို လှမ်းမျှော် ဖတ်ရှုဖို့ သူ့မှာအင်အားမရှိတော့ပါဘူး။

ကျောင်းပြေးတဲ့ကလေးကို လိုက်ခေါ်မိတဲ့ စေတနာက သဒ္ဒါလွန် တော့ ဆွမ်းတော်ရပ်ဖြစ်သွားတာလား။ နောက်ကျ နောင်တတွေ တစ်ထမ်း တစ်ပိုးနဲ့ နှလုံးသားကို ထုတ်ချင်းခတ်သွားတဲ့ အပူတံကျင်ကပဲ သူမရင် ကို ဟင်းလင်းပွင့်စေခဲ့တာလား ကျိုးကြောင်းဆက်စပ် ဆင်ခြင်တုံတရား နည်းပါးပြီး အတွေးအခေါ် ခေါင်းပါးလှတဲ့ ပညာမဲ့ဝန်းကျင်ရဲ့ မသိနိုးနား ရိုးမှားစွဲဆိုလက်ညှိုးရာထောင်ကြားမှာ တဖြည်းဖြည်း အားပျော့နွမ်းဖတ် လာတဲ့ ဆရာမလေးညိုကို ကမ်းစောင့်အနေနဲ့ ဘယ်လို နှစ်သိမ့်စကားမျိုး ပြောကြားရမှန်းတောင် မသိအောင်ပါပဲ။

ကြေကွဲဖွယ် အဖြစ်အပျက်ရဲ့ ခုနစ်ရက်မြောက်ည ဒီညမှာ ဆရာ မလေးညိုဟာ မာမာစိန်လေး ကျသွားတဲ့နေရာဆီရောက်လာပြီး မျက်ရည် တွေ သီသီဝေ့နေတဲ့ မျက်ဝန်းအစုံနဲ့ ရေပြင်ဆီ စူးစိုက်ကြည့်နေလိုက်တာ မတုန် မလှုပ် ကျောက်ဆစ်ရုပ်။ တဖြည်းဖြည်း ညဉ့်နက်လာလို့ ရွာထဲ ဘက်ဆီမှ အသံဗလံတွေ တိုးတိတ်ငြိမ်သက် အိပ်စက်ကုန်ကြပြီ။ စောစော က လေနှင့်စည်းချက်မှာ ကသုတ်ကရက် ကကြိုးသီနေကြတဲ့ အုန်းပင်အုန်း လက်တွေကလည်း ခြေကုန်လက်ပန်းနွမ်းလျ ငိုက်မြည်း ကုန်ကြပြီ။ ခရီးသွားနေတဲ့ ကြယ်စင်ခ, လ ရထားလည်း အချိန်တွေကို မဟားတရား သယ်ချသွားပြီ။

 www.burmeseclassic.com

အဲဒီအခိုက် အတန့်ကလေးမှာ . . .

"မာမာစိန်ရေ . . ."

တိတ်ဆိတ်နေတဲ့ ညဥ့်ယံကို လှူပ်နိုးလိုက်တဲ့ ဆရာမလေးညို ရဲ့ မချိတင်ကဲ အော်ခေါ်လိုက်တဲ့ အသံ။

ဘုရား . . . ဘုရား ပြုသူအသစ်၊ ဖြစ်သူအဟောင်း ပြုပြင်လို့ မရတော့တဲ့ ဇာတ်ကြောင်းမှာ ကိုယ့်ခေါင်းလောင်းကိုယ်ထိုး၊ ကိုယ့်တရား ကိုယ်စီရင်ကြေးလား ဆရာမလေးညိုရယ်။

**မြန်မာ့ခနေစီးပွားရေးမဂ္ဂဇင်း၊ ၂၀၀၁၊ ဧပြီ။**

www.burmeseclassic.com



www.burmeseclassic.com

# ကျွန်တော်နဲ့မခင်ဝင့်ဝါ

ခင်ဗျား တော်တော်ရက်စက်တယ် မခင်ဝင့်ဝါ။ မိန်းမတစ်ယောက်ရဲ့ အချစ်ဟာ ကျွန်တော်နေ့စဉ် မိုးသောက်မြင်တွေ့နေရတဲ့ ဟောဒီပင်လယ်ပြင်ကြီးလိုပါပဲ။ သရုပ်သကန်၊ အရောင်အသွေး၊ အဆင်တန်ဆာ၊ အပြောင်းအလဲ မြန်ဆန်လှပါလားလို့ တွေးနေမိတယ်။ ကြည့်လေတစ်ခါတစ်လေ ပြေလွင်လွင်။ တစ်ခါတစ်လေ လွန့်လူးလူး။ တစ်ခါတစ်လေ မြူးတူးခုန်ထ။ တစ်ခါတစ်လေတော့ ဒေါသမာန်ဖီ။

လှိုင်းရဲ့သဘောက ရုတ်တရက်ကြည့်ရင် ကြီးမားတဲ့ ရေထုကြီးရှေ့သို့ ရွေ့လျားနေတယ်လို့ ထင်မှတ်ရဖွယ်ရှိတယ် မခင်ဝင့်ဝါရဲ့။ အမှန်က လှိုင်းဆိုတာ ဒြပ်ဝတ္ထုရဲ့ အသေးဆုံးအစိတ်အပိုင်း ဒါမှမဟုတ် ဝိုင်းခြာတုန်ခါရာမှ ဖြစ်ပေါ်လာခြင်းသာ ဖြစ်တယ်။ လှိုင်းလုံးရဲ့ ပုံသဏ္ဍာန်က ရှေ့တိုးရွေ့နေတာမှန်ပေမယ့် ဒြပ်မှုန်ကလေးတွေကတော့ နေရာပြောင်းလဲမှု မရှိသလောက်ပါပဲ။

ပင်လယ်မှာတော့ လေပြည်လေညင်းအချိန် ကြာကြာတိုက်ခတ်နေရင် လှိုင်းအလျားရှည်တွေ ပေါ်လာတော့တာပါပဲ။ အတော်ဝေးဝေး ခရီး

www.burmeseclassic.com

ပေါက်သွားလို့ လေငြိမ်သွားရင်တော့ လှိုင်းငယ်ကလေးတွေ ဖြစ်သွားပြန်ရော။ လှိုင်းထိပ်မှာ ရှိတဲ့ ရေမှုန်ကလေးတွေဟာ လှိုင်းမကြီးထက် အလျှင်နှုန်းပိုမြန်လာရင် လှိုင်းထိပ်ဟာ ပင်မလှိုင်းကနေ ကွဲထွက်သွားပြီး ကမ်းရိုက်လှိုင်းတွေ ဖြစ်ပေါ်လေ့ရှိတယ်။ ဒီမှာလေ ကြီးမားလှပတဲ့ ကမ်းရိုက်လုံးကြီးတွေ တဝုန်းဝုန်းရိုက်ခတ်ရာ သောင်ကျွန်းပေါ်က မီးပြတိုက်ကလေးထဲမှာ ကိုယ့်စီရင်ချက် ကိုယ်ချထားတဲ့ ခန္ဓကြိုးယ်နဲ့ကျွန်တော်။

မိန်းမတစ်ယောက်ရဲ့အချစ်ဟာ ဘယ်အချိန်မှာ လွင့်ပါးပျက်ပြယ်ကုန်ဆုံးသွားနိုင်သလဲ။ ကျွန်တော်စဉ်းစားကြည့်တယ် မခင်ဝင့်ဝါ။ ကျွန်တော့်ရဲ့ အင်ဂျင်နီယာလစာအပြင် အခြားဝင်ငွေအောက်ဆိုက် မရှာနိုင်တဲ့အခါမှာလား။ အိမ်ထောင်သက် ဆယ်နှစ်ဆယ်မိုးမှာ မြေကလေးတစ်ကွက်အိမ်ကလေးတစ်ဆောင် မဖန်တီးပေးနိုင်တဲ့အခါမှာလား။ ရေချိုးခါနီး ချွတ်လိုက်တဲ့ ပြောင်းပြန်ဖြစ်သွားတဲ့ စွပ်ကျယ်အင်္ကျီကို အတည့်ပြန်မလှန်ဘဲအဝတ်ညစ်ခြင်းထဲ ထည့်မိတဲ့အခါမှာလား။ အလုပ်က မောမောပန်းပန်းပြန်လာပြီး ခြေလက်မဆေးဘဲ အိပ်ရာထဲတန်းဝင်မိတဲ့အခါမှာလား။ ဘယ်အချိန်အခါမျိုးမှာ ကုန်ဆုံးသွားနိုင်ပါသလဲ။

အခုတော့ ကျွန်တော်ဟာ ခင်ဗျား ရက်ရက်စက်စက် မုန်းတဲ့ကျွန်တော် ဖြစ်နေပါပြီ . . .။

"ရှင့်ကို ကျွန်မ မုန်းတယ် ကိုတင်ထွန်းအောင်။ မိန်းမ တစ်ယောက်ကို တစ်ဝမ်းဝ၊ တစ်ခါးလှအောင် မထားနိုင်တဲ့ ရှင့်လို ခပ်ညံ့ညံ့လူမျိုးကို ဆက်လက်ပေါင်းသင်းဖို့ ကျွန်မအသိဉာဏ်က ခွင့်မပြုတော့ဘူး။ ရှင်နဲ့ကျွန်မ ဒီညောင်ညိုပင်စခန်းက လမ်းခွဲကြစို့"

ခင်ဗျားရဲ့ အဆုံးအဖြတ်ကို အဲဒီလို တရားဝင်ကြေညာလိုက်တဲ့အခါ ကျွန်တော်အံ့သြသွားတာက တစ်ဝမ်းဝ၊ တစ်ခါးလှဆိုတဲ့ စကားပါပဲ။ ဘယ်လောက်ဖြည့်ဖြည့် မပြည့်နိုင်တဲ့ ဝမ်းတစ်ထွာကြီးလား။ ဘယ်လိုအဝတ်တန်ဆာတွေ ဆင်ယင်မှ လှပတင့်တယ်မယ်လို့ထင်တဲ့ ခင်ဗျားရဲ့

ခန္ဓာကိုယ်ကိုလား။ ခင်ဗျားက ကျွန်တော်ကို ခပ်ညံ့ညံ့လူတဲ့၊ ဟုတ်တယ်။ ကျွန်တော်ဟာ ခပ်ညံ့ညံ့လူ။ ခင်ဗျားအထင်ကြီးတာ ခင်ဗျားတို့မြို့က မှောင်ခိုကုန်ကူးရင်း ချမ်းသာကြွယ်ဝလာတဲ့ သူကြွယ်ပေါက်စတွေကိုလား။ ခေတ်ကာလအကူးအပြောင်းမှာ မေဂျာထက် နေရာက အရေးကြီးတယ်ဆိုတဲ့စကား လက်ကိုင်ထားပြီး ခွင်ကောင်းကောင်းတွေ့ရင် ငွေကို ကြက်လိုယက်ကော်တူးဆွရှာတတ်တဲ့ စရိုက်ပျက်စီးပွားရေးသမားတွေကိုလား။ အဲဒီလူတွေလို ငွေကို မရှာနိုင်တဲ့အခါ ခပ်ညံ့ညံ့လူဆိုတဲ့ ခင်ဗျားရဲ့ ခွေးသရေပုဒ်မကိုပဲ မရှုနိုင်မကယ်နိုင် မလိုချင်ဘဲ လက်ခံနေရတော့တယ်။

အိမ်ထောင်သက် ဆယ်နှစ်မှာ ပွားစီးလာတဲ့ သားချည်း သုံးယောက်ကို ခင်ဗျားလက်ဆွဲပြီး ဇာတိမြို့ကို ပြန်သွားလေတော့ ကျွန်တော့်မှာ တစ်ကိုယ်တည်း ငေါင်းစင်းစင်းကြီး ကျန်ခဲ့ပါရော။ ခင်ဗျားတော်တော်ရက်စက်ပါလားဗျ၊ မခင်ဝင့်ဝါ။ ကျွန်တော်ကို လူရယ်လို့ သတ်မှတ်သေးရဲ့လား။ ကျွန်တော်မှာလည်း အသည်းနှလုံးနဲ့ဆိုတာ ခင်ဗျားမေ့သွားပြီထင်တယ်။ ဒါမှမဟုတ် မေ့ချင်ယောင်ဆောင်နေပြီ ထင်တယ်။

သားသုံးယောက်ထဲမှာ ကျွန်တော်နဲ့ ချွတ်စွပ်တူတဲ့ ကျွန်တော့်ကိုယ်ပွား အငယ်ဆုံးသားလေး "တိုးကလေး" ကို ကျွန်တော်အချစ်ဆုံးဆိုတာ ခင်ဗျား မသိတာမှ မဟုတ်ဘဲ။ မ,ကိုခင်မှ ဥကိုခင်တဲ့စကား ဒီအချိန်မှာ မပြောစမ်းပါနဲ့ဗျာ။ မဆိုင်ဘူးဗျ မခင်ဝင့်ဝါ။ ခင်ဗျားက ခင်ဗျားသပ်သပ်။ တိုးကလေးက တိုးကလေး သပ်သပ်။ ကျန်တဲ့သားအကြီး နှစ်ကောင်ကတော့ ခင်ဗျား စည်းရုံးပုံသွင်းထားတဲ့အတိုင်း အမေမှအမေ အဖေဆို ဂျစ်တစ်တစ်ကန် တန်တန်ဆိုတော့ မလွမ်းလောက်ပါဘူး။

ကျွန်တော့်သားလေးကို ကျွန်တော်လွမ်းလွန်းလို့ ဒီမှာသိပ်ပေါတဲ့ လိပ်ဥကိုတောင် ကျွန်တော်မစားဖြစ်ဘူး။ ဒီလို မခင်ဝင့်ဝါရဲ့။ ကျွန်တော်အခုရောက်နေတဲ့နေရာကို ခင်ဗျားသိရရင် သိပ်ကိုအံ့ဩသွားမယ်။ ပြီးရင်အိုးနဲ့ဆန်နဲ့ အတန်ပေါ့လို့ နှုတ်ခမ်းတလန် ပန်းတလန် ပြောနေမှာ မြင်

 www.burmeseclassic.com

ယောင်သေးတယ်။ ကျွန်တော်အခု ဘင်္ဂလားပင်လယ်အော်ထဲက မေယု မီးပြတိုက်ပေါ်မှာ ရောက်နေတယ်လေ။ မေယုမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်တို့ရဲ့ ဆုံရာ သောင်ကျွန်းပေါ်က အဖြူတရစ် အနက်တစ်ရစ် အဆောက်အအုံပေါ်မှာ တစ်ကျွန်းစံအဖြစ်နဲ့ပေါ့။

ချစ်သူစွန့်ပစ်ခံလိုက်ရတဲ့ ကျွန်တော်ရဲ့ ခန္ဓာကိုယ်ဟာ ညစ်ထေးနောက်ကျူမှု လှိုင်းတံပိုးတွေ ရိုက်မောင်းပင့်လိုက်တဲ့ လောင်မီးကျီပုံ ဆောင်ခဲ တစ်ခုအဖြစ်နဲ့ ကျွန်းကလေးပေါ်မှာ လဲကျလို့။ ၁၈၈၅ ခုနှစ်မှာ တည်ဆောက်ပြီး ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ (၁၃၁) ပေ မှာရှိတဲ့ ဟောဒီမီးပြတိုက်အဆောက်အအုံပေါ်မှာ အဝေးကြည့်မှန်ပြောင်းတစ်လက်နဲ့ ငြိမ်သက်နေတဲ့အရာဟာ တစ်ခါက မင်းရဲ့ချစ်လင် မိုင်းအင်ဂျင်နီယာဟောင်းကြီး တစ်ယောက်ပေါ့ . . . မခင်ဝင့်ဝါ . . .။ သံယောဇဉ်၊ ချစ်ခြင်းနှောင်ဖွဲ့မှုတွေ ဖွတ်မွဲပြာစု ခရဆံကျွတ်ဘဝမှာ ကျွန်တော့်ရဲ့နှလုံးခုန်သံဟာ ၂၅ စက္ကန့်လျှင် လေးချက်မီးပွင့်စေတဲ့ မေယုမီးပြရဲ့ အချက်ပြနှုန်းလိုပဲ ဖင့်နွဲ့လေးပင် လွန်းလှတယ်။

ကျွန်တော် ဂျူတီကျတဲ့ ညအချိန်တွေမှာ မှန်ပြောင်းအားကိုးနဲ့ ဟိုးအဝေးမှာ ပျပျရေးရေး မြင်ရတဲ့ သန္တာမီးပြကို မျှော်ငေးကြည့်နေလေ့ရှိတယ်။ မီးပြစောင့်မထားရှိတဲ့ အဲဒီ သန္တာမီးပြရဲ့ ငါးစက္ကန့်မှာ တစ်ချက်နှုန်း မီးပွင့်နေမှုဟာ ညကာလမှာ အထီးကျန်သူကို သရော်လှောင်ပြောင် မျက်စပစ်ပြနေသလိုပါပဲ။

မိုင်နှစ်ဆယ်ဝန်းကျင်အတွင်း လှေသင်္ဘောတွေ ဘေးကင်းစေဖို့ လမ်းပြထွန်းညှိထားတဲ့ စူးရှရှလင်းလက်လက် မေယုမီးပြရဲ့ မှန်ဘီးလူး အလင်းအားဟာ လမိုက်ညရဲ့ အလင်းသခင်ကြယ်စင် အစုအဝေးကြီး ရေဆင်းသောက်နေသလိုပါပဲ။ ကျွန်တော် ဟောဒီနေရာကနေ ဖမ်းယူဆုပ်ကိုင်လို့မရတဲ့ တိမ်ခိုးမင်ချယ် စိတ်ကူးတွေ ပွေ့ပိုက်ပြီး နင်းခြေဖြတ်သန်းခဲ့တဲ့

အတိတ်လမ်းကို ပြန်တွေးလိုက်၊ မရေရာတဲ့ အနာဂတ်ခရီးကို မျှော်ကြည့်လိုက်နဲ့ လွမ်းတယ် မခင်ဝင့်ဝါ၊ ကျွန်တော့်သားလေးကို လွမ်းတယ်။

ကျွန်းကို ပတ်ရံထားတဲ့ အုန်းပင်အုန်းလက်တွေ လေတိုးလို့ရိုက်ခတ်အော်မြည်သံတွေရယ်၊ ကမ်းစပ်က ကျောက်တုံးကျောက်ဆွယ်တွေကို လှိုင်းရိုက်အော်မြည်သံတွေရယ်ဟာ ကျွန်တော့်အတွက် ကကြိုးမဲ့ဗုံသံတွေပါပဲ။

ဒီကျွန်းဟာ သောင်ကျွန်းဖြစ်လို့ လိပ်ဥတွေ သိပ်ပေါတယ် မခင်ဝင့်ဝါ။ ကျွန်တော် ပြောခဲ့ပြီးပါပြီကော။ တိုးကလေးကို လွမ်းလို့ ကျွန်တော် လိပ်ဥတောင် မစားပါဘူးလို့။ လိပ်ဥကို မမြင်ဖူးခင်ကတော့ လိပ်ဥတူးလိုက်သွားခဲ့ဖူးတဲ့ အကြောင်းကလေးကတော့ မမေ့နိုင်စရာပါ။

ဒီကျွန်းပေါ်မှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေဟာ ဆယ်ယောက်ထက်မနည်းရှိတတ်တယ်။ အားလုံးဟာ အယ်လ်တီသင်္ဘောမလာလို့ ရိက္ခာပြတ်နေရင် လိပ်ဥကိုပဲ အားထားပြီးစားလေ့ရှိကြတယ်။ ဒါကြောင့်လိပ်ဥတူးတာလည်း ပညာတစ်မျိုးအဖြစ် လူတိုင်းလိုလို သင်ယူတတ်မြောက်ထားကြတယ်။ ဒီတုန်းက ကျွန်တော်ဟာ ကျွန်းပါးမဝသေးတဲ့ မီးပြတိုက်အလုပ်သမားတစ်ယောက်ပေါ့။

ရေကျလို့ သောင်ပေါ်နေတဲ့ လိပ်သောင်ဆီရောက်သွားတဲ့အချိန်ဟာ မှောင်နင့်မည်းမည်း အချိန်ပါပဲ။ ဒီလိပ်သောင်ကို ပြင်သာလိပ်ကြီးတွေ၊ လိပ်ခွေးကြီးတွေ တက်လာလေ့ရှိသတဲ့။ လိပ်တွေဟာ ဒီရေအတက်နဲ့လိုက်လာ။ ကျွန်းပေါ်မှာ ကစားမြူးတူးကြပြီး ကျင်းယက်ဥ,ဥကြသတဲ့။ ပြီးမှ ဒီရေနဲ့အတူ ပင်လယ်ထဲ ပြန်ဆင်းလေ့ရှိကြတယ်။

ကျွန်းပေါ်ရောက်သွားတော့ လိပ်တက်ရာ သံချပ်ကားဘီးရာကြီးလို အရာကြီးတွေ သောင်ပြင်ပေါ်မှာ ထင်းထင်းကြီးပေါ်လို့ အဖော်ပါလာတဲ့ စောထွန်းလှဟာ လက်ထဲက သံချောင်းချွန်ချွန်နဲ့ လိပ်တက်ရာလမ်းကြောင်းတစ်ဝိုက် သဲပြင်မွမွပေါ်မှာ လိုက်ထိုးကြည့်နေတယ်။ သဲပြင်တစ်

www.burmeseclassic.com

လျှော်က် အားစိုက်ထိုးချဆွဲယူနှုတ်ပြီး သံချောင်းထိပ်ကိုကြည့် ပျစ်ချွဲချွဲ အရည်ကို စမ်းမိတော့ . . .

"တွေ့လား။ ဒါ လိပ်ဥရှိတဲ့ကျင်းပေါ့။ သံချောင်းထိပ်မှာ အရည်ချွဲချွဲတွေ ကပ်နေရင် သေချာပြီ။ ဒီလိုကပ်ပါမလာရင် ဥကျင်းမဟုတ်ဘူး။ ဒါပုံသေဘဲ ဒီမှာကြည့်"

စောထွန်းလှဟာ သဲတွေကို လက်နှစ်ဖက်နဲ့ တစ်တောင်ကျော်ယက်မိတဲ့အခါမှာ ပျော့စိစိ လိပ်ဥတွေ တွေ့ပါတော့တယ်။ ပင်ပေါင်လုံးအရွယ် လိပ်ဥဖြူဖြူတွေကို နှိုက်ယူနေခိုက်မှာ . . .

"လိပ်ဥယူရင် အားလုံး မယူရဘူးနော်။ တစ်လုံးနှစ်လုံး ချန်ထားရတယ်။ ဒါမှ လိပ်ကလေးတွေ အကောင်ပေါက်ချိန်ကျရင် လိပ်မကြီးပြန်လာမှာ။ အားလုံးယူသွားရင် သူတို့ ဒီသောင်မှာ လာမဥတော့ဘူး"

စောထွန်းလှရဲ့ စကားကြောင့် လိပ်ဥယူနေတဲ့ ကျွန်တော့်လက်တွေ တွန့်ဆုတ်သွားပြီး အဲဒီလိပ်ဥတွေကိုလည်း မစားတော့ဘူးလို့ ဆုံးဖြတ်ချက် တစ်ထိုင်တည်း ချမိပါတော့တယ်။ လူတွေဟာ မတရားဘူးမခင်ဝင့်ဝါ။ သူ့ဥကိုလည်း ယူသေးတယ် သူ့ဥနဲ့ပဲ သူနောက်တစ်ခေါက်ပြန်လာအောင် လိပ်မကြီးကို မြူဆွယ်ဖျားယောင်းသေးတယ်။ အခုတောင်မှ ကိုယ့်ဥကိုယ့်သားနဲ့ တစ်ကွဲတစ်ပြား ဖြစ်နေတဲ့ ကျွန်တော်ဟာ "ကံကြမ္မာကို မယုံကြည်သူများကို ကံကြမ္မာက ကောင်းကောင်းဒဏ်ခတ်ပါလိမ့်မယ်" ဆိုတဲ့ ဗေဒင်ကြော်ငြာစာရွက်က စာသားကလေးကို ပြေးမြင်ပြီး လိပ်ဥလိပ်သားမစားရေးဝါဒီအဖြစ် ကိုယ့်ကိုယ်ကိုယ် သွတ်သွင်းမိပါတော့တယ်။

●

www.burmeseclassic.com


မခင်ဝင့်ဝါရေ . . . ပင်လယ်ပြင်မှာက တစ်နှစ်ကို ရှစ်လလောက် မုန်တိုင်းထန်နေတတ်တယ်။ မိုးဦးကျဆိုရင် အနောက်တောင်မုတ်သုန်လေနဲ့အတူ မုန်တိုင်းကပါလာ။ ဟော မုတ်သုန်ဆုတ်ခွာပြန်တော့ အရှေ့လေနဲ့အတူ မုန်တိုင်းပါလာပြန်ရော။ ဘင်္ဂလားပင်လယ်အော်ဆိုတာကလည်း ဆိုင်ကလုန်းမုန်တိုင်းတို့ မွေးဖွားပျော်စံရာ ဌာနကြီးမဟုတ်လား။

ဒီနေ့လည်း မိုးကုပ်စက်ဝိုင်းမှာ မြူတွေဆိုင်းနေတယ်လေ။ တောင်စွယ်နဲ့ ရိုးမတခိုမှာတော့ ပုစွန်ဆီရောင် တိမ်တောင်အနားကွပ်တွေနဲ့ လှရေးကြွယ်လို့ပေါ့။ ရေပြင်ရေသားကတော့ အစိမ်းတစ်ကန့်၊ အပြာတစ်ကန့်၊ အဝါတစ်ကန့် ကြည့်မဝအောင်လှလွန်းပါပေရဲ့။

ကျွန်တော်က မော်လမြိုင်သား၊ မြို့ပေါ်ကြီး မြို့ပေါ်ဖွားပေမို့ ပင်လယ်နဲ့လားလားမှ မအပ်စပ်တဲ့လူ။ ဆယ်တန်းအောင် တက္ကသိုလ်တက် အင်ဂျင်နီယာဘွဲ့ရပြန်တော့ ကိုယ့်ဘွဲ့နဲ့ သက်ဆိုင်တဲ့ မိုင်းရှိရာဒေသတွေမှာသာ တာဝန်ထမ်းဆောင်ရလေတော့ ပင်လယ်ရဲ့သဘာဝနဲ့ အလှမ်းကွာဝေးတယ်ပဲ ဆိုပါတော့။ ဒါပေမယ့် မခင်ဝင့်ဝါရယ် ကံကြမ္မာက ပစ်ချလို့ ပင်လယ်ထဲက ကျွန်းကလေးပေါ်ရောက်လာပြီးတဲ့ နောက်ပိုင်းမှာတော့ သဘာဝက သင်ကြားပို့ချမှုတွေနဲ့ ကျင့်သားရ တတ်မြောက်လိမ္မာ အသိပညာတွေ တိုးခဲ့ပါပေါ့။ ပင်လယ်ရေ ဘာကြောင့် ပြာရသလဲ။ ဘာကြောင့် စိမ်းရသလဲ။ တကယ်တော့ နေရောင်ခြည်က ရေအောက်အထိ နက်ရှိုင်းစွာ မထိုးဖောက်နိုင်တဲ့အတွက်ကြောင့်လို့ ဆိုရမှာပါပဲ။ ရေရဲ့စုပ်အားကြောင့် ရောင်စဉ်မှာပါရှိတဲ့ အနီရောင်တွေဟာ ရေအောက်ပေအနည်းငယ်မျှ အရောက်မှာပဲ မှိန်ပျောက်သွားကြတယ်။ ခရမ်းရောင်နဲ့အပြာရောင်တွေကတော့ ရေအောက်အတော်နက်နက်အထိ ဆင်းသွားနိုင်ကြတယ်။

ဒီလို မခင်ဝင့်ဝါရဲ့။ အလင်းဟာရေကို ဖောက်ထွင်းသွားတဲ့အခါ၊ ရေရဲ့ အလျင်အမြန် စုပ်ယူမှုကြောင့် အလင်းမှာပါဝင်တဲ့ အနီ၊ အဝါ၊

www.burmeseclassic.com

အစိမ်းရောင်တို့ အချို့အဝက်ပျက်ပြယ် ကျန်ခဲ့ကြတယ်။ ရေအောက်ရောက်သွားတဲ့အလင်းဟာ ရေစက်ရေပေါက်မှာပါဝင်တဲ့ အမှုန်အမွှားကလေးတွေနဲ့ ထိတွေ့ပြီး ရောင်ပြန်ဟပ်ခြင်း ခံရတယ်။ အဲဒီကနေ ပြန်လာတဲ့အလင်းဟာ အပြာသက်သက် ရှိမယ်။ အဝါရောင်သက်သက် ရှိမယ်။ အစိမ်းရောင် သက်သက်ရှိမယ်။

ကမ်းခြေနဲ့နီးတဲ့ ရေတိမ်ပိုင်း ရောင်ပြန်အလင်းမှာ မူလအစိမ်းနဲ့ အဝါပြန်ပါလာပြီး အဝါနဲ့အပြာ ပေါင်းစပ်ရာက အစိမ်းရောင်ဖြစ်လာတော့တယ်။ ဒါကြောင့် ရေပြာ၊ ရေစိမ်း၊ ရေဝါတို့ဟာ ဆက်စပ်နေပေမယ့် ရောယှက်မသွားဘဲ တစ်ကန့်စီ စီးဆင်းနေကြတာပေါ့။

အရောင်မတူ ကွဲပြားတဲ့ပင်လယ်ရေတွေတောင် သမုဒ္ဒရာထဲ အတူတကွ စီးဝင်နိုင်ကြရင် စရိုက်မတူ အမူခြားနားတဲ့ ကျွန်တော်နဲ့မခင်ဝင့်ဝါဟာ ဘဝခရီးလမ်းဆုံးရောက်အောင် အတူတကွ မသွားရောက်နိုင်ကြတာဟာ ဝမ်းနည်းစရာပါပဲ။ တစ်ခါတုန်းက ခင်ဗျားဟာ အလွန်နူးညံ့သိမ်မွေ့တဲ့ မူလတန်းပြကျောင်းဆရာမလေး တစ်ယောက်ပေါ့။ ကျွန်တော်အလုပ်သင်အရာရှိဖြစ်ခါစ မခင်ဝင့်ဝါတို့ရဲ့ ကမ်းရိုးတန်းမြို့ကလေးကို ရောက်သွားတော့ အဲဒီ ဆရာမလေးကို မြတ်နိုးခုံမင်စိတ်အပြည့်နဲ့ ချစ်ကြင်မိခဲ့တာ မှားယွင်းမှု တစ်စုံတစ်ရာလို့ မထင်ရက်ခဲ့ပါဘူး။

လက်ထပ်ပြီး ကျွန်တော်အလုပ်ပြောင်းရာ နောက်လိုက်တော့ မယ်ဆိုတော့ မတိုင်မပင် လက်ရှိအလုပ်ကို ဖိုးကနဲဇတ်ကနဲ ထွက်လိုက် တာက မခင်ဝင့်ဝါရဲ့ ဆင်ခြင်တုံတရားနည်းပါးတဲ့ စရိုက်လက္ခဏာရှေ့ပြေးတွေပဲလား။ မျှော်မှန်းတဲ့အင်ဂျင်နီယာကတော် အိပ်မက်ဟာလည်း မိုင်းရှိရာအညာမြို့ကလေးတစ်မြို့ဆီ အရောက်မှာ ပျက်ပြယ်ခဲ့ရတယ်။ အရာရှိငယ်တစ်ယောက်ရဲ့ လစာနဲ့ မလောက်မင အနေအထားမှာ သားနှစ်ယောက်ကို နှစ်နှစ်စီခြားပြီး ဆက်တိုက်မွေးပြီးတဲ့အခါမှာတော့ ကျွန်တော်တို့အိမ်ထောင်ရေးဟာလည်း ဦးနင်းပဲ့ထောင် ဖြစ်ခဲ့ရတယ်နော်။

www.burmeseclassic.com


မခင်ဝင့်ဝါရဲ့ အဓိက ချို့ယွင်းချက်ကတော့ စီးတဲ့ရေဆည်တဲ့ ကန်သင်း မဖြစ်တာပါပဲ။ ကျွန်တော့်သဘောက နေ့လည်နေ့ခင်းကလေး တွေ ခေါ်ပြီး အိမ်လည်ထွက်မယ့်အတူတူ၊ ဗီဒီယိုရုံမှာ အချိန်ဖြုန်းမယ့် အတူတူ အိမ်မှာ အိမ်ဆိုင်ကလေးပဲဖြစ်ဖြစ် ဖွင့်စေချင်တယ်။ မြေလွတ်မြေ လပ်ကလေးမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးစေချင်တယ်။ ဒါပေမယ့် ဒါဟာ မခင်ဝင့်ဝါ ပိုင်ဆိုင်ချင်တဲ့ အိမ်ထောင်ရှင်မဘာဝ မဟုတ်ပါဘူး။ တစ်နှစ် လုံး ခြစ်ခြစ်ကုတ်ကုတ် စုဆောင်းထားလေသမျှ နွေရာသီရောက်တိုင်း ခင် ဗျားရဲ့ဇာတိကမ်းရိုးတန်းမြို့ကလေးဆီ ပြန်ချင်တာ မိဘဆွေမျိုးအသိုင်း အဝိုင်းအလယ်မှာ တိုးပွားလာသမျှလေး ပြန်ကြွားချင်တာ။ တစ်ခေါက် နှစ်ခေါက်မထောင်းတာပေမယ့် လေးခေါက်ငါးခေါက်ကျတော့ စုထားတာ လေးတွေအပြင် အကြွေးပါတင်လို့။ အငယ်ဆုံးသား တိုးကလေး မွေးပြီး တဲ့နောက်ပိုင်း ဇာတိမြို့ဆီပြန်တောင် မပြန်နိုင်တော့ဘဲ ကုန်ဈေးနှုန်းစုပ်ဝဲ ကြီးထဲ စုန်းစုန်း မြုပ်ခဲ့တာတွေဟာ အခြေမခိုင်တဲ့အိမ်ထောင်ရေးကို ယိုင်နဲ့ စေတဲ့အကြောင်းရင်းတွေလား။ ကျောက်ဆောင်၊ ကျောက်သားတွေတောင် တွန်းတိုက်ဖန်များရင် ပွန်းပဲ့တတ်သတဲ့။ ကျွန်တော့်အလုပ်အပေါ် အထင် သေးစကားတွေနဲ့ ပစ်ပေါက်တွန်းတိုက်ဖန်များတဲ့အခါ မလိုလားအပ်တဲ့ မာနတွေထောင်ထပြီး စိတ်လိုက်မာန်ပါ ရှိရင်းစွဲအလုပ်က ထွက်လိုက်မိ တာ ကျွန်တော့်ဘက်က ပြင်မရတော့တဲ့ မဟာအမှားကြီးပေါ့။

မိဘတွေ မရှိတော့ပေမယ့် တစ်ဦးတည်းသော အစ်မရှိရာ မော် လမြိုင်ကို ပြန်လာပြီး မိဘလက်ငုတ်လက်ရင်း အမှုန့်ကြိတ်စက်လုပ်ငန်း ကို ပြန်လုပ်တော့လည်း ခွေးအိုကြီး လက်ပေးသင်၊ ကြီးမှသင်ရတဲ့ ကုန် စည်ထုတ်လုပ်မှုလုပ်ငန်းထဲ အသားမကျ အနည်မထိုင် ဖြစ်ခဲ့ရတယ်။

အဲဒီ ကာလတွေဟာ အိမ်မှာ ဆန်တစ်ပြည်ကုန်လို့မှ တစ်ပြည် ဝယ်မစားနိုင်တဲ့ ကျွန်တော်နဲ့မခင်ဝင့်ဝါရဲ့ ပရမ်းပတာ ကာလကလေးပေါ့။

www.burmeseclassic.com

နောက်ဆုံးတော့ မပြည့်အိုးကိုယ်စီရွက်ထားတဲ့ မခင်ဝင့်ဝါနဲ့ သားသုံးယောက်ဟာ ကျွန်တော့်ကိုထားပြီး သူတို့ရဲ့ မိဘဘိုးဘွားတွေရှိရာ ကမ်းရိုးတန်းမြို့ကလေးဆီ ပြန်သွားကြပါရော့လား။

"ငါ့မိ ငါ့ဘ ရှိသေးတယ်ဟဲ့။ နင်မကျွေးနိုင်ပေမယ့် ငါ့သားတွေကို ငါ့မိဘတွေ ကျွေးနိုင်သေးတယ်။ အစကတည်းက ခင်ဝင့်ဝါတို့က အသိုင်းနဲ့အဝိုင်းနဲ့ ဆွေနဲ့မျိုးနဲ့ နေလာတာ။ မျက်နှာမွဲ တစ်ကောင်ကြွက် မဟုတ်ဘူး။ အငတ်ငတ် အပြတ်ပြတ်နဲ့တော့ မနေနိုင်ဘူး။ ပြန်မယ်။ အမေတို့ဆီ ပြန်မယ်"

ပြန်ပါ။ မခင်ဝင့်ဝါ ပြန်ပါ။ ကျွန်တော်မတားပါဘူး။ အဲဒီနေ့က ကျွန်တော်ရဲ့အစ်မရှေ့မှာ လင်ယောကျ်ားကို နင်တစ်လုံး ငါတစ်လုံးနဲ့ နင်ပဲငဆ ပြောနေတာ ဟန့်တားမရလို့ လက်ပါသွားမိတာက ကျွန်တော်ရဲ့ ဘွာခတ်လို့မရတဲ့ ထပ်ဆင့်အမှားတွေပါပဲ။

ကျွန်တော်ရဲ့ လက်ဖဝါးနဲ့ ခင်ဗျားရဲ့ဇက်ပိုး ထိမိလိုက်တဲ့အချိန်မှာ ခင်ဗျားရဲ့အချစ်တွေ၊ သံယောဇဉ်တွေ ခွင့်လွှတ်နိုင်မှုတွေ ကုန်ခန်းသွားတယ်ဆိုတာ ကျွန်တော်ချက်ချင်းပဲ သဘောပေါက်လိုက်ပါတယ်။ ခင်ဗျားက နှုတ်လွန်၊ ကျွန်တော်က လက်လွန်သွားတဲ့အမှုဟာ ကျိုးပဲ့သွားတဲ့ အရုပ်ကလေးလို ဘယ်လိုမှ အကောင်းအတိုင်း ပြန်ဆက်လို့ မရတော့သလို ကျွန်တော်တို့ဘဝတွေ တစ်စစီကျိုးပဲ့ပြန့်ကျဲကုန်ကြတယ်နော်။

အခုဆိုရင် ပင်လယ်ပြင်က မီးပြတိုက်တွေဆီမှာ လှည့်လည်တာဝန်ထမ်းခဲ့တာ နှစ်နှစ်ကျော် သုံးနှစ်နီးပါး ချဉ်းခဲ့ပါပြီ။ သာမန်ဝန်ထမ်းတစ်ယောက်ဟာ မီးပြတိုက်တစ်ခုမှာ ခြောက်လတာဝန်ထမ်းဆောင်ပြီး ကုန်းပေါ်မှာ ခြောက်လနားနေခွင့် ရှိပါတယ်။ ကျွန်တော်ကတော့ ပြန်စရာအိမ်မရှိတဲ့သူမို့ ဒီမှာဆက်နေချင်နေ၊ နောက်တစ်ခုပြောင်းချင်ပြောင်းနဲ့ ဒီဘဝမှာ အသားမာတက်လာပြီ ဆိုပါတော့။

●

www.burmeseclassic.com


ဟောဒီလို ရာသီဥတုကြည်လင်သာယာတဲ့ ရက်တွေဆို ကျွန်းပတ်ဝန်းကျင် မြင်ကွင်းတွေကို ထင်ထင်ရှားရှား မြင်နေရတယ်။ ကြည်လင်နေတဲ့ ရေအောက်မျက်နှာပြင်က ကျောက်ပန်းကျောက်ခက် ဖြူနီတွေနဲ့ အသွင်သဏ္ဍာန် အမျိုးမျိုးသော ရေသတ္တဝါတွေ ကူးခပ်မြူးပျော်နေတာ အတိုင်းသား မြင်တွေ့နိုင်တယ်။ ကမ်းခြေမှာ သဘာဝအလျောက်ဖြစ်ပေါ်နေတဲ့ နေစာလှုံကျောက်တုံးတွေပေါ်မှာ ကပ်ငြိနေတဲ့ ခရုကြွေပုပ်ကောင်တွေရဲ့ ရုပ်ကြွင်းတွေကလည်း ပင်လယ်ပြင်ရဲ့အလှကို ဖြည့်တင်းတန်ဆာဆင်နေကြတယ်။ လင်းပွင့်နေတဲ့ကောင်းကင်ကြီးအောက်က ရေသားရေပြင်မှာ လင်းရှူးလင်းပိုင်ငါးတွေ ရဲ့ ခုန်ထပျံသန်းမှုကလည်း မာယာဆန်းချီ ဂမ္ဘီရဆန်လွန်းလှချည့်ရဲ့။

ဒီလိုနေမျိုးဆို သဘာဝတရားရဲ့ စေ့ဆော်မှုကြောင့် ကဗျာဆရာမိုးဟိန်း သား–ဂျာနယ်ကျော်ရဲ့ Service of Head and Heart ကဗျာအပိုင်းအစကလေးက ကျွန်တော့်အာရုံထဲ စီးမျောလာလေ့ရှိတယ်။

. . . . . .

. . . . . .

Day time
in burning heat
Night time
in freezing cold
All the time
Whipped by wind and waves,
And many Time battered by cruel storms.

ကြည့်ပါဦးကွယ် ကဗျာဆရာရဲ့ Light house ကလေးဟာ နေ့ခင်းကာလမှာ လောင်ကျွမ်းတဲ့ အပူဒဏ်ကို ခံရပါသတဲ့။ ညရောက်ပြန်တော့လည်း ရေခဲမတတ် အေးစိမ့်မှုထဲမှာ ရောက်နေသတဲ့လေ။ ပြီးတော့

www.burmeseclassic.com

အချိန်တိုင်းမှာ လေနဲ့လှိုင်းနဲ့ ကြာပွတ်လို ရိုက်ခတ်မှုကို ခံနေရရှာတယ်။ ဟော ကြိမ်ဖန်များစွာသော ကာလတွေမှာတော့ ရက်စက်တဲ့ မုန်တိုင်းရဲ့ ထုထောင်းနှိပ်စက်မှုကို ခံနေရပြန်ရောတဲ့။

တူလိုက်တာကွယ်။ ကျွန်တော့်ဘဝကလည်း အဲဒီ Light house ကလေးလိုပါပဲ မခင်ဝင့်ဝါ။ အေးချမ်းငြိမ်သက်မှုကို တစိုးတစိမှ မခံစားရသေးပါဘူး။ ကဗျာဆရာရဲ့ Light house ကလေးကတော့ (ဆက်တွေးကြည့်မယ်ဆိုရင်) မတုန်မလှုပ် မားမားရပ်ကာ မပြေပြစ်မှုတွေကို ရင်ဆိုင်နေတယ်။

သူ့ရဲ့လမ်းပြမှုကြောင့် ခိုနားလာမည့် ဘယ်သင်္ဘော တစ်စင်း တလေမျှ မပျောက်ဆုံးစေရပါဘူးတဲ့။ သူ့ရဲ့နှလုံးသားဟာ နာကျင်မှုဝေဒနာတွေကို ကျောက်သားလို ကြံ့ကြံ့ခံနိုင်ပြီး သူ့ရဲ့ဦးနှောက်ဟာ စူးရှတဲ့ အလင်းတန်း တစ်ခုလို အရှိန်အဟုန်အားကောင်းလှပါသတဲ့။ သူဟာ ကျောက်သား ကျောက်ဆောင်လို ကျိုးနွံတဲ့ အနေအထားနဲ့အတူ ဟော . . . အဆုံးသတ် ကလေးကိုတော့ ကျွန်တော်ပိုပြီး တမ်းမက်မိပြန်တယ်။

"Come what may- go what may unmoved !
Serving without a say"

ဘာတွေ လာမလဲလာ၊ ဘာတွေ သွားမလဲ သွား
သူ့အဖို့တော့ မတုန်လှုပ်ပါဘူးတဲ့
စကားတစ်ခွန်းမျှမဆိုဘဲ အကျိုးဆောင်နေပါမယ်တဲ့။

အို . . . စိတ်ပျက်ညစ်ညူးစရာတွေ ရေရွတ်နေခြင်းထက် စကားတစ်ခွန်းမျှ မဆိုဘဲ လောကအကျိုးဆောင်နေတဲ့ကဗျာဆရာရဲ့ Light house ကလေးကိုတော့ ကျွန်တော်ဒီနေရာကနေပြီး လေးစားစွာ ဦးညွှတ်လိုက်ပါရဲ့။ ကျွန်တော်ကတော့ အဲဒီလို ကျောက်စိုင်ကျောက်သားလို ရင့်ကျက်တည်ငြိမ်မှုမျိုးကို အားကျရင်းနဲ့ မရင့်ကျက် မတည်ငြိမ်မှုတွေကြား ယက်ကန်လွန့်လူးနေရဆဲပါပဲ မခင်ဝင့်ဝါ။

www.burmeseclassic.com


ဟော . . .

အဝေးကြည့် မှန်ပြောင်းထဲကို ဝင်လာတာ အယ်လ်တီ ရိက္ခာပို့ သင်္ဘောပါလား။ အယ်လ်တီကိုမြင်ရင် ကျွန်းပေါ်ကလူတွေ အားလုံးပျော်ကြတယ်။ အယ်လတီမှာ ပါလာတဲ့သူနဲ့ ကျွန်းပေါ်ကလူ ဂျူတီချိန်းကြမှာလေ။ ပြန်ကြမယ့်လူတွေကြားမှာ ကျွန်တော်ကတော့ သွားမှာလား နေမှာလား။ ပြောရင်းဆိုရင်း အယ်လတီသင်္ဘောဟာ ကျွန်းနဲ့ခပ်ဝေးဝေးမှာ ကျောက်ချ ရပ်နားလိုက်ပါတော့တယ်။ ကျွန်းရဲ့ ဝန်းကျင်မှာ ကျောက်ဆောင်ကျောက်ဆွယ်တွေရဲ့ အန္တရာယ်ကြောင့် အနားမကပ်နိုင်တာမို့ လူနဲ့ ရိက္ခာတွေဟာ အသက်ကယ်လှေကလေးတွေနဲ့ ကူးလာကြမှာလေ။ နာရီဝက် မကြာမချင်း အသက်ကယ်လှေကလေးတွေ ကျွန်းဆီရောက်လာမှာ မဟုတ်သေးဘူး။ အပျော်တွေ ပြည့်ဝပျော်ဝင်နေတဲ့ အိမ်ပြန်လူသားတွေကြားမှာ ကျွန်တော်ဟာ ငူတူတူငေါင်းစင်းစင်းကြီးနဲ့ပေါ့ မခင်ဝင့်ဝါ။ ဒီအပျော်တွေဟာ ကျွန်တော်နဲ့ဘာမျှ မဆိုင်ပါဘူး။

မကြာခင်အချိန်ကလေးအတွင်း ကျွန်းကလေးဆီ အသက်ကယ်လှေနှစ်စီး ချဉ်းကပ်လာတယ်ဆိုရင်ပဲ ဆေးဝါးရိက္ခာတွေချ၊ ပစ္စည်းတွေလွှဲပြောင်း၊ ဂျူတီတွေချိန်းနဲ့ အလုပ်ရှုပ်နေချိန်မှာ ထူးဆန်းစွာပဲ ကျွန်တော့်လက်ထဲကို စာအိတ်တစ်အိတ် ရောက်လာပါတော့တယ်။ ရန်ကုန်ရုံးချုပ်က တစ်ဆင့်ပေးလိုက်တာတဲ့။ ကျွန်တော်ဟာ မတွေးထင်ထားနိုင်တဲ့ ဇဝေဇဝါစိတ်နဲ့ စာအိတ်ကို ဖောက်လိုက်တယ်ဆိုရင်ပဲ စာတစ်စောင်မျှ မပါဘဲ ဓာတ်ပုံကလေးတစ်ပုံသာ ထွက်ကျလာပါတော့တယ်။

ဓာတ်ပုံထဲမှာတော့ တစ်နှစ်ကျော်ကျော် အရွယ်ကလေးလေး (မိန်းကလေး) တစ်ယောက် ရယ်ရယ်ပြုံးပြုံးနဲ့ ခိုစာကျွေးနေတဲ့ပုံ။ လွတ်လပ်မြူးရွှင်စွာ လက်နှစ်ဖက်ကို မြှောက်ထားတဲ့ ချစ်စရာကလေးရဲ့ အနားမှာတော့ ခိုတွေဟာ နားတစ်ချို့၊ ပျံတစ်ချို့နဲ့။ ဘယ်သူလဲ . . . ဘယ်ကကလေးလဲ။ ဒီကလေးကို ကျွန်တော် မသိဘူး။ ကျွန်တော်သိတာ ကျွန်

www.burmeseclassic.com

တော့်သားအငယ်ဆုံး "တိုးကလေး" လေ။ မခင်ဝင်ဝ့ါအိမ်ပေါ်က ဆင်းသွားတော့ တိုးကလေးက နှစ်နှစ်သားသာသာ တွတ်တီးတွတ်တာ စကားပြောတတ်တဲ့အရွယ်။ အခုရှိရင် (မူကြို) ကျောင်းသားအရွယ်ပေါ့။ အခု ဒီကလေးက တိုးကလေးလည်း မဟုတ်ဘူး။ ဒါဆိုရင် ဘယ်သူဖြစ်မလဲ။ ကျွန်တော် ဓာတ်ပုံအနောက်ဘက်ကို လှန်ကြည့်လိုက်တော့ မခင်ဝင့်ဝါ လက်ရေးနဲ့ ကဗျာလိုလို စာလိုလိုစာတန်းကလေး တစ်ခု တွေ့လိုက်ရတယ်။

"ခိုကလေးတွေကြားမှာ<br>ဖေဖေရှိတဲ့အခါ<br>သမီးလေး အလွန်ပျော်မှာ"တဲ့။

သမီးလေး သမီးလေး ကျွန်တော့်ရင်တွေ ခုန်နေလိုက်တာ ဒိန်းဒိန်းညံလို့ ဘယ်လိုလဲ မခင်ဝင့်ဝါရယ် ဘယ်လိုလဲ ရှင်းရှင်းလေးလုပ်စမ်းပါ။ ကျွန်တော် ဘယ်လိုမှ သဘောမပေါက်နိုင်လို့ ဓာတ်ပုံကို ပြန်ကြည့် စာတန်းကို ပြန်ဖတ်။

ဖေဖေရှိတဲ့အခါ . . . ဖေဖေရှိတဲ့အခါ တဲ့။ ဒါဆိုရင် . . . ဒါဆိုရင် ဒါဟာ ကျွန်တော့်ရင်သွေး သမီးလေးပေါ့။ ကျွန်တော်ဟာ သမီးလေးရဲ့ ဖေဖေပေါ့။ ညောင်ညိုပြင်စခန်းမှာ လမ်းခွဲကြတော့ မခင်ဝင့်ဝါရဲ့ ဝမ်းကြာတိုက်မှာ ပါသွားတဲ့အရာဟာ အလိုဘုရားရေ။ မေ့လျော့နေတဲ့ ဖြစ်ရိုးဖြစ်စဉ် အကြောင်းတရားတစ်ရပ် ဗြုန်းစားကြီး မိုးပေါ်က ရောက်ချလာသလို ကျွန်တော်ရဲ့ ဟောင်းနွမ်းဈေးတက် အသံအက်နေတဲ့ နှလုံးသားအင်ဂျင်စက်ကြီးကို လှုပ်နှိုးလိုက်ပါတော့တယ်။

ကြည့်စမ်း . . . သေသေချာချာကြည့်မှ ဓာတ်ပုံထဲက သမီးလေးရဲ့ မျက်ခုံး မျက်လုံး နှာတံတွေဟာ ကျွန်တော်ရဲ့ မျက်ခုံး မျက်လုံး နှာတံတွေပါပဲလား။ ကျွန်တော့်ရဲ့ အသွေးအသား ဖြစ်တည်မှုတွေနဲ့ ဖွဲ့စည်းထားတဲ့ ညှံ့သက်နုထွေး ပန်းကလေးတစ်ပွင့်။

www.burmeseclassic.com


သားသုံးယောက်အဖေဖြစ်တဲ့ ကျွန်တော်ဟာ သမီးလေးရဲ့ အဖေဘဝကို ဘယ်လို ကြည်နူးမွတ်သိပ်မှုမျိုးနဲ့ ခံယူရပါ့မလဲ။ ကျွန်တော့်ရင်ထဲမှာတော့ ချစ်ခြင်းသင်္ကေတတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်လိုက်တဲ့ ချိုမြိန်မြိန် တေးဂီတသံဟာ ကျယ်ကျယ်လောင်လောင် ညိုးညံ့မြည်ဟည်းနေတော့တယ်။ ကျွန်တော်မခံစားနိုင်တော့ဘူး။ တော်တော်ဆိုးတဲ့ မခင်ဝင့်ဝါ။ တော်တော်မုန်းစရာကောင်းတဲ့ မခင်ဝင့်ဝါ၊ ဘယ်ပြန်ညာပြန် နားပန်ကျင်းချင်စရာကောင်းတဲ့ မခင်ဝင့်ဝါ။ အဲဒီနေ့က ရေလယ်မှာ ကျောက်ချထားတဲ့ မြို့သို့ပြန်မည့် အယ်လတီသင်္ဘောဆီသွားဖို့ အသက်ကယ်လှေထဲကို ပထမဦးဆုံး ဆင်းသွားတဲ့လူဟာ ကျွန်တော်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူးနော်။ နေရစ်ဦးတော့ သောင်ကျွန်းပေါ်က မီးပြတိုက်ကလေးရေ . . . ။ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ထမ်းဆောင်ရစ်ပေဦးတော့။

ကျွန်တော့်ကိုလည်း စာနာစွာနဲ့ နားလည်ခွင့်လွှတ်ပေးပါဦးဗျာ။ ဒီအချိန်မှာ ကျွန်တော်ဟာ သမီးလေးအတွက် ဦးနှောက်နဲ့နှလုံးသားကို နေသားတကျ အသုံးချနိုင်တဲ့ Light house အဖြစ် မားမားမတ်မတ် အလင်းပြလမ်း ညွှန်ပေးဖို့ လိုအပ်မယ် ထင်လို့ပါ။

**မြန်မာ့ဓနမ စီးပွားရေးမဂ္ဂဇင်း၊ ၂၀၀၂၊ ဇန်နဝါရီလ**

www.burmeseclassic.com




ကျောက်လည်းငို
ကိုလည်းငို

www.burmeseclassic.com

# ကျောက်လည်းငို ၊ လူလည်းငို

ငါး၊ ပုစွန်၊ ခရု၊ ကဏန်းစသော ပင်လယ်အာဟာရတွေ ပေါများလှိုင်ကြွယ်စွာ လက်ခံရရှိတဲ့ ကျွန်းဘုမ္မာရွာကလေးဟာ ပင်လယ်ရဲ့ကြင်နာစွာ ပွေ့ဖက်မှုကိုခံယူရင်း ရာစုနှစ်များစွာကို ဖြတ်ကျော်ခရီးနှင်နေပါတယ်။ ငလျင်ဘေးဒဏ်ကြောင့် ပင်လယ်ပြင် ပထဝီဝင်အနေအထား ပြတ်ရွေ့တိမ်းစောင်းမှုနဲ့လွှဲဖယ်ခဲ့ရတာကလည်း ကျွန်းရွာကလေးဘက်က ကံကြမ္မာရဲ့ အားသာချက် တစ်ရပ်ပါ။ အတော်လှမ်းလှမ်းမှာရှိတဲ့ ကျွန်းအထပ်ထပ်တောင်အသွယ်သွယ်ကြောင့် မုန်တိုင်းလက်တံရဲ့အညှိုးတကြီး ရိုက်ချေမှုကို မခံရပေမယ့် လှိုင်းဘောင်ဘင်ရဲ့ မာယာများမှုကြောင့် ပင်လယ်ရေပြင်မှာ ပေါလောပေါ်နိုင်တဲ့ အရာအားလုံး ကျွန်းဘုမ္မာသောင်စပ်ကို ချဉ်းကပ်တင်ကျန်ရစ်လေ့ရှိတာကတော့ မထူးဆန်းသလိုနဲ့ ထူးဆန်းနေတဲ့ အနေအထားတစ်ရပ်ပဲ ဖြစ်ပါတယ်။

●

နက်မှောင်ကျယ်ပြောတဲ့ ရေပြင်ပေါ်မှာ စက်သံပေးပြီး ပြေးနေတဲ့ “ငါးမန်းဆူးတောင်” ငါးဖမ်းလှေကလေးဟာ ဆောင်းလက်ကျန်နှင်း

နံရံကို ခပ်ရဲရဲတိုးခွဲ အသော့နှင်ခိုက် တိမ်တွေကြားက လဆန်းလေးရက်၊ လတစ်ခြမ်းပဲ့ကလေး ခပ်မဲ့မဲ့တိုးထွက်လာချိန်မှာ အဆိုနဲ့လိုက်ဖက်လှတဲ့ ဂီတာတီးသံသဲ့သဲ့ဟာ လှေကလေးပေါ်မှာပါလာတဲ့ လူသားတွေကို ပွတ်ဆွဲချော့မြူနေပါတော့တယ်။ တိုးဖွဖွ ဝေ့ဝဲဝဲလေပြည်ရဲ့အကဲပိုမှုကြောင့် "ငါးမန်းဆူးတောင်" ကို တွန်းတိုက်စီးဆင်းနေတဲ့ ကျရေစီးသံကတော့ ဂီတာသံကို အားဖြည့်ဖို့ ဟာမိုနီတေးသွားတစ်ပုဒ်ကို အားထုတ်နေလေရဲ့။

"... ပင်လယ်ပြာရေမွှာဖြူ လှိုင်းများကြားမှာ ... စင်ရော်လို ကျင်လည်စွာဖြတ်သန်းခြင်း ... ခရီးဝေး ... ပျောက်ဆုံးစာရင်းဝင်နေတဲ့ ကျွန်းတစ်ကျွန်း တစ်နေရာက ... ရင်ခုန်သံတွေနဲ့အတူတူ ... ကိုယ်ရှာဖွေနေတဲ့ ကိုယ့်ဘဝကို ... ဘယ်နေရာမှာ ... ပြန်လည်တွေ့ရှိမလဲ ... အချစ်ရေ"

"ဘော်လွင်" ဟာ အဲဒီသီချင်းစာသားစာပိုဒ်ကလေးကို အာတွေ့စွာပဲ ထပ်ခါတလဲလဲ ညည်းနေလေတော့ လှေသားတွေဟာ ဂီတမှာ နစ်မျောပြီး ဆိတ်ငြိမ်နေကြပေမယ့် "နောင်အော်"လို့ခေါ်တဲ့ ပဲ့နင်းကြီး "စောအော်လီ" ရဲ့အတွေးတွေကတော့ ငြိမ်သက်နေတဲ့ ခန္ဓာကိုယ်နဲ့ ဆန့်ကျင်စွာ လှုပ်ရှား ရုန်းကြွ ဘောင်ဘင်ထလို့နေကြတယ်။

"ကိုယ်ရှာဖွေနေတဲ့ ကိုယ့်ဘဝကို ဘယ်နေရာမှာ ပြန်လည်တွေ့ရှိမလဲ ..."

ရှာဖွေလိုက်စမ်းကလေးရယ်။ မင်းနဲ့မအပ်စပ်လှတဲ့ ဘဝဝန်းကျင်မှာ ရှင်သန်ကြီးထွားဖို့ မကြိုးစားပါနဲ့လား။ လူဆိုတာ ကိုယ်နဲ့သင့်တင့်လျှောက်ကန်တဲ့နေရာမှာ နေမှ အညွန့်တလူလူ အခက်တဝေဝေ၊ အလက်တဖြာဖြာ ရှည်ကြာရင့်ကျက် တိုးတက်အောင်မြင်မယ်ဆိုတာ မင်းလေး မသိဘူးလား။ ကိုယ့်ဘဝအမှန်ကို ပြန်လည်တွေ့ရှိဖို့ ရှာဖွေလိုက်စမ်းပါ။

ဒီညတော့ ဂီတဝိညာဉ်ကို လရောင်ဟာ ကောင်းစွာ မစောင့်နိုင်ပါဘူး။ မိုန်ဖျော့အားနည်းရတဲ့အထဲ တိမ်ဂွမ်းဆိုင်တွေနောက် ခေါင်းတိုး

www.burmeseclassic.com

ဝင်ရောက်သွားပြီမို့ အလင်းမဲ့ညချမ်းဟာ အလွမ်းလက်တို့ မျက်ရည်စို့ လောက်ပါပေရဲ့။ ပွဲ့နှင်းဟာ ကောင်းကင်ကို မော်ကြည့်ပြီး မိုးလေဝသကို စိတ်မချလှပေမယ့် ဟိုတစ်ပြောက် ဒီတစ်ပြောက် ထွက်ပေါ်လာတဲ့ မိုးပေါက်ဇာပွင့် ကြယ်ရောင်ရင့်တွေကြောင့် စိုးရိမ်စိတ်ကို ခါရမ်းပစ်လိုက်မိတယ်။

သွားစမ်းပါ။ မဖြစ်နိုင်ပါဘူး။ တိမ်ထူတိုင်း မိုးရွာမယ်လို့ တစ်တစ်ချတွက်လို့ မရပါဘူး။ လေနှင်နေတာကလည်း ပွဲ့နှင်းရဲ့ တွေးထင်ချက်ကို ထောက်ခံအားပေးနေလေရဲ့။ ဟော . . . ပြောရင်းဆိုရင်း လေအသွေးမှာ တိမ်လွင့်ပြေးလို့ လကွေးရိပ်ရိပ်ပေါ်လာပြီကော။

ပွဲ့နှင်းဟာ ညနေစောင်းက ချထားတဲ့ သူ့ရဲ့ကျောက်ငိုပိုက်ကို ခပ်တွေတွေ ငုံ့ကြည့်နေတယ်။ ရေအောက်အလံ လေးဆယ်မှာ ကျနေတဲ့ ပိုက်ကို ငုံ့ကြည့်နေတဲ့ ပွဲ့နှင်းရဲ့အကြည့်ဟာ ရေပြင်ရေသားကို ထွင်းပေါက်ပြီး မြင်နေရသလို ထင်ရတဲ့ စူးရှမှုမျိုးနဲ့ စိတ်တန်ခိုးတွေနဲ့ ပွဲ့နှင်းရဲ့ဘဝနဲ့ ခွဲခြားမရ၊ တစ်သားတည်း ရှိနေခဲ့တာ သူ့ရဲ့ပိုက်ဆွဲလှေသားဘဝ အစကနဦးကတည်းကဆိုတော့ ရေသွားရေလာနဲ့ ပိုက်အထာကို စိတ်မှန်းနဲ့ တွေးမြင်နေတာ မဆန်းလောက်ပါဘူး။

ပိုက်အဖုံလေးဆယ်ခန့်ဆက်ထားတဲ့ အလံပေါင်းတစ်ထောင့်ငါးရာအရှည်ရှိ ပိုက်တစ်လျှောက် သုံးလံကွာမှာ ကျောက်တစ်လုံးပူးချည်လို့ ကျောက်အလုံးငါးရာပါ ကျောက်ငိုပိုက်ဟာ အခြားငါးဖမ်းပိုက်တွေနဲ့မတူတမူထူးခြားနေတာ အမှန်ပါပဲ။ ကျောက်တစ်လုံးစီကို တစ်မီတာခွဲရှိတဲ့ ကြိုးထိုးကွက်ကလေးများထဲမှာထည့်၊ ကျောက်ကို လွန်နဲ့ဖောက်ပြီး ပူးချည်ထားတာဟာ ပိုက်ချတဲ့အခါ ရေအောက်မှာ ပိုက်မြုပ်အောင် ရည်ရွယ်ရင်းဖြစ်ပါတယ်။

မိတဲ့ငါးတွေက သဘောင်း၊ ကျွဲရင်၊ ဘားနီ၊ ငါးမြင်းစတဲ့ ငါးကြီးငါးကောင်းတွေဖြစ်တတ်ပြီး ငါးပိသာ၊ ခြောက်ပိသာစီး ကျွဲရင်ငါးအုပ်

www.burmeseclassic.com


ကြီး ကောင်းကောင်းဝင်လို့ကတော့ အလုပ်သမားငါးယောက်အားနဲ့ ပိုက်ဆွဲတင်ရတဲ့အခါ လူလည်းပြိုလဲ၊ ကျောက်လည်းကွဲကြေ (ကျောက်လည်းငို၊ လူလည်းငို) ရသည့်အတွက် ကျောက်ငိုပိုက်ရယ်လို့ တွင်ရတဲ့အဖြစ်။

ပဲ့နင်းမှာ သားမက် နှစ်ယောက် ရှိပေမယ့် အဲဒီသားမက်နှစ်ယောက်စလုံး ငါးဖမ်းလုပ်ငန်းမှာ မပျော်မွေ့ဘဲ သူတို့တနသ်ာရီနယ်ကထွက်သမျှ ကွမ်းသီးခြောက်၊ သီဟိုဠ်စေ့၊ ခနိဖူးတွေ တစ်ဖက်နိုင်ငံပို့တဲ့ကုန်သွယ်မှုတွေကိုသာ စိတ်ဝင်စားတာဟာ ပဲ့နင်းအဖို့ ကံဆိုးတာလား။ ကံကောင်းတာလား။ သားယောက်ျားလေး မထွန်းကားတာမို့ လက်မောင်းတစ်ဖက်ပြုတ်နေတဲ့ ပဲ့နင်းရဲ့ စိတ်အဆာလိုအပ်ချက်ကိုတော့ သားမက်တွေ ကုန်သွယ်ရာက ရလာတဲ့ ငွေရင်းငွေနှီးနဲ့ပိုက်ကြီး လှေထောင်ဖြစ်တာနဲ့ပဲ အစားထိုးဖြေသိမ့်နေရပါတော့တယ်။

ပိုက်ကြီးလှေတစ်စင်းရဲ့တန်ဖိုး (ပိုက်ရောလှေပါ) ဆယ့်တစ်သိန်းငွေရင်းဟာ သူ့သားမက်တွေလုပ်အား မပါဘဲ၊ ဖြစ်နိုင်စရာ အကြောင်းမရှိလှဘူး။ သူ့ပဲ့နင်းလုပ်သက်တစ်လျှောက်လုံးက ရတဲ့ အကျိုးအမြတ်ဟာ ပိုက်လှေတစ်စီးထောင်နိုင်ဖို့ အင်အားမရှိတာကိုတော့ မရှက်မကြောက်ဝန်ခံစမ်းပါရစေ။ ဘာပဲပြောပြော သူ့ရဲ့ ငါးမန်းဆူးတောင် ပိုက်လှေပိုင်ရှင်ဆိုတဲ့ ဂုဏ်သိက္ခာကြောင့် ကျွန်းဘုမ္မာမှာ သူဟာ ရပ်ရွာက လေးစားလောက်သူ တစ်ဦးဖြစ်လာတယ်လို့ဆိုရင်လည်း ငြင်းပယ်စရာအကြောင်းမရှိလှပါဘူး။

ပဲ့နင်းဟာ ညကြည့်နာရီကလေးကို မြှောက်ကြည့်လိုက်တော့ မီးစုန်းလက်တံဟာ ည ၁၁ နာရီခွဲကို ပြနေပြီ။ ဟော . . . စောစောကတိတ်ဆိတ်ငြိမ်သက်နေကြတဲ့ လှေသားတွေဟာ ဂီတချော့သိပ်လို့အိပ်စက်ကုန်ကြပြီ။ စင်ရော်လို ပင်လယ်ကို ဖြတ်သန်းချင်တဲ့သူကလေးဟာလည်း သူ့ရဲ့ကိုယ်ပွားဂီတာလေးကို ပိုက်လို့ ငိုက်မြည်းငြိမ်သက်စ ပြုနေပြီ။ ပဲ့နင်းမှာတော့ တာဝန်ဆိုတဲ့ ထမ်းပိုးရဲ့ လေးပင်မှုကြောင့် အိပ်

www.burmeseclassic.com

စက်ချင်စိတ်တွေ ခါတိုင်းလိုပဲ ပြေးပုန်းပျောက်ကွယ်လျက် တိတ်ဆိတ်တဲ့ ညဥ့်ယံကို တစ်ကိုယ်တော်ဖြတ်သန်းနေတော့တယ်။ မှုံပြေပြေလရောင်အောက်မှာ မှေးစင်းငိုက်ကျနေတဲ့ ရှင်းသန့်သန့်မျက်နှာကလေးက ပွဲနင်းရဲ့ ဂရုဏာစောင်းကြိုးကို ပုတ်နှိုးတီးခတ်နေလေရဲ့။ ကျွဲပခုံးထ၊ ဆားရည်ဝနေတဲ့ ပင်လယ်ပျော်ကြီးရဲ့ ရင်တွင်းတစ်နေရာမှာ နူးညံ့တဲ့ နှလုံးသွေးတွေ စိမ့်ဆင်းဖြာကျနေတာ လူမသိ၊ သူမသိ တကယ်ပဲ သူ့ကိုယ်သူပင် မသိ။

ပွဲနင်းရဲ့အသိမှာတော့ ဒီကလေး "ဘော်လွင်" ကို မြင်တိုင်း သူ့သမီး "နွေမိန်" မျက်နှာကလေး အရိပ်ထင်လာတာမို့ သားသမီးချင်း စာနာစိတ်က တစ်မျိုး၊ အော် . . . သူ့မိဘများ သိခဲ့ရင်ဆိုတဲ့ မိဘချင်းစာနာစိတ်က တစ်ဖြာစုန်ဆန်လူးလာ အတွေးခြေရာထပ်နေတော့တယ်။

တကယ်တော့ ကျွန်းဘုမ္မကြို ဘော်လွင် ရောက်ရှိခဲ့တာကိုက ပဟေဠိတွေနဲ့ ထုံမွမ်းနေတယ်လို့ သူထင်တယ်။ အင်းလေ လောကကြီးမှာ မဖြစ်သေးတာသာ ရှိတာပါ။ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။ သူကျင်လည်ဖြတ်သန်းခဲ့ရတဲ့ ဘဝသင်ခန်းစာတွေနဲ့ ထောက်ချင့်ရင် ဒီအဖြစ်အပျက်ကလေးဟာ ဘယ်လောက်မှ ကြီးကျယ်ခမ်းနားလှတာ မဟုတ်ပါဘူး။ ရွာဦးကျောင်းက ဆရာတော်ဟောသလို ဖြစ်ပျက်သံသရာကြီးထဲမှာတော့ ဒီအဖြစ်အပျက်ကလေးဟာ ဘာမဟုတ်တဲ့ မြူမှုံကလေးတစ်မှုံပါ။

ခက်တာက လူဆိုတာ အဲဒီ ဘာမဟုတ်တာကိုပဲ အဟုတ်ထင်၊ အမြင်ကြီး၊ ရင်တီးဩချဖြစ်လေ့ဖြစ်ထရှိတာပဲ မဟုတ်လား။ ဖြစ်ချင်တော့ အဲဒီနေ့ဟာမုန်တိုင်းစဲပြီးစ နံနက်ခင်းတစ်ခုဖြစ်တာရယ်။ မုန်တိုင်းလွန်မြောက်သွားပေမယ့် သူ့လှေကလေးကို စိတ်ပူပြီး ဘယ်သူတွေမှ မရောက်ခင် ရွာပြင်သောင်စပ်ဆီ သူတစ်ယောက်တည်း ရောက်သွားတာရယ် အဲဒီအကြောင်းတရားတွေဟာ ကရုဏာပျိုးခင်းကလေးကို ထိနမ်းရှိုက်ကြူမိခြင်းအစပဲ ဖြစ်ပါတယ်။

www.burmeseclassic.com


ခေတ်မီယန္တယား ဆေးဝါးကုသချက်တွေ မပါဘဲ ကျွန်းတောင်တွေ ပေါ်ကရသည့် သဘာဝသစ်ဥ၊ သစ်မြစ်တွေရဲ့စွမ်းအင်၊ ကျွန်းဘုမ္မာရဲ့ရေမြေတောတောင်အနေအထား မကြာခဏ ဆလုံတိုင်းရင်းသားတွေဆီက ရလေ့ရှိတဲ့ ငှက်သိုက်ပေါင်းရည်နဲ့အားဖြည့်မှု၊ ရှူရှိုက်ရတဲ့ပင်လယ်လေရဲ့ သန့်စင်မှုတွေကြောင့် ဘော်လွင်ဟာ အချိန်တိုတိုအတွင်းမှာ ပြန်လည်ရှင်သန်ထမြောက်လာတယ်လို့ ဆိုနိုင်ပါတယ်။ အချိန်ကြာလာတာနဲ့အမျှ ရုပ်ခန္ဓာကျန်းမာလာပေမယ့် ခေါင်းက ဒဏ်ရာကြောင့် ငူငိုင်ငိုင် ကြောင်ငေးငေး၊ သူ့နာမည်ကိုတောင် မေးလို့မရတဲ့ အတိတ်မဲ့လူသားတစ်ယောက်အတွက် မချိတင်ကဲဖြစ်ခဲ့ရတဲ့ နေ့ရက်တွေဟာ ရင့်ရော်ဟောင်းနွမ်း သွားခဲ့ပြီ။ ပဲ့နင်းတို့ငယ်စဉ်က ဆေးမင်ကြောင်စုတ်ထိုးတဲ့အခါ "အရဟံ၊ သတ္တိ၊ အချစ်"ဆိုတဲ့စာလုံးတွေ ထိုးလေ့ရှိပေမယ့် ကောင်လေးရဲ့ လက်ဖျံမှာ ထိုးထားတဲ့ စာလုံးတွေကတော့ "ဘော်လွင်"တဲ့။ အမည်မေးမရမယ့် အတူတူ ဘော်လွင်လို့ လွယ်လွယ်ခေါ်ခဲ့ရတဲ့ကလေးဟာ သူ့သမီးအငယ်ဆုံး 'နွေမိန်' နဲ့ရွယ်တူပါပဲ။ ကြီးပါလှ တစ်နှစ် နှစ်နှစ်ပေါ့။ ရွာမှာ အလယ်တန်းကျောင်းမရှိလို့ သူ့ကြီးတော်ရှိရာ မြို့သို့ ပို့ထားတဲ့သမီးဟာ ဆယ်တန်းကျောင်းသူကြီး ဖြစ်နေပါပြီ။

ရှုပ်ထွေးနေတဲ့ ချည်ခင်တစ်ခုရဲ့ အစကို ရရှိဖို့ အချိန်ကာလဘယ်လောက်ကြာအောင် ပေးဆပ်ရဦးမှာလဲ။ သူ့ဘဝဇာတ်ကြောင်းကို သူမေ့လျော့နေတာကလွဲရင် ပုံမှန်ကျန်းမာရေးကို ရရှိပိုင်ဆိုင်လာပြီဖြစ် တဲ့ ဘော်လွင်ဟာ ပိုက်ကြီးလှေ၊ ငါးမန်းဆူးတောင်နဲ့လိုက်ပြီး ပိုက်ဆွဲသင်နေတာ အခေါက်အခေါက်အခါခါရှိနေပါပေါ့။ လူလုံးလူဖန် ကြန်အင်လက္ခဏာက မြို့သားပညာတတ် တစ်ယောက် ဖြစ်ဟန်ရှိတာမို့ ဘော်လွင်နဲ့ ပင်လယ်ဟာ အသားမကျလှပါဘူး။

သူ့ရဲ့ ပင်ကိုယ်စရိုက်ကလည်း စကားကို လေးလုံးကွဲအောင် မပြောသူမို့ (နောက်ကြောင်းကို မေ့နေလို့ ပြောစရာရှားပါးနေတာလည်း

www.burmeseclassic.com

ဖြစ်ချင် ဖြစ်နိုင်တယ်) ပွဲနင်းရဲ့အမြင်မှာ အခြားလေ့သားတွေနဲ့ တစ်သား တည်းမကျတာ အမှန်ပါပဲ။

"ဘုရားသခင်က လူတွေကို နားရွက်နှစ်ခုတပ်ပေးထားပြီး လျှာ ကျတော့ တစ်ခုတည်းပေးထားတယ်။ ဒါဟာ တစ်ခြားကြောင့် မဟုတ်ဘူး။ ကိုယ်ပြောတာထက် နှစ်ဆပိုပြီး နားထောင်နိုင်အောင်လို့ပဲ"

ပြောမယ့်ပြောတော့ ပွဲနင်းသိပ်နားမလည်တဲ့ အဲဒီလို ဘူးလုံးနား မထွင်းစကားတွေ ပြောလေ့ရှိတာကြို ခေါင်းတငြိမ့်ငြိမ့် သဘောကျနေလေ့ရှိ တာဟာ ဘော်လွင်အပေါ် အထင်ကြီးရင်းစွဲကြောင့်ပါပဲ။

ဘော်လွင်ဟာ ပြောစကားနဲ့အညီ စကားကို နည်းနည်းပြောပြီး အလုပ်ကို များများလုပ်လေ့ရှိတယ်။ ကျန်းမာလာတာနဲ့ ပွဲနင်းနောက်က ပိုက်ဖုံထမ်းပြီး ငါးမန်းဆူးတောင်ထဲ ဆင်းချလာတော့ ပွဲနင်းမှာ လောလော ဆယ် သားတစ်ယောက်ကောက်ရသလို သမီးချည်းသုံးယောက်မွေးမိတဲ့ ပွဲနင်းရဲ့ သားလိုဘလည်း ပြည့်သွားတာမို့ ဘော်လွင့်အတိတ်ကို မေ့နေ မယ်ဆိုရင် မေ့ချင်သလောက် မေ့လိုက်စမ်း။

ပွဲနင်းဟာ ဘော်လွင်နဲ့ပတ်သက်ရင် အဲဒီလို ဆန္ဒလွန်ဆွဲပွဲက လေးတွေ မကြာခဏ ဆွဲရလေ့ရှိတယ်။ ဘော်လွင် သူ့အတိတ်အကြောင်း တွေကို ပြန်သတိရပြီး မြို့သို့ပြန်စေချင်တာက တစ်ဖက်၊ သူ့ဆီမှာပဲ သားတစ်ယောက်လို ဒိုးတူပေါင်ဖက် နေသွားစေလိုတဲ့ ဆန္ဒကတစ်ဖက် ပုထုဇဉ်ပီပီ အတ္တကလေးကဲပြီး ကိုယ့်ဖက်ကို ခပ်ဆွဲဆွဲပေါ့။

"တီ . . . တီ . . . တီ"

ဟော . . . ပျော်တစ်ဝက် နိုးတစ်ဝက်နဲ့ အတွေးရေကြောဆန့် နေလိုက်တာ မနက်လေးနာရီတောင် ထိုးပါပေါ့။ သူ့စီဒဇင်ဓာတ်ခဲနာရီထဲ က အချက်ပေးသံဟာ ချိန်ကိုက်ပါပဲ။ သူမှန်းထဲအတိုင်း ရေကျစပြုနေပြီ။

www.burmeseclassic.com


ရေတက်ဦးမှာ ပိုက်ချပြီး ရေကျချိန်မှာ ပိုက်ပြန်ဖော်ရတဲ့ ကျောက်ငိုပိုက်ရဲ့ လုပ်ငန်းသဘာဝဟာ နာရီအချက်ပေးသံနှင့်အတူ သူတို့ရဲ့ ထိုင်းမှိုင်းလေးလံမှုတွေကို မောင်းနှင်တောထုတ်ပစ်လိုက်ပါတော့တယ်။

"ထကြပဟေ့ ထကြ ပိုက်ဖော်ချိန်ရောက်ပြီ"

အတွေ့အကြုံက ပေးအပ်ထားတဲ့ နိုးကြားမှုတွေနဲ့ သန်မာတဲ့ လက်ရုံးတွေကို ဆန့်တန်းလိုက်တဲ့အခါ ပိုက်ဆွဲကြိုး (ကထောင်းကြိုး) ကို အရင်ဆွဲ အစမှာရှိတဲ့ ကြိုးနှစ်ပင်ကို ထပ်ဆွဲစေ့ပြီးတဲ့နောက် ခြောက်လက်မခွဲပိုက်ကွက်ထဲမှာ အသက်ဇီဝကို စွန့်လွှတ်ဖို့ ငြင်းဆန်နေတဲ့ သတ္တဝါတွေရဲ့ ရုန်းကန်မှုဟာ လှေသားတွေရဲ့ ကာယအားကို စမ်းသပ်ဖို့ စိန်ခေါ်နေပါပြီ။ သူမှန်းထားသလို သဘောင်း၊ ကုလားဂုတ်၊ ကျောက်ငါး၊ ငါးခေါင်းတုံး၊ ဘားနီနဲ့အခြား ငါးကြမ်းများ။ ကုလားဂုတ်နဲ့ ဘားနီက တစ်ပိဿာ ၂၀၀ ကျပ်နှုန်းလောက် ရနိုင်တာမို့ ပွဲနင်းရဲ့အပြုံးဟာ အရှေ့မိုးကုပ်စက်ဝိုင်းက ဝံ့ဝံ့စားစား တိုးထွက်လာတဲ့ နေလုံးကြီးနဲ့အပြိုင်ပါပဲ။

"အဘ ထမင်းကြမ်း"

ဘော်လွှင် အလိုက်တသိ ကမ်းပေးတဲ့ ထမင်းကြမ်းဇလုံကို လှမ်းယူရင်း အနားမှာရှိတဲ့ ရေအိုးထဲက ရေနဲ့မျက်နှာသစ် ပလုတ်ကျင်းလိုက်တယ်။

"မနေ့က ကျန်တဲ့ သဘောင်းခြောက်လေး ဆီဆမ်းပါဟေ့"

ဒါပါပဲ။ လှေထဲမှာ မြို့မှာလို ကော်ဖီတို့၊ လက်ဖက်တို့ ဘယ်ရှိပါ့မလဲ။ ပေါင်မုန့်တို့ ကိတ်မုန့်တို့ဆိုတာ ရွာမှာ အလှူမင်္ဂလာဆောင်ရှိမှ ဆယ်ခါမှာတစ်ခါ စားရလေ့ရှိတာမျိုး။ ပင်လယ်ထဲမှာ နံနက်စာဟာ ထမင်းကြမ်းနဲ့ ငါးခြောက်ဖုတ်၊ ဒါမှမဟုတ် ထမင်းကြမ်းနဲ့ ငါးပိဖုတ်ဆီဆမ်း၊ ငြုပ်သီးစိမ်းကလေး ကိုက်ချင်ကိုက်။

"ပိုက်ဖြုတ်ပြီး ထမင်းကြမ်းစားဖို့ ခဏနားဟေ့"

www.burmeseclassic.com

ခြောက်လက်မခွဲ ပိုက်ကွက်ထဲ ပါးဟက်၊ ဆူးတောင်တွေနဲ့ငြိပြီး ပြန်မထွက်နိုင်တဲ့ ငါးတွေကို တစ်ကောင်ချင်း ဖြုတ်နေရာက ငါးတွေအားလုံး လှေဝမ်းထဲ ရောက်တဲ့အခါ သူတို့အလုပ်ခဏတစ်ဖြုတ်နားကြတယ်။ လှေသားငါးယောက်ဟာ သူ့အလုပ်ကိုယ့်အလုပ် မတွက်ကပ်စတမ်းလုပ်ကြသလို ထမင်းကြမ်းကိုလည်း ပလုပ်ပလောင်းစားကြရင်းမြို့မှ တကူးတက မှာထားတဲ့ ပလောင်မ လက်ဖက်ခြောက်ရေနွေးကိုတစ်ကျိုက်ပြီး တစ်ကျိုက် ကျိုက်ချနေကြတယ်။ စားပြီးလို့ ငါးတွေကိုရေခဲကတ်ထဲ ထည့်ဖို့ပြင်တော့ ဘော်လွင်က မီးဖိုနားတိုးပြီး အိုးသူကြီးလုပ်ဖို့ ပြင်နေပြီ။ မီးမွှေးပြီး အပြင်နားမည်းတူးနေတဲ့ တစ်ပြည်ဝင်ဆန်အိုးကို ဖိုပေါ်တင်ဖို့ လုပ်နေပြီ။

"ဒီနေ့ ဘာချက်မယ် စိတ်ကူးလဲကွ"

"ကျောက်ဖရုံသီးနဲ့ ဇလုံးခြောက်ရိုး ချက်မလားလို့ အဘ"

"အေး ကောင်းတယ် ကောင်းတယ် ငါးပိထောင်းတော့ စပ်ပစေ့နော်"

ပင်လယ်ထဲမှာတော့ အသီးအရွက်က ရှားပါဘိ။ ရွာမှာက တစ်ရွာလုံး ငါးပေါ်ချိန်ငါး၊ ခူးပေါ်ချိန်ခူ၊ ရှမ်းကမ်းသွားသူသွား၊ ပီနန်ထွက်သူထွက် တစ်စေ့ပျိုးတစ်ပင်ရှင်ဖို့ ဘယ်သူမှ မလုံးပမ်းချင်ကြ။ ကြာကြာအထားခံတဲ့ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ချဉ်ပေါင်ရွက်၊ တညင်ရွက်တို့သာရေလဲအမျိုး မျိုးတွဲပြီး အရည်ကျဲအရွက်ကျန် စားနေရတာပါပဲ။

"ကဲ . . . ဟေ့ ငါးတွေ နေရာချပြီးရင် ပိုက်တွေ အပေါက်အပြဲအနာအဆာ စစ်ကြဦး"

ဒါကတော့ လုပ်ရိုးလုပ်စဉ်ပါပဲ။ ဒီလှေမှာ သူပဲလှေရှင်၊ သူပဲပွဲနင်းဖြစ်ပြီး ရေရှူး (ပိုက်ဆရာ)လည်း သူပါပဲ။ အပေါက်အနာအဆာမြင်လို့ကတော့ သူကိုယ်တိုင် ယက်ငင်ဖာထေးရမှ စိတ်တိုင်းကျတာမျိုး။

"ဒီအချိန် ရေပြည့်အော်၊ ကားယားတန်းဘက်သွားရင် ကျွဲရင် မိနိုင်တယ်"

ပွဲနင်းဟာ သူ့ဘာသာသူတစ်ယောက်တည်း ရေရွတ်ပြီး လရာသီနဲ့ ငါးအုပ်မြူးရာဒေသခရီးရေချိန်ကို ချင့်တွက်နေတယ်။ လမ်းမှာကြာမယ့်အချိန်နဲ့ ရေတက်ဦး မီ မမီ။

ပိုက်ကြီးလှေနဲ့ ကျောက်ငိုပိုက်ချသူတိုင်း သဘောင်း၊ ကျွဲရင်၊ ငါးကြီးတွေ မိချင်တဲ့ဆန္ဒချင်ခြင်း စိတ်ကူးအိပ်မက်တွေ မက်ဖူးကြလိမ့် မယ်။ ငါးပိဿာစီး၊ ခြောက်ပိဿာစီး ကျွဲရင်မိလို့ကတော့ ငါးခြောက်ခွဲ စရာမလိုဘဲ ငါးအစိုအကောင်လိုက် ဈေးကောင်းပေးနေတဲ့ကာလမှာ ပွဲနင်း တို့တတွေ ရွှေနားကွပ်တဲ့ ငါးအိပ်မက်တွေ၊ ငွေနားကွပ်တဲ့ ငါးအိပ်မက်တွေ မက်ပြီးရင်းမက်။

ရုတ်တရက် တိမ်ရိပ်မည်းတွေ နိမ့်ကျပြုဆင်းလာပြီး စိမ့်ကနဲ အေးတက်လာတဲ့ လေပွေရူးနဲ့အတူ မိုးသက်မြားတန်းတွေ သက်ဆင်းကျရောက်လာပါတော့တယ်။ မနေ့တုန်းဆီက လေနှင်သဖြင့် ပြေးထွက်လွင့်ပါးကုန်သော တိမ်မိုးသားတို့ တစ်ကျော့ပြန် နှစ်ဆတိုး၊ အညှိုးတကြီးထစ်ချုန်းမြည်ဟည်းနေကြပြီကော။

ပွဲနင်းဟာ ရေပြည့်အော်ဘက် လှေဦးလှည့်ခရီးနှင်နေတဲ့ သူ့ရဲ့ ငါးမန်းဆူးတောင်ကို ရောက်ရာအရပ်မှာ ကျောက်ချရပ်နားလိုက်ရပါတော့ တယ်။ ဒီလိုပင်လယ်မှာ မိုးလေကြီးရင် လာရာလမ်းကို ပြန်လှည့်လို့လည်း မဖြစ် ရှေ့ခရီးလည်း မဆက်နိုင် ကျောက်ကိုသာပိုင်ပိုင်ချလို့ ကံကိုလုံးလုံး ပုံထားရတော့တာပါပဲ။ လှိုင်းလှေခါးပေါ်တက်ဆင်းနေတဲ့ ငါးမန်းဆူး တောင်ဟာ ပွဲနင်းရဲ့ပညာစွမ်းနဲ့ အစွမ်းကုန် ကျားကန်နေသည့်ကြားထဲ အသက်ငင်ယိမ်းထိုးနေလိုက်တာ တစ်စစီကွဲ၊ တစ်ပဲ့စီကြွေတော့မယ့် အတိုင်းပါပဲ။

www.burmeseclassic.com

မိုးရေသွန်တိုးနေတာရော၊ လှိုင်းပက်တင်နေတာပါရောပြီး လှေဝမ်းထဲ ရေတွေဝင်လာတော့ လှေသားတွေ အားကြိုးမာန်တက် ခပ်ထုတ်နေတဲ့အချိန်အထိ ပဲ့နင်းဟာ ဘော်လွင်ကို မေ့နေမိတယ်။ တစ်နာရီခွဲသာသာလောက် မိုးသက်လေနှင်တွေ အစွမ်းကုန်ရမ်းကားပြီး လူတွေမောပန်းငြိမ်သက်နေချိန်ရောက်မှ ဘော်လွင့် ညည်းသံသဲ့သဲ့ဟာ ပဲ့နင်းနားထဲ တိုးဝင်လာတော့တယ်။

"ကြောက်တယ် . . . ကြောက်တယ် . . . အမေရေ . . . အဖေရေ . . ."

ရွာကို ရောက်ပြီးမှ ဘော်လွင့်နှုတ်က အဖေအမေကို တ,သံတစ်ခါမှ မကြားဖူးသေးဘူး။ မမျှော်လင့်ဘဲ ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်အခြေအနေဆိုးက ဘော်လွင်ရဲ့မြုံနာကို ထိုးဆွလိုက်သလိုများ ဖြစ်သွားလေသလား။

တစ်စုံတစ်ရာသော တွန်းအားကြောင့် ပျောက်ဆုံးနေတဲ့ အတိတ်လမ်းကြောင်းပေါ် ဘော်လွင်ရောက်ရှိသွားပြီလား။

"လေတွေမအော်ပါနဲ့ . . . လှိုင်းတွေ မလာပါနဲ့ . . . ညီမလေးရေ . . ."

ပဲ့နင်းဟာ ဘော်လွင့်အနေအထားကို သဘောပေါက်သွားပြီမို့ အချိန်ဆိုင်းမနေတော့ဘဲ ရွာဘက်ကို လှေဦးပြန်လှည့်လိုက်တော့တယ်။ ရွာနဲ့ငါးစခန်းက ၁၂ နာရီကြာအောင် ခုတ်ရဦးမှာဆိုတော့ ဒီကလေးအတွက် အချိန်မှ မီပါ့မလား။

တိုက်ဆိုင်မှု တစ်စုံတစ်ရာကြောင့် တိမ်မြုပ်နေတဲ့ ဘဝရဲ့တံခါးချပ်တွေကို တစ်ချပ်ပြီး တစ်ချပ် ဖွင့်လှစ်နိုင်မယ်ဆိုရင်တော့ ဒါဟာ ဘော်လွင့်အတွက် အရှုံးထဲက အမြတ်ပါပဲ။

●

ရွာပြန်ရောက်တော့ ကျွန်းရွာတွေအထိ ဆင်းပြီး ဆေးဝါးကုသနေတဲ့ ဆရာဝန်အဖွဲ့တွေနဲ့တိုးပြီး ဘော်လွင်တစ်ယောက် ထိရောက်တဲ့ ကုသမှုကို ခံယူနေစဉ်မှာပဲ . . . မြို့မှာ ကျောင်းသွားတက်နေတဲ့ ပဲ့နင်းရဲ့ သမီး "နွေမိန်" ပြန်ရောက်လာပါတော့တယ်။ မြို့အလှ မြို့အသွေးကြွယ်လာတဲ့သမီးဟာ အရင်အခေါက်တွေထက် တည်ငြိမ်ရင့်ကျက်ဟန် ပေါက်နေတယ်။ မြို့ရည်လည်ပြီး အမြင်ကျယ်လာတဲ့ သမီးရဲ့ ဘော်လွင့်အပေါ်ကြည့်တဲ့မျက်လုံးတွေကိုတော့ သိပ်ပြီး အကဲမရလှဘူး။ နွေမိန်ကိုယ်တိုင်က ဘော်လွင့်ကို အယုံအကြည်မရှိဘူး ထင်ပါရဲ့။

"သူ . . . ဘယ်သူလဲ ဆိုတာ ဝိုင်းဝန်းဖော်ထုတ်ပေးရမယ်လေ။ ဒီလို ပြီးစလွယ် လက်ခံထားလို့ကတော့ သူ့အတွက် မတရားဘူးထင်တယ်။ သူ့မိသားစုအပေါ်လည်း မမျှတရာ ရောက်တာပေါ့"

ပဲ့နင်း ထင်တာထက် သမီးဟာ တွေးခေါ်မြော်မြင်တတ်နေပါလား။ သူတောင် အဲ့ဒီလောက် နက်နက်နဲနဲ မတွေးမိဘူး။ ဘော်လွင်မကျန်းမမာဖြစ်နေစဉ် တစ်လျှောက်လုံး သမီးဟာ ကိုယ်ဖိရင်ဖိ ပြုစုရှာတယ်။ အင်းလေ . . . ကြိုးချင်းထားတော့လည်း ကြိုးချင်းငြိစေချင်တာ သူ့ဆန္ဒ။ ဘော်လွင်အဖျားပျောက်ပြီး နာလန်ထလာပြန်တော့ သမီးနဲ့အတူ တတွဲတွဲဖြစ်နေပါရော။ စကားလက်ဆုံ ပြောမကုန်။ ရွာပြင်သောင်စပ်မှာ လမ်းလျှောက်ကြတော့လည်း အတူတူ။ နှစ်ဖာလုံလောက် ဝေးတဲ့ အော်ကွေ့ကလေးဆီသွားပြီး ရေကူးကြတော့လည်း အတူတူ။ ကျောက်ဂမူစွန်းထိပ်ကနေ ငါးမျှားကြတော့လည်း အတူတူ။

ကျွန်းဘုမ္မာရဲ့ ကျွန်းတောင်သောင်ကမ်းတွေဟာ ပျိုမြစ်နုနယ်သူ နှစ်ဦးရဲ့ လန်းဆန်းသန့်စင်မှုတွေ ထင်ဟပ်ပြီး နေခြည်ဝင်းပနဲ့အတူ အလှကြီးလှနေတော့တယ်။ ကျွန်းခိုငှက်ကလေးတွေ ကျီတျာတျာ အသံပေးလို့ အုပ်ဖွဲ့ပျံသန်းမှု ဝတ်ရုံလွှာအောက်မှာ ပျိုရွယ်သူတို့ရဲ့ အပြုံးဟာ ပြိုးပြက် လင်းလက်လွန်းလှတယ်။ ဆည်းဆာ ညိုမှိန်သွားပေမယ့် လရိပ်ချိုမြိန်

www.burmeseclassic.com

အောက်မှာ အပြန်အလှန် ကယုကယင် ကြင်နာမှုတွေက တစ်ခါတစ်မျိုး မရိုးနိုင်စွာ။ ဒါတွေကိုမြင်တော့ ရိုးသားတဲ့ ကျေးလက်လူအိုကြီးခမျာ သမီးရှင်တစ်ယောက်အနေနဲ့ မအပ်စပ်တဲ့ ဆုတောင်းမျိုးတွေ ဆုတောင်းနေမိတယ်။

"ဖွဲ့ဟဲ့ . . . မပြောကောင်း ပြောကောင်း သူတို့ချင်း နီးစပ်သွားကြရင်"

ပဲ့နင်းရဲ့ စိတ်ကူးအတွေးတွေဟာ နွေမိန်ရဲ့ အပြုအမူကြောင့် တစ်ဝက်တစ်ပျက်နဲ့ ရပ်တန့်သွားပါတော့တယ်။ တစ်နေ့မှာတော့ သမီးဟာ ခဏဆိုပြီး ဖိုးဖိုးဇတ်ဇတ်နဲ့ မြို့ပြန်တက်သွားပါရော။ သူလည်း သမီးဘာတွေ လုပ်နေလဲ နားမလည်တော့ဘူး။ ခေတ်လူငယ်တွေရဲ့ တွေး ခေါ်လှုပ်ရှားမှုကို ပဲ့နင်းတော့ အမီမလိုက်နိုင်တော့ဘူး။

ဒီရက်တွေမှာ ပိုက်တွေကို ဆေးကြောနေလှန်း၊ ပြုပြင်ဖာထေးနဲ့ ကိုယ့်အလုပ်ထဲမှာ ကိုယ်နှစ်ထားလိုက်တယ်။ နောက်ရေတစ်ဖျားပြန်ထွက်ဖို့အတွက် ငါးမန်းဆူးတောင်ထဲကို လိုအပ်တာတွေ ဖြည့်စွက်နေမိတယ်။ ပိုက်သိမ်းချိန်မရောက်မီ သဘောင်း၊ ကျွဲရင်ငါးကြီး မိဦးမှ တွက်ချေကိုက်များများကျန်မှာမို့ ဘော်လွင့်ကိစ္စချည်း ရှေ့တန်းတင်နေလို့ မဖြစ်ဘူးလေ။

အားလုံးအဆင်သင့်ဖြစ်လို့ ရေသေရက်ကို စောင့်နေတုန်း ဗြုန်းဆိုသမီးမြို့က ပြန်ရောက်လာတော့တယ်။ အလို . . သမီးနဲ့အတူ ကြေးရတတ်အမျိုးသမီးတစ်ယောက် ပါလာပါလား။ အဲ့ဒါ မြို့ကဘော်လွင့် အဒေါ် ဒေါ်ငွေငွေမြိုင်တဲ့ ဘော်လွင်ဟာ သူ့အဒေါ်ကို မမှတ်မိရှာဘူး။

"ဖြစ်မှ ဖြစ်ရလေ သားရယ်။ ဒေါ်လေးမြိုင်ကို မမှတ်မိဘူးတဲ့လား။ ငါ့တူလေးကို မသေမပျောက်တွေ့ရတာကြို ဝမ်းသာပေမယ့် ဒီလို အလုပ်ကြမ်းလုပ်နေတဲ့ ဘဝမှာ မြင်ရက်စရာမရှိပါလား။ အစ်ကိုနဲ့အစ်မတို့ရေ တမလွန်ကနေပြီး ဒီလိုပဲ ရက်ရက်စက်စက် မျက်နှာလွှဲနေတော့မှာလား"

www.burmeseclassic.com


သွားလေသူ ဘော်လွင့်အဖေနဲ့ အမေကို တပြီးငိုနေတဲ့ အမျိုးသမီးကို ပဲ့နင်းစိတ်ထဲ ဘဝင်မကျလှဘူး။ လိုအပ်တာထက်ပိုပြီး လွမ်းပြနေတယ် ထင်တာပဲ။ အင်းလေ . . . ဒါကလည်း သူတို့ တူအရီးကိစ္စ မို့ဝင်မစွက်တာ ကောင်းပါတယ်။

"ဖြစ်ပုံက ဒီလို အဘရေ။ မနှစ်က မိုးဦးလေဦးမှာ ရန်ကုန်ကနေ မြိတ်မြို့ကို ထွက်လာတဲ့ တိုင်းဖေယျာစက်လှေကြီး ပင်လယ်မှာ နစ်မြုပ်ခဲ့တယ်။ အဲ့ဒီမှာ ကျောင်းပိတ်လို့ အိမ်ပြန်သူတွေ၊ ဘုရားဖူးတွေ၊ စာရေးစာချီတွေ အများကြီးပါသွားသတဲ့။ အဲ့ဒီအထဲမှာ ဘော်လွင်တို့မိသားစု လည်းအပါအဝင်ပေါ့။ အဖေအမေနဲ့ ညီမလေးတို့ ပါသွားပြီး သူတစ်ဦးတည်းအသက်ရှင်လျက် ဒီရွာကို ရောက်ခဲ့တယ်"

"လှေနစ်တဲ့အထဲ ဘော်လွင်ပါတယ်လို့ သမီးဘယ်လိုသိသလဲ"

"တွေ့စကတည်းက သမီးသူ့ကို မသင်္ကာဘူး။ သူနဲ့ရင်းရင်းနှီးနှီးနေပြီး လှည့်ပတ်မေးမြန်းတော့လည်း ဘာမှမေးမရတော့ သံသယတွေပိုထူထပ်လာတယ်။ ဒါကြောင့် မြို့ကိုပြန်သွားပြီး ပြန်ကြားရေးဌာနကသတင်းစာတွေမှာ အဲဒီတုန်းက ရေနစ်သူတွေရဲ့ အမည်စာရင်းကိုကြည့်တော့ ဘော်လွင်ဆိုတာ မပါဘူး။ နောက်မှ သိရတာ သူ့ကျောင်းနာမည်က "ညီညီလွင်"တဲ့။

ပဲ့နင်းဟာ သူ့သမီးကို တော်တော်သဘောကျသွားတယ်။ ပြတ်တောက်နေတဲ့ ကွင်းဆက်တွေကို ရှာဖွေဆက်စပ်ပေးတဲ့အတွက် ဘော်လွင့်ကိုယ်စား ကျေးဇူးတင်နေမိတယ်။ ဘော်လွင်ဟာ သူ့အဒေါ်ကို မမှတ်မိဘူး။ ခါးခါးသီးသီးငြင်းနေတော့ ရှေ့ဆက်ဖို့ လမ်းစပြတ်နေပြန်တယ်။ ဒေါ်ဌေးဌေးမြိုင်ကတော့ သူ့တူကို မရရတဲ့ နည်းနဲ့ချော့ခေါ်မယ်ဆိုပြီး မပြန်ဘဲ ဖွဲနဲ့ စောင့်နေတော့တယ်။

အဲ့ဒီညမှာ ငါးမန်းဆူးတောင်ဟာ ညရေနဲ့ ပင်လယ်ထွက်ခဲ့တယ်ဆိုရင် အရင်လိုပဲ လဟာ ကွေးကွေးလေး မသာ့တသာ။ ဟိုကွယ်

www.burmeseclassic.com

ဒီပုံး တိမ်ဇာဖုံးတွေရဲ့နောက်မှာ ကြယ်မျက်လုံးတွေကတော့ မပေါ့တပေါ်။ လှေထွက်လာရပေမယ့် ပဲ့နင်းဟာ ဘော်လွင့်အကြောင်းတွေးပြီး စိတ်ထဲမှာ နင့်နဲလေးပင်နေတယ်။ ဒီကလေးသူ့အဒေါ်နဲ့ မြို့ကို ပြန်လိုက်သွားပြီး ကျောင်းဆက်တက်ရင်ကောင်းမယ်။ အသားကျပြီးသား ဝန်းကျင်မှာ တက်လမ်းရှာစေချင်တယ်။ မွေးဖွားတဲ့အချိန်ကစပြီး ကံကြမ္မာဟာ လူတစ်ယောက်ရဲ့ ကျောပေါ်မှာ အမှတ်တံဆိပ်ခတ်နှိပ်ပြီးသား။ လူဟာ ထိုက်တန်အပ်စပ်တဲ့ ပတ်ဝန်းကျင်မှာနေမှ အောင်မြင်တိုးတက်မယ်ဆိုတာ ခေတ်ပညာမတတ်ပေမယ့် ဘဝအတွေ့အကြုံ့အရ ပဲ့နင်းလက်ခံပြီးသား။ ဘဝမှန်ကို သိလာရတော့ ပင်လယ်ရွာမှာ လမ်းစပျောက် ဘဝတုံးသွားမှာ မလိုလားဘူး။ ဒါဟာ ပဲ့နင်းရဲ့စေတနာ အမှန်ပါ။ သူ့သဘောသူဆောင်တဲ့ လောကကြီးဟာ ပုံသေကားချ ဆေးမင်ကြောင် စုတ်ထိုးသလို အတိအကျရေးထိုးထားတာမှ မဟုတ်ဘဲ။

ပဲ့နင်းဟာ သက်ပြင်းကို ခပ်လေးလေး ချလိုက်တယ်။ တကယ်တမ်းကျတော့ တွေ့ကြုံဆုံကွဲဖြစ်မြဲလမ်းကြောင်းပေါ်မှာ သူ့စိတ်ခြေလှမ်းတွေ ကတိမ်းကပါး လျှောက်သွားနေပါရောလား။ ဘော်လွင့်အပေါ် သားတစ်ယောက်လို တွယ်တာမိတဲ့ စိတ်ကူးပူပေါင်းတွေ ကွဲကြေကုန်တဲ့ကာလမှာ ရေပေါ်မှာ အရုပ်ရေးလိုတဲ့ မအပ်မရာ ဆန္ဒရိုင်းတွေကို သူ့ဘာသာမျိုချနေရတော့တယ်။

ခုတော့ . . . ဘော်လွင်မပါလည်း ငါးမန်းဆူးတောင်ဟာ ငါးရှိရကြို ရောက်အောင် ရှာဖွေသွားရမှာပါပဲ။ တစ်နှစ်နီးပါး တွယ်ငင်ခဲ့တဲ့ သံယောဇဉ်ကျောက်စိုင်စွန်းကို တစ်ယောက်တည်း တွန်းဖြိုနေတုန်း တစ္ဆေတစ်ကောင် ချောင်းမြောင်းခြောက်လှန့်လိုက်သလို ရုပ်ခနဲ ပေါ်ထွက်လာတဲ့ ဂီတာတီးသံကြောင့် ပဲ့နင်းအပါအဝင် လှေသားအားလုံး ခေါင်းထောင်သွားပါတော့တယ်။

ဘုရားရေ . . . ဘယ်လိုလှည့်ဖြားမှု မာယာတွေများ ငါးမန်းဆူးတောင်ပေါ် အတောင်ပံပေါက်ပြီး ရောက်လာပါလိမ့်။ တိတ်ဆိတ်နေတဲ့ ညဥ့်ယံမှာ ဂီတာသံမှန်းပြီး ရှာလိုက်တော့ စတိုခန်းထောင့်စွန်းကလေးမှာ ဂီတာကို ရင်ခွင်ပိုက်လို့ ခပ်လျော့လျော့ ထိုင်နေတဲ့ ဘော်လွင့်ကို တွေ့လိုက်ရတယ်။ လေ့ပေါ်က ဝပ်အားနည်းမီးသီးရဲ့ မှိန်ဖျော့ဖျော့ အလင်းရောင်အောက်မှာ အရာရာဟာ မှုန်ရီရီဝေဝါးဝါး သူ့ရှေ့မှာလာရပ်တဲ့ ပဲ့နင်းရဲ့ ခြေထောက်တွေကို ခပ်တွေတွေ ငုံ့ကြည့်ပြီး အတီးရပ်လိုက်ပေမယ့် ဘော်လွင့်ဆီက ဘာစကားမှ ထွက်မလာဘူး။

"ဘော်လွင် . . . မင်းကွာ . . ."

ပဲ့နင်းရဲ့ မချင့်မရဲအသံဟာ တစ်ဝက်တစ်ပျက်မှာ ရပ်တန့်သွားတာမို့ ဝန်းကျင်ဟာ အတိတ်ဆိတ်ကြီး တိတ်ဆိတ်သွားပြန်တယ်။ လှုပ်ရှားနေတဲ့ ပဲ့နင်းရင်မှာတော့ ဘော်လွင့်ကို အပြစ်ဖို့ စကားဆိုဖို့ စကားလုံးတွေ ပျောက်ဆုံးနေတယ်။

"ကျွန်တော်ကို ခွင့်လွှတ်ပါတော့ အဘရယ်။ ကျွန်တော်နေရာဟောင်းကို ပြန်မသွားချင်တော့ဘူး။ အဖေ၊ အမေနဲ့ ညီမလေးတို့ မရှိတဲ့နေရာဟောင်းကို မြင်ရင် အဖြစ်ဟောင်း၊ အဖြစ်ဆိုးတွေရဲ့ ကုတ်ခြစ်ဆွဲချေမှုကို ခံရဦးမှာပါ။ ကျွန်တော့်စိတ်က အဲဒါကို ခံနိုင်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် မြို့ကို ပြန်မလိုက်ချင်လို့ အားလုံးကို ပြန်သတိရတာတောင် ဒေါ်လေးမြိုင်ကို မမှတ်မိဘူး ငြင်းဆန်လိုက်တာပါ။ ဒေါ်လေးမြိုင်တို့က ဂုဏ်ခေနဥစ္စာကြွယ်ဝပြီး လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့အသိုင်းအဝိုင်းမို့ အဖေ အမေတို့ ရှိစဉ်ကတည်းက စိတ်သဘောထားချင်း တိုက်ဆိုင်လှတာ မဟုတ်ဘူး။ အဖိအနှိပ်ခံ အသိုင်းအဝိုင်းထဲ ကျွန်တော်ပြန်မသွား ပါရစေနဲ့။ ကျွန်တော် ကျွန်းဘုမ္မာမှာပဲ နေပါရစေ။ ငါးမန်းဆူးတောင်မှာပဲ နေပါရစေ။ သဘောင်း၊ ကျွဲရင်လို ငါးကြီးတွေ မိနိုင်တဲ့

www.burmeseclassic.com

ကျောက်ငိုပိုက်ချ ပိုက်ကြီးလှေပေါ်မှာ ပင်လယ်ကို ချဉ်းကပ်စွန့်စားသူ တစ်ယောက်အဖြစ် ပါဝင်ပါရစေ”

ပဲ့နင်းဟာ ဘာစကားမှ မဆိုနိုင်ဘဲ အဲဒီအမိမဲ့ အဖမဲ့ သားက လေးကို သူ့လက်ကြမ်းကြီးနဲ့ လှမ်းယူထွေးဖက်လိုက်ပါတော့တယ်။ နှလုံး သားချင်း နီးကပ်သွားတဲ့အတွက် ပင်လယ်ပျော်ကြီးရဲ့ ရင်ထဲက သမုဒယ ရင်ခုန်သံကို ဘော်လွင်ကောင်းစွာ ကြားနိုင်လောက်ပါရဲ့။ ပဲ့နင်းရဲ့အပြုအမူ တွေဟာ စကားရာထောင်တို့ထက် လေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝနေတယ် ဆိုတာ ဘော်လွင်သဘောပေါက်ပြီး ဖြစ်ပါလိမ့်မယ်။

“မင်း ကျွန်းဘုမ္မာမှာ ကျန်ရစ်တာ ငါ့သမီးနွေမိန်ကြောင့်တော့ မဟုတ်ပါဘူးနော်” ဆိုတဲ့ စကားကို ပဲ့နင်းတစ်ယောက် မပြောဖြစ်တော့ ပါဘူး။ ပြောဖို့လည်း မသင့်ဘူး မဟုတ်လား။

ဒါပေမယ့် အဲဒီညက ငါးမန်းဆူးတောင်ပေါ်မှာ ဘော်လွင်ဆို နေကျ သီချင်းစာသားပြောင်းသွားတာ တစ်ခြားလူတွေ မသိပေမယ့် ပဲ့နင်း သိနေတယ်။

အို . . . ဘာတဲ့ ဘော်လွင်ဆိုတဲ့ သီချင်းက . . .

“ပြက္ခဒိန်စာရွက်များ . . . တစ်ရွက်စီလှန်ပေမယ့်


မင်းအတွက် ရင်မှာ . . . တစ်နေရာစာ ကိုယ်ဦးထားတယ်

အလွမ်းမြုံနေတဲ့ စိတ်ကူးများ . . . ည . . ည အိပ်မက်ဖြစ်လာ တော့ . . . လှိုက်ဖိုရင်ခုန်ခြင်း မနက်ခင်းတိုင်းမှာ . . . အနမ်းတွေဝေဆာ တဲ့ . . . အတိတ်မှာ ရှင်သန်ရင်း . . . မင်းအတွက် ရင်မှာ . . . တစ်နေ ရာစာ ကိုယ်သိမ်းထားတယ်”

အဲ့ဒီညမှာ လမသာပေမယ့် ဟိုအရင်တစ်ခါကလိုပဲ ကျရေစီးသံ ဟာ ဂီတသံနဲ့လိုက်ဖက်စွာ ဖြည်းညင်းပွတ်ရှ ဟာမိုနီကျနေပါတော့တယ်။

**နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၂၀၀၂၊ ဇွန်လ**

www.burmeseclassic.com



www.burmeseclassic.com

## သက်တန့်လှေကား ပန်းစကား

မွန်းစောင်းနေရောင်ခြည်ဟာ ရေပြင်ထက်ကို စွေစောင်းစောင်း ကျရောက်နေချိန်မှာပဲ ပင်လယ်ဒီရေ တရိပ်ရိပ်တက်လာတာ တွေ့ရတယ်။ အလျားရှည်လှိုင်းခေါင်ဖြူတို့ အနားသတ်ကမ်းစပ်ဆီ ပြေးဝင်ဖွတ်စောင့် နေကြစဉ် ဝိဝိအော်မြည်လာတဲ့ လေက ဒီရေအတက်ကို တွန်းအားပေးနေ တယ်။ သောင်ခြေကျွန်းစပ်မှာ ရှည်ကိုင်းကိုင်း အုန်းပင်တို့ကို လေပွေတစ် ချက် မွှေ့ငင်ရမ်းခါလိုက်တဲ့အတွက် ကမ်းစပ်ပျော် ငှက်တချို့ အလန့် တကြား ထပျံကုန်ကြတယ်။

ကမ်းနဖူး သိရပ်အုပ်အုပ်အောက်မှာတော့ ဝိညာဉ်ခေါ် ဆိုင်း လက်သံဟာ ကြေကြေကွဲကွဲ ထွက်ပေါ်နေတယ်။ ဘိုးကျော့မှိန်ဟာ မလုပ် ချင်ဆုံးအလုပ်ကို လုပ်နေရတယ်။ သူ့အလုပ်က သူတစ်ပါးမျက်ရည်နှင့် ဆက်စပ်နေတာမို့ ဝိညာဉ်ခေါ်ဆိုင်းကို တီးတိုင်း ဘိုးကျော့မှိန် ရင်မှာ နာကျင်လေးလံနေတယ်။ သို့ပေမယ့် ဒါဟာ ဘိုးကျော့မိန်ရဲ့ အသက်မွေး ဝမ်းကျောင်းအလုပ်ပေပဲ။ ရှောင်လွှဲမရတဲ့ တာဝန်တစ်ခုကို ထမ်းဆောင်နေ ရတဲ့အတွက် ဘိုးကျော့မှိန်ရဲ့ မျက်လုံးသေများက တစ်နေရာထဲမှာ မရွေ့

www.burmeseclassic.com

မလျားစိုက်ကြည့်နေကြတယ်။ သူ့လက် များကတော့ သူ့မျက်လုံးများနဲ့ ဆန့်ကျင်စွာ . . . ။

ဆိုင်းသံတချိန်းချိန်းကြောင့် ဝိညာဉ်ခေါ်ပွဲဟာ တစ်စတစ်စ လူပို စည်လာတယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ဘာရယ်မသိ ကမ်းစပ်ဆိပ်ဦးဆီမှ ဝိညာဉ်ခေါ် ဆိုင်းသံကြားလျှင် 'ညို'တစ်ယောက် အပြေးအလွှား စပ်စုငေးမောလေ့ရှိတယ်။ သည်ဆိုင်းသံဟာ ညို့နားနဲ့ မရိုင်းတဲ့အသံ . . .။ နှစ်ပေါင်းများစွာ ယဉ်ပါးခဲ့တဲ့အသံ။ ဒီအသံဟာ ဒီနေ့မှညို့အတွက် အဆန်းတကျယ်ဖြစ်နေတယ်။ ဒီကနေ့ ညိုဟာ အရင်တုန်းကလို ဝိညာဉ်ခေါ်ပွဲ ကြည့်သူတစ်ဦးသက်သက် မဟုတ်။ ညိုကိုယ်တိုင် ဝိညာဉ်ခေါ်သူတစ်ဦးအဖြစ် ပါဝင်ပတ်သက်နေခြင်းဖြစ်တယ်။

နတ်ဝင်သည် ဒေါ်နန်းကျိမ်က ကမ်းစပ်ကျောက်ကျွန်းပေါ်မှာ ရပ်ကာ ကွမ်း၊ ဆေး၊ ထုံးတွေနဲ့ ယာထားတဲ့ ကွမ်းယာနဲ့တွဲချည်ထားသည့် အပ်ချည်ကြိုးကို ရေမှာချပြီး ဆိုင်ရာပိုင်ရာ အစောင့်အကြပ်များကို တိုင်တည်နေတယ်။ ပြီးလျှင် သူ့ရဲ့ ကြက်သီးမွေးညှင်းထဖွယ် အသံဝါကြီးနှင့် တစ်စုံတစ်ရာသော အမည်နာမကို ဖွင့်ထုတ်ခေါ်ဝေါ်နေပါပြီ။

စနိုင်း . . . ရေ၊ ညို မခံစားနိုင်တော့ဘူးကွာ။ ဒေါ်နန်းကျိမ်ကြီး က မင်းရဲ့နာမည်ကို ခေါ်နေပြီလေ။ "မင်းယဉ်စနိုင်း" ဆိုတဲ့လူငယ်ကလေး ဟာ ပင်လယ်မှာ သေဆုံးကျန်ရစ်သတဲ့လား။ ဘာဖြစ်လို့များ ကောင်မလေး ညိုရဲ့စကားကို နားမထောင်ဘဲ စိတ်အလိုလိုက် စိတ်မိုက်မှားရတာလဲကွာ။ စစ်မှန်တဲ့ချစ်ခြင်းဟာ အံချော်အတွေးအခေါ်နဲ့ ခက်ထန်ကြမ်းတမ်းနေတဲ့ အမူအကျင့်တွေကို ညှံ့သက်ပျော်ဝင်စေနိုင်တယ် ဆိုပေမယ့် မင်းကတော့ မင်းရဲ့ မိုက်ရူးရဲစိတ်ဓာတ်တွေကို သေသည်အထိ သယ်ဆောင် သွားတော့တာပဲနော်။ မင်းရဲ့ ကိုယ်စိတ်နှလုံးအပြုအမူတွေကို မပြုမပြင် မပြောင်းလဲနိုင်တာ ညို့ရဲ့ ညှံ့ဖျင်းနုံချာလှတဲ့ စွမ်းရည်မဲ့ အရည်အသွေး ကြောင့်ဆိုတာ ကြေကွဲနာကျင်စွာ ဝန်ခံပါတယ် စနိုင်းရယ်။

www.burmeseclassic.com


ညိုဟာ ဒီရေတက် ပင်လယ်ပြင်ဘက် ပူဆွေးသောက မျက်ဝန်းတွေနဲ့ ငေးမျှော်နေတဲ့ ဆွေမျိုးအုပ်စုတွေကြားမှ ပြေးထွက်ကာ ခပ်လှမ်းလှမ်း လမွတ်ပင်ကြီးအောက်မှာ ရပ်လိုက်တယ်။ မကြာခင်ရောက်လာတော့မယ့် မင်းယဉ်စနိုင်းရဲ့ ဝိညာဉ်နဲ့ မိဘဆွေမျိုးတို့ တွေ့ဆုံပွဲကို ညိုမမြင်ရက်ပါ။ ဝင်လာသမျှ ဝိညာဉ်ဟာ စနိုင်းရဲ့ဝိညာဉ်ဟုတ်မဟုတ် စမ်းသပ်ကြဦးမယ်။ စနိုင်းရဲ့အမေ လက်ထဲက အထုပ်ကလေးထဲမှာတော့ စနိုင်းရဲ့ လုံချည်၊ အင်္ကျီနဲ့ အသုံးအဆောင်ပစ္စည်း၊ သည်ပစ္စည်းတွေကို တခြားသူတွေရဲ့ ပစ္စည်းတွေနဲ့ ရောနှောကာ ရွေးချယ်ခိုင်းဦးမယ်။ ပစ္စည်းမှန်ရွေးချယ်နိုင်လျှင်တော့ ဝင်လာတဲ့ ဝိညာဉ်ဟာ စနိုင်းအစစ်အမှန် ဖြစ်ပြီပေါ့။

အဲဒီအချိန်မှာ စနိုင်းရဲ့အမေ အစ်မတွေရဲ့ ကြေကြေကွဲကွဲ ငိုယိုသံနဲ့ အပြန်အလှန် မေးမြန်းသံတွေဟာ ညို့အသည်းနှလုံးကို မွမွကြေအောင် ဖွဲ့ချွေမည့်အသံတွေပါပဲ။ ညိုဒါတွေကို ဘယ်လို ရင်ဆိုင်ရမလဲဟင်။ ညိုချစ်တာတွေ ဟောဒီလမွတ်ပင်ကြီး သိပါတယ် စနိုင်းရယ်။ ဟောပြောရင်းဆိုရင်း ပင်လယ်လေကလည်း တဝီဝီအော်လာပြီ။ လှိုင်းရိုက်သံကလည်း ဗြုန်းဗြုန်း ညံနေပြီ။ ဝိညာဉ်ခေါ်သံ ဆိုင်းသံကလည်း ဗိန်းဗိန်းဆူလာ ပြီ။ ဒီရေအတက်နှင့်အတူ သူလာနေပြီ။ မင်းယဉ်စနိုင်းဆိုတဲ့ လူတေ ကလေး လာနေပြီ။ စနိုင်းရေ . . . ။

●

လောကကြီးဟာ တစ်ခါတစ်ရံမှာတော့ ရှားရှားပါးပါး လက်ဆောင် ကောင်းကလေးတွေ ပေးလေ့ရှိပါတယ်။ အဲဒါကတော့ ညိုနဲ့စနိုင်းတို့အတွက် လိုက်လျောညီထွေရှိမှုဆိုတဲ့ အခွင့်ကောင်းကလေးပါ။ ညိုတို့နှစ်ယောက်ရဲ့ ချစ်ခြင်းဟာ မွေးဖွားသည်မှ ပန္နက်တံဆိပ်ရိုက်လိုက်သလို နှစ်ဖက်မိဘကလည်း သဘောတူမျှ ကြည်ဖြူကြတဲ့ ရှားရှားပါးပါး

www.burmeseclassic.com

ကံထူးကြသူနှစ်ဦးပေါ့။ ညိုတို့ရဲ့ ချစ်ငုံဖူးပွင့်ဟာ ရွှာဦးစေတီဘုရားပွဲကနေ သန္ဓေတည် လန်းစွင့်လာတယ်ဆိုရင် မမှားပါဘူး။ ဘုရားပွဲမှာ နှစ်စဉ်နှစ်တိုင်း စင်တင်ကျင်းပလေ့ရှိတဲ့ ရုပ်ငြိမ်ဇာတ်တော်တွေအထဲမှာ စနိုင်းက ဝေသန္တရာမင်းကြီးဆိုရင် ညိုက မဒ္ဒီဒေဝီမိဖုရား။ စနိုင်းက မဟော်သဓာသတို့သားဆိုရင် ညိုက အမရာဒေဝီသတို့သမီး ဒီလိုလိုက်ဖက်တင့်မောဖွယ် သရုပ်ဆောင်သူနှစ်ဦးကို နှစ်ဖက်မိဘတွေက ပီတိတဝေဝေနဲ့ ကျေနပ်နှစ်သိမ့် တစိမ့်စိမ့် ကြည့်မဝဖြစ်ခဲ့တာ လွမ်းမောဖွယ် အတိတ်သမိုင်းရုပ်ကြွင်း အစအနတွေပါပဲ။

အဲဒီလို ရုပ်ငြိမ်သရုပ်ဆောင်နေတဲ့ အခါမျိုးမှာ မင်းယဉ်စနိုင်းဆိုတဲ့ အမည်နဲ့လိုက်ဖက်တင့်မောဖွယ် ပြေပြစ်ကျနတဲ့ မင်းရဲ့မျက်နှာကြို တမေ့တမော ငေးကြည့်ရင်ခုန်မိတာက ညိုရယ်ပါ။ ရုပ်ငြိမ်သရုပ်ဆောင်မှု ဟာ မလှုပ်ရှားရဘူး။ တကယ့်သက်မဲ့ ရုပ်ငြိမ်တွေလို သရုပ်ဆောင်ရတာ မို့ အသက်ရှူတောင်မှ မသိမသာကလေး။ မျက်တောင်ခတ်ချင်တာတောင် မှ မလှုပ်မခတ်ကလေး။ အဲဒီလို ငြိမ်သက်နေရတဲ့ တစ်ချိန်လုံး ညိုဟာ စနိုင်းရဲ့ မျက်နှာကလေးကို မျက်တောင်မခတ်စတမ်း အလွတ်ကျက်မှတ်ခွင့်ရခဲ့တာပေါ့။

အသားလတ်လတ် ထောင်ထောင်မောင်းမောင်း နက်မှောင်တဲ့ မျက်ခုံးအောက်က အရည်လဲ့နေတဲ့ မျက်လုံးတောက်တောက်ကလေးတွေ ဖြောင့်စင်းနေတဲ့ နှာတံနဲ့ လိုက်လျောညီထွေစွာ ပိရိသေသပ်တဲ့ နှုတ်ခမ်းနှစ်လွှာ၊ ညိုရင်ခုန်တဲ့နှုတ်ခမ်းများနဲ့အပြိုင် ချစ်သွေးတွေ ရှိန်းမြနီရဲနေတဲ့ နှလုံးသွေးအစုံတည်ရှိရာ ရင်အုပ်ကျယ်တစ်ခု၊ မြန်မာ့လက်ဝှေ့ကိုမတောက်တခေါက် တတ်ထားလို့ အမြဲတမ်း လက်ဆသွေးကြွနေတဲ့ ကြွက်သား အမျှင်တန်းများနဲ့ ဖျတ်လတ်ရဲရင့်နေတဲ့ လူငယ်လေးတစ်ယောက် အဲဒီ မတောက်တခေါက် လက်ဝှေ့ပညာကပဲ စနိုင်းကို မိုက်သွေးကြွစေတာ လား။ အသွေးအသားထဲ ပျော်ဝင်နေတဲ့ မိုက်သွေးကပဲ လက်ဝှေ့ပညာကို

www.burmeseclassic.com


နှိုးဆပေးနေသလား။ ထစ်ကနဲဆို စနိုင်းတို့က ထိုးနှက်ကန်ကျောက်ထားပြီပြီ။ စီကနဲဆို စနိုင်းတို့က ဒူးစွမ်းတံတောင်စွမ်း ပြထားပြီပြီ။

ဒါကြောင့်လည်း မြို့က ဘုန်းကြီးပျံပွဲမှာ ရန်ဖြစ်ပြီး စနိုင်းတစ်ယောက်ခံလာရတာ ညိုဘယ်လိုမေ့နိုင်ပါဦးမလဲ။ သွေးမြောက် သွေးဆာနေတဲ့ စနိုင်းရဲ့ လက်သီးဟာ တစ်ဖက်လူရဲ့ ဓားချက်ကို မခုခံမကာကွယ်နိုင်ဘဲ ဗိုက်ပေါက် အူပွင့်သွားခဲ့တာ မသေကောင်း မပျောက်ကောင်းပါပဲ။ စနိုင်းဟာ သူ့ရဲ့ဓားဒဏ်ရကြို လက်နဲ့ပိတ်ပြီး ဘေးလွတ်ရာပြေးနိုင်ခဲ့တာမို့ အသက်ဘေးက လွတ်ခဲ့ပေမယ့် မြို့က ဆေးရုံမှာ လနဲ့ချီကြာအောင်ကုသခဲ့ရတယ်။

ရွာပြန်ရောက်တော့ ချုပ်ရိုးရာတွေ မွမွထနေတဲ့ ဒဏ်ရာဟောင်းကို ကြည့်ပြီး မျက်ရည်ပေါက်ပေါက် ကျခဲ့ရတာက ညိုရယ်ပါ။

"ဟာကွာ အသည်းငယ်ရန်ကော ညိုရ။ အခု ငါမှ မသေတာ ဘာလို့ ငိုနေရတာလဲ။ ဒီမှာကြည့် လက္ခဏာထဲမှာ အသက်လမ်းကြောင်းအရှည်ကြီး ဇာတာထဲမှာလည်း အသက် တစ်ရာ့နှစ်ဆယ်ရှည်စေသော်လို့ ဟောထားတာ ငါတော်ရုံနဲ့ မသေပါဘူး ညိုရဲ့"

"တော်ပါတော့ စနိုင်းရယ်။ နင့်အမေက နင့်ကို ယဉ်ကျေးလိမ္မာစေချင်လွန်းလို့ မှည့်ခဲ့တဲ့ မင်းယဉ်စနိုင်းဆိုတဲ့ နာမည်ကိုမှ အားမနာဘူး။ အဲဒီ တဇွတ်ထိုးတဇောက်ကန်း စိတ်တွေ များများမွေး၊ တစ်နေ့ နင်ဒုက္ခလှလှ တွေ့လိမ့်မယ်"

ညိုဘယ်လိုပြောပြော စနိုင်းအတွက် ဒုက္ခဆိုတာ ချိုနဲ့လားလို့ မေးရလောက်အောင် မကြောက်တရားတွေနဲ့ ဖွဲ့စည်းထားတဲ့လူမို့ ရန်စတွေလည်း တိုးလို့ပိုခဲ့ဟန် တူတယ်။ လူတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားဟာ ဉာဏ်ပညာအမြော်အမြင်နဲ့လည်း ဆိုင်တယ်လို့ ညိုထင်တယ်။ အလယ်တန်းအောင်လို့ ကျွန်းသစ်ရွာကြီးမှာ ညိုအထက်တန်းပညာသွားသင်တော့ စနိုင်းတစ်ယောက်လည်း သူ့လမ်းသူရွေးချယ်ပါတော့တယ်။

www.burmeseclassic.com

"စာတွေ နင်းကန်တတ်လို့ ဘာလုပ်မှာလဲ ညိုရဲ့။ အရေးကြီးတာက ငွေ . . . ။ ငွေများများရဖို့လိုတယ်။ ငွေရှိမှ ညို့ကို မြို့မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်ထားနိုင်မှာ။ ညို့လက် နုနုလေးနဲ့ ကျောင်းပိတ်ရင် ငါးဖမ်းပိုက်ထိုးနေတာ မကြည့်ရက်ဘူး"

"ဟင့်အင်း . . . ညိုကတော့ မြို့မှာ မနေချင်ဘူး။ စာတတ်ပြီး ဆရာအတတ်သင် လက်မှတ်ရရင် ရွာမှာပဲ ကျောင်းဆရာမလေး ပြန်လုပ်မှာ။ ငါတို့ရွာဟာ ပင်လယ်ရွာချင်းအတူတူ တစ်ခြားရွာတွေထက် အများကြီးခေတ်နောက်ကျနေသေးတယ်။ တို့ရွာမှာ စာတတ်တဲ့သူနည်းလို့ ကျန်းမာရေးအသိပညာခေါင်းပါးလှတယ်။ ရွာမှာ အိမ်သာမရှိသေးဘူး။ ပိုက်လှေဝင်လို့ ငွေရှွင်ရင် ခြေထောက်မှာ ဖိနပ်မပါဘဲ ငါးရာတန်အထပ်လိုက်ကိုင်သုံးနေရတာကို ဟုတ်လှပြီ ထင်နေကြတယ်။ ပင်လယ်မှာ ငါးပုစွန်ဖမ်း၊ ရွာထဲက ရှိရှိသမျှအလုပ်ဆင်းလုပ်ကြ၊ ကြားပါး စပ်ထောင်ကယ်တွေရဲ့ လုပ်အားအပေါ် ခေါင်းပုံဖြတ်မှုကို ခံကြရ။ ဒီလို နဲ့ ဖောင်စီးရင်းရေငတ်၊ တံငါသည်ရေနစ်တဲ့ ပုံပြင်တွေဟာ တို့ပင်လယ်ရွာတွေမှာ မကြားချင်အဆုံးပေါ့။ ဒါတွေဟာ စာပေမတတ်လို့ လူ့အောက်ကျရတာတွေ ဖြစ်တယ်။ ဒါကြောင့် နောင်လူလာဖြစ်မယ့် ကလေးတွေ စာတတ်ဖို့ လိုတယ်။ တံငါလုပ်တာချင်းအတူတူ စာတတ်တော့ အတွေးအခေါ်မြင့်မားပြီး လူတကာ အနိုင်ကျင့်တာ မခံရဘူးပေါ့"

"တော်စမ်းပါဗျာ။ ခင်ဗျားလေးက တစ်လောကလုံး ကောင်းစားဖို့ တစ်ယောက်တည်း ကြိုးလုပ်တော့မယ့်သဘောလား နှမ်းတစ်စေ့နဲ့ ဆီမဖြစ်လောက်ပါဘူး''

"ဟင် စနိုင်း ဘယ်လိုပြောလိုက်တာလဲ ညိုတစ်ယောက်တည်းဖြစ်လည်း လုပ်ရမှာပဲ။ အရည်အချင်းဆီသွားဖို့ အရည်အတွက်ကစရမယ်ဆိုရင် အဲဒီအရေအတွက်ထဲက တစ်ဟာ ညိုပဲဖြစ်ချင်တယ်"

www.burmeseclassic.com


ဒီလိုနဲ့ စနိုင်းတစ်ယောက် ထားဝယ်ဘက် ကြိမ်ခုတ်လိုက်သွားပြီး ကြိမ်လှေနဲ့ တစ်ဖက်နိုင်ငံပါသွားလိုက်တာ ပြန်လာတော့ သူပြောတဲ့အတိုင်း ငွေစကြေးစရှင်ပြီး အဝတ်သစ်အစားသစ်တွေနဲ့ မင်းသားစတိုင်ဖမ်းလာပါရော့လား။ ရွာဦးစေတီဘုရားပွဲဟာလည်း နှစ်တွေ ကြာညောင်းခေတ်တွေပြောင်းလို့ ရုပ်ငြိမ်သရုပ်ဖော်တင်ဆက်မှုတွေ ပျောက်ပြီး သရုပ်ပျက်စတိတ်ရှိုးတွေ အစားထိုးဝင်ရောက်လာပါပေါ့။ စတိတ်ရှိုးစင်ပေါ်မှာ ပေါက်ကွဲသံစဉ်နဲ့ အော်ဟစ်သီဆိုနေတဲ့ စနိုင်းကို ညိုတစ်ယောက် တိတ်ဆိတ်ကြေကွဲစွာ ငေးရီကြည့်နေမိတယ်။ နှမြောလိုက်တာ စနိုင်းရယ်။

●

အဲဒီနွေက ညိုဆရာဖြစ်သင်တန်းဆင်းပြီး ရွာပြန်ရောက်တော့ ရွာမှာ စနိုင်းရှိမနေခဲ့ဘူး။ ကြိမ်နဲ့မဟုတ်လည်း ငှက်သိုက်၊ ပင်လယ်မျှော့၊ ပဒိုကောင်စတဲ့ ပင်လယ်ထွက်ကုန်တွေနဲ့ တစ်ခေါက်ပြီးတစ်ခေါက် တစ်ဘက်နိုင်ငံသွားနေလိုက်တာ စနိုင်းတစ်ယောက် လောဘစက်ကွင်းက မထွက်နိုင်အောင်ပါပဲ။ တစ်ခါက ရေမငါးလိပ်ကျောက်ကြီးတွေကို သွေးသံတရဲရဲဖျက်ပြီး အပေါ်က ကြမ်းရှလှတဲ့ အရေခွံတွေ နေလှန်းစုဆောင်းနေတဲ့ စနိုင်းရဲ့လှုပ်ရှားမှုတွေကို ညို့အာရုံထဲ ထင်မြင်လာမိတယ်။ ဒီငါးလိပ်ကျောက်အရေခွံကြမ်းကြီးတွေကို နိုင်ငံခြားက ဈေးကောင်းပေးဝယ်ပြီး မိန်းမကိုင်လက်ပွေ့အိတ် ချုပ်သတဲ့။ အရောင်းအဝယ်ကောင်းလေ စနိုင်းတို့လောဘလက်တံရှည်လေ။ ညိုနဲ့စနိုင်းတွေ့နေကျ ကမ်းခြေသောင်စပ်က လမွတ်ပင်ကြီးအောက်မှာတော့ ညိုတစ်ယောက်တည်းပါ။ သူနဲ့ မတွေ့ရပေမယ့် သူ့ရဲ့ မသင်းပျံ့ မမွှေးကြိုင်တဲ့ သတင်းတွေ ကြမ်းကြား လေကြားက သတင်းတွေ နားမခံသာအောင် တိုးဝင်လာကြတယ်။ တစ်ဖက်နိုင်ငံကဟိုတယ်တွေမှာ စနိုင်းကို နတ်မိမယ်ကလေးတွေနဲ့ တွေ့လာတဲ့ လူတွေက

www.burmeseclassic.com

တစ်စတစ်စ များပြားလာတယ်။ ကောင်းကင်ပြာထက် မတည်မငြိမ် ရွေ့လျားနေတဲ့ တိမ်မျှင်၊ တိမ်ဆန်း တိမ်ငွေ့တန်းတွေလိုပဲ ရွေ့လျား ပြောင်းလဲနေတဲ့ စနိုင်းအပေါ် လွမ်းမောနာကျင်စိတ်နဲ့ တပ်မက်ငြိတွယ် စိတ်တွေ လွန်ဆွဲနေပါတော့တယ်။ မနှစ်က ရွာပြန်ရောက်ခိုက် ဒီလမ္ဘတ်ပင်ကြီး အောက်မှာ စနိုင်းနဲ့ဆုံစဉ်ကပင် စနိုင်းကို လက်လွတ်ဆုံးရှုံးရတော့မယ့် အရိပ်နိမိတ်တွေ ထင်ခဲ့တယ်ဆိုတာ ညို့ကိုယ်ညို အသိဆုံးပါ။

အဲဒီနေ့က ရာသီဥတုကလည်း ကြည်လင်သာယာလို့ နေတယ်။ ညနေခင်းလေပြေဟာ ချစ်သူနှစ်ဦးကို ကယုကယင် ပွတ်သပ်ကျီစယ်နေဆဲ ညိုပြါးအပ်မိတဲ့ စနိုင်းရဲ့ ဂျင်းဂျာကင်အိတ်ထဲက ခိုးလို့ခုလုအရာလေးကို ဆတ်ကနဲ ဆွဲယူနှိုက်ကြည့်မိတဲ့အချိန်မှာတော့ . . .။

"ဟာ . . . ညို၊ ပေး . . . ပေး ဒါညိုနဲ့မဆိုင်ဘူး"

"အံမယ် ဘာလို့ ပေးရမှာလဲ။ ညိုနဲ့မဆိုင်လို့ ဖြစ်မလား။ စနိုင်းပိုင်တာဆို ညိုနဲ့လည်း ဆိုင်တယ်"

ညိုကပြောပြောဆိုဆို ပလတ်စတစ်အိတ်ကလေးကို ဖြေကြည့်လိုက်တော့ မြင်လိုက်ရတဲ့ ပစ္စည်းကြောင့် ညိုရပ်နေတဲ့ မဟာပထဝီမြေကြီး သွက်သွက်ခါအောင် တုန်ဟည်းသွားတယ်ထင်ရတယ်။ လှိုင်းမအော်၊ လေမတိုက်ဘဲ ညို့နားထဲ ပင်လယ်ကြီးမြည်ဟည်းတုန်ခါလာတယ်။ ညို့နှလုံးသွေးတွေဆူပွက်လာပြီး ညို့မျက်နှာတစ်ခုလုံး ရှက်သွေးတွေ ရဲရဲနီလို့ ဘုရား . . . ဘုရား ဒီပစ္စည်းဟာ ဘာလဲဆိုတာ ဘယ်နေရာမှာ သုံးတယ် ဆိုတာ ရေဇလာကျွန်းသူတွေ မသိပေမယ့် ညိုသိတယ်။

ညိုဟာ ကြောက်လန့်တကြားနဲ့ ခိုးထုပ်ခိုးထည်နဲ့မိလို့ သွေးပျက်ဖြူလျော်သွားတဲ့ စနိုင်းရဲ့မျက်နှာဆီ လက်ထဲက ပစ္စည်းနဲ့ ပစ်ပေါက်ပြီး ပြေးထွက်လာချိန်မှာတော့ သွားပြီ . . . သွားပြီ။ စနိုင်းရယ် ညို့ရဲ့ ဖြူစင်သန့်ရှင်းတဲ့ အချစ်ကမ္ဘာလေး အနှစ်နှစ်အလလ စိတ်ကူးတည် ဆောက်ခဲ့တဲ့ အိပ်မက်ကမ္ဘာလေး ပြိုကျပျက်စီးသွားပါပြီ။ အဲ့ဒီမှာ သန့်စင်

တဲ့ ချစ်ချင်းတွေ ခိုင်ကြည်တဲ့ သစ္စာတရားတွေ ဖောက်ပြန်ခြင်းကင်းတဲ့ တိုးဝင်နှောက်ယှက်မှုတွေ အားလုံး သွားကုန်ပါပြီ။

စနိုင်းရဲ့အကျီအိတ်ထဲက တွေ့ရတဲ့ပစ္စည်းနဲ့အခုကြားရတဲ့ သတင်းတွေ ဆက်စပ်ကြည့်လိုက်ရင် ညို့အတွက် အိပ်မက်ဆိုးတွေက တစ်ညတစ်မျိုး တိုးလို့ ခြောက်လှန့်နေပါတော့တယ်။

ခေတ်မီတဲ့ ယောကျ်ား တော်တော်များများ . . . ဒီပစ္စည်းလေး တွေ သုံးနေကြတယ်ဆိုပေမယ့် စနိုင်းကို ဒီနည်းနဲ့တော့ ခေတ်မမီ စေချင် ပါဘူး။ ခေတ်မီခြင်းရဲ့နောက်ကွယ်မှာ ခေတ်လွန်ရောဂါတွေဟာ အစား ကျူးဘီးလူးတွေလို လူ့ရဲ့အသွေးအသားကို သောက်စားဝါးမျိုဖို့ စောင့်ကြို နေကြတယ်ဆိုတာ စနိုင်းတစ်ယောက် သတိမမူမိလေရော့သလား။

သည်ကတည်းက စနိုင်းကို ဆုံးရှုံးရတော့မယ့် အရိပ်လက္ခဏာ တွေဟာ ညို့စိတ်ကို ညှင်းပန်းနှိပ်စက်ခဲ့တာ နှလုံးနဲ့အပြည့်ဒဏ်ရာတွေ တစ် ပွေ့တစ်ပိုက်နဲ့ပေါ့။ ဒီတစ်ခေါက် စနိုင်းတစ်ယောက် ပြန်ရောက်ရင် ညိုတို့နှစ်ယောက်ကို ထိမ်းမြားလက်ထပ်ပေးမယ့် နှစ်ဖက်မိဘရဲ့အစီအစဉ် ကို ဘယ်လို အကြောင်းပြချက်နဲ့ ညိုငြင်းပယ်ရမလဲ။ ဟောဒီလမွတ်ပင် စည်ပေါ်မှာ မင်းယဉ်စနိုင်းဆိုတဲ့ နာမည်ကလေးအပေါ်မှာ ပါးတင်အပ်လို့ ပင်လယ်ကြီးကို ငိုညည်းတိုင်တည်ခဲ့ရတဲ့ ရက်တွေဟာ ရှည်လျားကြာ ညောင်းခဲ့ပါပေါ့။

မင်းရဲ့ ကိုယ်စိတ်နှလုံးမှာ စွန်းထင်းပေကြံနေတဲ့ မကောင်းမှု ဒုစရိုက်တွေကို ပင်လယ်ရေနဲ့ ဆေးပစ်လို့ရမယ်ဆိုရင် ဆေးပစ်လိုက်ချင် တယ် စနိုင်းရယ်။

ပင်လယ်ရေ မခန်းမချင်းပေါ့။

နတ်ဝင်သည် ဒေါ်နန်းကျိမ်ရဲ့ အသံဟာ ကြောက်စရာကောင်း သလို ဆိုင်းသံနဲ့အပြိုင် ယိမ်းထိုးလှုပ်ရှားနေတဲ့ ဟန်ပန်က ခြောက်ချား ဖွယ်ကောင်းလွန်းလှပါတယ်။ ဒေါ်နန်းကျိမ်နဲ့ စနိုင်းရဲ့ အမေတို့ အပြန်

www.burmeseclassic.com

အလုန် မေးသံတွေကြားက အစ်မတွေရဲ့ ကြေကြေကွဲကွဲ မြည်တမ်းငိုယိုသံတွေဟာ ညို့ရဲ့ခံနိုင်ရည်ရှိမှုကို တိုက်တွန်းဖြိုဖျက်နေတော့တယ်။

ဘာတဲ့ . . . ဆေးရုံက စနိုင်းကို (HIV) ပိုးရှိတယ်လို့ ဆုံးဖြတ်လိုက်သတဲ့လား။ ကိုယ်ခံအားကျဆင်းလာလို့ ဖျော့တော့ ကြုံလှီလာတဲ့ ကျန်းမာရေးနဲ့ မင်းရဲ့ရှာပြန်ခရီးဟာ ရင်နာကြေကွဲဖွယ် အတိပြီး ခဲ့ရတယ်။ တစ်ချိန်က မိုက်သွေးကြွစဉ်က ရန်ငြိုးရန်စဟာလည်း ကံကြမ္မာညှိုးချုံးချိန်မှာမှ တွေ့တွေ့ဆိုင်ဆိုင် ပေါ်ထွက်လာပြီး မကြွံခိုင်နိုင်တော့တဲ့ ခြေလက်တွေက ကိုယ့်ကိုယ်ကို မကာကွယ်နိုင်တော့ဘဲ သူတစ်ပါးလက်နဲ့ အသက်ဆုံးရတဲ့အဖြစ်က ဖြေသိမ့်စရာ ရှားပါးလွန်းလှပါလား။

တစ်ချိန်က ကျစ်လစ်သန်မာခဲ့တဲ့ အသွေးအသား အကြောအမျှင်တွေဟာ မင်းတွေ့ထိ ဆက်ဆံခဲ့တဲ့ နတ်မိမယ်ကလေးရဲ့ ကဝေညှို့ကြိုးအောက်မှာ ငုံ့လျှိုးပျက်ကြွေသွားကုန်ပါရော့လား။ စနိုင်းရေ . . . ဒေါ်နန်းကျိမ်ကြီးကနေတစ်ဆင့် မင်းရဲ့သေဆုံးပုံ အကြောင်းအရာတွေကို ညိုမကြားရက်တော့ဘူး။ တစ်ပါးသူရဲ့ လက်ချက်မမိလည်း အိပ်ချ်အိုင်ဗွီလက်နက်ကြောင့် သေမင်းရဲ့ အာဏာစက်အောက်ကို ရောက်သွားတဲ့ ချစ်သူလေးအတွက် ညို့ဘက်က ဘာများ စောဒကတက်နိုင်ခွင့်ရှိဦးမှာလဲ။ စနိုင်းက သူ့ဆေးသူခြယ်၊ သူ့တေးသူသီ၊ သူ့ဇာတ်သူ့သိမ်းသွားပေမယ့် ကျန်ရစ်သူ ညို့အဖို့မှာတော့ နှင်းခါးရိုက်ချေ အစိမ်းကြွေ ကြွေရုံက လွဲပြီး . . .။

ဒီလိုနဲ့ အချိန်တန်တော့လည်း အိမ်ပြန်ကြရတာပဲ မဟုတ်လား။ တဖြည်းဖြည်းနေညိုလာတာနဲ့အမျှ သောင်ပြင်ကမ်းစပ်မှာ လူတစ်ယောက်ခွေးတစ်ကောင်တောင် မကျန်အောင် တိတ်ဆိတ်ငြိမ်သက်စ ပြုနေပါပြီ။ စောစောက ယူကြုံးမရငိုညည်းသံတွေ အူးအသည်းပြတ်လု ရင်ထုနေတဲ့ သောကအစိုင်အခဲ တငြီးငြီးတောင်လောင်နေတဲ့ မောဟလောင်မီးတွေ ဘာဆို ဘာမျှ မရှိတော့ဘူး။ သဘာဝဟင်းလင်းပြင်ကြီးထဲမှာ တိတ်ဆိတ်အေးချမ်းမှုက မှောင်ရီရီညနေခင်းကို အပိုင်စီးသိမ်းပိုက်ဖို့ ခပ်ရဲရဲတိုးဝင်

www.burmeseclassic.com



လာနေပါပြီ။ ညိုကတော့ လမွတ်ပင်ခြေ မြစ်ဆုံမှာ ထိုင်နေဆဲပါ။ ဒီနေရာကနေ ညိုဘယ်မှ မသွားဘူး။ စနိုင်းရဲ့ ဝိညာဉ်ပျံ့ဝဲနေမယ်ထင်ရတဲ့ ပင်လယ်ပြင်ကြီးကို စနိုင်းနဲ့ ချစ်တေးသီဖွဲ့ခဲ့တဲ့ လမွတ်ပင်ခြေကနေ မျှော်ငေးကြည့်ရတဲ့ ကြည်နူး ကျေနပ်မှုမျိုး ဘယ်မှာ ရှာဖွေတွေ့နိုင်ပါ့မလဲ။ ဒီနေရာကနေ ပျံ့ပျောလွတ်လပ်တဲ့ ကောင်းကင်ပြင်အနှံ့ သက်တန့်ရောင်စုံလှေကားကလေးနဲ့ ဆင်းတက်မြူးရွှင်နိုင်တယ်။ စနိုင်းကြားနိုင်လောက်တဲ့ အသံနဲ့ အလွမ်းစကား ပန်းစကားတွေ ဖျန်းပက်သီဖွဲ့နိုင်တယ်။ သူတို့က ညို့ကို မြို့ကို ဆေးကုဖို့ ခေါ်သွားကြမလို့တဲ့လေ။ ဟင်အင်း . . . ညိုမလိုက်ဘူး။ စနိုင်းကို ညိုမခွဲနိုင်ဘူး။

ကြည့်စမ်း ဝင်လုဆဲ နေလုံးကြီးက ပင်လယ်ကို ထိနမ်းနှုတ်ဆက်လိုက်တဲ့အတွက် ကြေးနီရောင်တောက်သွားတဲ့ ညနေဆည်းဆာဟာ ဘယ်လောက်များ လှလိုက်သလဲ။ ဟော ပြောရင်းဆိုရင်း လှုပ်ရှားရမ်းခါနေတဲ့ သစ်ရိပ်အုပ်အုပ်ဆီ တစ်နေကုန် အစာရှာထွက်နေတဲ့ ပင်လယ်ပျော်ငှက်ကလေးတွေ အိပ်တန်းတက်ဖို့ ပြန်လာနေကြပြီ။

ဒီရေကလည်း မတန့်မနားတက်နေလိုက်တာ အမှောင်လွှမ်းလေအတက်ကြမ်းလေ။ သဲပြင်မွမွပေါ်မှာ ညိုရေးထားတဲ့ မင်းယဉ်စနိုင်းဆိုတဲ့ အမည်စာတန်းကလေးကိုတောင် ချေဖျက်တိုက်စားသွားပါပြီကော။ လမွတ်ပင်စည်လူတစ်ရပ်မြုပ်အောင် ရေတက်နေကျမို့ အခုဆို ပင်လယ်ဒီရေရဲ့ အေးစိမ့်မှုက ညို့ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို တတိတိနဲ့ ဆစ်ပိုင်းဝါးမျိုနေလိုက်တာ ပထမတော့ ညို့ရဲ့ခြေဖျားကလေး နောက်တော့ ခြေဖမိုးကလေး နောက်တော့ . . . နောက်တော့ . . . ။

လာပါ . . . ဒီရေ . . . လာပါ။

ဒီရေနှင့်အတူ ဟောဒီမှာ ညို့ကို ထွေးဖက်မယ့် စနိုင်းရဲ့ အေးစက်တဲ့လက်တွေ . . . ။



မောင်ရူး လက်ရှိုး

www.burmeseclassic.com

ကောင်းကင်မှာ နေ ရှိတယ်။ လ ရှိတယ်။ ကြယ် တွေရှိတယ်။ တိမ် တွေရှိတယ်။ တစ်ခါတစ်ရံ မိုးနှင်းတွေ ရှိတယ်။ တစ်ခါတစ်ရံ မြူနှင်းတွေရှိတယ်။ တစ်ခါတစ်ရံ တသုန်သုန်သွေးနေတဲ့ လေညင်းကလေးတွေ ရှိတယ်။ တစ်ခါတစ်ရံ မုန်ယိုနေတဲ့ လေဆင်ရိုင်းတွေ ရှိတယ်။

ပင်လယ်မှာ ရေပြင်အပြာရှိတယ်။ အဝါရှိတယ်။ အစိမ်းရှိတယ်။ ကျွန်း၊ တောင်၊ သောင်၊ ကမ်းတွေ ရှိတယ်။ ရေမှာ ကျက်စားမြူးတူးတဲ့ အထူးထူးသော သတ္တဝါတွေ ရှိတယ်။ အခြား တန်ဖိုးမဖြတ်နိုင်တဲ့ သန္တာ၊ ပုလဲလို အလှအပ ရတနာတွေလည်း ရှိသေးတယ်။

ကောင်းကင်နဲ့ ရေပြင်ကြားမှာ ပေါက်ဖွားလာတဲ့ ကုန်းမြေပေါ်က လူတွေမှာတော့ အတောမသတ်နိုင်တဲ့ လောဘတွေရှိတယ်။ ဒေါသတွေရှိတယ်။ မောဟတွေ ရှိတယ်။ လူတချို့မှာ မသိခြင်းတရားတွေ ပျော်ဝင်နေပြီး ဘောင်ဘင်ထနေတဲ့ မပြည့်အိုးတစ်လုံးစီ ရှိကြတယ်။ လူတချို့မှာ သညာအသိတွေသာ စေးကပ်ဖုံးအုပ်နေတဲ့ အဝိဇ္ဇာမျက်လုံးတစ်စုံစီ ရှိကြတယ်။ လူတချို့မှာ နွားဆီက ခဏငှားထားတဲ့ ဘို့အားကောင်းကောင်း လက်မောင်းနှစ်ဖက်စီ ရှိကြတယ်။

ကောင်းကင်၊ ပင်လယ်နဲ့ အဲဒီလူတွေကြားမှာတော့ အမှောင်က လွဲပြီး ဘာမှ မရှိနိုင်ဘူး။

အလကားပဲတင်းရထားတဲ့ သဘာဝတရားကို မချစ်တတ်ဘူး ဆိုရင် သင် . . . ။

●

မြစ်တစ်စင်းဟာ မြစ်မဖြစ်မီအချိန်က "ချောင်း" ကလေးမျှသာ ဖြစ်တယ်ဆိုတဲ့ကိစ္စဟာ ယုံမှားသံသယပွားစရာ မရှိပါဘူး။ ဒီဒေသကလူ တွေက အဲဒီချောင်းရဲ့ စတင်မြစ်ဖျားခံရာကို "ချောင်းဖျားလို့ခေါ်ကြတယ်" ချောင်းဖျားဟာ မတ်စောက်ကမ်းပါး၊ နက်မှောင်တောအုပ်တွေကို အကြိမ် ကြိမ် ဖြတ်စီးခဲ့ရလို့ ကြမ်းတမ်းတွန်းတိုက်တဲ့ရေစီးနဲ့ ရက်စက်ကြမ်းကြုတ် တဲ့ ဝဲကတော့များစွာကို ဖြစ်ထွန်းပေါ်ပေါက်စေခဲ့တယ်။ ဒီလို ရိုင်းရိုင်း စိုင်းစိုင်း၊ ကြမ်းကြမ်းတမ်းတမ်း ဖွားမြောက်အားယူခဲ့ရပေမယ့် ချောင်းဖျား ဟာ ကြီးကောင်ဝင်လို့ မြစ်ဖြစ်သွားတဲ့အခါမှာတော့ ပြေပြစ်လိမ္မာရဲ့ကျိုး စွာနဲ့ လူတွေရဲ့ ရှင်သန်ဖြစ်တည်မှုကို အထောက်အကူပြုနေတာ လေးစား ချစ်ကြင်ဖွယ်ရာပါပဲ။

ဟောဒီမြစ်ကတော့ တနင်္သာရီမြို့ကလေးရဲ့ပါးပြင်ကို ထိနမ်း ပွတ်ရှ စီးဆင်းသွားတာမို့ တနင်္သာရီမြစ်လို့ အမည်တွင်သွားတဲ့ မြစ်က လေးတစ်စင်းပါ။

တနင်္သာရီမြစ်ဟာ မြို့ကလေးရဲ့ပါးပြင်ကို ထိနမ်းပြီးတဲ့အခါ မော်တုန်း၊ ပဝ၊ သရဖုံ၊ မင်းသန်း၊ စတဲ့ရွာတွေကိုလည်း မထိခလုတ်ထိ ခလုတ် နှုတ်ဆက်သွားပါသေးတယ်။ လူနှင့် ကုန်စည်စီးဆင်းမှုတွေကို သူ့ ဝမ်းဗိုက်မှာ ထည့်လွယ်ပြီး ချောင်းဖျားမြစ်ညာမှမြို့ရွာကလေးတွေနဲ့ မြို့တော်ကြီးဆီ ကူသယ်ခေါက်သယ် စုန်ဆန်တက်ဆင်းရင်းနဲ့ ပင်လယ်

www.burmeseclassic.com

ပြင်ကျယ်ကြီးထဲ ခေါင်းဝင်တိုးခွေ့ အပျော်မွေ့ကြီးပျော်မွေ့ခဲ့တာ နှစ် ပရိစ္ဆေဒ ကြာမြင့်ခဲ့ပါပေါ့။

အဲဒီမြစ်ဟာ မြစ်ရဲ့ဉပဒေသတွေကို ပြဋ္ဌာန်းရင်းနဲ့ပဲ ရေစီးတစ်ခါရေသာတစ်လှည့်၊ စုန်တစ်လှည့်ဆန်တစ်လီ၊ ရေဆုံးရေဖျား၊ ရေအဆုံးကုန်းတစ်ဝက်၊ ရေမျောကမ်းတင်၊ ရေတက်၊ ရေကျ၊ ရေထ၊ ရေအိ စတဲ့ လူတို့ရဲ့ ပညတ်ချက်ဝိသေသလက္ခဏာတွေကို မလိုချင့်လိုချင် လက်ခံထားရတော့တယ်။ စီးမျောဆန့်ကျင် ဖြစ်စဉ်တရားတွေကို နိစ္စဓူဝ ပွန်တီးရင်းနှီးခဲ့တဲ့မြစ်ဟာ အချိန်ကြာလာတာနဲ့အမျှ ပြည့်ဝပျော်ရွှင်ခြင်းတွေနဲ့ ရင့်မှည့်နေပါတော့တယ်။

ဒီကနေ့လည်း သဘာဝတရားကြီးရဲ့ ထိန်းကျောင်းပဲ့ကိုင်မှုလမ်းကြောင်းပေါ်က ဖြစ်မြဲဖြစ်စဉ်ကလေးကို မြစ်ဟာခပ်ငေးငေးကြည့်နေတယ်။ အဲဒါကတော့ တစ်ခြားမဟုတ်ပါဘူး။ ငါးကလေးတစ်ကောင်ပါ။ ငါးတစ်ကောင်ရဲ့ ကောင်းခြင်းလက္ခဏာနဲ့ပြည့်စုံတဲ့ အရွယ်ရောက်ပြီးသား ငါးကလေးတစ်ကောင်ပါ။

ကာလအတန်ကြာက လိုလားတောင့်တခဲ့တဲ့ အလိုဆန္ဒတွေ ပြည့်ဝတော့မယ်ဆိုတဲ့ အသိကြောင့် ငါးကလေးရဲ့ခန္ဓာကိုယ်ထဲကို အပျော်လှျပ်စီးတွေ ထိုးဖောက်စီးဆင်းသွားကြတယ်။

စိတ်လှုပ်ရှားလာရင် ပြုမူနေကျအပြုအမူအတိုင်း ငါးကလေးဟာ သူ့ရဲ့ စုချွန်ချွန်နှုတ်ခမ်းကို ပိုပြီးစူလိုက်ပြီး ဝိုင်းစက်စက်မျက်ဝန်းအစုံကိုလည်း အစွမ်းကုန် ပြူးကျယ်ထားလိုက်ပါတယ်။

ခန္ဓာကိုယ်ထဲမှာရှိတဲ့ အကြောအမျှင်တွေ ခုံးထအောင် ရုန်းကြွပြီး ရေယက်အစုံကို လှုပ်ရှားလိုက်တာကြောင့် ရေစီးတဲ့အရှိန်အဟုန်ကောင်းကောင်းနဲ့ စီးမျောပါသွားပြီးမှ ခေါက်ချိုးပြန်လှည့် ရေဆန်ကို ထိုးယက်နေလေရဲ့။ ဟော တစ်ခါတစ်ခါမှာတော့ သူ့ရဲ့အားကောင်းသန်မာလှတဲ့ အမြီးထောက်ခွကြီးကို အသုံးပြုပြီး လေဟာပြင်ထဲ မြူးထူးခုန်ထ

www.burmeseclassic.com


ပျံ့သန်းနေပြန်ပါရော။ အရွယ်ရောက်ပြီးသား ငါးတစ်ကောင်ရဲ့ တပ်မက်မှု အာလျတွေကို ဖြည့်စွမ်းဖို့အချိန်ရောက်ပြီဆိုတဲ့ ဆုံးဖြတ်ချက်ဟာ တစ်စုံ တစ်ရာ အမှားမယွင်းမရှိ သဘာဝတရားနဲ့ ကွက်တိလို့ မြစ်ဟာ ငါးက လေးဘက်က သာသာထိုးထိုး ယုံကြည်ထားတယ်။

ဒါကြောင့်လည်း သူတို့မိတ်ဆွေနှစ်ဦးဟာ ဒီကနေ့မနက်စော စောမှာ ခရီးစတင်ထွက်ခွာဖို့ ပြင်ဆင်နေကြတယ်။ ငါးကလေးဟာ ရေမှာ မြူးဆော့လို့ အားရတဲ့အခါ ပါးဟပ်ကလေးကို ဟစိဟစိလုပ်ပြီး မြို့က လေးကို နှုတ်ဆက်အကြည့်နဲ့ ကြည့်နေတော့တယ်။

မြို့ကလေးရဲ့ အထင်ကရ ကြက်သရေဆောင် ဟောဒီတနင်္သာရီ မြစ်ပြင်ပေါ်မှာ ငါးကလေးကို ဖွားသန့်စင်ခဲ့လို့ ဒီမြို့ကလေးဟာ သူ့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဆိုရင်လည်း မမှားဘူးပေါ့။ ဇာတိအစဉ်အလာ ကြီးမားခဲ့တဲ့ မြို့ကလေးဟာ သူမမွေးဖွားမီ နှစ်ပေါင်းများစွာကဆိုရင် အလွန်စည်ကားတဲ့ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပါသတဲ့။

တစ်ခါတုန်းက အရှေ့တိုင်းနဲ့ အနောက်တိုင်း ကုန်သွယ်မှု အဓိကလမ်းကြောင်းကြီးပေါ်မှာ တည်ရှိခဲ့ဖူးတယ်ဆိုတာကတော့ မြို့က လေးနဲ့ ပတ်သက်တဲ့ ငြင်းပယ်မရတဲ့ သမိုင်းဝင်အချက်အလက်တွေပါပဲ။ ရှင်မအောင်သာဆိုတဲ့ အမျိုးသမီးရဲ့အသက်နဲ့ စတေးဖြစ်တည်ခဲ့တဲ့ မြို့ဖြစ် လို့ ပကတိသဘာဝကျောက်သားနဲ့ ထွင်းထုထားတဲ့ ရှင်မအောင်သာ ကျောက်တိုင်ကို မညည်းမညူထမ်းပိုးထားတာ မြို့ကလေးရဲ့ သက်တမ်း နဲ့ အမျှပါပဲ။ မြို့ပေါ်ကလူတွေဟာ သူတို့ရှိသေလေးမြတ်စွာသော ရှင်မ အောင်သာကျောက်တိုင်မှာ မအပ်မရာရေးဆွဲချိတ်ထားတဲ့ နယ်ချဲ့ပြယုဂ် ကမ္ပည်းစာတစ်ပုဒ်ကိုတော့ ယနေ့ထက်တိုင် နှာခေါင်းရှုံ့နေကြဆဲပါ။

"မြန်မာပြည်ဘုရင်ခံမင်းတရား ဆာချားလ်စ် အလက်ဇန္ဒြား အင်းနစ်သခင်ဘုရားသည် တနင်္သာရီမြို့တော်သို့ ၁၉၃၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့ ကြွချီတော်မူပြီးလျှင် ကျောက်တိုင်တော်ကို ရှုစားတော်မူခြင်း

 www.burmeseclassic.com

အထိမ်းအမှတ်ဖြစ်သည်” ဆိုတဲ့ ကမ္ပည်းစာတန်းကတော့ ရှင်မအောင်သာရဲ့ သန့်စင်တဲ့နှလုံးသားရင်ပြင်ကို ညစ်ပေစွန်းထင်းစေတယ်လို့ မြို့သူမြို့သားတွေက ယူဆနေကြတယ်။

အနိုင်ကျင့် ဗိုလ်ကျစိုးမိုးမှုတွေရဲ့ အရှင်သခင်အဖြစ် အသိအမှတ်ပြု ခံချင်လှတဲ့ နယ်ချဲ့တွေဟာ မြန်မာတို့ရဲ့ ရိုးစင်းဖြူစင်မှုတွေကို ခုတုံးလုပ်ပြီး သူတို့ရဲ့ လိုဘတွေကို အစဉ်အလာ ဓလေ့ထုံးစံတွေနဲ့ ရောထွေးပစ်ခဲ့တာကတော့ အလွန်တရာ မခံချိမခံသာတဲ့ ကိစ္စပါပဲ။ ရှင်မအောင်သာကို ရည်စူးပြီး ကျောက်တိုင်ရှေ့မှာ အမွှေးနံ့သာထွန်းညှိပူဇော်တိုင်းနှုတ်မရတဲ့ စူးတစ်ချောင်းရဲ့ စူးရှရှမြက်တက်တက်ခံစားချက်ကလေးကို မြို့သူမြို့သားတွေဟာ မထွေးနိုင်မအံနိုင် လက်ခံခဲ့ရဖူးတယ်။ ခုတော့လည်း အဲဒီအတိတ်ဟာ မှုန်ဝါးစွာ ကျန်နေရစ်ခဲ့ပြီ။

တစ်ခါတုန်းက တရင်းသေကနေ တနင်္သာရီ အမည်တွင်လို့ ရောင်းပန်းဝယ်ပန်း ပွင့်လန်းစည်ကားခဲ့တဲ့ မြို့ကလေးဟာ အခုအချိန်မှာတော့ ဒေသထွက်ကုန် ရာဘာ၊ သီဟိုဠ်စေ့၊ ကွမ်းသီးခြောက်၊ မင်းဂွတ်စတဲ့ ဥယျာဉ်ခြံထွက်ပစ္စည်းတွေနဲ့ အေးဆေးငြိမ်သက်နေပါတော့တယ်။

ငါးကလေးနဲ့ မျိုးနွယ်စုဝင်တွေဟာ မြို့ကလေးကို မှီပြီး အဲဒီမြစ်ပြင်ပေါ်မှာ မွေးဖွားကြီးပြင်းလာကြတယ်။ ငါးကလေးရဲ့ အမေတွေ၊ အစ်မတွေဟာ မွေးဖွားရာဒေသအပေါ် ဘယ်လောက်သစ္စာရှိကြသလဲဆိုရင် မိုင်ပေါင်းများစွာကွာဝေးတဲ့ ပင်လယ်ပြင်ဆီ ဘယ်လောက်ပဲခရီးဆန့်ဆန့် သူတို့ရဲ့ ဥတွေကို ဥချရမယ့်အချိန်ရောက်ရင် မြို့ကလေးရှေ့မှာ စီးခွေနေတဲ့ မြစ်ပြင်ရှိရာ အရောက်ပြန်လာလေ့ရှိကြသတဲ့။

ငါးကလေးလည်း အမြီးရေယက်အစုံနဲ့ အရွယ်ရောက်ပြီ ဆိုတာနဲ့ သူ့ဘိုးဘွားမိဘတွေ သွားခဲ့တဲ့လမ်းကြောင်းအတိုင်း ပင်လယ်ဆီသွားဖို့ ဆန္ဒအာသီသတွေ ဖြစ်ပေါ်လာတော့တယ်။ မြစ်ဟာ ငါးကလေးရဲ့လှုပ်ရှားမှုတွေကို ကြည့်ပြီး ငါးလားမြောက် မမြောက် အကဲထောက်နေလေရဲ့။

www.burmeseclassic.com


အန္တရာယ်ပြွန်းတဲ့ပင်လယ်ပြင်ဟာ ငါးကလေးထင်သလို ပျော်စရာတွေနဲ့ အဆန်းတကြယ် အံ့သြဖွယ်တွေချည်း ရှိမနေဘူးဆိုတာ သိထားတဲ့မြစ်ဟာ ငါးကလေးရဲ့အလိုကို လိုက်လျောဖို့ တွန့်ဆုတ်တွေဝေနေခဲ့တာ ရက်တွေ ကြာလှပါပေါ့။

အခုတော့ နုပျိုသန်မာမှု အသွေးအသားတွေ ဖွံ့စည်းထားတဲ့ ငါးကလေးရဲ့ ငယ်သူ့အားမာန်ကို မငြင်းဆန်ချင်တော့တာမို့ ဒီမနက်ပဲခရီး စဉ်စဖို့ ဆုံးဖြတ်ချက်ချခဲ့တာပါ။

ဒီနေ့တော့ ရာသီဥတုက သာတောင့်သာယာ၊ ဆောင်းအကုန်နွေ အကူးကလေးမို့ မြစ်ရေပြင်ဟာလည်း ရေလွှာသင်ဖြူးခင်းလို့။ ငါးကြင်း မြီးကွက် တိမ်ကွန်ယက်တွေကတော့ အရောင်တလက်လက်နဲ့ ခရီးသွား ဖော်နှစ်ဦးကို ငုံ့ကိုင်းနှုတ်ဆက်နေလေရဲ့။ နေခြည်နွေးကတော့ ခရီးအစ မှာ ပြေးပြေးဖျန်းဖျန်း လမ်းပြခေါ်ဆောင်နေတော့တယ်။

ရေချိုအဖြစ် မြစ်ညာမှာ ရေကြည်သလောက် ခရီးအတန်ငယ် ပေါက်တဲ့အခါ မြစ်ဟာ ရေငန်ငွေ့တွေ ယှက်သန်းပြီး ညှီစို့စို့ နောက်ကျူ ကျူ ဖြစ်လာပါတော့တယ်။ ကမ်းစပ်ပျော် ဓနိတောတွေကြောင့် မြစ် ကြောင်းတစ် လျှောက်မှာလည်း ဓနိပေါင်တုတ်တွေ ပေါလောပေါ်လို့ ငါးကလေးကို အဖော်ပြုလိုက်ပါလာကြတယ်။ မြစ်ဟာ စီးဆင်းနေရင်းနဲ့ တစ်ရံရောအခါ က သူ့ရဲ့မြစ်အောက်ခြေ ကြမ်းပြင်ဆီမှ ကောက်ယူရရှိတဲ့ ရှေးဟောင်း တရုတ်ပန်းကန်ခွက်ယောက်တွေအတွက် သတိတရ ဂုဏ်ယူနေပါတော့ တယ်။ ဒါဟာ သူ့အတွက် အလွန်တရာကြီးမား အဖိုးတန်လှတဲ့ သမိုင်း သက်သေပဲ မဟုတ်လား။

ရှေးအတီအတေက တရုတ်ပြည်မှ ရိုးရာလူသုံးပစ္စည်းတွေ ဒီ လမ်းကြောင်းကနေ အနောက်ကိုသယ်ရင်း ကျဆင်းကျန်ရစ်ခဲ့ဟန်တူတဲ့ ရှေးဟောင်းလက်ရာမွန်တွေရဲ့ နောက်ကြောင်းကို ခြေရာကောက်လေ့လာ တော့မယ်ဆိုရင် တနင်္သာရီမြစ်ဆိုတဲ့ အမည်ဟာ မပါမဖြစ် ပါဝင်ခဲ့ရခြင်း

 www.burmeseclassic.com

အတွက် မြစ်အဖို့ မာန်တက်မယ်ဆိုရင်လည်း တက်ချင်စရာပဲပေါ့။ ဒေသခံလူတွေကတော့ အဲဒီ ပန်းကန်ခွက်ယောက်တွေမှာ မမြင်ရတဲ့ တန်ခိုးဣဒ္ဓိပါဒ် တစ်စုံတစ်ရာရှိတယ်လို့ ယုံကြည်ခဲ့ကြတယ်။ ကောက်ယူရရှိတဲ့ ပန်းကန်ခွက်ယောက်တွေကို ငွေစကြေးစ ဘယ်လောက်ပေးပေး ရောင်းချလေ့မရှိဘဲ သူတို့ရဲ့ အိမ်သားတွေ နာမကျန်းတဲ့အခါ ဆေးဖျော်ခွက်အဖြစ် အသုံးပြုလေ့ ရှိကြတယ်။

အိမ်တွေရဲ့ ဟောင်းနွမ်းနေတဲ့ ဗီရိုကြီးတွေထဲမှာ လာဘ်ကောင်းအဆောင်ကောင်းအဖြစ် ထားလေ့ရှိကြတယ်။ ဒီအကြောင်းတွေကြောင့် မြစ်ဟာ သူ့ကိုယ်သူ ဂမ္ဘီရတွေနဲ့ ထုံမွမ်းထားတဲ့မြစ်ဆိုပြီး ဒီတစ်ကြောမှာတော့ မြစ်တို့ရဲ့ထိပ်ခေါင် လက်မတထောင်ထောင် ဖြစ်နေပါတော့တယ်။

●

ဒီလိုနဲ့ မြစ်ဟာ သူ့ရဲ့မိတ်ဆွေ ငါးကလေးကို ထမ်းပိုးသယ်ဆောင် လာလိုက်တာ မမှောင်ခင်မှာ မြို့တော်ကြီးဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါလေရော။ မြို့ကလေးနဲ့ မြို့တော်ကြီးဟာ ၄၅ မိုင်သာဝေးတာမို့ တစ်နေ့ခရီးသာသာပါပဲ။ နီညိုပျို့ပျို့ ခရမ်းသွေးရောင်စိုနေတဲ့ ဆည်းဆာရီဟာ ကြည်နူးနှစ်သိမ့်ဖွယ် အငြိမ်းဓာတ်ကို ပို့လွှတ်နေပါတော့တယ်။ လိုင်းစိမ်း၊ လိုင်းပြာ၊ လိုင်းဖြူတွေ လိမ်းခြယ်ထားတဲ့ ငါးဖမ်းလှေ၊ ငါးဝယ်လှေတွေနဲ့ ခရီးသည်တင်ခေတ်မီသင်္ဘောကြီးတွေဟာ မြို့တော်ကြီးရဲ့ ဆိပ်ကမ်းအလှကို ဖြည့်စွက်ခြယ်သနေကြတယ်။

ဆိပ်ခံတံတားတွေမှာ (ပြည်မနှင့်ရောပြည်ပနဲ့ပါ) ကုန်တင်ကုန်ချ ရောင်းဝယ်ဖောက်ကား စည် ကားဆူညံနေမှုဟာ မြို့တော်ကြီးရဲ့ လူမှုစီးပွားခနအင်အား မှန်းချင့်နိုင်ဖွယ် အနေအထားတစ်ရပ်ပါပဲ။ ဆေးနီရောင်ခြယ် အိမ်ခေါင်မိုးတွေကို ထမ်းရွက်ထားတဲ့ တိုက်ခံအိမ်မြင့်ကြီး

တွေဟာ မာရိတ် (မြင်းချည်တိုင်လို့အဓိပ္ပာယ်ရတဲ့) ခယ်တောင်အောက်မှာ ပျပ်ဝပ် ငြိမ်သက်နေကြတယ်။ ခယ်တောင်ခြေအောက်မှာ ရှိတဲ့ တိုက်တာ အိမ်ခြေရပ်ကွက်နဲ့ အရှေ့တောင်ဘက်ဆီ ပြန့်ထွက်သွားတဲ့ မြို့စွန်ရပ်ကွက်ကလေးတွေကတော့ မြို့တော်ကြီးမှာရှိတဲ့ လူတန်းစား နှစ်ရပ်ကို ကန့်သတ်ခွဲခြား ပြနေလေရဲ့။

သမိုင်းဝင် မွေသရီဓာတ်တွေ ကိန်းမြတ်စံပယ်တဲ့ သိမ်တော်ကြီး စေတီဟာ ရွှေရည်ဝင်းစို သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသည်နှင့်အမျှ မြို့တော်ကြီးအပေါ် အကြည်ဓာတ်တွေ ပို့လွှတ်နေတာမို့ သဘာဝဘေး အန္တရာယ်တွေမှ ကင်းလွတ်နေသလားလို့ တွေးဆနိုင်ဖွယ်ရှိပါတယ်။ ကမ်းရိုးတန်းဒေသချင်းအတူတူ မြို့တော်ကြီးဟာ အခြားမြို့တွေလို ရေကြီး၊ မုန်တိုင်း၊ ဒီလှိုင်းတို့ရဲ့ နှိပ်စက်မှုဒဏ်ကို တိတိပပမခံခဲ့ရဖူးပါဘူး။ မြို့တော်ကြီးနဲ့ မျက်နှာချင်းဆိုင် “ပထော်” “ပထက်” တောင်ညီနောင်နဲ့ နာမည်ကျော် ကျွန်းဘုရင် ကတန်ကျွန်းကြီးရဲ့ တံတိုင်းသဖွယ် ရံတားစောင့်ကြပ်မှုကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေပေလိမ့်မယ်။

တစ်ချိန်သောအခါက မြို့တော်ကြီးကို ရန်သူ့လက်မကျအောင် ကာကွယ်ခဲ့တဲ့ မြို့တော်ဝန် ဦးမြတ်လေးနဲ့ လင်းပင်ထိပ်တင်ဒွေးတို့ရဲ့ ဝိညာဉ်တွေဟာ မြို့တော်သူမြို့တော်သားတွေရဲ့ နှလုံးသည်းအိမ်မှာ ထာဝရ ရှင်သန်နေတယ်ဆိုတာ ယုံမှားသံသယပွားဖွယ် မရှိပါဘူး။ တစ်ခါတုန်းက တိုင်းတစ်ပါးလက်အောက်ခံ ဖြစ်ခဲ့ပေမယ့် အခုအချိန်မှာတော့ တိုင်းတစ်ပါးဆီမှ ဓလေ့စရိုက်ဆိုးတွေ၊ ခေတ်ပေါ်ရောဂါဆန်းတွေ မကူးစက်မထိုးဖောက်နိုင်အောင် မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေနဲ့ ကျားကန်ကာကွယ်ထားတဲ့ ဒေသခံတွေရဲ့ သွေးချင်းညီစိတ်ဓာတ်ကိုတော့ မြစ်ဟာ မလေးစားဘဲ မနေနိုင်ခဲ့ဘူး။

မြို့တော်ကြီးရှေ့ကိုရောက်တော့၊ မြစ်ဟာ အခြားမြစ်ငယ်ချောင်းငယ်ကလေးတွေနဲ့ ပူးပေါင်းပြီး ကြီးမားပြန့်ကားတဲ့ ရေစီးအားနဲ့ ဟန်ရေး

www.burmeseclassic.com

ပြနေပါတော့တယ်။ ဒီခရီးမှာ အဖန်ဖန်အလီလီ စုန်ဆန်ဝဲလှည့်ခဲ့ပြီမို့ သူ့အဖို့တော့ မြို့တော်ကြီးရဲ့မြင်ကွင်းတွေဟာ ဆန်းကြယ်ခမ်းနားခြင်း မရှိတော့ပါဘူး။

ဟော . . . ကြည့်နေရင်းမှာပဲ မိုးကုပ်စက်ဝိုင်း ကမ်းပါးစွန်းအောက် နေလုံးကြီးခုန်ချပျောက်ကွယ်သွားတာနဲ့ တစ်ပြိုင်နက် အမှောင်ဟာ အသံမပေးဘဲ ချွတ်နင်းဝင်ရောက်လာပါတော့တယ်။ မြို့တော်ကြီးဆီမှ လျှပ်စစ်မီးရောင်တွေ ပြိုးပြိုးပြက်ပြက်ပေါ်လာပြီး မိုးပေါက်ဇာပွင့်ကြယ်ရောင်ရင့်တွေနဲ့ အန်တုဖက်ပြိုင်အလှချင်းပြိုင်နေကြပုံကတော့ ပါရီမြို့ကြီးထဲ ခဏလောက်ရောက်သွားသလား ထင်မှတ်မှားလောက်တယ်။

အလိုလေး . . . လေပြည်အသွေးမှာ အပြေးကလေး လွင့်ပါးလာတဲ့ ကာရာအိုကေ တေးသွားတွေရဲ့အောက်မှာ ငါးကလေးဟာ မိန်းမောငြိမ်သက်နေပါလား။ ဒီနေရာဟာ သူ့အတွက် အန္တရာယ်မကင်းတဲ့နေရာ။ ကမ်းကပ်လှေတစ်စင်းစင်းဆီက ကျဆင်းလာမယ့် ငါးမျှားချိတ်တစ်စုံတစ်ရာဟာ သူ့ရဲ့အသက်ဇီဝကို ခြွေချနိုင်တယ်ဆိုတာ ဒင်းကလေးမသိဘူးလား။

"မိတ်ဆွေကလေးရေ။ မြို့ပြရဲ့အာရုံမှာ ရင်မခုန်နဲ့ဟ။ ကောက်ကျစ်စဉ်းလဲပြီး အမျိုးအမည်များပြားလှတဲ့ မော်အတတ်တွေနဲ့ ရေအောက်က ရသမျှကောက်ယူသယ်ငင်နေတဲ့ လူတွေရဲ့ ကျော့ကွင်းထဲ ခလုတ်တိုက် လဲနေပါဦးမယ်"

အဲဒီညက မြို့ပြရဲ့ အာရုံမှိုင်းငွေ့မှာ ညို့ချက်မိနေတဲ့ ငါးကလေးကို မြစ်ဟာ ပူပန်တကြီးနဲ့ အကြမ်းပတမ်းဖမ်းယူ ဆွဲချသွားလိုက်တာ ပင်လယ်ဝအရောက်ပါပဲ။

●

ပင်လယ်ဝရောက်ပြီဆိုတော့ မိတ်ဆွေလေးရောက်ချင်တဲ့ ပင်လယ်ပြင်ဆီ နီးပြီပေါ့။ ပင်လယ်ဘက်ရောက်လေလေ အန္တရာယ်ပိုများလေလေဆိုတာမိတ်ဆွေလေး သိဖို့လိုသေးတယ်။ အတွေ့အကြုံမရှိသေးတဲ့ ငါးကလေးကို မြစ်ဟာ ဘယ်လိုမှ စိတ်မချနိုင်ဘဲ ဖြစ်နေတယ်။ ပင်လယ်ရေအောက်မှာ ဘယ်လို သတ္တဝါမျိုးမဆို မိမိရဲ့အသက်ဇီဝကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ဆိုတာ အလွန်ခဲယဉ်းတဲ့ကိစ္စ။ လူတွေထောင်တဲ့ကျော့ကွင်းအပြင် ရေသတ္တဝါအချင်းချင်း ညှင်းဆဲသတ်ဖြတ်မှုတွေ ဒင်းကြမ်းပိတ်နေတတ်တာမို့ ပါးနပ်လျှင်မြန်ဖျတ်လတ်မှုတွေ ရှေ့ဆောင်နေဖို့လိုအပ်လှပါတယ်။

"မည်သည်အရာ၌မဆို အစပြုခြင်းက ကနဦးကာလသည် မရေမရာမထင်မရှားနှင့် ဝိုးတဝါးမျှသာ ဖြစ်ခဲ့သည်။ ထိုနည်းတူ သက်ရှိမှန်သမျှ၏ မွေးသမိခင် ပင်လယ်ပြင်၏အကြောင်းသည်လည်း အရိပ်ပမာစခဲ့သည်ပင်" လို့ ရေယှိုအယ်လ်ကာစင် ပြောခဲ့တဲ့စကား ငါးကလေးကြားဖူးပါလေစ။

လူတွေဆီက နားစွန်နားဖျား ကြားဖူးနားဝကလေးတွေနဲ့ ပညာပေးဖို့ အစပျိုးလိုက်တဲ့မြစ်ဟာ မထင်မှတ်ဘဲ ငါးကလေးရဲ့အဖြစ်ကို မချိမဆန့် တွေ့မြင်လိုက်ရပါတယ်။ ပင်လယ်ဝမှာ လူတွေချထားတဲ့ များပြားလှတဲ့ စန္ဒားပိုက်ထောင်တွေဟာ မအူမလည်ငါးတစ်ကောင်အတွက် သေမင်းတမာန် ထောင်ချောက်ကြီးတွေပါပဲ။

တကယ်တော့မြစ်ဟာ ငါးကလေးကို ပင်လယ်ကြီးဘယ်ကစဆိုတာ ပို့ချရမယ့်အစား စန္ဒားထောင်ချောက်ရဲ့ ကောက်ကျစ်လှည့်ဖြားမှုကို ရှောင်ရှားတတ်အောင် သင်ကြားပေးဖို့ ကောင်းတယ်ဆိုတာ နောက်ကျစွာပဲ သိလိုက်ရတော့တယ်။

www.burmeseclassic.com

စန္ဒားရဲ့ထိပ်ဘက်မှာ ငါးတွေကို ခြောက်သွင်းနေတဲ့ ခြောက်တိုင်ဆိုတာရှိတယ်။ အဝကား အရင်းစုအောင် စိုက်ထူထားတဲ့ မျှောတိုင်တွေ ရေတိုးလို့ လှုပ်ခါမှုဟာ ငါးတွေကို မျက်စေ့လည်စေတာပါ။ ငါးသွင်းတဲ့ ခြောက်တိုင်တစ်လျှောက် တိုက်စီးနေတဲ့ရေကြောင်းက ငါးတွေကို အတားအဆီးအဖြစ် မြင်စေပြီး ရေစီးထဲပါလာတဲ့ ငါးတွေဟာ ခြောက်တိုင်နားမကပ်ကြဘဲ စန္ဒားထဲ တန်းဝင်ကုန်ကြတာပေါ့။

အဲဒီလှည့်ဖြားမှုကို မသိတဲ့ မိတ်ဆွေကလေးဟာ တခြားငါးတွေလိုပဲ စန္ဒားထဲရောက်သွားမှတော့ ဘာတတ်နိုင်ပါဦးမလဲ။ မြစ်ဟာ ပူပန်ကြီးစွာနဲ့ ငါးကလေးကို ကယ်တင်ဖို့ အခွင့်ကောင်းကို စောင့်ကြည့်နေစဉ်မှာ ကြုံတောင့်ကြုံခဲအဖြစ်အပျက်ကလေးနဲ့ ထပ်မံဆုံတွေ့လိုက်ရပါတော့တယ်။

တကယ်ဆို စန္ဒားထဲရောက်ပြီးသား ငါးတွေဟာ လွတ်လမ်းမရှိပါဘူး။ ဖြစ်စဉ်ကိုက ဝင်လာတဲ့ငါးတွေကို ကြိမ်ယင်းတိုက်နဲ့ခံ၊ ကြိမ်ယင်းပိုက်ရဲ့အဖျားက ငါးမဝင်မီ နိမ့်ချထားပြီး ငါးဝင်ပြီဆိုမှ ကြိမ်ပိုက်အဖျားကို ရုတ်ကနဲ မတင်ဖို့ ဒလက်မှာကြိုးနဲ့အလျှော့အတင်း လုပ်ထားတာဆိုတော့ ကြိမ်ယင်းပိုက်ထဲ ရောက်တဲ့ငါးဟာ ဘယ်မှ မပြေးနိုင်တော့ဘူးပေါ့။

သို့သော်လည်း အဲဒီနေ့က ကံကောင်းခြင်းကြီးစွာနဲ့ ငါးကလေးဟာ ကြိမ်ယင်းပိုက်ထဲကနေ ကမူးရှူးထိုးလွတ်မြောက်လာခဲ့တယ်။ ကြိမ်ပိုက်ထဲက ငါးတွေကို ဒိုင်းဝန်းနဲ့ လှေထဲခပ်ပြီးအထည့်မှာ သူ့ရဲ့အားကောင်းသန်မာလှတဲ့ အမြီးထောက်ခွကြီးကို အသုံးပြုရုန်းကန် ခုန်ထွက်သွားလိုက်တာ ရေပေါ်မှာပလုံစီသံသာ ကျန်ရစ်ပါတော့တယ်။ ကြောက်လန့်မှုလွန်ကဲစွာနဲ့ ကူးမိကူးရာ ကူးပြေးနေတဲ့ ငါးကလေးကို မြစ်ဟာ လိုက်လံဆွဲငင်ရင်း ငါးကလေးအတွက် ဘဝပေးသင်ခန်းစာဟာ အခုမှ စတာပါလားလို့ သဘောပေါက်လာရတယ်။

တကယ်ဆို ငါးကလေးဟာ ပင်လယ်ပြင်ကြီးဆီက အခုမှသင်ယူရမှာပါ။ သူ့ရဲ့ဘ၀ရပ်တည် ရှင်သန်မှုဟာ ပင်လယ်ပြင်ကြီးဆီမှာ ရရှိနေတာနဲ့အမျှ အတွေ့အကြုံကပေးတဲ့ ရလာဒ်တွေနဲ့ ရှေးခရီးကို ဆက်ရမှာဖြစ်ပါတယ်။ စန္ဒားတွေကို ကျော်လွန်လာပြီး ဖြစ်ပေမယ့် မြစ်ဟာပူပင်ကြောင့်ကြစွာပဲ ရှေ့ကို မျှော်ကြည့်နေပြန်တော့တယ်။ ဒီလိုနေရာမျိုးမှာက ရေစီးဘက်ကို လှည့်ထားပြီး ကျားပါးစပ်ကြီးလို ပွင့်အာနေတဲ့ ကျားပိုက်တွေနဲ့ တိုးနိုင်တဲ့နေရာမျိုးဆိုတာ သူသိနှင့်နေတာကိုး။ ကံဖယ်ရင် ငါးဖမ်းသင်္ဘောတွေ တစ်စုတစ်ဝေးတည်း တွေ့နိုင်တဲ့ နေရာလည်း ဖြစ်သေးတယ်။

လူတွေဟာ ရေထဲက ငါး၊ ပုစွန်တွေကိုရဖို့ နည်းမျိုးစုံသုံးပြီး ဖမ်းဆီးကြတယ်။ ပိုက်မှာတောင် မျှောပိုက်တဲ့၊ ဒရွတ်ဆွဲပိုက်တဲ့၊ ဝိုင်းချုပ်ပိုက်တဲ့။ ဘယ်လို အမည်ပေးပေး ငါးတွေကို အစုအဝေးအလိုက် ဖမ်းဆီးရမိဖို့ အဓိက မဟုတ်လား။ လိုချင်တာကိုရဖို့ နည်းမျိုးစုံနဲ့ မဖြစ်ဖြစ်အောင် လုပ်နိုင်တဲ့စွမ်းအင် လူတွေမှာသာ ရှိတာလေ။ ဒီတော့ ရှေ့ဆက်ရမယ့် ခရီးစဉ်မှာ ဆောင်ရန်နဲ့ ရှောင်ရန်ကို သဘောပေါက်ထားဖို့ လိုအပ်ပါလိမ့်မယ်။

ရေပြင်အောက်ခြေ မြေသားအနီးမှာ ထိစပ်ကူးခပ်နေရင်းလည်း လူတွေရဲ့ တံမြက်လှည်း ဒရွတ်ဆွဲပိုက်ကြီးတွေနဲ့ ပါသွားနိုင်တယ်။ ရေလယ်မှာ သွားနေရင်တော့ မျှောပိုက်တွေနဲ့ တိုးနိုင်တယ်။ ရေပေါ်မှာ သွားနေရင်လည်း ဝိုင်းချုပ်ပိုက်တွေနဲ့ မိနိုင်သေးတယ်။ လူတွေရဲ့ လောဘကတော့ အတောမသတ်နိုင်အောင်ပါပဲ။ ရုပ်ဝတ္ထုတွေ ခေတ်မီတိုးတက်လာပြီး ငါးဖမ်းကရိယာတွေနဲ့ ငါးဖမ်းနည်းစနစ်တွေ ထက်မြက်ထိရောက်လာတာနဲ့အမျှ ငါးဖမ်းဥပဒေတွေကိုမလေးစား၊ ငါးသေးငါးမွှားပါမကျန် ရေအောက်ကရသလောက် ခြစ်ယူခပ်ထုတ်ခဲ့တဲ့အတွက် မြို့တော်ကြီးနဲ့ မဝေး

www.burmeseclassic.com

လှတဲ့ တိုင်းခြားရေပြင်ပေါ်မှာ ငါးလုပ်ငန်းတစ်ခုလုံး ဖြုန်းဖြုန်းကျ ပြိုဆင်းခဲ့တဲ့အဖြစ်အပျက်ကိုတော့ မမြင်ရက် မြင်ရက် မြင်နေရတော့တယ်။

နယ်မြေချင်း ထိစပ်နေတာမို့ ကိုယ့်ရေအောက်က သယံဇာတတွေ တိုင်းခြားတစ်ပြည်တစ်ရွာက လောဘလက်တံ စုပ်ခွက်ထဲ ပါမသွားအောင် ရံတားစောင့်ကြပ်ဖို့ လိုတယ်ဆိုတာကိုလည်း မြစ်ဟာ သူ့ကိစ္စမဟုတ်ဘဲ စိတ်ကူးထဲ ထည့်နေပြန်တော့တယ်။

အဲဒီလို စိတ်ကူးလွန်အတွေးတွေနဲ့ ငိုက်မျဉ်းနေတဲ့ မြစ်ဟာ တစ်နေရာမှာတော့ ငါးကလေးရဲ့ အတွေ့အကြုံသစ်မှ ရရှိတဲ့နည်းပညာကို အသုံးချလိုက်တာ မြင်လိုက်ရတဲ့အခါ အလန့်တကြား မျက်လုံးကျယ်သွားပါတော့တယ်။ ဒရွတ်ဆွဲပိုက်လမ်းကြောင်းပေါ်မှာ အခြားငါးတွေနဲ့အတူ ရောက်ရှိနေတဲ့ အနေအထားဟာ တကယ်တော့ စိုးရိမ်စရာကောင်းလှပါတယ်။ ကြည့်နေဆဲမှာပဲ ပိုက်ဝအရောက်မှာ ငါးတွေဟာ အချို့ဘေးတိုက်လမ်းလွှဲ၊ တချို့ဒေါင်လိုက် ဖြတ်ကူးပြေးပြီး ပိုက်လမ်းကြောင်းနဲ့ ဝေးရာရှောင်ပြေးကြတာတွေ တွေ့လိုက်ရတယ်။ သူ့မိတ်ဆွေ ငါးကလေးကတော့ အရှောင်လွန်ပြီး ဟိုး . . . အောက်ခြေ ရွှံ့နှစ်ထဲ ပြေးဝင်ပုန်းနေလေရဲ့။

မြစ်ဟာ ငါးကလေးရဲ့ မိမိကိုယ်ကိုမိမိ ကာကွယ်နိုင်မှု သိစိတ်စွမ်းအင်ကို သဘောကျသွားပြီး လက်ခုပ်လက်ဝါးတွေတီးလို့ ဩဘာပေးလိုက်မိတယ်။

"ဟား . . . ဟား . . . ကောင်းတယ်ဟေ့ ကောင်းတယ်။ သိပ်ကြည့်လို့ကောင်းတဲ့ လျင်မြန်သွက်လက် ရှောင်ကွက်တွေပါလား။ ငါးထုံ၊ ငါးထိုင်း၊ ငါးအ၊ ငါးန၊ ငါးအန္ဓတွေကတော့ မျောပိုက်ထဲကို မသိနိုးနား ဝင်ချသွားလိုက်ကြတာ ကိုယ့်သေလမ်းကိုယ်သွားနေကြမှန်းတောင် သိကြမှာမဟုတ်ဘူး။ အသက်ကို ဉာဏ်စောင့်သတဲ့။ ဉာဏ်ကလေးများ ထုတ်သုံးကြစမ်းပါဦး။ ငါ့မိတ်ဆွေ ငါးကလေးကမှ တကယ့်ငါး အာဂငါး"

www.burmeseclassic.com


အဲဒီလို မြစ်ဟာ ဝမ်းသာအားရ မှတ်ချက်ချ ကြုံးဝါးနေချိန်မှာ ငါးကလေးက သူ့ကိုယ်ပေါ်မှ ရွှံ့နှစ်တွေကို ပင်လယ်ရေထဲ ယမ်းခါဆေး ကြောပြီး တိမ်ရိပ်တွေ ထင်ဟပ်နေတဲ့ အရိပ်မည်းအောက်မှာ အေးရိပ်ခို အမောဖြေနေလေရဲ့။ "တရေးတမော အိပ်လိုက်ပေဦးတော့ မိတ်ဆွေကလေး ရေ။ မင်းကလေးဟာ အိပ်စက်တဲ့အခါ မျက်လုံးတွေကို မှိတ်ထားလေ့မရှိ ပေမယ့် ရေပြင်ပေါ်မှာ လေစီးဖောင်းတွေနဲ့ ဖော့အားကောင်းစွာ နားနေ အိပ်စက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ပင်လယ်မှာက လေစီးဖောင်း မပါ တဲ့အတွက် ရေပေါ်မှာ ဖော့အားနဲ့မနေနိုင်ဘဲ မွေးဖွားသည်မှ သေဆုံး သည်အထိ တစ်ချိန်လုံး မနားမနေ ကူးခတ်နေရတဲ့ ကျိန်စာမိ ငါးတစ် မျိုးလည်း ရှိသေးတယ်ဆိုတာ မိတ်ဆွေလေးသိအောင် ပြောပြချင်ပါသေး တယ်။

●

စူးစမ်းရှာဖွေမှုတွေ မဖွံ့ဖြိုး မတိုးတက်ခင်က ပင်လယ်ပြင်ကို အသံတိတ်ကမ္ဘာကြီးရယ်လို့ လူတွေက လွဲမှားစွာ ယုံကြည်ခဲ့ကြတယ်။ တကယ်တမ်းလေ့လာကြည့်တဲ့အခါမှာတော့ အမျိုးမျိုးသော အသံကမ္ဘာ ကြီး စည်ညံနေတာကို ကြားလာကြရတယ်။ ပျော်ရွှင်မြူးတူးသံ၊ အဖိုအမ ဆွဲဆောင်သံ၊ ရန်သူကို ခြောက်လှန့်သံ အသံတွေ မကြားချင်မှ အဆုံး။ အခြားညည်းညူသံ၊ တီးတိုးခေါက်သံ၊ ပုလင်းဘူးဆို့သံ၊ ဒယ်အိုးထဲမှ ဆီကြော်သံတို့ဟာ သတ္တဝါတွေဆီက ဖိတ်စင်ကျလာတဲ့ အသံတွေပါပဲ။

ဝေလငါးတို့၊ လင်းပိုင်တို့၊ ငါးမန်းတို့ဟာလည်း လူတွေနား လည်ရခက်တဲ့ အသံမျိုးတွေ မြည်တမ်းတတ်ကြသေးတယ်။ မြန်မာ့ကမ်း ရိုးတန်းရေပြင်မှာတော့ ဝေလငါးနဲ့ လင်းပိုင်တို့ကို အသာထား၊ ငါးမန်း ရဲ့အလေ့အထကိုတော့ အထူးအလေးပေးရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

"မိတ်ဆွေလေးရေ ငါးမန်းဆိုတဲ့ငါးဟာ အခြားငါးတွေနဲ့မတူတဲ့ သဘာဝရဲ့ လက်ဆောင်မွန်တွေ ရရှိထားသလို သဘာဝက ပြစ်ဒဏ်ချထားခြင်းခံရတဲ့ သတ္တဝါလည်းဖြစ်သေးတယ်။ ငါးမန်းရဲ့ ရေယက်ဆူးတောင်တွေဟာ အခြားအရိုးမာငါးတွေလို ပျော့ပျောင်းမှု မရှိဘူး။ သူရဲ့ဆူးတောင်တွေဟာရှေ့ကို ကူးခပ်နိုင်ဖို့ အကူအညီမပေးနိုင်လို့ အမြီးပိုင်းရေယက်ရဲ့ဘေးနှစ်ဖက်ကို ရိုက်ခတ်အားနဲ့ ရှေ့တိုးဖို့ ကြိုးစားရတဲ့ ငါးဖြစ်တယ်။ ဒါကြောင့် ငါးမန်းဟာ ကူးခတ်တော့မယ်ဆိုရင် ဦးတည်ရာကို တစ်ရှိန်ထိုးထွက်လိုက်ပြီးတာနဲ့ အဲဒီအရှိန်ကို ဖမ်းအုပ်ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူး။ နောက်ပြီး သူဟာ ရေထဲမှာ အမြဲတမ်းကူးခတ်နေရရှာတယ်။ ဘာကြောင့်လဲဆိုတော့ အခြားငါးတွေလို လေစီဖောင်းမပါတဲ့အတွက် ရေပေါ်မှာ ဖော့နိုင်အား မရှိဘဲ ဖြစ်နေတယ်။ ဒါကြောင့် ငါးမန်းဟာ ကြောက်စရာကောင်းပေမယ့် သူ့ရဲ့အားနည်းချက်ကို သိရင် သူ့ကိုရင်ဆိုင်ရတာ လွယ်ပါတယ်။

ဒီတစ်ခါတော့ မိတ်ဆွေလေးဟာ မြစ်ရဲ့စကားကို စူးစိုက်နားထောင်နေတယ်။ ဒေသစိမ်း၊ ဝန်းကျင်စိမ်းမှာ မဆင်မခြင် မိုက်တိမိုက်ကန်းနေလို့ မဖြစ်တော့ဘူးဆိုတာ အတွေ့အကြုံအရ သိလာရပြီကိုး။

"ရေအောက်မှာ လက်များရှင် ရေဘဝဲကောင်ကြီးတွေရဲ့ ရမ်းကားမှုကို သတိထားရမယ့်အပြင် အသားစားနွယ်ပင်တွေရဲ့ ဆွဲယူဖမ်းငင်မှုကိုလည်း ရှောင်တိမ်းတတ်ဖို့ လိုသေးတယ်"

"အချို့အသားစားကျူး ငါးဘီလူးတွေရဲ့ ခန္ဓာကိုယ်ကထွက်နေတဲ့ အလင်းကွန်ယက်မှာ မက်မောငြိတွယ်မနေနဲ့နော်။ အလင်းရဲ့နောက်မှာ အသင့်စောင့်နေတဲ့ အာခံတွင်းချောက်ကြီးတွေ ရှိတယ်"

ငါးကလေးအပေါ် မြစ်ရဲ့သင်ကြား ပို့ချချက်တွေဟာ တစ်ရစ်ပြီးတစ်ရစ် တိုးလာတာနှင့်အမျှ အန္တရာယ်တွေဟာလည်း တစ်စထက်တစ်စ ထူပြော လာပါတော့တယ်။ တစ်နေရာရောက်တော့ မြစ်ဟာ ရေအောက်မှာ

သန္တာ ကျောက်တန်းလို့ခေါ်တဲ့ “ဘာဂျီ”တန်းတွေကို မြင်တွေ့လိုက်ရတော့ အလွန်တရာပဲ ဝမ်းမြောက်ရွှင်လန်းသွားတော့တယ်။

သန္တာကျောက်တန်းတွေဟာ ပင်လယ်ပြင်အတွက် မရှိမဖြစ် လုပမှုအဆင်တန်ဆာတွေ ဖြစ်သလို ရေနေသတ္တဝါတွေ ခိုအောင်းနားနေရာရဲ့တိုက်ခံတပ်ကြီးဆိုလည်း မမှားပါဘူး။ ရုပ်ကြွင်းမဖြစ်ခင် သန္တာကောင်လေးတွေ ဘဝက ရုပ်သွင်နဲ့ ဇီဝတစ်ကောင်တည်းမဟုတ်ဘဲ အစုလိုက်အဝေးလိုက် နေထိုင်လေ့ရှိကြတယ်။ ပွန်သဏ္ဌာန်ရှိပြီး နူးညံ့တဲ့ခန္ဓာကိုယ်နဲ့ ပါးစပ်ပတ်လည်မှာ ဖြာထွက်နေတဲ့ လက်တံငယ်တွေ ပါရှိကြတယ်။ မျိုးစိတ်တွေ ကွဲပြား ပုံသဏ္ဌာန်တွေ ခြားနားလိုက်ပုံက ကြည့်ပါဦးတော့။ ယပ်တောင်ပုံ၊ ဒေစီပန်းပုံ၊ လိမ္မော်သီးပုံ၊ ခရင်းပုံ၊ ငှက်မွေးပုံ၊ ကြေးနန်းကြိုးပုံ၊ မှိုပုံအထူးထူး အပြားပြားပါပဲ။

လက်သန်းအရွယ် ငါးစင်တီမီတာ သန္တာကျောက်တန်းတစ်ခုဖြစ်ဖို့ သန်းပေါင်းများစွာသော သန္တာကောင်ကလေးတွေ တစ်နှစ်အချိန်ယူရတယ်ဆိုရင် ငါးကလေး ယုံမှာလား။ လိင်ဖြင့် မွေးဖွားခြင်းနဲ့ လိင်မဲ့မွေးဖွားခြင်းဖြင့် ပေါက်ဖွားရှင်သန်တဲ့ သန္တာကောင်ကလေးတွေဟာ သေဆုံးတဲ့အခါ ထုံးကျောက်ဖြစ်သွားပြီး ခွက်ပုံရုပ်ကလာပ်တွေ ကျန်ရစ်လေ့ရှိတယ်။ အဲဒီရုပ်ကလာပ်တွေမှာ အသစ်အသစ်သော သန္တာကောင်ကလေးတွေ ပေါက်ဖွားရာမှ ဘာဂျီတန်းကြီးဖြစ်ပေါ်လာပြီး သက်ရှိရေအောက်သတ္တဝါငယ်တွေ ခိုအောင်းရာအိမ်ကြီးအဖြစ် ပင်လယ်ပြင်ရဲ့အလှကို တစ်နည်းတစ်ဖုံ ဖော်ဆောင်နေတော့တယ်။

ဘာဂျီအိမ်ကြီးမှာ ငါးမျိုးစုံ၊ ကျောက်ပုစွန်၊ ရှုပ်၊ ဂုံးကောင်၊ ရေခူ၊ ဘဝဲ၊ ကင်းမွန်တို့ကအစ ငါးတို့ရဲ့ အစာမျှောလှေတွေပါ ခိုအောင်းနေလေ့ရှိတာမို့ ဒီနေရာဟာ မိတ်ဆွေလေးအတွက် အလုံခြုံစိတ်အချရဆုံးနေရာပါ။ မိတ်ဆွေလေးဟာ အတွေ့အကြုံက ပေးအပ်တဲ့ အသိတရားတွေနဲ့ သူ့ရဲ့အသက်ဇီဝကို သူကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်လို့

www.burmeseclassic.com

ယုံကြည်နေတယ်။ ဒါကြောင့် မိတ်ဆွေလေးကို ပင်လယ်မှာ ထားရစ်ပြီး မြစ်ဟာ စိတ်လက်ပေါ့ပါးစွာ မြစ်ညာကို ဆန်ဖို့စိတ်ကူးနဲ့ လရဲ့ဆွဲအားကြောင့် ဒီရေတက်လာမယ့်အချိန်ကို စောင့်ဆိုင်းနေပါတော့တယ်။

"ဝုန်း"

ကမ္ဘာကြီး ကျွမ်းထိုးမှောက်ခုံဖြစ်သွားနိုင်လောက်တဲ့ တော်လဲသံကြီးတစ်ခု။ ဘုရားရေ . . . ဘယ်လို ဆူညံပေါက်ကွဲမှုကြီးများ မိုးပေါ်က ကျလာသလို ပြေးဆင်းခုန်ချလာပါလိမ့်။ ရေပြင်တစ်ခုလုံး မို့မောက်ရုန်းကြွလာပါလား။ လူတွေပြောပြောနေတဲ့ အယ်လ်နီညိုတွေကြောင့် ကမ္ဘာကြီးပူနွေးလာလို့ ရေခဲမြစ်ကြီးတွေ ပျော်ဆင်း၊ ပင်လယ်ပြင်ကြီး ခုံးထလာတာမျိုးလား။ ပေါက်ကွဲသံကြီး အဆုံးမှာတော့ ရေပြင်မှာ အမှောင် တွေဖုံးလွှမ်းသွားတာ မြင်တွေ့ရတယ်။

အတော်လေးကြာတော့ အမှောင်ပြယ်သွား ခဲသားရေပြင်မှာ ဖွားဖွားမှုန်ထ ပြိုကွဲစတွေ ကြဲပြန့်လွင့်စဉ်နေလိုက်တာ။ အလို ဘာဂျီတန်းတစ်ခုလုံး ခွဲချေခြင်းခံရလို့ တစ်စစီမွစာကြဲကုန်ပါရော့လား။ ဘာဂျီတန်းမှာ ခိုအောင်းနေတဲ့ အမျိုးမျိုးသောသတ္တဝါတွေဟာလည်း သက်မဲ့ရုပ်အလောင်းတွေအဖြစ် ရေစီးထဲမှာ ပေါလောပေါ်လို့။

"မိတ်ဆွေကလေးရေ"

မြစ်ဟာ သူ့မိတ်ဆွေငါးကလေးကို ပူပန်တကြီး အသံကုန်ဟစ်အော်ခေါ်လိုက်ပေမယ့် ညည်းညူသံတွေ ငြီးညံနေတဲ့ ရေပြင်မှာ သူ့အသံကို သူ့ဘာသာ ပြန်မျိုပြီးသား ဖြစ်နေတယ်။ သတ္တဝါကြီးငယ်တွေ သေကုန်မှ သူ့မိတ်ဆွေငါးကလေးရော ဘာမို့လို့ အသက်ရှင်ကျန်ရစ်နိုင်မှာတဲ့လဲ။

တောက် . . . ဒီယုတ်မာ ရိုင်းစိုင်းမှုကြီးဟာ ဘယ်ကနေ မြစ်ဖျားခံလာလေသလဲ။ မြစ်ဟာ အထွတ်အထိပ်ရောက်နေတဲ့ ဒေါသတွေနဲ့ ခုန်ထရှာဖွေကြည့်လိုက်တဲ့အခါ မြင်တွေ့ရတဲ့ မြင်ကွင်းကြောင့် အာစေး

www.burmeseclassic.com


မိစ္ဆာ မင်တက်မိနေပါတော့တယ်။ ဘယ်သူတွေရှိရမှာလဲ။ လူတွေလေ . . . လူတွေ။ လူတွေအထဲမှာမှ ရေဘုရင် ရေမုဆိုးလို့ တွင်တဲ့ ဆလုံတွေဟာ လောဘဝမ်းခေါင်းကို ဖြည့်တင်းဖို့ ပင်လယ်ရဲ့အလှ သန္တာကျောက်တန်းတွေကို စဥ့်အိုးမိုင်းနဲ့ လိုက်ခွဲနေပါရော့လား။ သန္တာအလှတွေရဲ့ တန်ဖိုးကို အဲဒီ လူ့ဗာလတွေ မသိကြဘူးလား။

မြစ်ဟာ ပင်လယ်ပြင်ဆီ အကြိမ်ကြိမ် တိုးဝင်ခဲ့ပေမယ့် ပုစွန်ဦးနှောက်နဲ့ ရေမုဆိုးတွေရဲ့ အမူအကျင့်ကို ဘာကြောင့်များ မေ့လျော့နေမိပါ လိမ့်။ သူတို့နဲ့ပတ်သက်ပြီး မိတ်ဆွေကလေးကို ဘာမှ အသိပေးသင်ကြား နိုင်စွမ်း မရှိခဲ့တာ အဆိုးဝါးဆုံးပါပဲ။

မြစ်ဟာ သူ့ရဲ့ပေါ့လျော့မှုကို သူ့ဘာသာအပြစ်ဖွဲ့ရင်း ဆုံးရှုံးမှုကြီးအတွက် ဘယ်လို ငိုချင်းတွေ ဖွဲ့သီရမှန်း မသိအောင် နာကျင်ကြေကွဲနေတယ်။

နောက်ဆုံးမှာတော့ မိတ်ဆွေကလေး အပါအဝင် ဘဝတူရေသတ္တဝါများနဲ့ သန္တာကျောက်တန်းတွေအတွက် တစ်စုံတစ်ရာ လက်တုံ့ပြန်လိုဇောနဲ့ မြစ်ဟာ သူ့ရင်ကိုသူထု၊ လှိုင်းထုတွေဖန်ဆင်း၊ ဆလုံထွင်းလှေကို ဖြိုခွင်းလို့ စစ်ဗျူဟာသနင်းကို တစ်ကိုယ်တည်း ကျင်းပနေပါတော့တယ်။

**နှယ်နီမဂ္ဂဇင်း၊ ၂၀၀၁၊ ဇွန်လ။**

www.burmeseclassic.com



www.burmeseclassic.com

# သက်ထက်နှင်းယူ

မောင်စီးနင်းလိုက်ပါသွားသော "ဇမ္ဗူဒီပါ" မြားစကြာလှေ ကမ်းကခွာပြီး အတော်ဝေးဝေး ကဏန်းကျွန်းဘက်ဆီကွေ့သွားသည်အထိ ကျွန်မ ကမ်းနားဆိပ်မှာ ငိုင်နေမိသည်။ လှေဦးဆီမှ လက်ပြနှုတ်ဆက်နေ သော မောင့်သဏ္ဍာန်က ပါးလျမှုန်ဝါးစွာ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ ပြီး အစက်အပြောက်ကလေးမျှပင် မမြင်တော့။ စောစောက ရှိခြင်းတွေ ယခု မရှိတော့။ ရှိခြင်းနှင့် မရှိခြင်းကြားတွင် ကျွန်မ၏ပူလောင်သော ချစ်ခြင်းတွေ လွန့်လူးယှက်သန်း ရှန်းဆန့်ပြေးလွှားနေသည်။

တော်ရုံစိတ်ဓာတ်၊ တော်ရုံအင်အားဖြင့် မလုပ်နိုင်သော မြား စကြာလုပ်ငန်းခွင်သို့ မောင့်ကိုထည့်လွှတ်နေရသည့်အဖြစ်က ကျွန်မ အတွက် မချိတင်ကဲ နာကျင်ခံခက်လှသည်။ ဖြူလတ်လတ် မောင့်အသား အရေတွေ နေလောင်ကုန်တာ၊ နုနယ်နယ်မောင်လက်ဖဝါးတွေ သွေးစိမ်း ရှင်ရှင်ထွက်ပြီး အသားမာတက်ကုန်တာ မမြင်ရက် မြင်ရက် မြင်နေရ ကတည်းကိုက ကျွန်မသည် အစိုးမရသည့် ကံကြမ္မာကို စိတ်ဆိုးရန်ထောင် ပြီးသားဖြစ်နေသည်။ တကယ်ဆို ဟောသည့် 'ပန်းလက်ဆုံ' ဆိုသည့် ပင်လယ်ရွာကလေးဆီသို့ မောင်ရောက်လာဖို့ မသင့်ပါ။ ငွေးဖောင်ဖောင်၊ မြားတန်းချ၊ ငါးပိ ငါးခြောက်လုပ်ငန်းတွေနှင့် လှုပ်ရှားရှင်သန်ရာ ရွာ

www.burmeseclassic.com


ကလေးဆီသို့ မောင်တစ်ယောက် မအပ်မရာ ရောက်ရှိလာခဲ့ခြင်းမှာ ကံတရားက လွဲမှားစွာ ကျီစယ်နှောက်ပြောင်ခြင်းတစ်ရပ်ပေလားဟု ကျွန်မမကြာခဏ တွေးမိသည်။ မိဘလုပ်စာကို အခန့်သင့်ထိုင်စားနိုင်လောက်သည့် ခနအင်အား အသိုင်းအဝန်းမှ ပေါက်ဖွားလာသည့်မောင်သည် အပေါင်းအသင်းမင်လျက် ပန်းလက်ဆုံသို့ မျက်စိလည်ကာ ရောက်ရှိလာခဲ့ပါသည်။ သည်ရွာသား မျိုးနိုင်က မြို့မှာ မောင်နှင့်အတူ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးပြီး ငါးအဝယ်ဒိုင် မျက်နှာလွှဲတစ်ယောက်အနေဖြင့် ပန်းလက်ဆုံသို့ မကြာခဏ ရောက်နေကျ။

မောင်တစ်ယောက် မျိုးနိုင်နဲ့ ပန်းလက်ဆုံမှာ ရက်ကြာလာတော့ ကျွန်မရဲ့ "ကမ်းထရီးဘွိုင်း" လက်ဖက်ရည်ဆိုင်ကလေးထဲ အလာများ၊ အထိုင်များလာတယ်။ ကျွန်မကလည်း မောင်ထိုင်လိုက်တာနဲ့ မောင်သောက်နေကျ ချိုပေါ့ကျတစ်ခွက်နှင့်အတူ မောင်ကြိုက်သည့် ထူးအိမ်သင်၊ စိုင်းထီးဆိုင်တို့ရဲ့ အေးအေးငြိမ့်ငြိမ့် သီချင်းလေးတွေကို အလိုက်တသိဖွင့်ပေးမိသည်။

မောင်က စကားနည်းပြီး သီချင်းတွေကို အရသာခံနားထောင်တတ်သူမို့ လန်ဒန်စီးကရက်ကို ခဲလို့ ဂီတထဲစီးမျောဝင်နေပုံကလေးက ကျွန်မအတွက် စွဲလမ်းနှစ်ခြိုက်ဖွယ် မြင်ကွင်းကလေး ဖြစ်နေခဲ့သည်။ ကောင်တာနောက်မှနေ၍ မောင့်လှုပ်ရှားမှု ဟန်ပန်ကလေးများကို ကျွန်မငေးရီကြည့်ခဲ့ရသည့်ရက်တွေမှာ စင်စစ်မနည်းလှပါ။ ကျွန်မ စွဲလမ်းမှုကိုမှ မထောက် မောင်ကျွန်မမျက်နှာကို ဘယ်တော့မှ စေ့စေ့မကြည့်။ အခြားကာလသားတွေလို ကောင်တာမှာ ငွေရှင်းသည့်အခါ ကျွန်မလက်ကို မတော်တဆ (တမင်လည်းဖြစ်ချင်ဖြစ်မည်) ထိကိုင်မိခြင်းမျိုးမရှိ။ တစ်ချို့လက်ဖျားငွေသီးနေသည့် သွေးကြွကြွမြောက်ကြွားကြား ငါးပွဲစားတွေလို ကျွန်မ မျက်နှာကို စသလို နောက်သလို စီးကရက်ခိုးနှင့်မှုတ်သည့်အကျင့်မျိုးမရှိ။

 www.burmeseclassic.com

မောင့်ရုပ်ရည်က ပညာတတ် အထက်တန်းစားဟန်ပေါက်နေသဖြင့် ပင်လယ်ရွာမှာ ကြမ်းရှတွန်းတိုက်စွာ ကြီးပြင်းခဲ့ရသည့် ကျွန်မအဖို့တော့ မောင်ဟာ အိပ်မက်ထဲက မင်းသားလေးတစ်ပါးပါပဲ။ မင်းသားလေးကို တကယ်တမ်း မျှော်လင့်မျှော်မောဖို့ဆိုတာ ကျွန်မအဖို့စိတ်ကူးထဲမှာပဲ ထပ်မံအကျဉ်းချထားသင့်သည့် စိတ်ကူးတစ်ခုမျှသာပါ။ ရေပေါ်မှာ အရုပ်တွေရေးဖို့ တပ်မက်မှု ဆန္ဒတွေဟာ လက်တွေ့ဘဝနှင့် လွတ်ကင်းကွာဟလွန်းတာကြောင့် ဘေးအာရုံတွေကို ကျွန်မ ကြိုးစား မျိုသိပ်နေလျက်ပါ။ ဖြားယောင်းသွေးဆောင်မှုတွေ မပါသည့် နွေနေ့လည်ခင်းကလေးသည် တုန်ယင်လှိုက်မောမှု ဝတ်စုံကို ဝတ်ဆင်ပေးဖို့ ကျွန်မထံ တန်းတန်းမတ်မတ် ရောက်ရှိလာမည်ဟု မည်သည့်အခါမျှ မထင်မှတ်ထားခဲ့မိပေ။

သို့သော် . . . မြားနတ်မောင်ရဲ့ မချိန်ရွယ်ဘဲ ပစ်လိုက်သည့် မြားတစ်စင်း၏ ထိမှန်ချက်သည် မှားယွင်းလွဲချော်မှုတွေနှင့် စေးထန်းငြိတွယ်နေမည်ဟု တစိုးတစိမှ ယုံကြည်အမှတ်ထားခြင်း မရှိခဲ့ပေ။

ထိုနေ့က ခါတိုင်းလို မျိုးနိုင်မပါဘဲ မောင်တစ်ယောက်တည်း ထိုင်နေကျ ထောင့်ကျကျ စားပွဲမှာ လာထိုင်တော့ ထူးခြားသလိုလိုတော့ ထင်မိသား။ စားပွဲထိုးကောင်လေးတွေ ထမင်းစားနေချိန်နှင့် တိုက်ဆိုင်နေရာ ကျွန်မပင် စားပွဲထိုးထလုပ်ရတော့သည်။ မောင်သောက်နေကျ ချိုပေါ့ကျတစ်ခွက် စားပွဲမှာ သွားတင်ပြီး ပြန်အထွက်မှာ . . .

"ရွှတ် . . ရွှတ် . . ရွှတ်"

ကျွန်မ နောက်လှည့်ကြည့်လိုက်တော့ မောင်က ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေ၍ တအံ့တဩ ဖြစ်သွားရသည်။ ထူးဆန်းလှပါလား။ ခါတိုင်းဆိုင်ရောက်လျှင် စကားလေးလုံးမကွဲသူက ယနေ့တော့ ကျွန်မကို အရေးတယူခေါ်လို့။ ကျွန်မက မယုံရဲနှင့် ကျွန်မကို ခေါ်တာလားအနေနှင့် ကြည့်လိုက်တော့ မောင်က မသိမသာ ခေါင်းညိတ်သည်။

www.burmeseclassic.com


"တဆိတ်လောက် ကျေးဇူးပြုပြီး ကိုယ်နဲ့အဖော်လုပ်ပါလား။ ကိုယ်ပြောမယ့် စကားတွေကို နားထောင်ပေးပါလားဟင်"

ကျွန်မထူပူသွားသည်။ ဘယ်လိုပြန်ပြောရမှန်းမသိ။ မောင့်လေသံက အထက်စီးဆန်သလို၊ အမိန့်ပေးသံလိုလို။

"ထိုင်ပါဦး မမိုးသက်နှင်"

ကျွန်မ ဘာကြောင့်မှန်းမသိ။ စေးမျှင်ကပ်ညိစွာ မောင့်စကားအတိုင်း ခုံလွတ်တစ်ခုမှာ ဝင်ထိုင်လိုက်မိပါသည်။

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး၊ ဘာလို့အလုပ်တွေ သိမ်းကြုံးလုပ်နေရတာလဲဟင်။ ကိုယ်မင်းကို လေ့လာနေတာ ကြာပြီ။ ဆိုင်မှာလည်းမင်း၊ ပုစွန်တွေချုပ်သိမ်းတော့လည်း မင်းပဲ။ ပြီးတော့ မြားစကြာလေ့၊ ကဏန်းဖမ်းလေ့၊ ဒီအလုပ်တွေ မင်းတစ်ယောက်တည်း ကြုံးလုပ်နေတာကိုယ်မြင်သလောက် မင်းနားနေတယ်ကို မရှိဘူး"

မောင့်စကားက ကျွန်မ ထင်မှတ်မထားတဲ့ စကားတွေဖြစ်နေလို့ အဆီအငေါ်မတည့်စွာ ကျွန်မစကားတွေ ခုန်ပေါက်ထွက်သွားသည်။

"ကျွန်မတို့က အဖေတစ်ခု သမီးတစ်ခုပါ။ တခြားမွေးချင်းလည်းမရှိ အဖေကလည်း ပင်လယ်ငှက်ဖျားမိပြီး လှေထဲဆင်းမလိုက်နိုင်တဲ့ ကာလမှာ လက်ရှိ လက်ငုပ်လက်ရင်းလေး မပျောက်သွားအောင် ကျွန်မကထိန်းသိမ်းနေတာပါ။ ကျွန်မတော်လို့ တတ်လို့ မဟုတ်ပါဘူး။ ကျွန်မတို့ဘဝကိုက လက်လှုပ်မှ ပါးစပ်လှုပ်ရမယ့် ဘဝမျိုးမို့ပါ"

"အလုပ်နဲ့ လက်မပြတ်တာကို ကိုယ် လေးစားပါတယ်။ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး စီးပွားရှာနေတာကိုလည်း ချီးကျူးပါတယ်။ မင်းကိုအထင်သေးလို့ မဟုတ်ဘူးနော်။ စိတ်မဆိုးဘူးဆိုရင် စကားတစ်ခွန်းပြောချင်လို့ပါ။ ရှုပ်ထွေးပွေလီလှတဲ့ လုပ်ငန်းတွေနဲ့ မောပန်းနွမ်းနယ်နေတဲ့ မင်းကို ကိုယ်ချွေးသုတ်ပေးပါရစေ။ မင်းရဲ့အခက်အခဲတွေကို မင်းနဲ့အတူ ပါဝင်ဖြေရှင်းပေးပါရစေ"

www.burmeseclassic.com

"ဟင် . . . ဘယ်လို"

"ကိုယ်စကားက တဲ့တိုးဆန်ပြီး ရိုင်းကောင်းရိုင်းနေပါလိမ့်မယ် မမိုးသက်နှင်း။ ကိုယ့်ရဲ့စကားအရာ မလိမ္မာမှုတွေကို ဖယ်လိုက်ရင် အတွင်း အနှစ်အသားပြည့်တဲ့ အလှတရားကို မြင်ရမှာပါ။ ကိုယ်မင်းကို ချစ်တယ်။ လက်ထပ်ပါရစေ"

အဲ့သည့်နေ့က ဗြုန်းစားကြီး သူ့အနားက ကျွန်မပြေးထွက်လာမိသလား။ အိမ်ရောက်တော့ တဆတ်ဆတ်တုန်နေသည့် ရင်ဖြင့် အိပ်ခန်းအတွင်းမှ မှန်ရှေ့တွင် ရပ်မိသည်။ မှန်ထဲမှာ ပေါ်နေသည့်ကျွန်မပုံစံက နက်မှောင်သန်စွမ်းသည့် ဆံပင်တွေကို ကော်ဘီးတစ်ချောင်းနှင့် ခပ်ကြမ်းကြမ်းပတ်ထားသဖြင့် တကယ့်ပီဘိ ပင်လယ်သူ ပီသစွာ ရင့်ရော်ဟန်ပေါက်နေသည်။ မျက်နှာမှာ ပြောင်သလင်းခါလျက်။ မည်သည့်မိတ်ကပ် နှုတ်ခမ်းနီမှ လိမ်း ခြယ်ထားခြင်း မရှိပါ။ ဒါတွေကို မနှစ်သက်၍ မဟုတ်။ အကျင့်မရှိတာ လည်း ပါသည်။ အချိန်မပေးနိုင်တာလည်း ပါသည်။ ကျွန်းရွာထုံးစံပင် လယ်လေ တဝီးဝီးတိုက်ခတ်နေသည့်ကြားမှာ ကြီးထွားရသဖြင့် အသားက မဖြူ။ အညိုဘက်သို့ အတော်လှနေသည်။

ထင်းကနဲပေါ်နေသည့် နက်မှောင်မှောင် မျက်ခုံးတန်းများနှင့် ကြည်လင်တောက်ပသည့် မျက်လုံးဝိုင်းဝိုင်းများကလည်း မပြုမပြင်ပကတိ အတိုင်း အနည်းငယ်ထူအမ်းအမ်းဖြစ်နေသော နှုတ်ခမ်းအတွက် မဆိုစလောက်ကလေး မလုံမလဲ ဖြစ်သွားလျက် ဖွေးဖြူစီရီ ညီညာလှသော သွားတွေအတွက်တော့ လုံခြုံစိတ်ချစွာ စိတ်အားတက်လာပြန်သည်။

မှန်ရှေ့မှာ ကိုယ်ကိုတစ်စောင်းလှည့်လိုက်တော့ မို့မောက်တင်းရင်းကောက်ကြောင်းက ကြမ်းရှရှပေါ်လာသည်။ အပျိုပေါက်သည်နှင့် ကျပ်စင်မှာ ရွေးထောင်းခဲ့သည့်လက်မောင်းများက ပြည့်တင်းသန်မာလှသည်။ အလုပ်ကြမ်းရော အလုပ်နုပါ တစ်ယောက်တည်း ဒေါင်ခြာစိုင်းနေရသဖြင့် ကျစ်လျစ်သန်စွမ်းသည့် ကိုယ်နေဟန်ထားက အကြမ်းဆန်လှ

www.burmeseclassic.com


သည်။ သည်အကြမ်းဆန်လှသော အလှတွေကပင် အယဉ်ဆင့်စေခဲ့သည်လား။

ထိုညက တစ်ညလုံး ကျွန်မအိပ်မပျော်တော့ပါ။ ပိုက်တန်းတွေချထားရင်း စာနာစိတ်မရှိသည့် ဝါးလက်လှေတွေ တရကြမ်းခုတ်မောင်း၍ ပိုက်တန်းတွေ ဆုံးရှုံးရသည့်အခါ လှေနှင့်စက်ထုတ်ပေးထားသော်လည်း ကတိအတိုင်း ပုစွန်လာမသွင်းပဲ လက်သင့်ရာ စားတော်ခေါ်လေ့ရှိသည့် အကျင့်ပျက်သိက္ခာမဲ့ လူစားများနှင့် ဆက်ဆံရသောအခါ လှေသားတွေရဲ့ သာရေးနာရေး ကြိုတင်ငွေထုတ်ပေးရေးနှင့် ငွေယူထားပြီး အလုပ်ခွင်ဝင်ရောက်ချိန်မှ လမ်းခုလတ်တွင် လှေထဲမှ ဆင်းချကူးပြေးသွားသော အမှုအခင်းများအတွက် ရင်ပူခေါင်းခဲဖြေရှင်းနေရသည့် မိန်းမသားတစ်ယောက်ရဲ့ အားငယ်မှုတွေကို ကျွန်မစီခြယ်မပြလိုတော့ပါဘူး မောင်ရယ်။

စက်ခန်းသစ် အထက်တန်းကျောင်းမှာ ၁၀ တန်းအထိ သင်ယူပြီးကာမှ အဖေအိပ်ရာထဲ ဘုန်းဘုန်းလဲသည့်နှစ်ကစလို့ ရွာပြန်ကာ အဖေ့အလုပ်တွေ ဦးစီးခဲ့သည့် နှစ်တွေ ငါးနှစ်ကျော် ခြောက်နှစ်ကျော်။ မြို့ဆေးရုံသို့ တစ်နှစ်နှစ်ခေါက် မှန်မှန်ပို့နေရသော အဖေ့နာတာရှည်ရောဂါက သက်သာသည်မရှိ။ ဆေးဖိုးဝါးခ စရိတ်စက ကြီးမြင့်လေရာ ကျွန်မမှာငွေကို ကြုံးမရှာ၍ မဖြစ်တော့။ မပြောကောင်းမဆိုကောင်း အဖေမျက်နှာလွှဲသွားလျှင် ကျွန်မအဖို့ သည်လုပ်ငန်းတွေနှင့် တစ်ယောက်တည်း ရှေ့ဆက်ရမည့် ခရီးကို တွေးပင် မတွေးဝံ့။ အခုတော့ . . . ။

ပြတင်းတံခါးပေါ် မေးတင်လာသော လဝါဝါကို ကျွန်မမော့ကြည့်မိတော့ လကို မမြင်။ နေ့လည်က မောင့်မျက်နှာကိုပင် မြင်နေရာ မောင့်ကို စကားပြန်ဖို့ လမင်းမျက်နှာပေါ်မှာ စကားလုံးတွေ စီခြယ်နေမိပါတော့သည်။

●

www.burmeseclassic.com

မောင်နှင့် တွေ့ဆုံရင်းနှီးခဲ့သည့်အကြောင်းတွေ ပြန်ပြောင်းစဉ်းစားရင်း ကျွန်မအိပ်ချိန် ဘယ်လောက်ပဲ နောက်ကျနောက်ကျ နံနက်–၄ နာရီ ကျွန်မပုံမှန်ထရမည့်အချိန် ကိုယ့်လက်သန့်စင်ပြီးသည့်နှင့် အဖေ့အတွက် ရေနွေးနှင့် ဆန်ပြုတ်တစ်အိုးတည်တင်ပြီး ထိုဆန်ပြုတ်ကိုပင် ဆွမ်းတော်ကပ်။ အဖေ နိုးလျှင်စားဖို့ အဆင်သင့်ပြင်ပေးပြီး ကျွန်မဆိုင်ကို ဆင်းလာရပါတော့ သည်။ ဆိုင်ရောက်မှ ကောင်လေးတွေကို နှိုးကာ မီးမွှေး လက်ဘက်ခြောက်နှပ်သည့်ကိစ္စများ ဇယ်ဆက်သလို လုပ်ရသည်။ ပြီး ထမင်းကြော်ကြော်။ တွဲဖက်စားမည့် ဝက်သားပေါင်း၊ ဘဲဥဟင်း၊ ငါးကြော် စသည်တို့ တရစပ်ချက် ပြုတ်သွားသည်။ နံနက် ၆ နာရီထိုး စားသူတွေ ရောက်လာတော့ ကိုယ်က အဆင်သင့်။

နံနက် ၁၀ နာရီ ၁၁ နာရီ လက်ဘက်ရည်ဆိုင် လူပါးတော့ ကျွန်မ ကမ်းနားဆင်းပြီး လှေစောင့်ရသည်။ လာသွင်းသမျှ ပုစွန်၊ ဂဏန်း ဖိုးငွေတွေ ဒိုင်ခံရှင်း။ ပုစွန်ကိုတော့ ရေခဲရိုက်ကာ မြို့မှတန်တစ်ထောင် အအေးခန်းသို့ ပို့သည်။ ဒါက ကျွန်မကိုယ်တိုင်လိုက်သွားစရာမလို။ မျက်နှာလွှဲတစ်ယောက် ထည့်လိုက်ရုံပဲ။ သည်ကြားထဲ မြို့က အမှာစာရောက်ပါက ငါးပိထောင်းသည့် ကျပ်စင်များသို့ ပါးစပ်က အာပေါက်အောင် အော်ဒါပေးရသည်။ ယခု လက်ထောင်းငါးပိတွေ ရှားပါးနေသည့်ကာလမှာ တစ်ချို့မြို့ပေါ်က ငွေရှင်တွေ ကျပ်စင်အထိ လာစောင့်နေတတ်သဖြင့် ထိုအလုပ်ကို အထူး ဝါယာမစိုက်ထုတ်နေရပြန်သည်။

နေ့ခင်းအဖေနှင့်အတူ ထမင်းပြန်စား၊ ဆေးချိန်အတိုင်း ဆေးတိုက်၊ ဆေးလိမ်း၊ လူနာဗာဟီရတွေ လုပ်ပေးပြီး၊ ဆိုင်မှာ ပြန်ထိုင်ချိန်မှာတော့ မောင်တို့ မြားစကြာလှေဆီ စိတ်ရောက်သွားပြန်သည်။ မောင်နှင့် ကျွန်မ ရွာမှာ အကျဉ်းရုံးလက်ထပ်လိုက်တော့ မောင့်မိဘတွေဘက်က အမွေပြတ်စွန့်လွှတ်ကြောင်း သတင်းစာထဲ ပါလာသည်။

www.burmeseclassic.com


ကျွန်မစိတ် မကောင်းပါ။ သူတို့သား ပညာတတ်တစ်ယောက်ကို ကျွန်မလို ခနဂုဏ်၊ ဥစ္စာမဲ့မိန်းမတစ်ယောက်နဲ့ ဘယ်မိဘက ပေးစားချင်မှာလဲ။ သည်ကြားထဲ မောင်က လက်ဘက်ရည်ဆိုင် ကောင်တာမှာ အေးအေးမထိုင် မြားစကြာလှေနှင့်လိုက်မည်ဆိုတော့ ကျွန်မနှင့် မောင်အခြေအတင်ဖြစ်ကြတော့သည်။

"မောင် ကျွန်မကို စိတ်ညစ်အောင် မလုပ်ပါနဲ့။ ပင်လယ်ထဲ ကျင့်သားမရဘဲ ဆင်းလို့ မဖြစ်ဘူးလေ။ လှိုင်းအကြောင်း လေအကြောင်း မောင်ဘယ်လောက်သိသလဲ။ မြားစကြာက တော်ရုံအားနဲ့ မရဘူး။ မောင်လို အစိမ်းသက်သက်ဆိုရင် . . ."

"ဒီလိုမဟုတ်ဘူးလေ မိုးသက်ရဲ့။ ကျင့်သားရဖို့ဆိုတာ အလေ့အကျင့်နဲ့ဆိုင်တယ်။ အဲဒီအလေ့အကျင့်ဟာ အခုပထမ အစခြေလှမ်းပေါ့။ တစ်မရှိဘဲ နှစ်တို့သုံးတို့ မရှိနိုင်ဘူး။ အရည်အချင်းဆီရောက်ဖို့ အရေအတွက်က စလျှောက်ရမှာလေ"

မောင့်စကားဆင်ခြေကို ကျွန်မလိုက်မမီပါ။ သည်လိုနှင့် လ ဆန်း ၄ ရက် မြားစကြာလှေအထွက်မှာ မောင့်ကို ထည့်လိုက်ရသည်။ ထည့်သာထည့်လိုက်ရသည်။ ရွာမှ ငါးရှိနိုင်သည့်နေရာသို့ ၁၂ နာရီခုတ်မှရောက်မည့်ခရီးကို ကျွန်မတွေးတွေးပြီး ရင်မောနေမိတာ စားမဖြောင့်အိပ်မဖြောင့်ပါပဲ။

မြားတစ်ဖုံမှာ မြားအချောင်းတစ်ရာစီပါသော မြားစကြာလှေ၊ အကြေးပါသော ငါးများကို မမိ။ ဒုံးကျွန်း၊ မီးစိမ်းကျွန်း၊ ဆင်ကျွန်းတစ်ဝိုက်မှာတော့ ငါးလိပ်ကျောက်များကိုသာ မိလေသည်။ မောင်တို့လှေ ငါးအုပ်ရှိရာ နေရာရောက်သည့်အချိန် ညနေဆိုလျှင်တော့ ညနေ ၄ နာရီခန့်ပိုက်ချ။ မနက်စောစော ၅ နာရီပြန်ဆွဲ။ ခေါင်းနှင့်အမြီးတို့မှာ ချိန်ပါလာသည့် ငါးလိပ်ကျောက်များကို ဆွဲတင်တော့မည်ဆိုလျှင် လူအား၊ လက်အားအများကြီးလိုသည်။ ထို လေးလံပွန်းရှမှုမျိုးကို မောင်ဘယ်လောက် ကြံ့

www.burmeseclassic.com

ခိုင်နိုင်မည်လဲ။ ငါးတွေပေါ်လာပြီဆိုတော့ သဘာဝအတိုင်း ကောက်ချိတ်နေသည့် သစ်ကောက်ချိတ်ကြီးများ အကူအညီနှင့် လှေပေါ်ဆွဲတင်ရပြန်သည်။

တစ်စူးမှာ ရှစ်ကောင် ဆယ်ကောင်အထိ ရလေ့ရှိပြီး ဖမ်းမိသော ငါးလိပ်ကျောက်တွေမှာ အရေထူ အရောင်လှ ငါးလိပ်ကျောက်အနီက ခေါင်းဝိုင်းမျိုး။ ရွှေချည်ငွေချည် ရောင်သမ်းနေသော ဂီတာအိုးပုံ ငါးလိပ်ကျောက်က ကြီးမားပြန့်ကားသော အရေခွံမှာ ကျောက်စီများများ ထူထဲထဲ မွေးတုန်းမဲက တြိဂံနှစ်ခု ဆက်ထားပုံနှင့် ခပ်ဆင်ဆင်။ ငါးတွေ လှေထဲရောက်တော့ ဓားထက်ထက်ဖြင့် အရေခွံလွှာကာ ဆားရေစိမ်ရသည်။ ဆားရည်စိမ်လိုက်လျှင် ညီနံ့ပျောက်ပြီး ဈေးကွက်ပို့ရန် အဆင်သင့်ဖြစ်သွားသည်။ အရေခွံတွေကို လက်မတိုင်းကာ တစ်ဖက်နိုင်ငံက ဈေးကောင်းပေးဝယ်နေ၍ မြားစကြာလှေတွေ အလုပ်တွင်လာသည်။

အသားတွေကိုတော့ ယပ်တောင်ပုံ ခုတ်ပိုင်းကာ ဆားနယ်ထားရုံ။ ဆားနယ်အသားပုံကြီး လှေဝမ်းထဲ မို့မောက်လာပါက လူမနေသည့် ကျွန်းတွေပေါ်တက်ကာ ကမ်းစပ်မှ ကျောက်ဆောင်ကျောက်တုံးတွေပေါ်မှာ ခြောက်အောင် နေလှန်းကြရုံပါပဲ။ အင်း . . . ကျွန်းခိုမည်ဆိုတော့ ကျွန်မမောင့်အတွက် ကြံဖန်စိုးရိမ်နေ၏။ လူမနေသည့် ကျွန်းများမှာ ရှူင်ရေအေးလှသည်။ ရေချိုးရုံတော့ ကိစ္စမရှိ။ ရှူင့်ရိပ်ခိုနေသော ခြင်များကြောင့် ငှက်ဖျားပါလာမည့်အရေး တွေးပူကာ သည်တစ်ခေါက်တော့ ဗိန္ဓောဆေး အလုံအလောက် ထည့်ပေးလိုက်သည်။

မိရိုးဖလာ ငှက်ဖျားကာကွယ်ဆေး အပြင် ဆန်၊ ဆီ၊ ငြုတ်ရိက္ခာ အပြည့်အစုံ မောင်ကြိုက်တတ်သည့် လန်ဒန် စီးကရက် ထည့်ပေးလိုက်သည်ကို အလုပ်သမားတွေနှင့် တန်းတူ စိန်မြားပဲ သောက်မယ်ဆိုပြီး ထား ဖြစ်အောင် ထားခဲ့သည်။

www.burmeseclassic.com


အခုနေအချိန်ဆို မောင်တို့ မြားတန်းချရာ ငါးစခန်းဆီသို့ ရောက်ရောပေါ့။ ၁၀ ရက် ၁၅ ရက် မတိုင်ဘဲ ကမ်းပြန် ဝင်လာမည် မဟုတ်။ ကျွန်မ သည်ရက်တွေကို အထီးကျန်ဆန်စွာ ဖြတ်ကျော်ရဦးမည်။

"ဟဲ့ . . . မိုးသက်နှင် . . . ရော . . . ဒီကောင်မငယ် ငေးနေလိုက်တာ ငါခေါ်တာကြာပြီ"

"ဟင် . . . ဦးရီးတင်မောင် ဘာလဲ ဘာကိစ္စလဲ"

"အခု ဘဲဝန်းအခွံတွေ ဈေးပြန်ကိုက်နေတယ်။ နင်ကောက်မလား ကောက်မယ်ဆို ငါ့လှေ ဒီရေညှံ့ပက်မှာ ထွက်မလို့"

"အင်း . . . ကျွန်မ ဘဲဝန်းအခွံ မကိုင်တာကြာပြီ ဦးရီးရဲ့ အခု ဘယ်ဈေးပေါက်နေလို့လဲ"

"သွင်းဈေးတော့ တစ်လုံးတစ်ဆယ်ပေါ့"

"များများရမှာ ကိုက်မှာ ရနိုင်ပါ့မလား"

"ဒီအချိန် ဘီလူးတောင်ဘက်သွားရင်တော့ ရမှာပေါ့။ နင့်ကို အရင်လာစပ်တာနော်။ နင်မယူမှ ငါတခြားလူဆီသွင်းမှာ ငါမနေ့က ရေငုပ်မျက်မှန်တစ်လက် သွားဝယ်လာတာ ဘယ်လောက်ပေးရတယ် အောက်မေ့လဲ ခုနစ်ထောင့်ငါးရာတဲ့ဗျ။ အင်း ငုပ်တော့ ဘဲဝန်းအရင်းက မသေးဘူး။ ငါ့လေးလံစပ်လှေကလေးထဲ မြင်းကောင်ရေ ခြောက်ကောင် အားလဲထည့်ရဦးမှာ။ ဟိုနားသည်နားပြေးသလို ဖုန်းချက် ဖုန်းချက် လုပ်နေလို့မရဘူး။ ငုပ်သမားလဲ နှစ်ယောက်ထပ်ရှာရဦးမယ်"

ဦးရီးတင်မောင် ညည်းပြောပြောပြီး ထွက်သွားတော့ ကျွန်မ ငိုင် နေမိပြန်သည်။ ဦးရီးနှယ် ရေငုပ်မျက်မှန်ဘိုးလောက်တော့ မျှော့ဖြူမျှော့ မည်းငုပ်တဲ့အခါ ဈေးကောင်းမိပြီး အချိန်မရွေးကြေပါတယ်ဟု မပြောဖြစ် တော့ပါ။ ဘဲဝန်းခွံတွေ ဟိုဘက်က အလှကုန်ပစ္စည်းလုပ်ရာတွင် သုံးဖို့ ဝယ်လေ့ဝယ်ထ ရှိသည်။ ကျွန်မက ဘဲဝန်းခွံတင်ပို့မှုကို ငါးလိပ်ကျောက် အရေခွံလောက် စိတ်ဝင်စားမှု မရှိလှ။ များများဝင်မှ ကိုက်သည့်အတွက်

www.burmeseclassic.com

များများရဖို့ မရဖို့ မသေချာသည့်အလုပ်ကို ကျွန်မ ဦးနှောက်အစားမခံနိုင်။ ပင်လယ်မှာ စီးပွားရှာရသည်မှာ "တွေးခေါ်ချင့်ချိန်နိုင်မှုအား" အများကြီးလိုသည်။ တစ်ခါတရံ လောဘနောက်ပါသွားတတ်သည်။ မည်းမည်းစွတ်လိုက်တာမျိုးက ဆုံးရှုံးမှုတွေ ကြိုလင့်နေမည်။ ကျွန်မတို့ ရှေ့ကဖြစ်ပျက်သွားသည့် သာဓကတွေ အများကြီး၊ တစ်ခါတစ်ရံ လိုချင်တာတစ်မျိုး လက်ခံရရှိတာ တစ်ဖုံဖြစ်နေတတ်သည်။ တစ်လောက ကျွန်မတို့ဆွေမျိုးသားချင်းထဲက နောင်လူဒင်တစ်ယောက် "ခရုအုန်း" ဆိုသည့် ခရုတစ်မျိုးထဲက ပုလဲတစ်လုံး ရသည်။ ပုလဲက သဘာဝပုလဲမို့ အရည်အတော်ကောင်းသည်။ အဖြူလည်း မဟုတ်၊ အဝါလည်း မဟုတ်။ ခရုအုန်းရဲ့ မူလ ပင်ကိုအရောင်အတိုင်း ပန်းရောင်သမ်းနေသည်။ တန်ကြေးအမှန်ကို မည်သူမျှ မခန့်မှန်းနိုင်။

ပန်းရောင်လက်လက်ပြေးနေသော လက်သည်းထိပ်နီးပါးအရွယ်ရှိ ထိုပုလဲကို ငါးပွဲစားတစ်ယောက်က နှစ်သိန်းပေးပြီး ဝယ်သွားတော့ နောင်လူဒင်မှာ အပျော်ကြီးပျော်လို့။ ထိုပွဲစား မြို့မှသူဌေးတစ်ယောက်ဆီ ငါးသိန်းနှင့် လက်လွှဲလိုက်သံကြားတော့ နောင်လူဒင် အတော်ငိုင်သွားသည်။ မြို့မှသူဌေးက ပသျှူးထောင်ကဲတစ်ယောက်ဆီ လက်ဆင့်ကမ်းလိုက်တော့ သိန်းနှစ်ဆယ်တဲ့။ ထိုသတင်းကြားပြီး နောင်လူဒင် ကြောင်စီစီဖြစ်သွားတော့သည်။ ထိုက်မှစံ တန်မှရသည့်စကားက ပင်လယ်မှာ တာသွားလှ၏။ ကျွန်မကတော့ ခရုအုန်းမလို။

လောလောဆယ် မောင်ကျန်းကျန်းမာမာနှင့် ပြန်ရောက်လျှင်တော်ပြီ။ ကျန်တာတွေက ကံပေးသမျှပေါ့။

"ပုစွန်လှေဆိုက်ပြီဗျို့"

အလို ကျွန်မကမ်းနားဆိပ်ဆင်းဖို့ အချိန်ကျနေပါပကော။ ပြေလျော့စပြုနေသည့် ဆံပင်များကို ဘီးနှင့် ခပ်တင်းတင်းပတ်ကာ ထမီတိုတိုနှင့်ပြင်ဆင်ဝတ်လျက် ကျွန်မကောင်တာမှ ထွက်ခဲ့တော့သည်။ နေ့လည်

နေ့ခင်းဖြစ်၍ လူအဝင်ကျဲပါးနေသော "ကမ်းထရီးဘွိုင်း" သည် ငိုက်မြည်း နေလေသည်။

●

ဇမ္ဗူဒီပါမြားစကြာလေ့ပေါ်က အရင်ဆုံး ခုန်ဆင်းချလာသော မောင့်ကို ကျွန်မ ကြိုဆိုကမ်းလင့်၍ လက်ထဲမှ အထုပ်အပိုးများကို လွှဲပြောင်းယူရင်း မျက်နှာရိပ်မျက်နှာကဲကို ခတ်နေမိသည်။ မောင်နေကောင်းရဲ့လား၊ စိတ်လက် ရွှင်လန်းရဲ့လား၊ အသားတွေ နေလောင်ဒဏ်ရာများပြီလား။

"အဖေ့အတွက် ဓာတ်စာနဲ့ ဆေးတွေပါတယ်။ ဘရင်းကြက်ပေါင်းရည်လည်း ဝယ်လာတယ်။ ဒါသောက်ရင် လူကြီးတွေ အားဖြစ်မြန်တယ်ဆိုလို့"

"ကျွန်မဖို့ရော ဘာပါလဲဟင်"

"ပါတာပေါ့ ကိုယ့်မိန်းမအတွက် ရှယ်"

"မလိုပါဘူး မောင်ရယ်။ မောင်တို့ အေးအေးချမ်းချမ်း ပြန်ရောက်တာပဲဝမ်းသာလှပြီ။ ဘယ်လိုလဲ ဒီတစ်ပတ် ဈေးကောင်းရခဲ့ရဲ့လား"

"ရခဲ့ပါရဲ့ဗျာ။ ခေါင်းဝိုင်းနီနဲ့ ဂီတာအိုးက တစ်လက်မကို ၂၂၀ ကျပ်ဈေး။ မွေးတုန်းမဲက တစ်လက်မ ၄၀၀ ကျပ်ဈေးတောင် ရခဲ့တယ်။ ဘောက်ချာတွေ ပါပါတယ်။ ကြည့်လိုက်ရင် ရှင်းသွားမှာပါ။ အသားခြောက်တွေကတော့ ပေါက်ဈေးနဲ့သွင်းခဲ့ပြီ။ နေဦး လှေထဲမှာ ဘဲလိပ်ခြောက်တွေ အိမ်စားဖို့ နည်းနည်းပါသေးတယ်။ ဘဲလိပ်က ရခဲလို့ရောင်းမနေတော့ပါဘူး။ အဖေလည်း ရေနွေးကြမ်းကလေးနဲ့ မြည်းချင်မှာပေါ့"

"နားပါဦးမောင်ရဲ့ လှေထဲကျန်တာတွေ၊ တော်ကြာ ကောင်လေးတွေလာတော့ ယူလာကြလိမ့်မယ်။ သူတို့ကို အလုပ်သမားခ ရှင်းဖို့ရှိသေးတယ်။ ဒါနဲ့ အခြားငါးခြမ်းတွေကော ရသေးလား"

 www.burmeseclassic.com

မြားတန်းချချိန် ပြင်ပ၌ ငါးမျှားနိုင်သည့် အခွင့်အရေးကို ရည်စူး၍ ကျွန်မ မေးလိုက်သည်။

"အနည်းအပါးပါကွာ ဒါတွေ တွက်မနေပါနဲ့တော့။ ခများတွေမှာ ပင်ပန်းရှာကြပါတယ်"

"ဒါဆိုလည်းပြီးရော မောင်နားဦးလေ ထမင်းဆာပြီလား။ ဒီနေ့ မောင့်အကြိုက် ငါးဘောင်းကြေးကို စိမ်းကောထိုးထားတယ်။ ပြီးတော့ ဇလုံခေါင်း ဟင်းချိုပြုတ်"

မောင်က ကျွန်မစကားကို မကြားသလို ခရီးဆောင်အိတ်ထဲက တစ်စုံတစ်ရာကို ရှာဖွေထုတ်ယူနေသည်။

"ရော့ . . . မောင်နဲ့မိုးသက်နှင်တို့ရဲ့ ၆ လပြည့် မင်္ဂလာလက်ဆောင်"

သတင်းစာစက္ကူနှင့် ခပ်ကြမ်းကြမ်းပတ်ထုတ်ထားသော အရာကိုမြင်တော့ ကျွန်မ ထိတ်ကနဲ ဝမ်းသာ ပျော်ရွှင်သွားသည်။ လှလိုက်တဲ့ ငါးလိပ်ကျောက် အရေခွံပိုက်ဆံအိတ်ကလေး။ အရေခွံ နဂိုအရောင်အတိုင်း မဟုတ်တော့။

ခရမ်းသွေးကြွကြွ၊ ဆေးသားလှလှခြယ်ထားသည်။

"မောင်ဝယ်လာတာလား၊ ဝယ်လာတာဆိုရင် အများကြီးပေးရမယ်နော်။ ကျွန်မတို့ တစ်လက်မသွင်းဈေးတောင် ဒီလောက်များတာ"

"မြို့က စတိုးဆိုင်မှာဆိုရင် သောင်းကျော်တန်မှာပေါ့။ တို့ဘက်က နည်းပညာနောက်ကျနေတာကိုး။ ဒီက ကုန်ကြမ်းသွင်းပြီး သူတို့ဆီက ကုန်ချောပြန်ဝယ်နေတဲ့ ကာလမှာ ငါးလိပ်ကျောက်အရေအခွံ ပိုက်ဆံအိတ်တစ်အိတ်ရဲ့ တန်ဖိုးဟာ မျှော်လင့်ထားတာထက် ကြီးမြင့်နေတတ်တယ်"

"ဒီမှာကြည့်ပါဦး၊ ကျောက်လုံးလည်းလှ၊ အရေခွံလည်းထူ၊ ဘယ်လောက်တောင် ပေးခဲ့ရသလဲမောင်"

"ဘယ်လောက်မှ မပေးခဲ့ရဘူး"

www.burmeseclassic.com


"ဟင် . . . ဒါဆို"

"ဒီလို မိုးသက်ရဲ့ . . . မောင်တို့ငါးတွေ ဆားနယ်နေလှန်းတဲ့ ကျွန်းကလေးမှာ ဆလုံလှေတွေလည်း ကျွန်းခိုလှေ့ရှိတယ်။ အဲဒီမှာ ဆလုံ ကလေးငယ်တစ်ယောက် သည်ပစ္စည်းတန်ဖိုးကို မသိဘဲ ဆော့ကစားနေ တာတွေ့လို့ သူ့မိဘတွေနဲ့ နားလည်မှုယူပြီး သူတို့လိုချင်တဲ့ ဘီယာဗူး တွေနဲ့ လဲခဲ့တာ"

"ဘုရားရေ . . . ဒါဆို မောင်တို့မှာ ဘီယာဗူးတွေ ပါသွားတာ ပေါ့။ မောင်ဘီယာတွေ နင်းကန်သောက်နေပြီလား"

"အနည်းအကျဉ်းပါ မိုးသက်ရဲ့။ ပင်လယ်ထဲမှာ အချိန်ကုန်ခဲ တာရယ်။ ဘာမျှ ဖျော်ဖြေစရာမပါလို့ ငြီးငွေ့တာရယ်။ အလုပ်သမားတွေ လည်း ပျော်စေ ပျက်စေ သဘောနဲ့"

"ပင်လယ်အလုပ်နဲ့ အရက်မကင်းတော့ မကင်းဘူးပေါ့ မောင် ရယ်။ ဒါပေမယ့် မောင်ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်သမားကြီး ဖြစ်သွားမှာ စိုးလို့ပါ"

"စိတ်ချပါ။ မိန်းမရဲ့ မောင်အရက်မစွဲစေရပါဘူး။ မောင် အရက် ကြမ်းမသောက်ဘူး။ ကမ်းရောက်ရင် အနီထောင်မလောင်းဘူး။ ဘောလုံး မလောင်းဘူး။ တစ်ခါတစ်ရံ အပေါင်းအသင်းနဲ့ ဘီယာကလေးမြွှုံ့ရုံ လောက်ပါ။ ကဲ . . . မောင့်လက်ဆောင် ပိုက်ဆံအိတ်ကလေး ကြိုက်ရဲ့ လား"

"ကျွန်မက မိန်းမသားပဲ မိန်းမအသုံးအဆောင် အလှအပ ပစ္စည်း မကြိုက်ဘယ်သူရှိပါ့မလဲ။ မောင်ပေးတဲ့ မင်္ဂလာဦးပစ္စည်းလေးကို ကျွန်မ မြတ်မြတ်နိုးနိုး ကိုင်သွားမှာပါ"

ကျွန်မပါးပြင်ကို ညင်သာစွာ လာထိသည့် မောင့်လက်ဖဝါးတွေ မြားစကြာပိုက်ကြိုးချသဖြင့် ငါးလိပ်ကျောက် အရေခွံတွေလိုပဲ ကြမ်းထော် ဖြုတ်ထနေသည်မို့ ထိုကြမ်းရှသော အတွေ့အထိက ကျွန်မနှလုံးသွေးထဲ

www.burmeseclassic.com

ခါးသက်စွာ စီးဆင်းသွားသည့်နှင့်နဲ့မှုတွေကိုတော့ မောင်မသိစေလိုတော့ပါ။

မျက်ဝန်းတစ်မှိတ်မှာတော့၊ ကျွန်မရဲ့ ကြေကွဲကြည်နူး မျက်ရည်စတစ်ချို့ မောင့်လက်ဖမိုးပေါ် ခုန်ဆင်းသွားသည်ကို ထူအမ်းအမ်း ကျွန်မနှုတ်ခမ်းများနှင့် လိုက်လံ ဖိနမ်းမိရင်း . . . ရင်မှာတရှိုက် လွမ်းခိုက်ချစ်ကြင်စွာ . . . ။

**မိချမ်းဝေ**